ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၅၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် ၊ ကြာသပတေး၊ (ဖေဖော်ဝါရီ ၂၃ ၊ ၂၀၁၂)

## နွေမရောက်သေးသော်လည်း နေရာအနှံ့ မီးပျက်

ကျောင်းသားများ စာမေးပွဲရက်နီးနေချိန်တွင် လျှပ်စစ်မီး ပုံမှန်ရရှိရန် မိဘများမျှော်လင့်

**မိုးညို၊ ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၈**

ယခုနှစ်နွေရာသီအတွက်လျှပ်စစ်မီး လုံလောက်စွာ ရရှိနိုင်ရန် စီစဉ်ထားသည်ဟုဆိုသော်လည်း ရန်ကုန်တိုင်းဒေသကြီး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့တွင် ယခုလအတွင်းမှာပင် လျှပ်စစ်မီး ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းရရှိသည်။

အခြေခံပညာကျောင်းသူ၊ ကျောင်းသားများ စာမေးပွဲရက်နီးနေချိန်တွင် ယခုကဲ့သို့မီးမကြာခဏပျက်နေခြင်းကို စိတ်ပျက်မိကြောင်း ကလေးမိဘများက ပြောဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ဆင်ခြေဖုံးရပ်ကွက် အများစုဖြစ်သော သာကေတ၊ သဃ်န်းကျွန်း၊ ဒေါပုံ၊ တောင်ဒဂုံမြို့နယ်များတွင် လျှပ်စစ်မီးပြတ်တောက်မှုများမှာ အသိသာဆုံးဖြစ်ပြီး ညပိုင်း အချိန်များ၌ အဓိကပြတ်တောက်လာခြင်းဖြစ်သည်ဟုယင်းမြို့နယ်များတွင် နေထိုင်သူအများစုကဆိုသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုဇုန်များအား ဇန်နဝါရီ ၁ ရက်မှစတင်ကာ နေ့စဉ်ညနေ ၄ နာရီမှည ၁၁ နာရီအထိ လျှပ်စစ်မီး ဖြတ်တောက်ထားသော်လည်း ရန်ကုန်မြို့တွင်း လူနေရပ်ကွက်များအတွင်း ဓာတ်အားဖြန့်ဝေမှုမှာလုံလောက်မှုမရှိသဖြင့်လျှပ်စစ် ပမာဏ ၁၅၀ မဂ္ဂါဝပ်သို့ လျှော့ချဖြတ်တောက်ခဲ့ရကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး အဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးက ပြောသည်။ စာ(၁၂)သို့



ရေအခက်အခဲကြုံနေရသော စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာရှိ ရွာသူ၊ ရွာသားများ ရေခပ်ဆင်းလာစဉ်

ဓာတ်ပုံ-ညီညီဇော်

# အညာဒေသများတွင် သောက်သုံးရေရှားပါးမှု ဆိုးရွားစွာ ကြုံတွေ့နေရ

**အောင်သစ်လွင်၊ ငြိမ်းချမ်း၊ညီညီဇော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

ပြီးခဲ့သည့်နှစ်က အလွန်အမင်းမိုးခေါင်ခဲ့သောကြောင့် ရေဝတီမြစ်ရေနည်းပါးကာ အညာဒေသများတွင် ယခုနှစ် သောက်သုံးရေရှားပါးမှုဒဏ်ကို ဆိုးရွားစွာကြုံတွေ့နေရကြောင်း ဒေသဆိုင်ရာအာဏာပိုင်များနှင့် ဒေသခံများထံမှ သတင်းရရှိသည်။

အညာဒေသများဖြစ်သော မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့သည်ရေမြေသဘာဝအရရေရှားပါးမှုဒဏ်ကိုနှစ်စဉ်ကြုံတွေ့နေရသော်လည်း ယခုနှစ်တွင် အထူးဆိုးရွားစွာ ရင်ဆိုင်နေရသည်။

"မနှစ်က မိုးခေါင်တယ်။ လျောင်လှုပ်ပြီးနောက်ပိုင်း ရေတွင်းတွေကပိတ်ကုန်လို့ အခုဆိုရင်ရေတစ်ပုံးရဖို့ရွာနဲ့ ဆယ့်နှစ်မိုင်ဝေးတဲ့ ရေဝတီမြစ်ထဲသွားပြီး ရေခပ်နေရတယ်" ဟု စဉ့်ကူးမြို့နယ် ကံနောင်ကျေးရွာမှ ဒေသခံတစ်ဦးကပြောသည်။

"အညာဒေသရဲ့နောက်ဆုံးအားထားရာကရေဝတီမြစ်။ အခုရေဝတီကိုယ်တိုင်ကိုက သောင်ထွန်းနေတော့ ရေပြဿနာက တော်တော်ကို ကြီးမားလာပါလိမ့်မယ်" ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က သုံးသပ်ပြောကြားသည်။ စာ(၁၂)သို့

**ယခုတစ်ပတ်အထူးဆောင်းပါးများ**

ခဏတာအတွေ့ တစ်ဘဝစာအမှား
စာ(၂၈)သို့

အင်္ဂါမစုံ သက်တမ်းရှည်မြို့သစ်များ၏ အနာဂတ်
စာ(၁၀)သို့

အစိုးရအဖွဲ့ဝန်ကြီးများ ရွေးချယ်ရာတွင် တပ်မတော်လောင်းရိပ်က မလွတ်သေး
စာ(၇)သို့

မေးခွန်းထုတ်စရာဖြစ်လာသော အီလက်ထရွန်နစ်ဥပဒေ
စာ(၂၅)သို့

## ကုလအထောက်အပံ့ပစ္စည်းများ ကချင်ဒုက္ခသည်စခန်းများသို့ စတင်ရောက်ရှိ



ကုလထောက်ပံ့ရေးပစ္စည်းတင်ဆောင်ထားသည့်ကားများမြစ်ကြီးနားမြို့မှ စတင်ထွက်ခွာစဉ်

**အောင်နိုင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၈**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ပထမဆုံးအကြိမ် ပေးပို့သော စားနပ်ရိက္ခာနှင့် ထောက်ပံ့ရေး ပစ္စည်းများတင်ဆောင်လာသည့် ကုန်ကားခြောက်စီးသည် ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းတွင် ဖားကန့်ဒေသသို့ ရောက်ရှိလာကြောင်း သတင်းရရှိသည်။

စာ(၁၂)သို့



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



*လှိုင်သာယာမြို့သစ်အား အပေါ်စီးမှ မြင်တွေ့ရစဉ်*

ဓာတ်ပုံ-ကျော်ဇင်သန်း

# ရန်ကုန်မြို့ပြစီမံကိန်း ယခုနှစ်ကုန် အပြီးသတ်ရေးဆွဲမည်

**မိုးညို**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၆**

မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးမှု စီမံကိန်းကို ယခု ၂၀၁၃ နှစ်ကုန်တွင် အပြီးသတ်ရေးဆွဲသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေယာဌာနမှ ဌာနမှူး ဦးတိုးအောင်က ပြောသည်။

လက်ရှိတွင် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA အပါအဝင်ရန်ကုန်မြို့တော်စင်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးဦးစီးဌာနရန်ကုန်မြို့တော် ရှေးဟောင်းအဆောက်အအုံထိန်းသိမ်းရေးအဖွဲ့နှင့် မြို့ပြပညာရှင်များ စုစည်းရေးဆွဲလျက်ရှိသည့် အထက်ပါစီမံကိန်းကို ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ရန်လျာထားသည်ဟု အဆိုပါ ဌာနမှူးက ပြောသည်။

"ဒီကြားထဲမှာ စီမံကိန်းက ရေးဆွဲနေတုန်းဆိုတော့ ဘယ်နေရာကိုဘယ်လောက်ချဲ့မယ်၊ ဘယ်လောက်ပြန်လျှော့မယ်ဆိုတာတွေကို ဒီဇင်ဘာလကုန်မှ အတည်ဖြစ်သွားမှာ။ အခုလောလောဆယ် ပြောထားတဲ့မြို့နယ်တွေက အတိုးအလျှော့တွေ အများကြီးရှိနိုင်သေးတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိအဆိုပြုထားသည့် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ မှော်ဘီ၊ လှည်းကူး၊ ထန်းတပင်၊ တွံတေးမြို့နယ် အများစုတွင်နေထိုင်သည့် မိသားစုများ၏သဘောထား ၎င်းတို့၏ လူနေမှုပုံစံ၊ စီးပွားရေးအစရှိသော အခြေအနေများကိုစတင်လေ့လာစစ်တမ်းကောက်မှုများအကြိမ်ကြိမ်ပြုလုပ်နေပြီး ၎င်းတို့၏အကျိုးစီးပွားမထိခိုက်ရေးကိုလည်း ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောက်ရွက်ရေး အေဂျင်စီ က ထုတ်ပြန်သည်။

၎င်းစီမံကိန်းဆောင်ရွက်စဉ်ကာလငါးနှစ်အတွင်း ဒေါ်လာသန်း ၂,၂၀၀ ကျော်ကုန်ကျမည်ဖြစ်ပြီး ကနဦးဒေါ်လာသန်း ၅၀၀ ကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောက်ရွက်ရေးအေဂျင်စီမှ ယခုနှစ်အတွင်း ချေးသွားမည်ဟု သိရသည်။

စာ(၁၂)သို့

# ကေအိုင်အေအနေဖြင့် အမှန်တကယ် ငြိမ်းချမ်းရေးရလိုပါက အချိန်မရွေး လာရောက်ဆွေးနွေးနိုင်ကြောင်း ကာချုပ်ပြော

**အေးမြကျော်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၄**

ကချင်လွတ်မြောက်ရေးတပ်မတော်(ကေအိုင်အေ)အနေဖြင့် အမှန်တကယ် ငြိမ်းချမ်းရေး ရယူလိုပါက အချိန်မရွေး လာရောက်ဆွေးနွေးနိုင်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းသားအရာရှိများ၊ မိသားစုများနှင့် ဖေဖော်ဝါရီ ၁၃ ရက် နံနက် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်ရောက်အောင် တပ်မတော်က အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိပြီး လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေး ရယူထားခြင်းသည် အပစ်အခတ်ရပ်စဲပြီး ယာယီငြိမ်းချမ်းရေး ရယူထားခြင်းသာဖြစ်ကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးရအောင် ဆောင်ရွက်ရန် ကျန်ရှိနေသေးပြီး လက်နက်ကိုင်အဖွဲ့အစည်း ၁၁ ဖွဲ့အနက် ၁၀ ဖွဲ့မှာ ဒုတိယအဆင့်ဖြစ်သည့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီမှုရပြီး ကေအိုင်အေတစ်ဖွဲ့တည်းသာ ကျန်ရှိတော့ကြောင်း ကာကွယ်ရေးဦးစီးချုပ်က ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကေအိုင်အိုကို ဖေဖော်ဝါရီ ၄ ရက်တွင် သီးသန့်ပေးပို့ခဲ့သော ဆုတောင်းမေတ္တာပို့စာ၌ "စစ်မှန်သော ငြိမ်းချမ်းရေး၊ တိုင်းရင်းသားအားလုံးအတွက် တန်းတူညီမျှရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို စားပွဲဝိုင်းမှာ တွေ့ဆုံဆွေးနွေးခြင်းသာ တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း" ထည့်သွင်းရေးသားခဲ့ပြီး ထိုသို့ပြောကြားခြင်းကို ကေအိုင်အိုက ကြိုဆိုကြောင်း ဖေဖော်ဝါရီ ၁၃ ရက်တွင် ထုတ်ပြန်သော ပြည်သူလူထုထံ အသိပေးကြေညာချက်၌ ပါရှိသည်။

ထိုသို့သမ္မတပြောကြားသည့်အတိုင်း ကေအိုင်အိုကလည်း အထက်ပါအချက်များအတွက် စားပွဲဝိုင်းတွင် တွေ့ဆုံဆွေးနွေးကာ အဖြေရှာသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၃ ရက်က ထုတ်ပြန်ပြောကြားလိုက်သည်။

အစိုးရနှင့် ကေအိုင်အို (ကချင်လွတ်မြောက်ရေးအဖွဲ့)တို့သည် ပြီးခဲ့သော ဖေဖော်ဝါရီ ၄ ရက်တွင် တရုတ်နိုင်ငံ ရွှေလီမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး စစ်အရှိန်လျှော့ချရန် နှစ်ဖက်သဘောတူခဲ့ကြသည်။ ထိုဆွေးနွေးပွဲနောက်ပိုင်းတွင် ကချင်ပြည်နယ်အတွင်း၌ တိုက်ပွဲများ သိသိသာသာ လျော့နည်းသွားသည်။



7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# ဒီချုပ် အမျိုးသမီးအမတ်တစ်ဦးကို ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းပေးရန် မဲဆန္ဒရှင်တစ်ထောင်ကျော် တောင်းဆို

**အိဖြူလွင်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၆**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ တံတားဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန္တာကိုတာဝန်မှ ရုပ်သိမ်းပေးရန် ပါတီဝင်များ အပါအဝင် မဲဆန္ဒရှင် ၁,၂၀၀ ကျော်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုင်ကြားထားကြောင်း သတင်းရရှိသည်။

ယင်းကိစ္စအား အရေးယူဆောင်ရွက်ရန် အတွက် လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပြီးမှသာ ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဥပဒေပြဋ္ဌာန်းပေးရန် ကော်မရှင်က လွှတ်တော်သို့ တင်ပြဆောင်ရွက်ထားပြီးဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာပါတီသို့ အကြောင်းပြန်ထားကြောင်း သိရှိရသည်။

ဥပဒေပြဋ္ဌာန်းပြီးပါက ဥပဒေနှင့်အညီ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီသို့ ပေးပို့သော အကြောင်းပြန်ကြားစာတွင် ပါရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် ဒေါ်ခင်သန္တာကို ကိုယ်စားလှယ်အဖြစ်မှ ဖယ်ရှားရန် အစီအစဉ်မရှိဘဲ ပါတီက ရွေးချယ်ထားသည့် ကိုယ်စားလှယ်ဖြစ်သည့်အတွက် ပါတီမူဝါဒများအတိုင်း စည်းရုံးလှုပ်ရှားသွားမည်ဟု ပါတီဗဟိုအလုပ်အမှုဆောင်တစ်ဦးဖြစ်သည့် မဟာအောင်မြေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းကြိုင်က ပြောကြားသည်။

"ဥပဒေနဲ့အညီလုပ်ရမှာပေါ့။ ဥပဒေနဲ့အညီမလုပ်ရင်ကျွန်တော်တို့က ဘယ်သည်းညည်းခံမလဲ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကို တာဝန်ကနေ ပြန်လည်ရုပ်သိမ်းခွင့်ရှိတယ် ဆိုပေမယ့်လည်း လုပ်ချင်တဲ့သူက ထလုပ်လို့ရအောင် ဘယ်ခွင့်ပြုလို့ရမလဲ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ဒေါ်ခင်သန္တာကိုပြန်လည်ရုပ်သိမ်းပေးရန် တောင်းဆိုသည့် ကိစ္စမှာ ပါတီတွင်းညီလာခံများပြုလုပ်ရာမှာ မကျေနပ်ချက်များရှိသည့်အတွက် အဖွဲ့ချုပ် အမည်ကိုသုံး၍ ပြုလုပ်ကြခြင်းဖြစ်သည်ဟု ဒေါ်ခင်သန္တာ က 7Day News အား ပြောသည်။

ထိုသို့တိုင်ကြားသည့်ကိစ္စကို တံတားဦးမြို့နယ်၏ ပါတီဥက္ကဋ္ဌအတွင်းရေးမှူးများနှင့် လည်း တိုင်ပင်ခြင်းမရှိဘဲ ပြုလုပ်ကြခြင်းဖြစ်ပြီး ပါတီစည်းမျဉ်းစည်းကမ်းများအရ အရေးယူမှု အားနည်း၍ အဖွဲ့ချုပ်ကို တိုက်ခိုက်ခံရခြင်းဟု ထင်မြင်ကြောင်း ဒေါ်ခင်သန္တာက ဆက်လက်ပြောကြားသည်။

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းအတွက် အခြေခံဥပဒေပုဒ်မ ၃၉၆ တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံးတစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့် ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ တင်ပြရမည်ဟု ဖော်ပြထားသည်။ တံတားဦးမြို့နယ်တွင် စုစုပေါင်းမဲဆန္ဒရှင် အရေအတွက် ၉ သောင်းကျော် ရှိပြီး ဒေါ်ခင်သန္တာသည် မဲအရေအတွက် ခြောက်သောင်းကျော်ဖြင့် အနိုင်ရရှိထားခြင်းဖြစ်သည်။



*လွှတ်တော်အစည်းအဝေးတက်ရောက်နေသည့် တပ်မတော်သားကိုယ်စားလှယ်များ* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## အစိုးရအဖွဲ့ ဝန်ကြီးများ ရွေးချယ်ရာတွင် တပ်မတော်လောင်းရိပ်က မလွတ်သေး

**အိဖြူလွင်၊ မင်းဟိန်းကျော်၊ ရန်မျိုးနိုင်**

အရပ်သားအစိုးရသို့ ပြောင်းလဲပြီး ၂ နှစ်သက်တမ်းရှိလာချိန်တွင် လစ်လပ်သွားသော အရပ်ဘက်ဝန်ကြီးဌာနများ၌ လက်ရှိတာဝန်ထမ်းဆောင်နေသည့် စစ်ဗိုလ်ချုပ်ကြီးများကို ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်လိုက်ခြင်းဖြင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် တပ်မတော်၏အခန်းကဏ္ဍပြန်လည်လွှမ်းမိုးလာမည်လားဟု မေးခွန်းများ ထွက်ပေါ်လာသည်။

အရပ်ဘက်ဝန်ကြီးဌာနများဖြစ်သော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့တွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲဖြစ်သော တပ်မတော် ထိပ်တန်းအရာရှိကြီးများကို ပြည်ထောင်စုအဆင့်ဝန်ကြီးများအဖြစ် နိုင်ငံတော်သမ္မတက တိုက်ရိုက်ခန့်အပ် တာဝန်ပေးခြင်းများကို ဆက်တိုက်ပြုလုပ်လာခဲ့သည်။

စာ(၄၀)သို့

# ကရင်မိန်းကလေးအား ရေနွေးပူလောင်း နှိပ်စက်ခဲ့သည့် လင်မယားနှစ်ဦး ထွက်ပြေးသွားသဖြင့် ထိုင်းရဲတပ်ဖွဲ့ ဆုငွေထုတ်

**သန်းငွေး**

**ရန်ကုန်၊**

**ဖေဖော်ဝါရီ - ၁၈**

ကရင်အမျိုးသမီးငယ်အား နှိပ်စက်ခဲ့သော ထိုင်းလူမျိုးလင်မယားနှစ်ဦး ထွက်ပြေးတိမ်းရှောင်သွားသောကြောင့် ထိုင်းနိုင်ငံ၊ကမ်မယ်ဖစ်ခရိုင်ရဲတပ်ဖွဲ့မှ ၎င်းတို့နှစ်ဦးကို ဆုငွေထုတ်လိုက်ကြောင်း သတင်းရရှိသည်။

ခရိုင်ရဲတပ်ဖွဲ့က ဆုငွေမထုတ်မီကပင် ထိုင်းအလုပ်ရှင်လင်မယား၏ရေနွေးပူလောင်းနှိပ်စက်ခြင်းခံခဲ့ရသည့် အသက်(၁၂)နှစ်အရွယ် မြန်မာအလုပ်သမား ကရင်မိန်းကလေးငယ်ကိစ္စနှင့် ပတ်သက်၍ မြန်မာအစိုးရကိုယ်စား ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ပြစ်မှုကျူးလွန်သူများကို ပြင်းပြင်းထန်ထန် အရေးယူပေးရန် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကလည်း တောင်းဆိုထားသည်။

ထို့အပြင် အဆိုပါမိန်းကလေးငယ်ကို စောင့်ရှောက်ထားသည့် ကမ်မယ်ဖစ်ပြည်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ဂေဟာအကြီးအကဲမစ္စတာထနဝပ်ဆထစ်နှင့်မြန်မာအစိုးရအလုပ်သမားဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ထွန်းနှင့်အဖွဲ့က သွားရောက်တွေ့ဆုံပြီး ကရင်မိန်းကလေးငယ်အား ထိန်းသိမ်းစောင့်ရှောက်ထားရှိမှု အခြေအနေများ၊ လိုအပ်ချက်များကို မေးမြန်းခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးညွှန်ကြားရေးမှူးဦးဇော်ဌေးက ၎င်း၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာပေါ်တွင် ဖော်ပြထားသည်။

ဦးနိုင်ထွန်းသည် လက်ရှိကာလတွင် ထိုင်းနိုင်ငံရှိမြန်မာအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ ၁၁ ဖွဲ့၏ ခေါင်းဆောင်ဖြစ်ပြီး ထိုင်းဘာသာစကားကို အထူးကျွမ်းကျင်သည်ဟု သိရသည်။

ဦးနိုင်ထွန်း ဦးဆောင်သော ညှိနှိုင်းဖြေရှင်းရေးအဖွဲ့သည် ကာယကံရှင်နှင့်သက်ဆိုင်သူများအား တွေ့ဆုံကာ ဖြစ်ရပ်အသေးစိတ်ကို စုံစမ်းမေးမြန်းပြီးနောက် သက်ဆိုင်ရာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုရရှိရေး၊ ထိုက်တန်သည့် နစ်နာကြေးရရှိရေး၊ ဥပဒေကိုချိုးဖောက်ကျူးလွန်သူများအား ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူမှုများဆောင်ရွက်ရေး စသည်တို့ကို ထိုင်းအစိုးရ တာဝန်ရှိသူများနှင့် ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ကာ ကရင်မိန်းကလေးငယ်အားထောက်ပံ့ကြေး ဘတ်နှစ်သောင်းခွဲပေးအပ်မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနထံမှ သတင်းရရှိသည်ဟူ၍ သမ္မတရုံး ညွှန်ကြားရေးမှူး၏ ဖေ့စ်ဘွတ်ခ်တွင်



*ညွှန်ကြားရေးမှူးဦးနိုင်ထွန်းက ကရင်မိန်းကလေးနှင့်မိသားစုအား ထောက်ပံ့ငွေပေးအပ်စဉ်* ဓာတ်ပုံ-အလုပ်သမားဝန်ကြီးဌာန

ဖော်ပြထားသည်။

ကရင်မိန်းကလေးငယ်မှာ တစ်ကိုယ်လုံးတွင် အပူလောင်ဒဏ်ရာ၊ နားရွက်ကို ကတ်ကြေးနှင့် ဖြတ်ထားသော ဒဏ်ရာ၊ ခန္ဓာကိုယ်အနှံ့ရှိ အရေပြား ငါးဆယ်ရာခိုင်နှုန်းပျက်စီးကာ ဘယ်ဘက်လက်မောင်းနှင့် နံကြား အသားကပ်နေပြီး လှုပ်ရှားမရသော ဒဏ်ရာများ ရရှိခံစားနေရသည်ဟု သတင်းရရှိသည်။ ထို့ကြောင့် နှိပ်စက်သော အိမ်ရှင်လင်မယားအား ဖြားယောင်းမှု၊ မတရား ညှဉ်းပန်းနှိပ်စက်မှု၊ ကျွန်ပြုမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ အသက်(၁၂) နှစ် ကလေးငယ်ကိုလူကုန်ကူးမှု၊တရားမဝင် အလုပ်သမားလက်ခံမှု၊ အလုပ်သမားအခွင့်အရေးချိုးဖောက်မှု စသည့်ပြစ်မှုခုနစ်မှုဖြင့် ထိုင်းနိုင်ငံ ကမ်မယ်ဖစ်ခရိုင်ရဲစခန်းနှင့် ခရိုင်အလုပ်သမား ကာကွယ်ရေးရုံးတို့မှ စွဲချက်တင်ထားသည်ဟု ခရိုင်ရဲအုပ်ကြီး ဝမ်းချိုင်က ပြောကြောင်း နိုင်ငံတကာသတင်းဌာနများတွင် ဖော်ပြထားသည်။

ထို့ပြင် ထိုင်းနိုင်ငံရှိမြန်မာအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များက နှစ်မှုထပ်မံစွဲချက်တင်လိုက်ကြောင်း မြန်မာနိုင်ငံရှိ အလုပ်သမားဝန်ကြီးဌာနရုံးအဖွဲ့မှူး ဦးမောင်မောင်ကျော်က ပြောသည်။

အဆိုပါ လင်မယားမှာ ပြစ်မှုကျူးလွန်ကြောင်း ဝန်မခံ၍ အာမခံပေးကာ လွှတ်ထားရသောကြောင့် ဆွဲချရှေ့နေများနှင့် အမှုတည်ဆောက်နေရကြောင်းထိုင်းရဲအရာရှိကြီးက ပြောသည်။

ထိုင်းအစိုးရအနေဖြင့် အရေပြားအစားထိုးသည့်ပလတ်စတစ်ဆာဂျရီအပါအဝင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ရမည့် ကရင်အမျိုးသမီးငယ်ကလေးအား ပုံမှန်ပြန်ဖြစ်သည်အထိ ကုန်ကျစရိတ်များကို ကျခံပေးသွားမည့်အပြင် ဆေးရုံမှဆင်းပါက တရားဝင်အခမဲ့ပညာသင်ကြားခွင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

လွန်ခဲ့သော ငါးနှစ်ခန့်က ကမ်မယ်ဖစ်ပြည်နယ် ဆိုင်းငမ်းမြို့နယ်တွင် အလုပ်လုပ်နေသော မြန်မာရွှေ့ပြောင်း အလုပ်သမားများဖြစ်သည့် လှိုင်းဘွဲ့မြို့နယ်မှ ဦးတင်အောင်နှင့်ဒေါ်မူးအွာသိန်းတို့၏ သမီးဖြစ်သူ မအဲအား ထိုင်းလင်မယားနှစ်ဦးက ခေါ်ဆောင်သွားခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထွက်ပြေးလွတ်မြောက်လာ၍ ရွာသားများက လူမှုကယ်ဆယ်ရေးဌာနသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဘန်ကောက်ရှိ မြန်မာသံရုံး၊ ထိုင်းနိုင်ငံရောက်မြန်မာအလုပ်သမားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များအနေဖြင့် ဤအမှုနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံ၏ ဖြေရှင်းဆောင်ရွက်ချက်များကို မျက်ခြည်မပြတ် အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

## CRIME မှုခင်း သတင်း CORNER

# ပုဂ္ဂလိက ရာဘာစိုက်ခင်းအား မီးရှို့သော ဗိုလ်ကြီးတစ်ဦး အမှု ဖွင့်ခံရ

**သန်းဌေး**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၆**

ရာဘာပင်လေးထောင်ကျော်မီးရှို့ဖျက်ဆီးသောတပ်မတော်သား ဗိုလ်ကြီးတစ်ဦးအား ရာဘာခြံပိုင်ရှင်များက အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

တောင်သုံးလုံး ဘိုးသံဘုရားအနီး သာယာကုန်းရွာရှိ ပင်မလက်နက်ခဲယမ်းမီးကျောက်တပ်မှ ဗိုလ်ကြီးဖြိုးဝေအောင်သည် အခြားအမျိုးသားငါးဦးတို့နှင့်အတူ လှည်းကူးမြို့နယ်အတွင်းရှိပုဂ္ဂလိကပိုင် ရာဘာစိုက်ခင်း ၂၁ ဧကပေါ်တွင် စိုက်ပျိုးထားသည့် ကျပ် ၂၁၅သိန်း တန်ဖိုးရှိသော ရာဘာပင် လေးထောင်ကျော်ကို ဖေဖော်ဝါရီ ၈ရက်နှင့် ၉ရက် မွန်းတည့်ချိန်တွင် မီးလောင်ပျက်စီးစေခဲ့၍ အမှုဖွင့်ခံရကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်သည်။

"သူဘာကြောင့်မီးရှို့တယ်ဆိုတာ မသိဘူး။ ဗိုလ်ကြီးက ရဲအချုပ်ခန်းထဲမှာ ရှိမနေပါဘူး။ သူ့အမှုကိုင် ဒုရဲအုပ်လည်းမရှိတော့ ကျွန်တော်တို့ရဲဘော်တွေက အမှုကိစ္စနဲ့ ပတ်သက်လို့ ပြောလို့မရပါဘူး"ဟု လှည်းကူးမြို့နယ်ရဲစခန်းမှ တာဝန်ကျရဲအရာရှိတစ်ဦးကပြောသည်။

အထက်ပါရာဘာစိုက်ခင်းများသည်လုပ်ငန်းရှင်သုံးဦး စပ်ပေါင်း၍ စိုက်ပျိုးထားသောစိုက်ကွက်သုံးကွက်ဖြစ်နေသောကြောင့် ပုဒ်မ ၄၃၅/၁၁၄ တစ်ခုတည်းဖြင့် အမှုသုံးမှုဖွင့်ထားခံရကြောင်း သတင်းရရှိသည်။

# နိုင်ငံခြားသတင်းထောက်များအား ဂျာနယ်လစ်ဗီဇာ တစ်နှစ်အထိ ထုတ်ပေးမည်

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၃**

ပြည်တွင်း ဝင်ရောက်မည့် နိုင်ငံခြားသား သတင်းထောက်များအား ကာလတို၊ ကာလရှည် ဂျာနယ်လစ် ဗီဇာနှစ်မျိုး ထုတ်ပေးမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်က ပြောသည်။



*ဒေါ်အောင်ဆန်းစုကြည်ခြံဝင်းအတွင်း သတင်းယူနေသည့် နိုင်ငံခြားသတင်းထောက်များ*
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံတွင် နိုင်ငံခြားသတင်းဌာနများကို ဧပြီလတွင် ဖွင့်ခွင့်ပြုတော့မည်ဖြစ်ပြီး အဆိုပါ သတင်းဌာနများမှ သတင်းထောက်များအတွက် ယခုအစီအစဉ်ကို ရည်ရွယ်လုပ်ကိုင်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီမှာ ဖွင့်ခွင့်ရမယ့် သတင်းဌာနတွေအတွက် ဗီဇာကို ကာလရှည်တစ်နှစ်ပေးမယ်။ အလွတ်သဘော ဝင်လာချင်တဲ့ နိုင်ငံခြားသတင်းထောက်တွေကို တော့ အလွန်ဆုံး သုံးလလောက် ဗီဇာပေးမယ်"ဟု ဦးရဲထွဋ်က ရှင်းပြသည်။

ကာလတိုဗီဇာဖြင့်လာရောက်နေထိုင်မည့်နိုင်ငံခြားသားသတင်းထောက်မှာ ပြန်ကြားရေးဝန်ကြီးဌာနထံ ကိုယ်ရေးအချက်အလက်တို့တင်ပြပြီး မီဒီယာအသိအမှတ်ပြုကတ်များ ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံခြား သတင်းထောက်မှာ ဝန်ကြီးဌာန အသိအမှတ်ပြုကတ်တွေပါတော့ ဖြေရမယ့် အစိုးရဌာနဆိုင်ရာတွေမှာလည်း သက်သောင့်သက်သာ ဖြစ်တာပေါ့"ဟု ဦးရဲထွဋ်ကပြောသည်။

ယခင်အစိုးရလက်ထက်တွင် နိုင်ငံခြား သတင်းထောက်များအားထုတ်ပေးခဲ့သောဂျာနယ်လစ်ဗီဇာသက်တမ်းမှာ နှစ်ပတ်သာဖြစ်သည်။ ထို့ပြင် ယင်းဗီဇာမှာ သတင်းထောက်များ၏ လှုပ်ရှားမှုများကို ထိန်းချုပ်ကန့်သတ်ရန် ရည်ရွယ်ခြင်းဖြစ်ပြီး ယခုဗီဇာမှာ အစိုးရဝန်ကြီးဌာနများနှင့် တရားဝင်ထိတွေ့ သတင်းယူနိုင်ရန် ရည်ရွယ်ကြောင်း ဦးရဲထွဋ်က ပြောသည်။

မြန်မာနိုင်ငံတွင် ကာလရှည် ဂျာနယ်လစ်ဗီဇာ ခွင့်ပြုမည့်သတင်းအပေါ် အရှေ့တောင်အာရှကိုယ်စားပြုသတင်းထောက်များ ကာကွယ်ရေးကော်မတီမှ Mr.Shawn က ယခင်အစိုးရလက်ထက် ဝန်ကြီးဌာနများနှင့် စစ်ဘက်ဆိုင်ရာ အာဏာပိုင်များမှာ နိုင်ငံခြားသတင်းထောက်များကိုမည်သည့်အခါမှဖြေကြားပြောဆိုခဲ့ခြင်း မရှိခဲ့ရာ ယခုအပြောင်းအလဲမှာ မြန်မာနိုင်ငံတွင်း ပိုမိုကောင်းမွန်သော မီဒီယာ လွတ်လပ်မှုအတွက်အပြုသဘောဆောင်သည့် တိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း ဗြိတိန်အခြေစိုက် The Gurdian သတင်းစာတွင်ရေးသားဖော်ပြထားသည်။

ပြည်တွင်းသတင်းထောက်များကိုမူ ပြည်ပသတင်းထောက်များကဲ့သို့ ဝန်ကြီးဌာနမှ မီဒီယာအသိအမှတ်ပြုကတ်ပြားများထုတ်ပေးမည်မဟုတ်ကြောင်း သိရသည်။

"အစိုးရအဖွဲ့ရဲ့ ထောက်ခံချက်နဲ့လာတဲ့ နိုင်ငံခြားသားတွေကို ညွှန်ကြားတဲ့အတိုင်း ဗီဇာတွေထုတ်ပေးနေပါတယ်။ ဗီဇာတိုးတာနဲ့ပတ်သက်လို့အခုထိညွှန်ကြားချက်မရရှိသေးပါဘူး"ဟု လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းကပြောသည်။

# လက်ပံတောင်းတောင် မီးလောင်ဗုံးတွင် တားမြစ်ထားသည့် မီးလောင်မှုပြင်း ဓာတ်ပစ္စည်း ပါဝင်ကြောင်း တွေ့ရှိ

**အိဖြူမွန်၊အောင်နိုင်**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၁၄**

လက်ပံတောင်းတောင် သပိတ်စခန်းများ ဖြိုခွင်းရာတွင် နိုင်ငံတကာက တားမြစ်ထားသော မီးလောင်မှုပြင်းထန်သည့် ဖော့စ်ဖရပ်အောက်ဆိုက် မီးလောင်ဗုံးအသုံးပြုခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အခြေစိုက် Justice Trust ဥပဒေပါမောက္ခက စမ်းသပ်စစ်ဆေးမှုရလဒ်ကို သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါ စမ်းသပ်စစ်ဆေးမှုကို အမေရိကန်အခြေစိုက် Justice Trust အဖွဲ့နှင့် မြန်မာနိုင်ငံရှေ့နေများကွန်ရက်တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ယင်းအဖွဲ့မှ ဥပဒေပါမောက္ခ Roger Normand က စစ်ဆေးတွေ့ရှိချက်များကို အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

လက်ပံတောင်းတောင် သပိတ်စခန်းများ ဖြိုခွင်းရာတွင် အသုံးပြုခဲ့သော ကြွင်းကျန်လက်ပစ်ဗုံးအခွံများနှင့် မီးလောင်သက်န်းအစအနများကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့အခြေစိုက် ဓာတုသရုပ်ခွဲကုမ္ပဏီတစ်ခုဖြစ်သည့် ALS Laboratory Group သို့ ပေးပို့စမ်းသပ် စစ်ဆေးခဲ့ရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ယခင်အစိုးရလက်ထက်က ဖြစ်ပွားခဲ့သော အဖြစ်အပျက်များနှင့် ပတ်သက်ပြီး အရေးမယူပေမယ့် ဒီမိုကရေစီနိုင်ငံသို့ ကူးပြောင်းနေသော အခြေအနေတွင် ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား မီးလောင်မှုပြင်းထန်စေသော မီးလောင်ဗုံး အသုံးပြုမှုကို အရေးယူမှုများ ပြုလုပ်သင့်ကြောင်း အမေရိကန်နိုင်ငံမှ ဥပဒေပါမောက္ခမစ္စတာ Roger Normand က ပြောသည်။

ကြွင်းကျန်ဗုံးတွင် မီးစုန်းပါဝင်မှုသည် ၂၅ ဒသမ ၅ ရာခိုင်နှုန်းပါဝင်ပြီး ယင်းရာခိုင်နှုန်းမှ ၅၈ ဒသမ ၃ ရာခိုင်နှုန်းသည် ဖော့စ်ဖရပ်အောက်ဆိုက် အသွင်ရှိကြောင်း ထိုစစ်ဆေးတွေ့ရှိချက် အရသိရသည်။ ဖော့စ်ဖရပ်အောက်ဆိုက်ပါဝင်သောမီးလောင်ဗုံးသည် အောက်ဆီဂျင်ဓာတ်နှင့် ထိတွေ့သောအခါ မီးလောင်မှုကို ပြင်းထန်စေပြီး ရေဖြင့်ငြိမ်းသတ်၍ မရသော ဓာတုလက်နက်အမျိုးအစားဖြစ်ကြောင်း ဥပဒေပါမောက္ခ Roger Normand က ပြောသည်။

လက်ပံတောင်းတောင် သပိတ်စခန်း ဖြိုခွဲရာတွင် ရေနှင့်ဖျန်းပက်ခဲ့ပြီး မီးလောင်ဗုံးကို လူအုပ်ကြားထဲသို့ပြောင်းတိုဖြင့်ပစ်ထည့်ခဲ့ကြောင်း၊ လက်ပစ်ဗုံးပေါက်ကွဲသောအခါ အဝါရောင်မီးတောက်များနှင့် ပိန်းနေသော မီးခိုးများဖြင့် ပေါက်ကွဲခဲ့ကြောင်း ဒဏ်ရာရသူများနှင့် မျက်မြင်ကြုံတွေ့သူများက ၎င်းတို့အဖွဲ့ကို ပြောကြားခဲ့ကြောင်း စမ်းသပ်စစ်ဆေးမှုစစ်တမ်းတွင် ဖော်ပြထားသည်။

အစိုးရအနေဖြင့် သပိတ်စခန်းတွင် မီးလောင်ဗုံးအသုံးပြုမှုနှင့် ပတ်သက်ပြီး တောင်းပန်မှုများပြုလုပ်ခဲ့သော်လည်း အရေးယူမှုများ ယနေ့အချိန်ထိ မရှိသေးကြောင်း လက်ပံတောင်းတောင် လှုပ်ရှားသူများတွင် ပါဝင်သူများကပြောသည်။

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော လက်ပံတောင်းတောင် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို သပိတ်စခန်းများ ဖြိုခွဲခံရပြီး နှစ်ရက်အကြာ ၂၀၁၂ ဒီဇင်ဘာ ၁ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ကော်မရှင်ဖွဲ့စည်းပြီး နှစ်လကျော်ကြာမြင့်လာသည်အထိ စုံစမ်းစစ်ဆေးမှုရလဒ်အသေးစိတ်ကိုထုတ်ပြန်နိုင်ခြင်း မရှိသေးပေ။

လက်ပံတောင်းတောင် သပိတ်စခန်းဖြိုခွင်းရာတွင် အသုံးပြုခဲ့သော မီးလောင်ဗုံးစစ်ဆေးတွေ့ရှိချက်များကို မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာ ကင်တားနားအား ပေးပို့ခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့်လက်ပံတောင်းတောင်စုံစမ်းစစ်ဆေးရေးကော်မရှင်သို့လည်း ပေးပို့ထားကြောင်း ရှေ့နေများကွန်ရက်အဖွဲ့မှ ဦးလှထွန်းက ပြောသည်။



# မစ္စတာ ကင်တားနားအား ငြိမ်းချမ်းရေးဆွေးနွေးမှု အသိသက်သေအဖြစ်ဆောင်ရွက်ရန် ကချင်တိုင်းရင်းသားများ တောင်းဆို

**အောင်သူရ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၇**

မြန်မာအစိုးရနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ ကေအိုင်အိုတို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာအထူးအစီရင်ခံစာတင်သွင်းသူမစ္စတာသောမတ်အိုဟေးကင်တားနားအား သက်သေအဖြစ် ပါဝင်ပေးရန် ကချင်တိုင်းရင်းသားများက တောင်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

“မြစ်ကြီးနားက ယူနီဆက်ဖ်ရုံးမှာ တွေ့တုန်းက ဒေသခံတွေက တောင်းဆိုတာငြိမ်းချမ်းရေးအတွက် ကုလသမဂ္ဂအနေနဲ့ ပါဝင်ပေးဖို့ ကျွန်တော်လည်း မစ္စတာကင်တားနားကို ပါဝင်ပေးဖို့ သေသေချာချာ ပြောလိုက်ပါသေးတယ်”ဟု ကချင်ပြည်နယ်တွင် အကြီးဆုံးအရပ်ဘက်အဖွဲ့အစည်းတစ်ခုဖြစ်သော ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာစလမ်ဆမ်ဆွန်ကပြောသည်။

ဖေဖော်ဝါရီ၄ရက်ကတရုတ်နိုင်ငံ ရွှေလီမြို့တွင် ပြုလုပ်သော ဆွေးနွေးပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး မစ္စတာလျိုကျောင်ဟွေ့၊ ကရင်အမျိုးသားအစည်းအရုံး ကေအင်န်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး၊ အထွေထွေ အတွင်းရေးမှူး ဖဒိုစောကွယ်ထူးဝင်းနှင့် အဖွဲ့ဝင်တစ်ဦး၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS/SSA)မှ ဗိုလ်မှူးချုပ်စိုင်းလူးနှင့် အဖွဲ့ဝင်နှစ်ဦး၊ ဦးဟန်ညောင်ဝေနှင့် ဦးဇော်တာဗျက်လျှန်တို့က သက်သေများအဖြစ် တက်ရောက်ခဲ့ကြသည်။

“တရုတ်ကတော့ စီးပွားရေးပဲ ကြည့်တယ်လေ။ လူ့အခွင့်အရေးမကြည့်ဘူး။ နိုင်ငံတကာအဖွဲ့အစည်းတွေ မပါဘဲ သူ(တရုတ်) တစ်ယောက်တည်းနဲ့ မဖြစ်ဘူး”ဟု ဒေါက်တာစလမ်ဆမ်ဆွန်က ပြောသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ်ရပ်စဲရေး ဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးက “နောက်ဆွေးနွေးပွဲမှာ ကေအိုင်အိုဘက်ကဘာ တောင်းဆိုမလဲ ကြည့်ရမယ်။ ပြီးခဲ့တဲ့ ဆွေးနွေးပွဲမှာ စောင့်ကြည့်ရေးအဖွဲ့တွေကိစ္စ ပြောခဲ့တာတွေရှိတယ်။ ကုလသမဂ္ဂမှာက အဖွဲ့တွေအများကြီးရှိတယ်။ တချို့နိုင်ငံတွေမှာ လေ့လာသူအဖြစ်နဲ့ ပါဝင်တာတွေတော့ရှိတယ်”ဟု မှတ်ချက်ပြုပြောကြားသည်။

ဆွေးနွေးပွဲတွင်နှစ်ဖက်ဆက်သွယ်ရေးလမ်းကြောင်းထားရှိရေး၊ နှစ်ဖက်စစ်ရေးတင်းမာမှုများ လျှော့ချနိုင်ရေး၊ နောက်တစ်ကြိမ် အစည်းအဝေးအတွက်ပြင်ဆင်မှု၊ နောက်တစ်ကြိမ် ဆွေးနွေးပွဲတွင် လေ့လာသူများနှင့် သက်သေအဖြစ် ပါဝင်နိုင်မည့် အဖွဲ့အစည်းများအား ဖိတ်ခေါ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးများကောင်စီ (UNFC)နှင့် ဆွေးနွေးပြီးနောက် ဖေဖော်ဝါရီလမကုန်မီ နိုင်ငံရေးဆွေးနွေးမှုများ ဆွေးနွေးရန်လည်း သဘောတူခဲ့ကြသည်။



ဓာတ်ပုံ-အောင်သူရ

# အစိုးရနှင့် ကေအင်န်ယူ မတ်လတွင် လေးကြိမ်မြောက် ဆွေးနွေးမည်

**အောင်သူရ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၆**

ကရင်အမျိုးသားအစည်းအရုံး ကေအင်န်ယူနှင့် အစိုးရငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့တို့၏ လေးကြိမ်မြောက် တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲကို မတ်လအတွင်း စီစဉ်ထားကြောင်း ကရင်အမျိုးသားအစည်းအရုံး ကေအင်န်ယူမှ ကာကွယ်ရေးဝန်ကြီး စောရောဂျာခင်ကပြောသည်။

ပြည်သူလူထု ဘဝလုံခြုံရေးရရှိရန်အတွက် နှစ်ဖက်တပ်များ လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းမူကြမ်းအား သဘောတူကြောင်း ကရင်အမျိုးသားအစည်းအရုံးနှင့် ဦးအောင်မင်းခေါင်းဆောင်သော ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့သည် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၄ရက် နေ့လယ် ၂နာရီခန့်က လက်မှတ်ရေးထိုးခဲ့ကြသည်။

ထိုဆွေးနွေးပွဲပြီးနောက် ကရင်အမျိုးသားအစည်းအရုံးအတွင်း ဗဟိုအလုပ်အမှုဆောင်ပြန်လည်ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေခြင်းတို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

“တိကျတဲ့နယ်မြေသတ်မှတ်မှုတွေ အပစ်အခတ်ရပ်စဲရေးမှာ ပိုပြီးတိတိကျကျ အကောင်အထည်ဖော်မယ့် ကိစ္စတွေကို ဆွေးနွေးဖို့ ရှိပါတယ်”ဟု မြန်မာငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ်ရပ်စဲရေးဒါရိုက်တာ ဒေါက်တာမင်းဇော်ဦးကပြောသည်။

အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့ကြား ပဏာမအပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးထားသည်မှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့ပြီး ရွာပုန်းရွာရှောင်ဒုက္ခသည်များ အနည်းငယ်သာပြန်လာကြသေးသော်လည်း သွားရေးလာရေးများ အဆင်ပြေလာကြောင်း ဒေသခံများကပြောသည်။

“အစိုးရနဲ့ အပစ်အခတ်ရပ်စဲပြီး တိုက်ပွဲတွေ မဖြစ်တော့ဘူး။ သွားရေးလာရေးတွေ အဆင်ပြေလာတဲ့အတွက် အခု ကေအင်န်ယူက အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေးလုပ်တာကိုပြည်သူလူထုကထောက်ခံတယ်”ဟု ကေအင်န်ယူ ထိန်းချုပ်နယ်မြေဖြစ်သော ပိုင်ကျုံမြို့နယ် အုပ်ချုပ်ရေးမှူး စောဖထီးမိုးက ပြောသည်။

မြန်မာအစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့သည် ၂၀၁၂ ဖေဖော်ဝါရီ ၁၂ ရက်တွင် ဘားအံမြို့၌ ပဏာမအပစ်အခတ်ရပ်စဲရေး သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး ဧပြီလတွင် ဒုတိယအကြိမ်နှင့် စက်တင်ဘာလတွင် တတိယအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည်။

အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက်ကရင်အမျိုးသားအစည်းအရုံးမှ ခေါင်းဆောင်များသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် နှစ်ကြိမ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တစ်ကြိမ် တွေ့ဆုံပြီး အလွတ်သဘော ဆွေးနွေးခဲ့ကြသည်။



7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# ဘီဘီစီ သဘာဝရုပ်သံအစီအစဉ် မြန်မာတောဆင်ရိုင်းများအကြောင်း လာရောက်ရိုက်ကူး

**အေးမြကျော်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၄**



*မြန်မာတောဆင်ရိုင်းများ*

ဓာတ်ပုံ-အင်တာနက်

မြန်မာနိုင်ငံတွင်း ရခိုင်ရိုးမနှင့် ထမံသီဘေးမဲ့တောများတွင် ကျက်စားသော တောဆင်ရိုင်းများအကြောင်း သတင်းမှတ်တမ်းအဖြစ် ဘီဘီစီသဘာဝရုပ်သံ အစီအစဉ်က လာရောက်ရိုက်ကူးလျက်ရှိကြောင်း မြန်မာနိုင်ငံမှ လိုက်ပါကူညီသူဇီဝမျိုးစုံမျိုးကွဲနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်း (BANCA)ဥက္ကဋ္ဌ ဒေါက်တာထင်လှက ပြောကြားသည်။

ဘီဘီစီရုပ်သံ၏ တောရိုင်းတိရစ္ဆာန်များနှင့်သဘာဝကိုသတင်းမှတ်တမ်းအဖြစ်ရိုက်ကူးတင်ဆက်သည့် BBC Natural History Unit အစီအစဉ်မှ လာရောက်ရိုက်ကူးခြင်းဖြစ်ပြီး တောဆင်ရိုင်းများအကြောင်းကို တစ်လကျော်ကြာအဓိကထား ရိုက်ကူးသွားမည့်အပြင် အခြားတောရိုင်းတိရစ္ဆာန်များဖြစ်သော ကျား၊ မျောက်လွှဲကျော် စသည့် စိတ်ဝင်စားစရာ တိရစ္ဆာန်များအကြောင်းလည်း အလျဉ်းသင့်သလို ရိုက်ကူးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဘီဘီစီသဘာဝအစီအစဉ်က မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဇီဝမျိုးစုံမျိုးကွဲ ပေါများသော ကချင်ပြည်နယ်တွင် သွားရောက်ရိုက်ကူးလိုသော်လည်း နယ်မြေမငြိမ်းချမ်းသောကြောင့် ရခိုင်ရိုးမတွင်သာ ရိုက်ကူးသွားရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျက်စားသော အာရှဆင်(Asian Elephant)များမှာ ၂၀၀၆ ခုနှစ်က တစ်နိုင်ငံလုံးအတိုင်းအတာ စစ်တမ်းကောက်ယူမှုများအရ အကောင်ရေ နှစ်ထောင်အောက်သာရှိတော့မည်ဟု ခန့်မှန်းခဲ့ကြပြီး ထို့နောက် ထပ်မံစစ်တမ်းကောက်ယူနိုင်ခဲ့ခြင်းမရှိကြောင်း သတင်းရရှိသည်။

ဘီဘီစီမှမြန်မာနိုင်ငံရှိတောဆင်ရိုင်းများအကြောင်း ရိုက်ကူးနိုင်ရန် သိပ္ပံပညာရှင်များ၊ တောရိုင်းတိရစ္ဆာန် ပညာရှင်များအပါအဝင်လူ၃၀ပါအဖွဲ့သည်ဖေဖော်ဝါရီ ၁၂ ရက်က ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ရခိုင်ရိုးမ ဆင်စခန်းသို့ဆက်လက်ထွက်ခွာသွားပြီး ထိုမှတစ်ဆင့် အဖွဲ့ငယ်များခွဲကာ စတင်ရိုက်ကူးသွားတော့မည်ဖြစ်ကြောင်း ဒေါက်တာထင်လှက ပြောသည်။

“ရခိုင်ရိုးမကို ကောင်းကင်ရှုခင်းတွေ ရိုက်နိုင်ဖို့ မီးပုံးပျံနဲ့ဖြတ်ပျံပြီးရိုက်မယ့် အစီအစဉ်တွေလည်းပါတယ်”ဟုနိုင်ငံတွင်း သွားလာရေးနှင့် နယ်မြေအချက်အလက်များ ကူညီပေးနေရသည့် ဒေါက်တာထင်လှကပြောသည်။

တောဆင်ရိုင်းများ ကျက်စားနေထိုင်ပုံကို ကြိုတင်လေ့လာနိုင်ရန် တောအတွင်း ဗီဒီယိုကင်မရာထောင်ချောက်များ တပ်ဆင်ခြင်းကို ဘီဘီစီ၏ ရှေ့ပြေးအဖွဲ့က နိုဝင်ဘာလအတွင်းက ရခိုင်ဘေးမဲ့တောနှင့် ထမံသီဘေးမဲ့တောအတွင်းတွင် တပ်ဆင်ခဲ့ကြောင်းလည်း ဒေါက်တာထင်လှက ပြောကြားခဲ့သည်။

ယခုဘီဘီစီရုပ်သံအစီအစဉ်သည် သမ္မတရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ဖြင့် လာရောက်၍ တရားဝင်ရိုက်ကူးသော ပထမဆုံးအစီအစဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတွင်းသို့ တောရိုင်းတိရစ္ဆာန်တို့၏ သဘာဝကို လာရောက်ရိုက်ကူးလိုသော ရုပ်သံဌာနများကလည်း ဆက်သွယ်စုံစမ်းမှုများရှိကြောင်း သတင်းရရှိသည်။

## ရန်ကုန်တက္ကသိုလ်တွင် နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း အမေရိကန် ပါမောက္ခတစ်ဦး ပထမဆုံးအကြိမ် လာရောက်ပို့ချ

**နေလင်းထွန်း**


**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၃**

ရန်ကုန်တက္ကသိုလ်တွင် နှစ်ပေါင်း ၂၆ နှစ်ကျော်ကာလအတွင်း အမေရိကန်လူမျိုးပါမောက္ခတစ်ဦးပထမဆုံးအကြိမ်လာရောက်သင်ကြားပို့ချနေကြောင်း သတင်းရရှိသည်။

ယခုနှစ်ဖေဖော်ဝါရီလမှစတင်၍ မြောက်အီလီနွိုက်တက္ကသိုလ်မှ အမေရိကန်လူမျိုး အမျိုးသမီးပါမောက္ခသည် ရန်ကုန်တက္ကသိုလ်တွင် သင်တန်းလာရောက်ပို့ချခွင့်ရရှိခြင်းကြောင့် ဂုဏ်ယူဝမ်းမြောက်ကြောင်း အမေရိကန်တက္ကသိုလ်ပညာရေးပြပွဲတွင် အမေရိကန်သံအမတ် မစ္စတာဒဲရစ်မစ်ချယ်က ဆိုသည်။

“ဂုဏ်ယူဝမ်းမြောက်စွာနဲ့ ကြေညာချင်တာတစ်ခုက နှစ်ပေါင်း ၂၆နှစ်ကျော်ကာလတွင်းရန်ကုန်တက္ကသိုလ်ထဲမှာသင်ကြားပို့ချဖို့အတွက် ပါမောက္ခတစ် ဦး ပထမဆုံးအကြိမ် ရောက်ရှိနေတာ ဖြစ်ပါတယ်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# အသိဉာဏ်၊ အတွေးအခေါ်နှင့် လုပ်ဆောင်မှု မပြောင်းပါက လူပြောင်းရမည်ဟု သမ္မတပြော

**သီဟ**

**ကလေး၊**
**ဖေဖော်ဝါရီ-၁၆**

ဌာနဆိုင်ရာဝန်ထမ်းများ၏ အသိဉာဏ်၊ အတွေးအခေါ် လုပ်ဆောင်မှုများအား ပညာပေးပြောင်းလဲရမည်ဖြစ်ပြီး ထိုသို့မပြောင်းလဲနိုင်ပါက လူပြောင်းလဲရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ယနေ့ပြောကြားသည်။

ပြုပြင်တည်ဆောက်သည့် လုပ်ငန်းများ ပြောင်းလဲမှုများတွင် လက်တွဲ အလုပ်လုပ်၍ မရသူများအား လက်တွဲဖြုတ်ထားခဲ့မည်ဖြစ်ကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

"နိုင်ငံရေးအရ ပြောင်းလဲမှုတွေ လုပ်နေတယ်၊ အောင်မြင်မှုတွေ အထိုက်အလျောက်ရနေပြီ။ စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတယ်၊ အောင်မြင်မှုတွေ အထိုက်အလျောက်ရနေတယ်။ ပြောင်းဖို့ကျန်နေတာတော့ လူတွေပြောင်းဖို့ ကျန်နေသေးတယ်"ဟု နိုင်ငံတော်သမ္မတက ပြောသည်။

နိုင်ငံတော်သမ္မတက အထက်ပိုင်းတွင် ပြောင်းလဲမှုများသည် သိသာသော်လည်း ညွှန်ချုပ်အဆင့်မှစ၍ အောက်ခြေအဆင့်တွင် ပြောင်းလဲရန် လိုအပ်နေသေးကြောင်းနှင့် အဆိုပါ ယန္တရားကို မောင်းနှင်မည့်သူများသည် အရည်အချင်းရှိသူများဖြစ်ရန် လိုပြီး တော်ရုံမက ကောင်းသည့်သူများဖြစ်ရန် လိုအပ်ကြောင်း ပြောကြားသွားသည်။



*နိုင်ငံတော်သမ္မတ ချင်းပြည်နယ် မင်းတပ်မြို့သို့ရောက်ရှိစဉ်* ဓာတ်ပုံ-သီဟ

နိုင်ငံတော်သမ္မတ ကလေးမြို့သို့ ရောက်ရှိစဉ် ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် အထက်ပါအတိုင်း ပြောကြားသွားခြင်းဖြစ်သည်။

လက်ရှိ အစိုးရအတွင်းအပြောင်းအလဲများတွင် ယခင်ကကဲ့သို့ အထက်မှ စီမံကိန်းများ ချမှတ်ပေးပြီး အောက်ခြေမှ တာဝန်ကျေဆောင်ရွက်ရသည့် စနစ်မျိုးမဟုတ်တော့ဘဲ အောက်ခြေမှ မိမိတို့တာဝန်ကျရာ ဒေသများ၏ တိုးတက်မှုများအတွက် အစီရင်ခံစာများ ရေးဆွဲလုပ်ဆောင်ကြရတော့မည်ဖြစ်သည်ဟု သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းကလည်း အဆိုပါတွေ့ဆုံပွဲတွင် ပြောကြားသည်။

ထိုလုပ်ဆောင်မှုများအလိုက်လာမည့် ၂၀၁၃-၁၄ နှစ်များတွင် နိုင်ငံတော်သမ္မတ၏ အကောင်းဆုံးမြို့၊ အကောင်းဆုံးရွာဆုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဦးတင်နိုင်သိန်းက အစိုးရ၏ အပြောင်းအလဲများအကြောင်း ရှင်းလင်းရာတွင် ထည့်သွင်းပြောကြားသွားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပါအဝင် တာဝန်ရှိဝန်ကြီးများ လိုက်ပါလျက် ယခုလ ၁၆ နှင့် ၁၇ ရက်များတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ချင်းပြည်နယ်ရှိ တီးတိန်၊ ဖလမ်း၊ ဟားခါး၊ မင်းတပ်မြို့များသို့ နယ်မြေဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ဒေသခံများနှင့် တွေ့ဆုံရန် သွားရောက်ခဲ့သည်။

# နှစ်ဖက်စလုံး လူ့အခွင့်အရေးချိုးဖောက်နေသော်လည်း ကချင်အရပ်သားများအား ဖမ်းဆီးနှိပ်စက်နေသည်ကို စိုးရိမ်ဟုဆို

**အောင်သူရ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၆**

အစိုးရထိန်းချုပ်ရာ နယ်မြေနှင့် ကေအိုင်အိုထိန်းချုပ်ရာ နယ်မြေများအတွင်းတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေသော်လည်း ကချင်အမျိုးသားများအား ကေအိုင်အေနှင့် ဆက်စပ်မှုရှိသည်ဟု စွပ်စွဲကာ ဖမ်းဆီးနှိပ်စက်ခြင်းများ ပြုလုပ်နေသည်ကို စိုးရိမ်သည်ဟု ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စတာကင်တားနားက ပြောသည်။

မြန်မာနိုင်ငံသို့ ငါးရက်ကြာခရီးစဉ်အဖြစ် လာရောက်ပြီး ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်များရှိဒုက္ခသည်စခန်းများနှင့် အကျဉ်းထောင်များသို့ သွားရောက်လေ့လာမှုအပြီး ဖေဖော်ဝါရီ ၁၆ ရက်ညနေ လေဆိပ်တွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

"ဒီလို အခြေအနေမျိုးမှာတောင် စစ်ကြောင်းတွေ ဝင်လာပြီဆိုရင် ရှမ်းရွာတွေဘက်မှာပစ္စည်းတွေလုမှာစိုးလို့၊ နှိပ်စက်မှာစိုးလို့ ဒေသခံလူ ၂၀၀ လောက်ရှိမယ်။ တနိုင်းဘက်ကိုထွက်ပြေးကြတယ်" ဟု ကချင်နှစ်ခြင်းခရစ်ယာန်အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာစလမ်ဆမ်ဆွန်က ပြောသည်။

ထို့အပြင် ကချင်ပြည်နယ်အရေးနှင့် ပတ်သက်၍ ကေအိုင်အိုနှင့် မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့ကြားအပစ်အခတ်ရပ်စဲရေး သဘောတူညီမှု မရရှိခင်စပ်ကြား ဒုက္ခသည်စခန်းများသို့ အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် သွားရောက်လှူဒါန်းနိုင်ရန် လမ်းကြောင်းတစ်ခုဖွင့်ပေးရန်တောင်းဆိုခဲ့ကြောင်း မစ္စတာကင်တားနားနှင့် တွေ့ဆုံခဲ့သူ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုဂျင်မီက ပြောသည်။

ရခိုင်ပြည်နယ် ခရီးစဉ်တွင် ဒုက္ခသည် တစ်သိန်းနှစ်သောင်းကျော်ရှိသော စစ်တွေ၊ မြေပုံနှင့် ပေါက်တောမြို့များမှ ဒုက္ခသည်စခန်းတွင် အစားအစာ၊ အမိုးအကာများ၊ သောက်သုံးရေနှင့်ပတ်သက်၍ တိုးတက်မှုများ ရှိလာကြောင်း မစ္စတာကင်တားနားက ပြောကြားသွားခဲ့သည်။

သို့သော် ဒုက္ခသည်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်၍ လိုအပ်ချက်များ ရှိနေသေးကြောင်း မစ္စတာကင်တားနားက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီ ၁၂ မှ ၁၆ ရက်အထိ ငါးရက်တာခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်၊ ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့၊ ပြည်ထဲရေးဝန်ကြီး အပါအဝင် အစိုးရတာဝန်ရှိသူများ ရှေ့နေချုပ်၊ တရားသူကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့်ပါ တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်အတွင်း တပ်မတော်က ၂၅ ရာခိုင်နှုန်း ယူထားခြင်း၊ စီတန်းလှည့်လည်ခွင့် ဥပဒေအပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေးနှင့် မကိုက်ညီသော အချက်များအား ပြင်ဆင်သင့်ကြောင်းလည်း ပြောကြားခဲ့သည်။

ယခုခရီးစဉ်အတွင်း သက်ဆိုင်ရာတာဝန်ရှိသူများက လွတ်လပ်စွာဆောင်ရွက်ခွင့် ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်း မစ္စတာကင်တားနားက ပြောကြားခဲ့သည်။

## သီလဝါဇုန်အတွင်းနေအိမ်များ ရွှေ့ရက်စေ့သော်လည်း အစားထိုးအစီအမံပြုလုပ်မပေးက ရွှေ့ပေးမည်မဟုတ်ဟု ဆို

**ထွန်းနိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၈**

သီလဝါအထူးစီးပွားရေးဇုန်နယ်နိမိတ်အတွင်း ပါဝင်နေသည်ဟုဆိုကာ ဖယ်ရှားခိုင်းသည့် လူနေအိမ်များအတွက် နောက်ဆုံးသတ်မှတ်ရက်မှာ ဖေဖော်ဝါရီ (၁၃) တွင် ပြည့်သွားပြီဖြစ်သော်လည်း ခိုင်မာသည့် အစားထိုးအစီအမံများ မပြုလုပ်ပေးပါကလက်ရှိနေရာများမှ ထွက်ခွာမည်မဟုတ်ကြောင်း ဒေသခံများက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်းရှိ အဆိုပါစီမံကိန်းနယ်မြေများအတွင်းတွင် ပါဝင်သည့် အလွမ်းဆွတ်၊ သီလဝါ၊တပ်ရာကုန်း၊ကရပ်နှင့် ဘုရားကုန်း အစရှိသည့်ကျေးရွာများအတွင်း နေထိုင်သူများအား ဖေဖော်ဝါရီ ၁၃ ရက်နောက်ဆုံးထားဖယ်ရှားရန် ဇန်နဝါရီလကုန်ပိုင်းတွင် ဒေသအာဏာပိုင်များက အကြောင်းကြားထားသည်။ ယင်းအမိန့်ကိုမလိုက်နာပါကတရားမထောင်တွင် ရက်ပေါင်း (၃၀) အကျဉ်းကျခံရမည် ဖြစ်ကြောင်း ဒေသခံများထံအကြောင်းကြားစာတွင် ဖော်ပြထားသည်။

"ဒီနှစ်အတွက်စိုက်ပျိုးစရိတ်ချေးငွေတောင် မဆပ်ရသေးဘူး။ ပြောင်းရင်နေစရာလည်းမရှိဘူး"ဟု တပ်ရွာကုန်းရပ်ကွက်မှ ဒေသခံကဆိုသည်။

သတ်မှတ်ရက်ထက် ကျော်လွန်သွားသော်လည်း လက်ရှိအချိန်အထိ အစိုးရဘက်မှ ဖယ်ရှားရန်အတွက် တစ်စုံတစ်ရာလာရောက်လုပ်ဆောင်ခြင်းမျိုး မရှိသေးကြောင်း ဒေသခံများကဖေဖော်ဝါရီ ၁၈ တွင်ပြောသည်။ လက်ရှိနေထိုင်သူများအား ဖယ်ရှားခိုင်းမှုနှင့် အရေးယူမည်ဟု ကြေညာထားမှုတို့အတွက် မည်ကဲ့သို့ ဆက်လက်လုပ်ဆောင်မည်ကို သန်လျင်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ အကြိမ်ကြိမ်ဆက်သွယ်မေးမြန်းခဲ့သော်လည်း တာဝန်ယူဖြေကြားမည့်သူများ အစည်းအဝေးလုပ်နေကြောင်းသာ ဖုန်းဖြေဆိုသူက အကြောင်းပြန်သည်။

အာဏာပိုင်များဘက်မှ အဆိုပါမြေနေရာများသည် လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုအကြာခန့်ကတည်းက လျော်ကြေးပေးထားပြီးသောမြေနေရာများဟုဆိုသည်။ ဒေသခံများဘက်ကမူ ယင်းအချိန်က အာဏာရှင်အစိုးရလက်ထက်တွင် ဖိအားပေးကာ လျော်ကြေးငွေအနည်းငယ်ခန့်သာပေးအပ်ခဲ့ကြောင်း တုံ့ပြန်ပြောဆိုသည်။

"သူတို့ပြောတာက အရင်တုန်းက ပေးထားပြီးသားဖြစ်လို့ လယ်သမားတွေ တာဝန်ယူဖယ်ပေးပါပြောတယ်။ အဲဒီတော့ ကျွန်တော်တို့ကပြန်ပြောချင်တယ်။ အရင်တုန်းက မတရားလုပ်ခဲ့တာတွေကော အစိုးရကတာဝန်ယူမလားဆိုပြီး ပြန်မေးချင်တယ်"ဟု အလွမ်းဆွတ်ကျေးရွာမှ ဦးမြလှိုင်ကပြောသည်။

အဆိုပါနေရာတွင်နေထိုင်သူများနှင့် အစိုးရဘက်မှတာဝန်ရှိသူအချို့သည် ဖေဖော်ဝါရီ (၁၄) ရက်နံနက်ပိုင်းတွင် သန်လျင်မြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာနခရိုင်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြသော်လည်း သဘောတူညီမှုတစ်စုံတစ်ရာမရခဲ့ကြောင်း ယင်းတွေ့ဆုံပွဲသို့ တက်ရောက်သူများကဆိုသည်။

အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၆ ဘီလီယံကျော် အကုန်အကျခံ၍ ဂျပန်နှင့်မြန်မာတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် အဆိုပါစီမံကိန်းလျာထားရာမြေအကျယ် ၂,၄၀၀ ဟက်တာအတွင်းတွင်စိုက်ပျိုးနေထိုင်သူအချို့ကို အာဏာပိုင်များဘက်မှ အခွင့်မိန့်မရဘဲ လုပ်ကိုင်နေသူများဟုဆိုပြီး ဒေသခံများဘက်ကမူ ၎င်းတို့သာ မူရင်းပိုင်ရှင်များဟုဆိုကာ မြေနေရာပိုင်ဆိုင်မှုအတွက် အပြန်အလှန်စွပ်စွဲမှုများဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါစီမံကိန်း၏ ပထမအဆင့်တွင်အသုံးပြုသွားသော ဂျပန်ယန်း (၂၀) ဘီလီယံကို ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ၏ချေးငွေဖြင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဖေဖော်ဝါရီ ၈ ရက်တွင် ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး သတ္တမနေ့၌ ပြောကြားသွားခဲ့သည်။

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



## ၂၀၁၃ ဖေဖော်ဝါရီ ၂၀မှ ၂၆ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသုန်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင်တိမ်ထူထပ်နိုင်ပြီး၊ကျန် ဘင်္ဂလားပင်လယ်အော်နဲ့ကပ္ပလီပင်လယ်ပြင်တို့မှာတိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်မှာ မုန်တိုင်းဖြစ်နိုင် ခြေ မရှိသေးပါ။

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ဒေသများတွင် လှိုင်းအနည်းငယ်သာ ရှိနိုင်ပြီး လှိုင်းအမြင့် ၁ ပေခန့် ရှိနိုင်ပါတယ်။

### ညအပူချိန်များ အခြေအနေ

တစ်ပြည်လုံးတွင်ညအပူချိန်များမြင့်တက်လာနိုင်ပြီး အအေးပျော့နိုင်ပါတယ်။ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းတွေမှာ ၁၀˚ C ရှိနိုင်ပြီး ယင်းအောက်အထိ ညအပူချိန်များ ကျဆင်းနိုင်။ တနင်္သာရီတိုင်းနဲ့ မွန်ပြည်နယ် တွေမှာ ညအပူချိန်များ ၂၀˚ C ရှိနိုင်ပြီး ကျန်ဒေသများမှာ ညအပူချိန်များ ၁၁-၁၅˚ Cတွင်ရှိနိုင်ပါတယ်။

### မြူအခြေအနေ

ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း တို့မှာ နံနက်ပိုင်း အချိန်ခါများမှာ မြူ အနည်းငယ်ဆက်လက်ကျဆင်း နိုင်ပါတယ်။

### နေ့အပူချိန်များအခြေအနေ

တစ်ပြည်လုံးတွင် နေ့အပူချိန်များ ပြန်လည်မြင့်တက်လာနိုင်။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှာ နေ့အပူချိန်များ ပုံမှန်ခန့် ရှိနိုင်ပြီး ကျန်ဒေသများအားလုံး ဖြစ်မြဲထက်ပိုလာနိုင်။ ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း(UV index)တန်ဖိုးများ နေ့ (၁၁) နာရီမှ (၁) နာရီအတွင်း မွန်ပြည်နယ်တောင်ပိုင်းနဲ့ တနင်္သာရီတိုင်းတို့တွင် အများဆုံးဖြစ်နိုင်ပြီးအညွှန်းကိန်း ၁၂ အထိရှိနိုင်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် UV index တန်ဖိုးများ ၉-၁၀ အထိရှိနိုင်။ ကျန်မြန်မာပြည်ဒေသများတွင် ၆-၇ အထိမြင့်တက်နိုင်။

### မိုးတိမ်တောင်ဖြစ်ထွန်းနိုင်မှုအခြေအနေ

တစ်ပြည်လုံးတွင် မိုးတိမ်တောင်များဖြစ်နိုင်ခြေလျော့နည်းသွားနိုင်ပါတယ်။

### (၂၄)နာရီအတွင်းမိုးရွာသွန်းမှု မိုးရေချိန်အခြေအနေ

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနဲ့ စစ်ကိုင်းတိုင်း အထက်ပိုင်းတို့မှာ နေရာကွက်ကျား ၁ရက်မှ ၂ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး ( ၂၄)နာရီအတွင်း မိုးအနည်းငယ်(၅-၁၅ မမ ခန့်)ရွာသွန်းနိုင်။ ရွာရန် ၆၀ ရာခိုင်နှုန်းရှိ။ ကျန်တစ်ပြည်လုံးတွင် သာယာပါ့မယ်။

**ဒေါက်တာထွန်းလွင်**

# အစိုးရနှင့်ကေအင်န်ယူအကြား တစ်နှစ်ကျော်ကြာ အပစ်အခတ်ရပ်စဲထားသော်လည်း ဒုက္ခသည်အားလုံး နေရပ်မပြန်နိုင်သေး

**အောင်သူရ**

**ဘားအံ၊ ဖေဖော်ဝါရီ - ၁၂**



ဓာတ်ပုံ-အောင်သူရ

အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံးတို့တစ်နှစ်ကျော်ကြာ အပစ်အခတ် ရပ်စဲထားနိုင်သော်လည်း ကရင်ပြည်နယ်အတွင်းရှိ ရွာပုန်းရွာရှောင် ဒုက္ခသည်များအနက် အချို့သာ ရပ်ရွာများသို့ပြန်လာနိုင်ကြောင်း သတင်းရရှိသည်။

ကရင်ပြည်နယ်ပိုင်ကျုံမြို့နယ်တစ်ခုတည်းတွင် ရွာပုန်းရွာရှောင် ဒုက္ခသည် ၁၀,၀၀၀ကျော်ရှိသော်လည်း ဖေဖော်ဝါရီလဆန်းထိ လူဦးရေ ၂,၀၀၀ကျော်သာ ပြန်လာသေးကြောင်း ပိုင်ကျုံမြို့နယ် ဥက္ကဋ္ဌစောဖထီးမိုးကပြောသည်။

"ဘဝအာမခံချက် မရှိသေးလို့ပေါ့။ တည်ငြိမ်အေးချမ်းရင် ပြန်လာမှာပေါ့"ဟု စောဖထီးမိုးက ပြောသည်။

အဆိုပါ ဒုက္ခသည်များအတွက် စားဝတ်နေရေးနှင့် လုံခြုံရေးကိစ္စများ ဆောင်ရွက်ပြီးမှသာ ဒုက္ခသည်များအနေဖြင့် ပြန်လာရဲကြမည်ဖြစ်ကြောင်း မြန်မာငြိမ်းချမ်းရေးစင်တာမှ အပစ်အခတ် ရပ်စဲရေး ဒါရိုက် တာဒေါက်တာမင်းဇော်ဦးကဆိုသည်။ အစိုးရစစ်တပ်နှင့် ကေအင်န်ယူတို့ကြား အပစ်အခတ်ရပ်စဲပြီးနောက် သိသာလာသော အချက်မှာ သွားရေးလာရေး ပိုမိုအဆင်ပြေလာခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

"လှိုင်းဘွဲ့ကို ကားစီးရင် ၅၀၀၀ကျပ်နဲ့ အသွားအပြန်ရပြီ။ လက်နက်ကြီး အသံလည်း မကြားရဘူး။ သေနတ်တွေလည်း မပစ်ကြဘူး။ ရဲဘော်တွေလည်း မပြေးရဘူး။ အမိုးလည်း မပြေးရတော့ဘူး" ဟု ကေအင်န်ယူထိန်းချုပ်နယ်မြေဖြစ်သော ပိုင်ကျုံမြို့နယ် သရေဖိုးကြီးကျေးရွာမှ အသက် ၆၀အရွယ် တမူးကပြောသည်။

ကရင်ပြည်နယ်အတွင်း ရွာပုန်းရွာရှောင်ဒုက္ခသည်နှင့် စစ်ပြေးဒုက္ခသည်ဟူ၍ ဒုက္ခသည်နှစ်မျိုးရှိပြီး ပြည်တွင်းရှိနေသော ရွာပုန်းရွာရှောင်ဒုက္ခသည်မှာ နှစ်သိန်းလေးသောင်းကျော်ရှိကာ ထိုင်း- မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းခုနစ်ခုတွင်ရှိသော ဒုက္ခသည်မှာ တစ်သိန်းလေးသောင်းကျော်ရှိကြောင်း ကရင်အမျိုးသားအစည်းအရုံးမှ ကာကွယ်ရေးဝန်ကြီးစောရောဂျာခင်က ပြောသည်။

လက်ရှိတွင် ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် ဌာနေမဲ့နေသော ရွာပုန်းရွာရှောင်ဒုက္ခသည်များအတွက် ဘဝလုံခြုံရေး၊ ရိက္ခာဖူလုံရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ပြန်လည်ထူထောင်ရေးတို့မှာ အမှန်တကယ်လိုအပ်နေကြောင်း စောရောဂျာခင်က ပြောသည်။

ကရင်အမျိုးသား အစည်းအရုံးနှင့်မြန်မာအစိုးရတို့သည် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်က ပဏာမအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားခဲ့ပြီး ခိုင်မာသည့် အပစ်အခတ် ရပ်စဲရေးအဆင့်သို့ ရရှိရန် ဆက်လက်ဆွေးနွေးလျက်ရှိသည်။

# အလုပ်သမား၊ လယ်သမားအဖွဲ့ ၆၀ ကျော် ပထမဆုံးအကြိမ် တွေ့ဆုံ

**ပြည့်သိမ်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၆**

အလုပ်သမားဥပဒေများကို လိုက်နာမှုတွင် အားနည်းချက်များရှိသည့်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်များ ဖွဲ့စည်းပေးရန် လိုအပ်ကြောင်း အခြေခံအလုပ်သမားအဖွဲ့အစည်းများ မြန်မာ့ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေး ဗဟိုဌာနတွင် ပြုလုပ်သော တွေ့ဆုံပွဲတွင် တောင်းဆိုကြသည်။

လက်ရှိ အလုပ်သမား အလုပ်ရှင် ပဋိပက္ခများကို ဖြေရှင်းရန် ဥပဒေကို အသုံးချအကောင်အထည်ဖော်ရာတွင် အလုပ်သမားများအတွက် နစ်နာမှုများရှိနေကြောင်း အခြေခံအလုပ်သမားအဖွဲ့အများစုက ပြောကြားသည်။

"အခုဆွေးနွေးချက်တွေကနိုင်ငံတော်သမ္မတကိုတင်ပြမှာပါ" ဟု တွေ့ဆုံဆွေးနွေးပွဲ စီစဉ်သူ ဦးအောင်နိုင်ဦးက ဆိုသည်။

အခြေခံအလုပ်သမား၊ လယ်သမားအဖွဲ့များ ပထမဆုံးအကြိမ်တွေ့ဆုံဆွေးနွေးပွဲကို မြန်မာနိုင်ငံအရပ်ရပ်မှ အလုပ်သမား၊ လယ်သမားအဖွဲ့ပေါင်း ၆၀ကျော် တက်ရောက်ခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် အဓိကအားဖြင့် အခြေခံအလုပ်သမားများ၏ ဥပဒေဆိုင်ရာနှင့် လုပ်ငန်းခွင်အခြေအနေများကို အဓိကဆွေးနွေးကြသည်။ ဥပဒေဆိုင်ရာကို အဓိကဆွေးနွေးပြီး လက်ရှိထုတ်ပြန်ထားသည့် အလုပ်သမားဥပဒေအပေါ်တွင် အလုပ်သမားအဖွဲ့အစည်းများက ထောက်ပြဝေဖန်ကြသည်။

ထို့အပြင် ကော်မရှင်ဖွဲ့စည်းရာတွင်လည်း လွှတ်တော်မှ ဖွဲ့စည်းထားသည့် ကော်မရှင်များကို နမူနာယူ၍ ရှောင်သင့်သည်များ ရှောင်နိုင်ရန် လိုအပ်ကြောင်း တွေ့ဆုံပွဲတက်ရောက်လာသည့်ဥပဒေပညာရှင်အချို့က အကြံပြုသည်။

# ဒေသတွင်းဌာနဆိုင်ရာ ဝန်ထမ်းများ ခန့်အပ်ရာတွင် တိုင်းရင်းသားလူငယ်များ ဦးစားပေးခန့်မည်ဟုဆို

**ရန်မျိုးနိုင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**

ဌာနဆိုင်ရာ ဝန်ထမ်းများခန့်အပ်ရာတွင် ဒေသခံတိုင်းရင်းသားလူငယ်များကို ဦးစားပေးခန့်အပ်သွားမည်ဖြစ်ကြောင်းပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရသူ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ပြောသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်သော ဦးမန်းမောင်မောင်ညဏ်နှင့် ဦးငွန်မောင်းတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်ကြောင်း ဖေဖော်ဝါရီလ ၁၄ ရက် နေ့စွဲဖြင့် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာ ထုတ်ပြန်သည်။

"တိုင်းရင်းသားတွေကို အမှုထမ်းနိုင်အောင် ကျွန်တော်တို့က အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးရမှာပေါ့" ဟုဦးငွန်မောင်းက ပြောသည်။

ပြည်ထောင်စုရာထူးဝန် အဖွဲ့မှ ခေါ်ယူသော ရာထူးများကို ရွေးချယ်ရာတွင် ဒေသခံတိုင်းရင်းသားလူငယ်များသည် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သတ်မှတ်ထားသော အရည်အချင်းကို ကိုက်မီပါက အားနည်းချက်အချို့ ရှိစေကာမူ ဦးစားပေးခန့်အပ်သွားမည်ဖြစ်ကြောင်း ဦးမန်းမောင်မောင်ညဏ်က ပြောသည်။

ယင်းသို့ရာထူးဝန်အဖွဲ့တွင် တိုင်းရင်းသားများအား ခန့်အပ်တာဝန်ပေးခြင်းကို ကြိုဆိုသော်လည်း အစိုးရယန္တရားတွင် တိုင်းရင်းသားလူငယ်များ မည်မျှပါဝင်ခွင့်ရမည်ကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း ချင်းအမျိုးသားပါတီ အထွေထွေအတွင်းရေးမှူး ဦးဆလိုင်းကျဲအို အိမ်ထောင်က ဆိုသည်။

ဌာနဆိုင်ရာ ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ ပြောင်းရွှေ့တာဝန်ချထားခြင်း၊ ရာထူးတိုးမြှင့်ခန့်ထားခြင်း ပြုလုပ်ရာတွင် သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားများကို ဦးစားပေးခန့်အပ်ဆောင်ရွက်သွားရန် တိုက်တွန်းသည့် ကြေညာချက်တစ်စောင်ကို ညီနောင်တိုင်းရင်းသားပါတီများက ၂၀၁၂ ဩဂုတ်လအတွင်းက ထုတ်ပြန်ခဲ့သည်။

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင် ချိုင့်ဆွဲပို့ဆောင်ရေး
(ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမအနီး)
မနက်စောစော (နံနက်ခင်းစာ) Breakfast ရပါပြီ။
မြန်မာ့ရိုးရာပဲပြုတ်ထမင်းကြော် နှင့် တွဲဖက်၍ မြန်မာ့ဝက်သားဟင်း (ဝက်အာသီ) နှင့် ဆိတ်သားဟင်း (ဆိတ်အာသီ)
ရန်ကုန်မြို့၌ ပထမဆုံးရောင်းချသော မြန်မာ့ရိုးရာမုန့်ဟင်းခါး (ဘူဖေး)။ "လပွတ္တာ၊ မြောင်းမြနှင့် အချိုမှုန့်လုံးဝမပါရှိသော ဝါးခယ်မ မုန့်ဟင်းခါး"
ဝက်အာသီနှင့် ဆိတ်အာသီဟင်းများကို နံနက်ခင်းပဲပြုတ်ထမင်းကြော်နှင့်သာ တွဲဖက်ရောင်းချမည်ဖြစ်ပြီး နေ့လည်ပိုင်းတွင် (လုံးဝ)မရရှိနိုင်ပါ။
ဆောင်ရောင်းချမည့်ဆိုင်ခွဲလိပ်စာသတိပြုပါရန် (ပြည်လမ်းဆိုင်ခွဲ)မာလာဆောင်မှတ်တိုင်၊ ၅-မိုင်ခွဲ၊ ကမ္ဘာ့ဇေတဝန်တော။ သုခကမ္ဘာဆေးရုံအဝင်လမ်း။ ပြည်လမ်း။ ရန်ကုန်။ ဖုန်း ၀၁-၅၂၄၂၀၈၊ ၀၉-၄၂၀၀၆၀၉၉

Life
7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



ဓာတ်ပုံ-ဇေမောင်မောင်(အမရပူရ)

*ဖေဖော်ဝါရီ၁၄ရက်က ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်အတွင်းမြင်တွေ့ရသော ချစ်သူစုံတွဲတစ်တွဲ*

# ဗယ်လင်တိုင်း ၂၀၁၃

ဥက္ကာကိုကို၊ ခန့်ထက်

**တက်**ကြွစွာ ယှဉ်တွဲလျှောက်နေကြသည့်စုံတွဲတို့၏အပြုံးအပျော်များက ရန်ကုန်မြို့လမ်းမများထက်သို့ လျှံကျလာသည့် နေ့တစ်နေ့ဖြစ်သည်။ ဝက်ဝံရုပ်နှင့် နှင်းဆီပန်းစည်း ပိုက်ထားသော အကျႌဆင်တူဝတ်စုံတွဲတချို့ကို သာမန်နေ့များထက် ပိုမိုမြင်တွေ့ရသည့် နေ့တစ်နေ့လည်းဖြစ်သည်။

Happy Valentine's Day, Love စသည့် စာတန်းနှင့် မြားနတ်မောင်ရုပ်ပုံ စသည့်ဒီဇိုင်းပါသောဝတ်စုံဆင်တူတို့က ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်တွင် ကျရောက်သော အနောက်တိုင်းယဉ်ကျေးမှု 'ချစ်သူများနေ့' ကို သရုပ်ဖော်လျက်ရှိသည်။

ဘုန်းတော်ကြီးစိန့်ဗယ်လင်တိုင်းကို ကွပ်မျက်ခဲ့သည့်နေ့ကို ဂုဏ်ပြုသောအားဖြင့် သတ်မှတ်ထားခဲ့သည့် ချစ်သူများနေ့တွင် ကမ္ဘာတစ်ဝန်း၌ ချစ်ခြင်းမေတ္တာကို သွန်းလောင်းထုဆစ်လေ့ရှိကြသည်။ ထိုဓလေ့သည် မြန်မာနိုင်ငံသို့ ကူးစက်ဝင်ရောက်နေခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်လာနေခဲ့ပြီဖြစ်သည်။

ယခုနှစ်တွင် အသက် ၂၀ ကျော် စုံတွဲများကိုသာ အများဆုံးတွေ့ရပြီး ငယ်ရွယ်သည့် ကျောင်းသူ၊ ကျောင်းသားများကို မြင်တွေ့ရခြင်း နည်းပါးလာသည်။ နံနက်စောစောကတည်းကပန်းဆိုင်များ၊ ဈေးဝယ်စင်တာများတွင် ချစ်သူများနေ့ အမှတ်တရပန်းနှင့် ပစ္စည်းလက်ဆောင် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

အပန်းဖြေပန်းခြံများ၊ ဈေးဝယ်စင်တာများတွင် ချစ်သူများနေ့ ပျော်ပွဲရွှင်ပွဲနှင့် စုံတွဲပြိုင်ပွဲများကို ပြုလုပ်ပေးခဲ့ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းနှင့် ချစ်သူများနေ့အထိမ်းအမှတ် ချောကလက်များ ရောင်းအားကောင်းခဲ့သည့် နေ့တစ်နေ့ဖြစ်သည်။

ရန်ကုန်မြို့တွင် ကန်တော်ကြီးပန်းခြံ၊ အင်းလျားကန်ပေါင်၊ စိမ်းလန်းစိုပြည်ပန်းဥယျာဉ်၊ ရှုခင်းသာ စသည့် အပန်းဖြေနေရာများ၊ ရုပ်ရှင်ရုံများ အထူးစည်ကားခဲ့ပြီး ဟိုတယ်အချို့က အထူး Promotion ပြုလုပ်ပေးခြင်းမျိုးလည်း ရှိခဲ့သည်။

ရောမပြည့်ရှင်မင်း ကလောဒီးယပ်စ်(၂) လက်ထက်တွင် မိမိစစ်သည်များအား လက်ထပ်ထိမ်းမြားပေးခြင်း မပြုလုပ်ရန် တင်းကျပ်စွာ တားမြစ်ထားသည့်ကြားမှ စုံတွဲတစ်တွဲကို လက်ထပ်ပေးခဲ့သော ဘုန်းတော်ကြီးစိန့်ဗယ်လင်တိုင်းအား ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင်ကွပ်မျက်ခဲ့ရာမှစတင်ပေါ်ပေါက်လာသည်ဟု အယူရှိသော Valentine's Day သည် ယဉ်ကျေးမှုအမြင်ဖြင့် ချိန်ထိုးကြည့်လျှင် မြန်မာ့ရေခံမြေခံနှင့် ကိုက်ညီမှုမရှိသေးပေ။

အိမ်နီးချင်းဖြစ်သည့် ထိုင်းနိုင်ငံတွင် ဗယ်လင်တိုင်းနေ့၌ မိမိ၏အပျိုစင်ဘဝကို ချစ်သူအားပေးအပ်ရန် ရည်ရွယ်စောင့်ဆိုင်းနေကြသည့် အမျိုးသမီးငယ်များစွာရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံတွင် ချစ်သူများနေ့ကို နေ့ထူးနေ့မြတ်တစ်ခုအသွင် ဆယ်စုနှစ်တစ်ခုအကြာ ကျင်းပလာခဲ့ကြသည်။

မြန်မာနိုင်ငံတွင်တော့ ထိုအခြေအနေထိ ကျယ်ပြန့်စွာမရောက်ရှိသေးသော်လည်း ထိုအခြေအနေအတိုင်းပင် ဖြတ်သန်းနေကြသည့် လူငယ်များရှိနေသည်က ငြင်းမရသည့်အချက်တစ်ချက်ဖြစ်သည်။

ရန်ကုန်မြို့တစ်နေရာရှိ လမ်းကြားတစ်ခုအတွင်း ဖွင့်လှစ်ထားသော အဆင့်မြင့်တည်းခိုခန်းတစ်ခုအတွင်းမှ လူလတ်ပိုင်းအမျိုးသားတစ်ဦးနှင့် ဝက်ဝံရုပ်ပွပွကြီး ပိုက်ထားသော အမျိုးသမီးငယ်တစ်ဦးတို့ လှမ်းထွက်လာသည်။ ထိုနည်းတူစွာ ရန်ကုန်မြို့ရှိ တည်းခိုခန်းနှင့် ဟိုတယ်အချို့တွင် အခန်းလွတ်မရှိအောင် ပြည့်နှက်နေခဲ့သည်။

ကြိုတင်အခန်းမှာယူသူများနှင့် လတ်တလော လာရောက်သူများပြားနေသောကြောင့် အခန်းများကိုတစ်နေ့တာငှားရမ်းခြင်းမပြုတော့ဘဲ အချိန်ပိုင်းငှားရမ်းခြင်းသာ ပြုရသည်အထိရှိနေခဲ့သည်။

"လူငယ်တွေ တည်းခိုခန်းသွားတာက မြန်မာ့ယဉ်ကျေးမှုကို သွေဖည်လာတယ်လို့တော့ ပြောလို့မရပါဘူး။ ဒါက လူငယ်တွေကို အပြစ်ပုံချနေသလိုပဲလို့ ခံစားရတယ်။ မြန်မာ့ယဉ်ကျေးမှုဆိုတာကို ထိခိုက်တယ်လို့စစ်တမ်းအခြေအနေတွေက ဖော်ပြနေလို့လား။ ဒီအတူနေကြတယ်ဆိုတာမျိုးက မနေနဲ့လို့လည်း ပြောလို့မရသလို တားဆီးလို့လည်း ရမှာမဟုတ်ဘူး။ ဒါက လူသားတစ်ဦးစီရဲ့ အခြေခံအခွင့်အရေးပဲ"ဟု ရန်ကုန်မြို့နေ အသက် ၂၂နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးက ပြောသည်။

ချစ်သူများနေ့တွင် အသက် ၁၈ နှစ်အောက် လူငယ်များကို လက်ခံခြင်းမပြုရန်နှင့် ရန်ကုန်မြို့တွင် နေထိုင်သူများကို တည်းခိုခွင့်မပြုရန် တည်းခိုရိပ်သာအချို့ကို သက်ဆိုင်ရာ မြို့နယ်များက ညွှန်ကြားမှုများရှိကြောင်း သိရသည်။

သင်္ကြန်ကာလတွင် ရောင်းအားကောင်းခဲ့သော အရေးပေါ် ပဋိသန္ဓေတားဆေးတစ်မျိုးမှာလည်း ယခုနှစ်ချစ်သူများနေ့တွင် သင်္ကြန်ကာလထက်ပင် ရောင်းအားကောင်းခဲ့ကြောင်း ဆေးဝါးအရောင်းဆိုင်များထံမှ စုံစမ်းသိရသည်။

ဘုန်းတော်ကြီးစိန့်ဗယ်လင်တိုင်းသည် လူသားနှစ်ဦး၏ ချစ်ခြင်းမေတ္တာအတွက် သူ၏အသက်ကို ပေးဆပ်ခဲ့သည်။ ထိုအခြင်းအရာကို ဂုဏ်ပြု၍ သတ်မှတ်ထားခဲ့သော ဗယ်လင်တိုင်းနေ့သည် လူငယ်တို့အတွက် အမည်းစက်များ စွန်းထင်းစေမည့် တလွဲဆံပင်ကောင်း ပေးဆပ်ခြင်းမျိုး ဖြစ်လာသလောဟု မေးခွန်းထုတ်စရာဖြစ်သည်။

သဃ်န်းကျွန်းမြို့နယ်ရှိ အင်တာနက်ဆိုင်တစ်ဆိုင်မှ မသဇင်ထွေးကတော့ "ယဉ်ကျေးမှုကတော့ မပြောင်းလဲပါဘူး။ ယဉ်ကျေးမှုကိုသာ သွေဖည်လာကြတာပါ။ ဒါကို သူတို့ကခေတ်မီတယ်လို့ ထင်နေကြတာပါ။ ညီမလည်း လူငယ်တစ်ယောက်ပါပဲ။ ဒါပေမဲ့ အဲလိုမျိုးတော့ ခေတ်မမီချင်ပါဘူး"ဟု ဆိုလာသည်။

ချစ်သူများနေ့တွင် FM ရေဒီယိုလိုင်းများကလည်း အမှတ်တရတေးသီချင်းများကိုအဆက်မပြတ် ထုတ်လွှင့်ပေးနေခဲ့ပြီး သီချင်းတောင်းဆိုသူများက ဇော်ဝင်းထွဋ်၏ အနှိုင်းမဲ့၊ Idiot အဖွဲ့၏ မင်းနဲ့နီးဖို့၊ ဆိုတေး၏ အမှတ်တရနေ့၊ ချမ်းချမ်း၏ ရှိသည်ဖြစ်သည်ချစ်သည်၊ ကောင်းကောင်းနှင့် အိုင်းရင်းဇင်မာမြင့်တို့၏ ရာဇဝင်တွင်မယ့်ချစ်ခြင်း စသည့်တေးသီချင်းများကို အများဆုံး တောင်းဆိုခဲ့ကြသည်ဟု သိရသည်။

တက္ကသိုလ်ကျောင်းသားအရွယ် လူငယ်များအဖို့ ဤနေ့ရက်သည် လူငယ်ဘဝ၏ ရင်ခုန်စည်းချက်များဖြစ်နေပြီး ချစ်ခြင်းမေတ္တာကို စိတ်ကူးယဉ်ဆန်စွာ၊ ကဗျာဆန်စွာဖော်ကျူးလေ့ ရှိကြသည်။

**စာ(၁၁)သို့**




## ဂျူးမြစ်ရှုးရဲကြော်

ဒီတစ်ပတ်ဝိုက်ဖီက ဘာလချောင်ကြော်တစ်မျိုးပြင်ဆင်ထားပါတယ်။ ဂျူးမြစ်ကြော်အတွက် လိုအပ်တာတွေကတော့ ဂျူးမြစ် လက်တစ်ဆုပ်စာလောက်၊ ပဲပုပ်ပြား ၃ ပြား၊ ငရုတ်သီးခွဲခြမ်း၊ မြေပဲကြော်အနည်းငယ်တို့ပဲ ဖြစ်ပါတယ်။

ဂျူးမြစ်ကို အပင်ရင်းကနေ တစ်ချောင်းချင်းနုတ်ပြီး ရေစင်အောင်ဆေး၊ ဆားလေးနည်းနည်းနဲ့နယ်ပြီး ရဲနေအောင် အချောင်းလိုက်အခြောက်ကြော်ပါမယ်။ ပြီးတော့ ပဲပုပ်ပြားလေးတွေကိုလည်း ရေဆေး၊ လေးစိတ်ညှပ်ပြီးကြော်ပါ။

ကြော်ထားတဲ့ နှစ်မျိုးလုံးကို ဆယ်ပြီးရင် ဆီစစ်ထားပါ။ ပြီးရင် ဒယ်အိုးထဲ ဆီနည်းနည်းထည့်ပြီး ငရုတ်ခွဲခြမ်းကြော်ပါမယ်။ ငရုတ်ခွဲခြမ်းကြော်ထဲကို ခုန ဆီစစ်ထားတဲ့ ဂျူးမြစ်နဲ့ ပဲပုပ်ပြားကြော်တွေ ထည့်ပါ။ ကြော်ပြီးသားမြေပဲကြော်လည်းထည့်ပါမယ်။ ဆားနည်းနည်းနဲ့ ဟင်းခတ်မှုန့် နည်းနည်းထည့်ပြီးသမအောင် မွှေပေးလိုက်ပါ။ ဒါဆိုရင်တော့ ချိုစိမ့်နေတဲ့ ဂျူးမြစ်အရသာနဲ့ ပဲပုပ်နံ့လေး သင်းနေတဲ့ ဂျူးမြစ်ကြော် စပ်စပ်လေးရပြီပေါ့။



7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# အင်္ဂါမစုံ သက်တမ်းရှည်မြို့သစ်များ၏ အနာဂတ်

**မိုးညို၊ ထွန်းနိုင်**

တပ်မတော်အစိုးရ အာဏာရယူအပြီး ၁၉၈၈ လွန်ကာလများတွင် ရန်ကုန်မြို့၏ မြို့အစွန်အဖျား၌မြို့သစ်များ ဖော်ထုတ်ခဲ့သည်။ ထိုမြို့သစ်များက ယနေ့တိုင် မြို့ပြအင်္ဂါရပ်နှင့် ပြည့်စုံလုံလောက်မှု မရှိသည့် အဆင့်နိမ့်လူနေရပ်ကွက်များအဖြစ်သာတည်ရှိနေသည်။

ယခု အရပ်သားအစိုးရလက်ထက်တွင်လည်း ရန်ကုန်မြို့၏ ဧရိယာကိုထပ်မံတိုးချဲ့၍မြို့သစ်စီမံကိန်းများ ထပ်မံဆောင်ရွက်ရန် သတင်းထွက်ပေါ်လာပြန်သည်။ ထိုအခါဆယ်စုနှစ်နှစ်ခုနီးပါးရှိပြီဖြစ်သည့်သက်တမ်းရှည် မြို့သစ်များ၏ ရှေ့ရေးသည် မေးခွန်းထုတ်စရာဖြစ်လာသည်။



*လှိုင်သာယာရပ်ကွက်တစ်ခုအတွင်းက လူနေအိမ်များ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

၁၉၉၅ ခုနှစ်က ရန်ကုန်မြို့စွန်အနီးတစ်ဝိုက်မြေလွတ်မြေရိုင်းများတွင် အချိန်တိုအတွင်း အကောင်အထည်ဖော်ကာနေရာချထားပေးခဲ့သည့် ယင်းမြို့သစ်များ၌ယနေ့ထက်တိုင် အဆင့်အတန်းနိမ့်ကျသည့်လူနေရပ်ကွက်များအဖြစ်သာရှိနေဆဲဖြစ်ကြောင်း မြို့ပြဆိုင်ရာကျွမ်းကျင်ပညာရှင်များက ထောက်ပြပြောဆို လိုက်သည်။

၁၉၈၈ ခုနှစ်တပ်မတော်အစိုးရအာဏာရယူအပြီး ၇ နှစ်အကြာ မြို့တော်ရန်ကုန်ရှိကမာရွတ်၊ လှိုင်၊ မရမ်းကုန်းမြို့နယ် များတွင် နေထိုင်သူအများစုကို ရန်ကုန်မြို့စွန်အနီးတစ်ဝိုက်ရှိ အချိန်တိုအတွင်း အကောင်အထည်ဖော်ထားသည့် မြေလွတ်မြေရိုင်းများတွင် မြို့သစ်အကွက်များဖော်ကာ ပြန်လည်နေရာချထားပေးခဲ့သည်။

မြို့တွင်းမှ ကျူးကျော်များဟု အများကယူဆထားသည့်မြို့သစ်နေအလွှာပေါင်းစုံလူတန်းစားအတွက် ယခင်အစိုးရ၏ စီမံခန့်ခွဲမှုအလွဲများက ဆယ်စုနှစ် နှစ်ခုတိုင် မြို့ပြပြဿနာများကို ယနေ့ထက်တိုင် ပြည်စုံလုံလောက်စွာ မဖြေရှင်းနိုင်သေးပေ။

၁၉၉၅ ခုနှစ်တွင် စတင်အကွက်ချဖော်ထုတ်ခဲ့သည့် ဒဂုံမြို့သစ်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ရွှေပေါက်ကံ၊သဃ်န်းကျွန်း၊သာကေတ(တိုးချဲ့)၊ အင်းစိန်ပေါက်တော (တိုးချဲ့) အစရှိသော မြို့သစ်လူနေရပ်ကွက်များ အဖြစ်ရန်ကုန်မြို့၏ ဧရိယာကို ထပ်မံတိုးချဲ့ခဲ့ကြသည်ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေပုံအထောက်အထားများမှ သိရသည်။

ဆယ်စုနှစ်နှစ်ခုကြာသည့်တိုင် စီမံခန့်ခွဲမှု ညံ့ဖျင်းမှုကြောင့် အခြေခံအဆောက်အအုံကောင်းများမှာ စိတ်ကျေနပ်မှုကောင်းလောက်အောင်တိုးတက်မှုမရှိခြင်း၊ စံနှုန်းကိုက်ညီမှုမရှိခြင်း၊ အခြေခံအဆင့်ပင်မရောက်သေးခြင်း၊မြို့ပြ၏ဂုဏ်အင်္ဂါမပြည့်မီခြင်း၊ အဆင့်နိမ့်လူနေရပ်ကွက်များဖြစ်နေခြင်းတို့က ယင်းမြို့သစ်များတွင်များစွာပေါ်လွင်နေကြောင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(အငြိမ်းစား)ဦးမြင့်ဆွေက သုံးသပ်သည်။

“နောက်ဆိုမြို့ကိုမြို့မဝိုင်းဘဲမြို့ကို ရွာဝိုင်းသလိုဖြစ်သွားလိမ့်မယ်”ဟု ၎င်းကပင်ပြောသည်။

ကုန်းဘောင်ခေတ်က ဒဂုံဟုလူသိများသည့် ယနေ့ရန်ကုန်မြို့ကို အလောင်းမင်းတရားကြီးက လူဦးရေတစ်သောင်းကျော်မျှဖြင့် ဆိပ်ကမ်းမြို့ငယ်လေး အဖြစ်ရည်ရွယ်ကာ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၁၈၅၃ ကိုလိုနီခေတ်အရောက်တွင် လူဦးရေ၃၆၀၀၀ အတွက်ရည်ရွယ်ကာ မြို့၏ဧရိယာကို ဗိုလ်တထောင်ဆိပ်ကမ်းမှ ရွှေတိဂုံစေတီတော်အထိထောင့်မှန်ပုံစံမြေကွက်အဖြစ်စတင်ချဲ့ထွင်ခဲ့သည်ဟုသမိုင်းအထောက်အထားများမှ သိရသည်။ လွတ်လပ်ရေးရအပြီး ဆယ်စုနှစ်များအကြာ ရွှေ့ပြောင်းအခြေချနေထိုင်သူများလာသည့်မြို့တော်ရန်ကုန်တွင် လူဦးရေ ၆ သန်းကျော်မျှ ရှိလာခြင်းကြောင့် မြို့၏ဧရိယာကို ထပ်မံချဲ့ထွင်ခဲ့ရခြင်းလည်းဖြစ်သည်။

မြို့တွင်းပိုင်းကျပ်တည်းမှုကိုဖြေလျှော့နိုင်ရေးအတွက် ယခုလက်ရှိဖော်ထုတ်လိုက်သည့် မြို့သစ်အများစုတွင်နေထိုင်သူများ၏ အဓိကပထမဆုံးအခက်အခဲမှာ သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်သည်။ ယခင်မြေသားလမ်းများမှ ကတ္တရာလမ်းများအဖြစ်ဖောက်လုပ်ပေးထားသော်လည်း အရည်အသွေးမမီသည့် လမ်းပိုင်းအများစုကို ပြန်လည်ပြုပြင်ပေးရန်လိုအပ်နေဆဲဖြစ်ကြောင်း ရွှေပြည်သာမြို့နယ်(၁၉)ရပ်ကွက်တွင်နေထိုင်သူ ကိုညွှန့်နိုင်က ပြောသည်။ ထို့အပြင် ရန်ကုန်မြို့တွင်းသို့ နေ့စဉ်သယ်ယူပို့ဆောင်ပေးနေသည့် ဘတ်စ်ကားလိုင်းများ မလုံလောက်ခြင်းကလည်း များစွာအခက်အခဲဖြစ်ရသည်။

**စာ(၂၇)သို့**



စာ(၉)မှ

## ဗယ်လင်တိုင်း ၂၀၁၃

“ဒီနှစ်တော့ ကိုယ်တိုင်ပြုစုပျိုးထောင်ထားတဲ့ နှင်းဆီပန်းကို ပေးခဲ့တယ်။ ပြီးတော့ သူ့မွေးနေ့ဆိုတော့ သူပျော်အောင်လုပ်ပေးရတာပေါ့”ဟုပန်းဘဲတန်းမြို့နယ်မှ အသက် ၂၄ နှစ်အရွယ် ကိုရဲကပြောပြသည်။

နည်းပညာတက္ကသိုလ်တက်ရောက်နေသော အသက် ၂၀ အရွယ် ကိုဖြိုးကလည်း “ဒီနေ့ ချစ်သူကို ချောကလက်ပေးတယ်။ ဒီနေ့ရောက်ဖို့ မျှော်လင့်နေတာကြာပြီ။ ပျော်လည်းပျော်တယ်။ လျှောက်လည်းသွားကြတယ်”ဟု သူ၏ခံစားချက်ကို ဆိုခဲ့သည်။

ချစ်သူများနေ့တွင် ချစ်သူရည်းစားတိုင်း ဆိတ်ကွယ်ရာသို့ သွားရောက်ကြသည် မဟုတ်ဘဲ အများပြည်သူ အပန်းဖြေနေရာများတွင် ကြည်နူးပျော်ရွှင်နေကြသည့် စုံတွဲများစွာကိုလည်း တွေ့မြင်ရမည်ဖြစ်သည်။

ကန်တော်ကြီးပန်းခြံသို့ ဖေဖော်ဝါရီ ၁၄ ရက် နေ့လယ် ၁ နာရီအထိ လာရောက်လည်ပတ်သူ သုံးထောင်ကျော်ရှိခဲ့သည်။ ထိုနေ့ညတွင် ချစ်သူများနေ့ ဂီတဖျော်ဖြေပွဲများကိုတင်ဆက်ပေးမည်ဖြစ်သောကြောင့် ညပိုင်း၌ လာရောက်သူဦးရေ ပိုမိုများပြားလိမ့်မည်ဖြစ်ကြောင်း ပန်းခြံဝင်ခွင့်လက်မှတ်ရောင်းချသူများက သုံးသပ်ကြသည်။

ဖေဖော်ဝါရီလတွင် ကျရောက်သည့် ချစ်သူများနေ့မတိုင်မီနှစ်ရက်သည် မြန်မာနိုင်ငံအတွက် သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးများ ဖြစ်ကြသည်။

၁၉၄၇ ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် အဆုံးအဖြတ်ပေးမည့် ပင်လုံစာချုပ်ကြီးကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ထားခဲ့သည်။ ၁၉၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်သည် တပ်မတော်ဖခင်ကြီး အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့လည်းဖြစ်သည်။

“ဖေဖော်ဝါရီ ဆယ့်သုံးမှာ ဗိုလ်ချုပ်မွေးနေ့ပါ”ဟူသည့်ကဗျာလေးကို မူလတန်းကတည်းကပင် သင်ကြားခဲ့ကြရသည်။

ထိုမမေ့အပ်သည့် နေ့ထူးနေ့မြတ် နှစ်ရက်သည် ယနေ့အချိန်တွင် လူငယ်အများစုနှင့် မသက်ဆိုင်သလို ဖြစ်နေခဲ့သည်။ လူငယ်တချို့သည်ဖေဖော်ဝါရီ ၁၂ နှင့် ၁၃ ရက်ကို ကျော်လွန်၍ ၁၄ ရက်နေ့ကို တမ်းတစောင့်မျှော်နေခဲ့ကြသည်အလား ထင်မှတ်မှားစရာဖြစ်နေသည်။

“ဒီလိုနေ့မျိုးမှာ ရိုးရိုးတန်းတန်း ပန်းခြံတို့၊ ရုပ်ရှင်ရုံတို့ သွားတာကတော့ ပြဿနာမရှိဘူးပေါ့။ တည်းခိုခန်းတို့ ဘာတို့ သွားတာကတော့ မကောင်းဘူးပေါ့။ မိန်းကလေးတစ်ယောက်အတွက် ဘဝမှာ အမည်းစက်ထင်သွားနိုင်တယ်။ ဒီလိုနေ့မှ မဟုတ်ပါဘူး။ ဘယ်နေ့မှ မသွားသင့်ဘူး။ ဘယ်မိဘကမှလည်း လက်ခံမှာမဟုတ်ပါဘူး။ ဒီကိစ္စက စေ့စပ်ထားတဲ့သူတွေတောင် မလုပ်သင့်ဘူး။ ဒီစုံတွဲက မပြတ်ဘူးဆိုတာ ဘယ်သူမှ မပြောနိုင်ဘူး။ အဲဒီအခါကျရင် မိန်းကလေးကပဲ ရှုံးနိမ့်ရတာပဲ”ဟုအင်းစိန်မြို့နယ်တွင် နေထိုင်သော သမီးရှိမိခင်တစ်ဦးက မိဘတစ်ဦး၏စိုးရိမ်စိတ်ကို ပြောပါသည်။

၂၀၁၃ ချစ်သူများနေ့ကို ချစ်သူတို့သည် ပျော်ရွှင်စွာ ဖြတ်သန်းခဲ့ကြပြန်ပါပြီ။

ချစ်သူများနေ့သည် နှစ်စဉ် ဖေဖော်ဝါရီ ၁၄ ရက်တိုင်း မလွဲမသွေ ကျရောက်လာမည်ဦးဖြစ်သည်။ ချစ်သူစုံတွဲတို့သည်လည်း နှစ်စဉ်ကျရောက်လာမည့် ချစ်သူများနေ့တွင် မိမိတို့ချစ်ရသူကို အမှတ်တရလက်ဆောင်ပေးခြင်း၊ ချောကလက်ကျွေးခြင်းတို့ဖြင့် သမီးရည်းစားဘဝကို ဖော်ကျူးကြပါဦးမည်။

ပျော်ရွှင်ဖွယ်ရာတစ်နေ့တာအချိန်ကို အသိ၊ သတိဖြင့် ဖြတ်သန်းကုန်လွန်ခြင်းသည် ချစ်သူများနေ့ကို ပို၍တန်ဖိုးမြင့်မားလာစေလိမ့်မည်ဖြစ်သည်။

ဝန်ထမ်းအလိုရှိသည် (Myanma Power Spectrum Co., Ltd.)

1. Sales & Marketing Assistant ကျား/မ (၂)ဦး
တက္ကသိုလ်မှဘွဲ့ရရှိပြီး၊ Sales & Marketing အတွေ့အကြုံရှိသူ
2. Office Staff ကျား (၂)ဦး
တက္ကသိုလ်မှဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်သူ
3. Store Keeper Assistant ကျား/မ (၂)ဦး
တက္ကသိုလ်မှဘွဲ့ရရှိပြီး စာရင်းပညာတတ်သူ ဦးစားပေးမည်။
4. Driver ကျား (၅)ဦး
အခြေခံပညာအထက်တန်းအဆင့်ရှိပြီး အကျင့်စာရိတ္တကောင်းမွန်၍ အသက် ၄၀ နှစ် အောက်ဖြစ်ရမည်။ မူးယစ်ဆေးဝါးအမျိုးအစားကို မဆို ကျွမ်းကျင်စွာမောင်းနှင်နိုင်ရမည်။
အထောက်အထားပြည့်စုံစွာဖြင့် ၀၁.၀၃.၂၀၁၃ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

တိုက် A-7၊ အခန်း (001-002)၊ ရွှေတောင်ကြားအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ Tel. 01-655261~3



ဓမ္မ

အသိတစ်လုံးအမြတ်ဆုံး
တစ်လုံးအသိအကျိုးရှိ၏

### ကိစ္စ မများတဲ့သူဖြစ်ရမယ်

“အပ္ပကိစ္စော စ” ဟိုကိစ္စ၊ ဒီ ကိစ္စ မများတဲ့သူဖြစ်ရမယ်။

အခုခေတ်က ကိစ္စအင်မတန် များတဲ့ခေတ်ဖြစ်တယ်။ ဘုရား လက်ထက်ကတောင်မှ **‘ဃရာဝါသော၊ ဗဟုကိစ္စော’** လို့ ဘုရားဟောတယ်နော်။ အိုး၊ အိမ်နဲ့ နေရတဲ့သူတွေမှာ ကိစ္စအလွန်များပါတယ်။

တရားအားထုတ်ချင်တဲ့သူ အဖို့က အမှုကိစ္စ နည်းအောင် နေရမယ်။ ဘုန်းကြီးတို့တောင်မှ အမှုကိစ္စနည်းအောင်တော်တော်ကြိုးစားပြီး နေတဲ့ကြားက မသိမသာအမှုကိစ္စတွေက များများလာတယ်။ တရားအားထုတ်တဲ့အချိန်က တဖြည်းဖြည်း နည်းနည်းသွားတာကို တွေ့ရတယ်။

သတိကြီးကြီး၊ ဉာဏ်ကြီးကြီးနဲ့ ကိုယ့်ကိုယ်ကိုယ် အကန့်အသတ်ထားနိုင်မှသာ တရားအားထုတ်လို့ရမယ်။ သို့မဟုတ်ရင် တရားအားထုတ်ဖို့ အချိန်ရှိမှာမဟုတ်ဘူး။

လူတွေကို မေးကြည့်တယ်။ တရားအားထုတ်ဖြစ်လားဆိုတော့ “အလုပ်များလို့ဘုရား။ တရား အားမထုတ်ဖြစ်ဘူး” အလုပ်များတယ်ဆိုတာက ‘ဗဟုကိစ္စ’ လို့ ပြောတာပဲ။ ကိစ္စတွေ များနေတယ်။

အဲဒီတော့ နေတာ၊ ထိုင်တာ၊ သွားတာ၊ လာတာ၊ ပြောတာ၊ ဆိုတာ အားလုံးကို အကျဉ်းချုံးလို့ ရှိရင် ပေ့ါပါးသွားတာပဲနော်။ အသုံးအဆောင်ဆိုတာလည်း မရှိမဖြစ်တဲ့ အသုံးအဆောင် နည်းနည်း ပဲရှိတာ ကောင်းတယ်။ လိုတာ ထက်ပိုနေလို့ရှိရင် ပိုတာမှန်သမျှ အားလုံးက ဝန်ထုပ်ဝန်ပိုးဖြစ်လာတယ်။



ဆရာတော် ဦးဇောတိက (မဟာမြိုင်တောရ) မြင့်မြတ်မှုပျောက်ဆုံးနေခြင်း မေတ္တာသုတ်တရားတော် စာအုပ်မှ

**အယ်ဒီတာ့ထံပေးစာ**

# မြို့ကြီးမှာနေမှ ပြည်သူမဟုတ်

ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့မှာ နေထိုင်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ မိုးညှင်းမြို့ အစိုးရနည်းပညာကောလိပ်မှ BE (Electronic) နဲ့ ကျောင်းပြီးထားပါတယ်။ ကျွန်တော် က အခုမှ ပူပူနွေးနွေး ကျောင်းပြီးထားတာဆိုတော့ ကျောင်းနှင့်ပတ်သက်တဲ့ အကြောင်းပဲ ပြောချင်ပါတယ်ခင်ဗျာ။ မြို့ကြီးကျောင်းနဲ့ နယ်ကျောင်း ခွဲခြားနေတဲ့ ကိစ္စပဲဖြစ်ပါတယ်။ ကျွန်တော်တို့ နည်းပညာကျောင်းများဟာ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်တဲ့ ကျောင်းများဖြစ်ပါတယ်။ အခုလို ပြောင်းလဲရေးတွေ လုပ်နေတဲ့ အချိန်၊ နည်းပညာမြင့်တွေ လိုအပ်နေတဲ့ အချိန်တွေဆို ပိုလို့တောင် အရေးပါပါသေးတယ်ခင်ဗျာ။ ကျွန်တော်တို့ နည်းပညာကျောင်းများမှ မဟုတ်ပါဘူး။ တခြား ကောလိပ်၊ တက္ကသိုလ်များလည်း နည်းပညာကျောင်းများနည်းတူ အရေးပါကြပါတယ်ခင်ဗျာ။ ကျွန်တော်က နည်းပညာကျောင်းသားဆိုတော့ နည်းပညာကျောင်းတွေအကြောင်းပဲ ပြောပါမယ်။

ကျွန်တော်က မိုးညှင်း (GTC) မှာ တက်တာဆိုတော့ နယ်ကျောင်းမှာတက်တာပေါ့ဗျာ။ ကျွန်တော်တို့နယ်ကျောင်းတွေက မြို့ကြီးကျောင်းတွေနဲ့စာရင် အခွင့်အရေးနည်းပါးပါတယ်။ နည်းပညာကျောင်းဆိုတာ လက်တွေ့နဲ့ကင်းလို့မရတဲ့ ကျောင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောင်းတွေမှာ လက်တွေ့ဆိုတာ မရှိသလောက်ရှားပါတယ်။ နောက်ပြီး အင်တာနက်ဆိုတာလည်း နည်းပညာကျောင်းနဲ့ ကင်းလို့မရတဲ့ အရာဖြစ်တယ်လို့ထင်တယ်။ ဘာလို့လဲဆိုတော့ ကျောင်းမှာသင်တဲ့ major တွေထဲမှာ EC (Electronic & Communication) နဲ့ IT (Information & Technology) ဆိုတဲ့ major တွေကို သင်နေတယ်လေ။ အဲဒါကြောင့် မကင်းသင့်ဘူးလို့ ထင်တာပါ။ အခုတော့ဖြင့် ကျောင်းမှာ Intenet တပ်တယ်လို့ပဲ ကြားလိုက်ရတယ်။ Internet ဆိုတာ ဘယ်လိုအရာမှန်းတောင် မသိလိုက်ရပါဘူး။ ဒါပေမဲ့ Internet ဆိုတာတော့ ကျောင်းသားတွေ သိတာပေါ့။ ကျောင်းသားတွေလည်း ခေတ့်သူတွေမှမဟုတ်တာ။ ခေတ်ရေစီးကြောင်းမှာ စီးနေတဲ့သူတွေပဲလေ။ ကျောင်းမှာ မသိလိုက်ရဘူးလို့ ပြောတာပါ။

ကျွန်တော်လည်း ကျောင်းသာပြီးသွားတယ်။ လက်တွေ့လည်း တစ်ခုမှ မလုပ်လိုက်ရ၊ အင်တာနက်လည်း တစ်ခါမှ မသုံးလိုက်ရပါခင်ဗျာ။ နောက်ပြီး သင်ကြားရေးမှာလည်း နားလည်သဘောပေါက်နိုင်စွမ်း များစွာနည်းပါးလှပါတယ်။ ကျွန်တော် ကျောင်းပြီးသွားလို့ ဆရာ/မ တွေကို ပြစ်မှားခြင်းမဟုတ်ပါ။ နယ်ကျောင်းတော်တော်များများတော့ အဲဒီလိုပဲဖြစ်မယ်လို့ ထင်ပါတယ်။ နယ်ကျောင်းတွေ အများဆုံးတွေ့ကြုံနေရတာတော့ သင်ကြားသည့် ဆရာ/မများ မလုံလောက်ခြင်း၊ သင်ကြားရေးတွင်လည်း ဆရာ/မများ အသိပညာ ဗဟုသုတအားနည်းခြင်း၊ သင်ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း၊ ဖတ်စာအုပ်များ မလုံလောက်ခြင်း၊ စာကြည့်တိုက်ကောင်းကောင်းမရှိခြင်း စသည်တို့ဖြစ်ပါတယ်။ ကျွန်တော်တို့ကျောင်းမှာရှိတဲ့ စာကြည့်တိုက်ကတော့ အမြဲတမ်း သော့ခတ်ထားတာ တွေ့ရပါတယ်။ ဒါက မဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ ကျောင်းတစ်ကျောင်းမှာ စာကြည့်တိုက်မရှိခြင်းဟာ လူတစ်ယောက် မျက်စိမရှိခြင်းနဲ့ တူပါတယ်။ အဲဒါကြောင့် ကျောင်းတစ်ကျောင်းမှာ စာကြည့်တိုက်မရှိခြင်းက ၎င်းကျောင်းရဲ့ မျက်စိ ကန်းနေခြင်းနဲ့ တူပါတယ်ခင်ဗျာ။ ကျောင်းတွင်းကျောင်းပြင် အသိပညာဗဟုသုတဆိုတာ မရှိသလောက်ဖြစ်သွားနိုင်ပါတယ်ခင်ဗျာ။ အထက်မှာ ပြောသွားတာတွေကတော့ကျောင်းနဲ့ပတ်သက်တာပဲ ဖြစ်ပါတယ်ခင်ဗျာ။

ကျောင်းပြီးသွားလို့ ဘွဲ့ရပြန်ရင်လည်း BE ဘွဲ့ရတာချင်းအတူတူ နယ်ကျောင်းကရတဲ့ BE ဘွဲ့တွေက မျက်နှာငယ်ရပါတယ်။ မြို့ကြီးကျောင်းကရတဲ့ BE ဘွဲ့လည်း ဒီစာပဲ သင်ပြီးရတာပါ။ နယ်ကျောင်းတွေကရတဲ့ BE ဘွဲ့လည်း ဒီစာပဲသင်ပြီးရတာပါခင်ဗျာ။ မြို့ကြီးကျောင်းနဲ့ နယ်ကျောင်းတွေကွာလည်း နည်းနည်းပဲဖြစ်သင့်ပါတယ်။ ဘွဲ့ရလို့ အလုပ်လျှောက်လျှင်လည်း နယ်ကျောင်းက ကျောင်းသားတွေ မျက်နှာငယ်ရဆဲပါ။ တက်ရတဲ့အချိန်တွေ အရမ်းနှမြောဖို့ကောင်းပါတယ်။ ငါးနှစ်ဆိုတဲ့ အချိန်တွေရယ်၊ ငွေကြေးတွေရယ်၊ ကျောင်းသားမိဘတွေရဲ့ လုပ်အားနဲ့ချွေးတွေ နှမြောစရာပေါ့ဗျာ။ နောက်ပြီး ဘွဲ့သာရတာ ဘာမှမတတ်ဘူးလို့ ပြောခံရပါသေးတယ်။ ဒါကြောင့်မို့ မြို့ကြီးကကျောင်းသားမှ ပြည်သူမဟုတ်ပါဘူး။ နယ်ကကျောင်းသားတွေလည်း ပြည်သူတွေဖြစ်ပါတယ်လို့ ပြောချင်ပါတယ်ခင်ဗျာ။

နောက်ပြီး ပြောလက်စနဲ့ ဆက်ပြောရပါဦးမယ်။ ဟိုတစ်လောက သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို အဆင့်မြှင့်တင်တော့မည်တဲ့။ ကျွန်တော် ဝမ်းသာပါတယ်။ ရန်ကုန်မြို့နေ ပြည်သူတွေရယ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်တဲ့ပြည်သူတွေအတွက်ဝမ်းသာစရာပါ။ ဒါပေမဲ့ ကျွန်တော်တို့လို စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းက ပြည်သူတွေ တခြားတခြားသော တိုင်းဒေသကြီးက ပြည်သူအတွက်လည်း စဉ်းစားစေချင်ပါတယ်ခင်ဗျာ။ သွားလာရေး ခရီးကြန့်ကြာခက်ခဲတဲ့ ဒေသတွေ ဖြစ်တဲ့အတွက် အရေးပေါ် အချိန်တွေ၊ မြို့နယ်ဆေးရုံတွေမှာ ကုသလို့မရတော့တဲ့ အချိန်တွေမှာ နယ်က ပြည်သူတွေမှာ အခက်အခဲနဲ့ ရင်ဆိုင်နေရပါတယ်။ နယ်ကပြည်သူတွေလည်း နိုင်ငံရဲ့ ပြည်သူများဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးအချက်အချာဖြစ်တဲ့ မြို့ကြီးတွေ၊ အစိုးရရုံးများ စိုက်တဲ့ မြို့ကြီးအပြင် ကျန်တိုင်းဒေသကြီးများမှာလည်း အဆင့်မြင့်ဆေးရုံ၊ ဆေးခန်းများ ရှိသင့်တယ်လို့ ထင်ပါတယ် ခင်ဗျာ။

နိဂုံးချုပ်ပြောရပါလျှင် ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးများကို ဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်လျှင်လည်း နယ်မှပြည်သူတွေအတွက် ဦးစားပေးမဟုတ်တောင် နောက်ကျမကျန်ခဲ့ရင် ထည့်သွင်းစဉ်းစားပေးစေချင်ပါတယ်ခင်ဗျာ။ မြို့ကြီးနေပြည်သူများနှင့် နယ်က ပြည်သူများ အဆင့်အတန်းကွာဟမှု မရှိဘဲ နိုင်ငံတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်တာကို မြင်ချင်ပါတယ်ခင်ဗျာ။ ဒါကြောင့် မြို့ကြီးမှာနေမှ ပြည်သူမဟုတ်ပါဘူးခင်ဗျာ။ နယ်မှာနေလည်း ဒီနိုင်ငံရဲ့ပြည်သူတွေပဲဖြစ်ပါတယ်လို့ ပြောချင်ပါတယ်ခင်ဗျာ။

**နယ်သား**

မျက်နှာဖုံးမှ

## အညာဒေသများတွင် သောက်သုံးရေရှားပါးမှု ဆိုးရွားစွာ ကြုံတွေ့နေရ



မြန်မာနိုင်ငံတွင် ပြောင်းလဲလာသော ရာသီဥတုအခြေအနေအရ မိုးရွာရက်(၁၄၅) ရက်ရှိခဲ့ရာမှ ယခုအခါ(၁၀၅)ရက်ခန့်သာ ရွာပြီး မိုးရွာရက် ရက်(၄၀) ခန့်လျော့သွားပြီဖြစ်သောကြောင့် စားနပ်ရိက္ခာဖူလုံမှုအပြင် ရေရှားပါးမှုပြဿနာကို အလေးထားသင့်ကြောင်း ၎င်းကဆိုသည်။

အညာဒေသများတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ရွှေတွင်းလုပ်ကွက်များအား တူးသောရေတွင်းများစွာရှိသော်လည်း အဆိုပါတွင်းများမှ ရရှိသောရေမှာတိရစ္ဆာန်များအတွက်သာ အသုံးပြု၍ရပြီး လူတို့သောက်သုံးရန် အဆင်မပြေဘဲ သောက်သုံးရေအတွက် ကန်ရေကိုသာ အဓိကထားနေရသည်။ ကန်များမှာ ယခင်နှစ်များထက် စော၍ ရေခန်းခြောက်နေသည့်အတွက် သောက်သုံးရေပြဿနာမှာ ပိုမိုဆိုးရွားနေခြင်းဖြစ်ကြောင်း စစ်ကိုင်းမြို့ စည်ပင်အမှုဆောင်အရာရှိဦးမျိုးသိမ်းက ပြောသည်။

"တွင်းတွေက ပေါတယ်။ ထွက်တဲ့ရေက သုံးလို့မရတာ။ ရေတွင်းခုနစ်တွင်းမှာ တစ်တွင်းပဲ သုံးလို့ရတယ်" ဟု အိမ်ခြေခုနစ်ရာကျော်ရှိသော မကွေးတိုင်း၊ မြိုင်မြို့နယ် ပဲကြီးကျေးရွာမှ ဒေသခံ ဦးဇော်မင်းက ပြောသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က နယ်စပ်ရေးရာဝန်ကြီးဌာနပိုင် တွင်းတူးစက်များသည် ပေသုံးရာခန့်သာ တူးနိုင်ပြီး မိမိတို့ဝန်ကြီးဌာနပိုင် စက်များမှာ ပေတစ်ထောင်အထိ တူးနိုင်သောကြောင့် ယခုကဲ့သို့ ရေရှားပါးမှုပြဿနာကြုံတွေ့နေရသော ဒေသများတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ရေတွင်းများ တူးဖော်ပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီနောက်ဆုံးပတ်အတွင်းက ပြောကြားထားသည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်းက အညာဒေသများတွင် စိုက်ပျိုးရေ၊ သောက်သုံးရေရရှိရေးအတွက် ကြုံတွေ့နေရသော ရေရှားပါးမှုပြဿနာများနှင့်ပတ်သက်၍ အဆိုတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက သက်ဆိုင်ရာ ဒေသအသီးသီးရှိ ပြည်ထောင်စုအဆင့် ပြည်ထောင်စုဝန်ကြီးများအနေဖြင့် သောက်သုံးရေ၊ စိုက်ပျိုးရေကိစ္စများအတွက် လာမည့်ကာလများတွင် ဦးစားပေးအဆင့်သတ်မှတ်၍ ထိုက်သင့်သည့် စီမံကိန်း၊ ဘတ်ဂျက်များ တောင်းခံရန် အတွက်ဝန်မလေးဘဲ ဆောင်ရွက်ကြရန် ပြန်လည်ဖြေကြားခဲ့ဖူးသည်။

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်း တောင်းမြို့နယ်ရှိ ကျေးရွာအချို့မှ ရေကန်များ ရေခန်းခြောက်ပြီး ရေ ရှားနေရာ ရေချိုးရန်အတွက် တစ် ဦးလျှင် နှစ်ဂါလန်ဝန်းကျင်သာ အသုံးပြုနေရသူများ ရှိနေသည်ဟု ပုပ္ပါးတောင်တစ်ဝိုက် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေသည့် ပုပ္ပါးချစ်သူများအသင်းက ပြောသည်။

ကျောက်ပန်းတောင်းခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးကလည်း "ရေရှားပါးမှုနဲ့ ဝန်ကြီးဆီကို စာတင်ထားပါတယ်။ တစ်နိုင်ငံလုံး ရေရှားပါးတဲ့ ဘယ်ဒေသဖြစ်ဖြစ် ဝန်ကြီးဌာနက ငွေသုံးပြီး လုပ်ခိုင်းနေပါတယ်" ဟုလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းက ပြောကြားသည်။

အလားတူမကွေးတိုင်းဒေသကြီးရှိ ကျေးရွာအချို့တွင်လည်း ကန်များတွင် ရေခန်းခြောက်မှု၊ ရေတွင်းတူးမရသည့် ပြဿနာကြောင့် ရေရှားပါးမှုနှင့် ကြုံတွေ့နေရကြောင်း ဒေသခံများက ဆိုသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်အတွင်းရှိ တဲကြီးကျေးရွာအုပ်စုတွင်ရေရှားပါးမှုနှင့်ကြုံတွေ့နေရကြောင်း တဲကြီးကျေးရွာအုပ်စု ရာအိမ်မှူးဦးဇော်မင်းက ပြောသည်။

"တဲကြီးအုပ်စုမှာ အိမ်ခြေ ၇၀၀ ကျော်ရှိတယ်။ ရေကန် ခုနစ်ကန်ရှိတာ အခုတစ်ကန်ပဲရေကျန်တော့တယ်"ဟုဦးဇော်မင်းကပြောကြားသည်။

---

မျက်နှာဖုံးမှ

## နွေမရောက်သေးသော်လည်း နေရာအနှံ့မီးပျက်

ရန်ကုန်မြို့အပါအဝင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးမြို့နယ်အချို့တွင်လည်း လျှပ်စစ်ဓာတ်အားမလုံလောက်သောကြောင့် အချိန်ပိုင်း အလှည့်ကျစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးနေရကြောင်း တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့များထံမှ သိရသည်။

"ဓာတ်အား မနိုင်လို့ပါ။ မနိုင်တာတစ်လဝန်းကျင်လောက်ရှိပြီ။ လောလောဆယ် တချို့နေရာတွေမှာ အချိန်ပိုင်းနဲ့ ပေးဖို့တောင် အဆင်မပြေသေးတော့ ဓာတ်အားကို လျှော့ပြီးပေးနေရတယ်။ ခွဲရုံလေးတွေ မနိုင်တဲ့အချိန်မှာ ဌာနက လျှော့ပေးခိုင်းတဲ့အတိုင်း သူတို့ရဲ့ ညွှန်ကြားချက်အတိုင်း လျှော့ပေးနေရတာပါ"ဟု ပဲခူးတိုင်းဒေသကြီး မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ အချိန်ပိုင်းအုပ်စုခွဲပြီး ဓာတ်အားဖြန့်ဝေပေးနေခြင်းအပြင် အရေးပေါ်အခြေအနေဖြင့် ဌာနမှ ထပ်မံလျှော့ချဖြတ်တောက်ပေးပါ ဆိုပါက ထပ်မံပြီး အရေးပေါ်ဖြတ်တောက်ရသည်များလည်းရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မြန်မာ့လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

7Day News ဂျာနယ်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး စုစုပေါင်း ငါးခုအား မေးမြန်းရာတွင် လျှပ်စစ်ဓာတ်အားဖြန့်ဝေမှု မနိုင်သောကြောင့် အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးနေရကြောင်း အများစုက ဆိုသည်။

"အလှည့်ကျပေးမယ်ဆိုရင်လည်း မီးအားကိုပြည့်ပြည့်ဝဝပေးစေချင်တယ်။ လာတဲ့အချိန် မှာ မီးအားကိုဝိုင်းဆွဲပြီး သုံးကြတော့ ခရီးကလိုရာမရောက်ဘူးဖြစ်နေတယ်" ဟု ကြည့်မြင်တိုင်မြို့နယ်မှ ပြည်သူတစ်ဦးက ပြောသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ ၂၀၁၃ ခုနှစ် မတ်၊ ဧပြီ၊ မေတို့တွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် မဂ္ဂါဝပ်ပေါင်း ၂၀၆၀ ခန့်အထိ ရှိမည်ဖြစ်ပြီး ၂၀၁၂နွေရာသီကကြုံတွေ့ခဲ့ရသည့် လျှပ်စစ်ဓာတ်အားလျှော့နည်းမှုများ မဖြစ်ပေါ်စေရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများရှိနေသော်လည်း လာမည့် နွေရာသီအတွက် ရွှေလီ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ယခင်မူလ ၂၀၀ မဂ္ဂါဝပ်သာ ဝယ်ယူခဲ့ရာမှ ယခုနှစ်အတွင်း ၃၀၀ မဂ္ဂါဝပ်ကိုတိုးမြှင့်ဝယ်ယူသွားမည်ဖြစ်ပြီး လှော်ကားစက်ရုံနှင့် ရွာမစက်ရုံတို့တွင်၅၀မဂ္ဂါဝပ်၃၈မဂ္ဂါဝပ် ရေနွေးငွေ့တာဘိုင်စက်ရုံအားတည်ဆောက်လျက်ရှိကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ထုတ်ပြန်ထားသည်။

---

စာ(၆)မှ

## ရန်ကုန်တက္ကသိုလ်တွင် နှစ်ပေါင်းနှစ်ဆယ်ကျော်အတွင်း အမေရိကန်ပါမောက္ခတစ်ဦး ပထမဆုံးအကြိမ် လာရောက်ပို့ချ

နောသမ်အီလီနွိုက် တက္ကသိုလ်က ဖြစ်ပါတယ်။ ဒါက ပညာရေးဖလှယ်မှုအစီအစဉ်တွေထဲက ကျွန်တော်တို့ရဲ့ ပထမဆုံးဆောင်ရွက်မှုတစ်ခုလို့မျှော်လင့်ပါတယ်။ ဒီလိုပူးပေါင်း ဆောင်ရွက်မှုအစီအစဉ်သစ်အတွက် ကူညီမှုပေးတဲ့ ရန်ကုန်တက္ကသိုလ်နဲ့ပညာရေးဝန်ကြီးဌာနကို ကျေးဇူးတင်ပါတယ်"ဟု သံအမတ်ကြီးက ပြောသည်။

အဆင့်မြင့် တက္ကသိုလ်အဖြစ် ပြုပြင်ပြောင်းလဲနေသော ရန်ကုန်တက္ကသိုလ်သည်နိုင်ငံခြားမှ ဧည့်ပါမောက္ခများ ဖိတ်ခေါ်၍ ဆရာ၊ ဆရာမများအတွက် အရည်အသွေးမြှင့် သင်တန်းများ ပို့ချနေပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း တိုးမြှင့်နေသည်။

"ဂျပန်နိုင်ငံက ပါမောက္ခကတော့လာပြီးသွားပြီ။ ဩစတြီးယား ပါမောက္ခလည်း လာဖို့ရှိတယ်။ ရှေးဟောင်းသုတေသန၊ နိုင်ငံတကာဆက်ဆံရေးနဲ့ ဥပဒေဌာနတွေက ဆရာ၊ ဆရာမတွေအတွက် သင်တန်းတွေ လာပို့ချနေတာပါ" ဟု ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေသော ဆရာတစ်ဦးက ပြောသည်။

နှစ်ပေါင်းများစွာ ဟောင်းနွမ်းငြိမ်သက်နေသော ရန်ကုန်တက္ကသိုလ်သည် အစိုးရသစ်လက်ထက်တွင် အဆောက်အအုံပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်နေပြီး ဂုဏ်ထူးတန်း ကျောင်းသားများအတွက် သင်တန်းများ ပြန်လည်ဖွင့်လှစ်နေသော်လည်း ဘွဲ့ကြိုသင်တန်းများနှင့် ပတ်သက်၍ ထုတ်ပြန်ပြောကြားခြင်း မရှိသေးပေ။

---

စာ(၂)မှ

## ရန်ကုန်မြို့ပြစီမံကိန်း ယခုနှစ်ကုန် အပြီးသတ်ရေးဆွဲမည်

လက်ရှိတွင် ရန်ကုန်မြို့၏ အိမ်ရာမလုံလောက်မှုပြဿနာ၊ မြေယာဈေးနှုန်းကြီးမြင့်မှုပြဿနာများမှာ တစ်နှစ်ထက်တစ်နှစ် ကြီးထွားလျက်ရှိပြီး နှစ်စဉ်ရန်ကုန်မြို့တွင် အိမ်ရာအခန်းပေါင်း သုံးသောင်းကျော်လိုအပ်လျက်ရှိသည်။

အမှန်တကယ်တည်ဆောက်ဖြည့်ဆည်းပေးနိုင်မှုမှာ နှစ်စဉ်အိမ်ရာအခန်းပေါင်း၇,၀၀၀ကျော်သာရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအင်ဂျင်နီယာဌာန( အဆောက်အအုံ)မှထုတ်ပြန်သောကိန်းဂဏန်းများက ဆိုသည်။

ယင်းကဲ့သို့ မြေဈေးကြီးမြင့်မှု၊ အိမ်ရာမလုံလောက်မှုပြဿနာများကို ရန်ကုန်မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းမှ တဖြည်းဖြည်းချင်းဖြေရှင်းပေးသွားနိုင်ရန်အပြင် လတ်တလောရန်ကုန်မြို့၏မြို့တွင်းပိုင်းကျပ်တည်းမှုများကို တစ်ဆင့်ချင်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘတ်ဂျက်ကို တိုးမြှင့်တောင်းခံထားကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"အရင်က ဆောက်ရွက်ခဲ့တဲ့ မြို့ပြတွေမှာမြေယာအသုံးချမှုက စနစ်မကျခဲ့ဘူး။ အခုဒီစီမံကိန်းအတွက် မြေယာအသုံးချမှုက အရမ်းအရေးကြီးတယ်"ဟုမြို့ပြဗိသုကာပညာရှင် ဦးဝင်းမြင့်က သုံးသပ်သည်။

လက်ရှိတွင် ရန်ကုန်မြို့တော်၏ အကျယ်အဝန်းမှာ ၃၀၆ စတုရန်းမိုင်ရှိပြီး လူဦးရေခြောက်သန်းကျော် နေထိုင်လျက်ရှိကာ လာမည့်၂၀၄၀ ခုနှစ်တွင်လူဦးရေအနည်းဆုံး ၉ သန်းမှ ၂၄ သန်းအထိ တိုးပွားလာနိုင်ကြောင်း ရန်ကုန်မြို့တော် ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲသူများက သုံးသပ်ထားသည်။

---

မျက်နှာဖုံးမှ

## ကုလအထောက်အပံ့ပစ္စည်းများ ကချင်ဒုက္ခသည်စခန်းများသို့ စတင်ရောက်ရှိ

ကချင်ပြည်နယ်ရှိ စစ်ဘေးဒုက္ခသည်စခန်းများကိုအကူအညီပေးနိုင်ရန် ကမ္ဘာ့ကုလအဖွဲ့အား အစိုးရက ခွင့်ပြုပြီး ရက်ပိုင်းအတွင်း စားနပ်ရိက္ခာနှင့် ဆေးဝါးအသုံးအဆောင်များ တင်ဆောင်လာသည့်ယာဉ်တန်းပထမဆုံးအကြိမ်ရောက်ရှိလာခြင်းဖြစ်သည်။

"ဒီညလုံးခင်နှစ်ခြင်းအသင်းတော်မှာ ညအိပ်ရပ်နားပြီး ဒုက္ခသည်စခန်းတွေကို ပစ္စည်းလိုက်ဝေမယ်"ဟုကချင်နှစ်ခြင်းအသင်းတော် အတွင်းရေးမှူး (နယ်)က ပြောသည်။

ဖားကန့်ဒေသတွင် စစ်ပြေးဒုက္ခသည်စခန်းပေါင်း ၃၆ ခုရှိပြီး နေအိမ်များတွင် တိမ်းရှောင်နေသူများ အပါအဝင် ဒုက္ခသည်တစ်သောင်းကျော်ရှိကြောင်း ဒုက္ခသည်များကို ကူညီစောင့်ရှောက်နေသော အသင်းအဖွဲ့များထံမှ သိရသည်။

စစ်ဘေးဒုက္ခသည်များကို ကချင်နှစ်ခြင်းအသင်းတော်၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများအပါအဝင် ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များက ကူညီစောင့်ရှောက်ထားခြင်းဖြစ်ပြီး နိုင်ငံတကာမှ အကူအညီများကို လိုအပ်နေဆဲဖြစ်သည်။

"ပြည်တွင်း အင်န်ဂျီအိုတွေနဲ့ အလှူရှင်တွေရဲ့ ကူညီမှုတော့ ရှိပါတယ်။ ယူအင်န်နဲ့ အိုင်အင်န်ဂျီအိုတွေရဲ့အကူအညီတွေက အရင်က မရောက်သလောက်ဘဲ"ဟု အတွင်းရေးမှူးကပြောသည်။

ဖားကန့်ဒေသ စစ်ဘေးဒုက္ခသည်များအတွက် အရေးတကြီးလိုအပ်နေသော အကူအညီများမှာ ကျောင်းသားများအတွက် ထောက်ပံ့ရေးပစ္စည်းများ၊ စားနပ်ရိက္ခာ၊ ရေ၊ အခြေခံဆေးဝါးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများဖြစ်သည်ဟု ဒုက္ခသည်များကို ကူညီစောင့်ရှောက်နေသူများက ပြောသည်။

"စစ်ပြေးဒုက္ခသည်တွေ ကူညီတာ ကြိုဆိုပါတယ်။ မြို့ပေါ်မှာမဟုတ်ဘဲ တကယ်ဒုက္ခရောက်နေသူတွေဆီ အရင်က ဘာအကူအညီမှ မရောက်ဘူး။ အစိုးရအပေါ်လည်း မူတည်တယ်။ ပိုကောင်းမယ်လို့ မျှော်လင့်ပါတယ်"ဟု ဒုက္ခသည်များကို ကူညီစောင့်ရှောက်နေသော ပုဂ္ဂိုလ်တစ်ဦးက ပြောသည်။

အစိုးရနှင့် ကေအိုင်အိုတို့က ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများကို မကြာသေးမီက လက်ခံရန် ဆုံးဖြတ်ခဲ့ခြင်းအပေါ် ကြိုဆိုကြောင်းကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr.Ashok Nigam က ဖေဖော်ဝါရီ ၁၇ ရက် နေ့စွဲဖြင့် ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြထားသည်။

အစိုးရထိန်းချုပ်နယ်မြေများအပြင် ကေအိုင်အိုထိန်းချုပ်နယ်မြေများသို့ပါ ကုလသမဂ္ဂက အကူအညီများ မကြာမီ ပေးပို့နိုင်မည်ဟု မျှော်လင့်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်)တို့တွင် စစ်ပွဲများကြောင့် တိမ်းရှောင်နေကြသော ဒုက္ခသည်ပေါင်း တစ်သိန်းခန့်ရှိကြောင်း ဒုက္ခသည်များကို အကူအညီပေးနေသော အဖွဲ့များက ခန့်မှန်းထားသည်။ ပထမဆုံးအကြိမ် ရောက်ရှိသော ကုလယာဉ်တန်းတွင် ပစ္စည်းတင်ကားခြောက်စီးနှင့် ကုလရုံးကားငါးစီး၊ စုစုပေါင်း ၁၁ စီး၊ ကုလအဖွဲ့နှင့် အိုင်အင်န်ဂျီအိုများမှ ဝန်ထမ်းများ လိုက်ပါလာကြောင်း သတင်းရရှိသည်။

# Health

7 DAY NEWS JOURNAL

Vol.11, No.50 • FEBRUARY 21 , 2013

## တရုတ်ဆရာဝန်များနှင့် ပူးပေါင်းကာ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်

ဝတ်ရည်အောင်

ရန်ကုန်၊ ဖေဖော်ဝါရီ -၁၄

တရုတ်နိုင်ငံမှ ဆရာဝန်များနှင့် ပူးပေါင်း၍ မန္တလေးမြို့မှ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်များက မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"အတွင်းတိမ်ကိုပဲ ခွဲစိတ်ပေးမှာပါ။ ခွဲစိတ်မယ့်ငါးရက်မှာ လူ ၂၀၀ လောက်ကုသပေးဖို့ရည်ရွယ်ထားပါတယ်" ဟု ခွဲစိတ်မှုတွင်ပါဝင်မည့်မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာရီရီအောင်ကပြောသည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခင်က ဂျပန်နိုင်ငံမှ ဆရာဝန်များဖြင့် ပူးပေါင်းခွဲစိတ်မှုများ ဆောင်ရွက်ခဲ့သည်။ ယခုတရုတ်နိုင်ငံမှ ဆရာဝန်များနှင့် ပူးပေါင်းကုသမှုသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ကုသမှုခံယူလိုသူ မျက်စိဝေဒနာရှင်များသည် ယခုလ ၁၈ ရက်မှစတင်ပြီး မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးရှိမျက်စိပြင်ပလူနာဌာနသို့လာရောက်ပြသ၍ စာရင်းပေးသွင်းနိုင်ပြီး အခမဲ့ခွဲစိတ်ကုသမှုကို ဖေဖော်ဝါရီ ၂၅ ရက်တွင် စတင်မည်ဖြစ်သည်။

မျက်စိနှင့်ပတ်သက်သည့်ရောဂါများတွင် အတွင်းတိမ်သည် ဖြစ်ပွားမှုများပြားသည့် ရောဂါဖြစ်သည်။

သက်ကြီးရွယ်အိုများတွင် ဖြစ်ပွားမှုများပြီး အတွင်းတိမ်ဖြစ်ပွားပါက အမြင်အာရုံဝေဝါးလာခြင်း၊ ညဘက်တွင်အမြင်အာရုံချို့ ယွင်းလာခြင်း၊ အလင်းရောင်အား အကြည့်မခံနိုင်ခြင်း၊ အလင်းရောင်ကြည့်လျှင် အစက်အပြောက်များမြင်လာခြင်း၊ မြင်ကွင်းနှစ်ထပ်ဖြစ်လာခြင်းစသည့် လက္ခဏာများပြသလေ့ရှိကြောင်း သိရသည်။

## သူနာပြုဆရာမများ ဆက်ဆံရေးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးသတိပေး

ဝတ်ရည်အောင်

ရန်ကုန်၊ဖေဖော်ဝါရီ-၁၅



ဆရာဝန်ဦးရေနည်းပါးသည့် မြန်မာနိုင်ငံဆေးရုံများတွင် လူနာများအတွက် အားထားရာမှာ သူနာပြုဆရာမများဖြစ်သည်

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ ဝန်ထမ်းများနှင့် ပတ်သက်၍ သမ္မတထံ တိုင်ကြားမှုများတွင် ဆရာဝန်များအား တိုင်ကြားမှု နည်းသွားသော်လည်း သူနာပြုဆရာမများ၏ ဆက်ဆံရေးနှင့်ပတ်သက်၍ တိုင်ကြားမှုများရှိနေဆဲပင် ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

"ဆရာဝန်တွေနဲ့ ပတ်သက်တဲ့ တိုင်စာနည်းသွားတယ်။ ဒါပေမဲ့ ဆရာမကြီးတွေ တိုင်စာကတော့ အပေါက်ဆိုးတယ်ဆိုပြီး လာနေတုန်းပဲ" ဟု သူနာပြုတက္ကသိုလ်တွင် ပြုလုပ်ခဲ့သည့် ဂုဏ်ပြုပွဲတစ်ခု၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က သူနာပြုဆရာမများအား ပြောကြားခဲ့သည်။

ရှေးယခင်ကတည်းက သူနာပြုဆရာမများ၏ ဆက်ဆံရေး မပြေပြစ်မှုအား လူအများ ဝေဖန်ပြောဆိုမှုများရှိခဲ့ပြီး ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတထံ တိုင်ကြားမှုများပါ ရှိလာခြင်းဖြစ်သည်။

စာ(၁၄)သို့

## နှမ်းပါးမိခင်လောင်းများအား ကူညီရန် အဖွဲ့ဖွဲ့

အေးသူစံ

ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆

ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် မီးဖွားစရိတ်ကူညီရန် မီးဖွားမှုကူညီရေးအသင်းကို ဖွဲ့စည်းထားကြောင်း ယင်းအသင်းမှ တာဝန်ရှိသူ ကိုအဲလက်စ်က ပြောသည်။


ယင်းအသင်းကိုဇန်နဝါရီလ ၃ ရက်က စတင်ဖွဲ့စည်းခဲ့ပြီး သုံးလအတွင်း အလှူငွေ လက်ခံစုဆောင်းနေပြီဖြစ်သည်။ ရရှိသော အလှူငွေများကို CB ဘဏ်တွင် စာရင်းသေအပ်ငွေ နံပါတ် ၀၉၃၂၀၁၄၀၅၀ ဖြင့် အပ်နှံထားပြီး အကောင့်နံပါတ်သို့လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

ဧပြီလတွင် အသင်းအဖွဲ့မှတ်ပုံတင်မည်ဖြစ်ပြီး မီးဖွားသည့်ဆေးရုံ၊ ဆေးခန်းများနှင့် ချိတ်ဆက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေမှာ ဆင်းရဲနွမ်းပါးလို့၊ ကျန်းမာရေးဗဟုသုတ မရှိလို့ ကိုယ်ဝန်ဖျက်ချတာဟာ ဗုဒ္ဓတရားတော်နဲ့လည်း ဆန့်ကျင်ပါတယ်။ မီးဖွားဖို့ ပိုက်ဆံမရှိလို့ မလိုလားအပ်တဲ့ အသက်ဆုံးရှုံးမှုတွေ မဖြစ်ရအောင် ဒီအသင်းကို ဖွဲ့စည်းရတာပါ" ဟု ကိုအဲလက်စ်က ပြောသည်။ စတင်ကူညီခြင်းကို အသင်းမှတ်ပုံတင်ပြီးသည့် ဧပြီလ ဆန်းပိုင်းတွင်ပြုလုပ်မည်ဖြစ်ပြီး တစ်လလျှင် ကိုယ်ဝန်ဆောင် နှစ်ဦးနှုန်းဖြင့် ကူညီမည်ဖြစ်ကြောင်း သိရသည်။ ဗုဒ္ဓဘာသာဝင်များအတွက်သာ ရည်ရွယ်လုပ်ကိုင်ရခြင်းမှာ ဘာသာရေး၊ လူမျိုးရေးခွဲခြားမှုကြောင့်မဟုတ်ဘဲ ဗုဒ္ဓဘာသာ ကိုယ်ဝန်ဆောင်များအတွက် သီးသန့်ကူညီသည့် အဖွဲ့အစည်းမျိုး မရှိသေးခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"မီးဖွားမယ့် နွမ်းပါး ကိုယ်ဝန်ဆောင်တစ်လနှစ်ဦးနှုန်းအပြင် အရေးပေါ် အခြေအနေနဲ့ကြုံလာမယ့် လူနာကိုလည်း ကူညီဖို့ အစီအစဉ်ဆွဲထားပါတယ်" ဟု ကိုအဲလက်စ်ကပြောသည်။

ယင်းနွမ်းပါးသော ကိုယ်ဝန်ဆောင်များ မီးဖွားမှုကူညီရေး အသင်းသို့ ဆက်သွယ်လိုပါက ဖုန်းနံပါတ် -၀၉၄၃၁၃၆၇၅၉ သို့ဆက်သွယ်နိုင်ကြောင်းသိရသည်။ မီးဖွားစရိတ် ကူညီထောက်ပံ့ခြင်းအပြင် နှစ်သိမ့် ဆွေးနွေးပညာပေးခြင်း၊ မီးဖွားပြီး မိခင်နှင့်ကလေး၏ ကျန်းမာရေးစောင့်ရှောက်ခြင်းများကိုလည်း တတ်သိနားလည်သော ပညာရှင်များနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။






7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# ထိုင်းဘုရင့်သမီးတော် ဆုရရှိခဲ့သည့် သူနာပြုဆရာမကြီးအား ဂုဏ်ပြုပွဲကျင်းပ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

ထိုင်းဘုရင့်သမီးတော်ဆု မြန်မာနိုင်ငံတွင် ပထမဦးဆုံးရရှိခဲ့သည့် အသက် ၈၃ နှစ်အရွယ်ရှိ သူနာပြုဆရာမကြီး ဒေါ်အီလင်းဘာဘရိုအား သူနာပြုတက္ကသိုလ်တွင် ဂုဏ်ပြုချီးမြှင့်ပွဲပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

လက်ရှိတာဝန်ထမ်းဆောင်နေသည့် သူနာပြုဆရာမများ အတုယူပြီး ထူးချွန်ထက်မြက်သည့် သူနာပြုများ ပေါ်ထွန်းလာစေရန် ပြည်တွင်းတွင်သာမက ပြည်ပတွင်ပါ ထိုက်တန်သောဆုများ ချီးမြှင့်ခံရနိုင်ကြောင်း သိရှိစေရန် ရည်ရွယ်ပြီးပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုင်းဘုရင့်သမီးတော်မဟာချက်ကရီသီရိဒုံမှ ချီးမြှင့်သည့် အဆိုပါဆုသည် ကျေးလက်ဒေသများရှိ ငွေကြေးချို့တဲ့သူများအား ကျန်းမာရေး/လူမှုရေးဆိုင်ရာ စွမ်းဆောင်ဆုရှင်များအား ပေးအပ်ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် နိုင်ငံပေါင်း ၂၇ နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ရာ မြန်မာနိုင်ငံမှ ရရှိသွားခြင်းဖြစ်သည်။

သူနာပြုဆရာမကြီး ဒေါ်အီလင်းဘာဘရိုသည် သူနာပြုနှင့် သားဖွားလုပ်ငန်းများအား အစဉ်သဖြင့် ကြိုးစားဆောင်ရွက်ခဲ့သူ၊ မြန်မာနိုင်ငံ သူနာပြုသားဖွားအသင်းတွင် အချိန်ကြာမြင့်စွာဥက္ကဋ္ဌအဖြစ်နှင့် ကလေးဆေးရုံကြီးတွင် ကလေးအထူးကုဘာသာရပ်များကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူတစ်ဦးလည်းဖြစ်သည်။

# ကလေးများအပေါ် မိဘများချီးကျူးမှုမှာ အရေးပါ

**ဖီလာဒဲလ်ဖီးယား၊**

**ဖေဖော်ဝါရီ-၁၅**

လမ်းလျှောက်သွားလာတတ်စအရွယ် ကလေးငယ်များကို ၎င်းတို့၏ ကြိုးစားလုပ်ဆောင်မှုများအတွက် 'သားက တကယ်ကြိုးစားထားတာပဲ'စသော ချီးကျူးမှုများ ပြောဆိုခြင်းဖြင့် ကလေးများအနေဖြင့် ပို၍ခက်ခဲသော အလုပ်များကို လုပ်ဆောင်ရန် နှစ်သက်လာကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

သုတေသနကို ဦးဆောင်ခဲ့သော တမ်ပယ်လ်တက္ကသိုလ် လက်ထောက်စိတ်ပညာပါမောက္ခ အဲလစ်ဇဘက်ဂန်ဒါဆန်က ပြောကြားရာတွင် ကြိုးပမ်းမှုပါသော အားထုတ်မှုများကို ချီးကျူးခြင်း (Process Praise)ဖြင့် ကြိုးကြိုးစားစား လုပ်ကိုင်ဆောင်ရွက်ခြင်းမှာ အောင်မြင်မှု၏ သော့ချက်ဖြစ်သည်ဆိုခြင်းကို ကလေးများအား စွဲမှတ်သွားစေကြောင်း ပြောသည်။ ကလေးငယ်၏ ရှိပြီးသားအရည်အချင်းကို ချီးကျူးခြင်းမှာမူ ၎င်း၏ကြိုးစားအားထုတ်မှုကို လျော့ပါးသွားစေကြောင်း သုတေသီကဆိုသည်။

ယခုသုတေသနအတွက် သုတေသနအဖွဲ့သည် ကလေးငယ်ပေါင်း ၅၃ ဦးအား ၎င်းတို့၏ နေအိမ်၌ မိဘများနှင့် ပြောဆိုဆက်ဆံမှုများကို ဗီဒီယိုရိုက်ကူးထားခဲ့သည်။ ကလေးငယ်များ၏ အသက်တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်အရွယ်များ၌ ဗီဒီယိုမှတ်တမ်းတင်ခြင်းများ လုပ်ဆောင်၍ ကျွမ်းကျင်ပညာရှင်များက Process Praise, Person Praise စသည်ဖြင့် အမျိုးအစား ခွဲခြားကြသည်။

သုတေသီများက နောက်ငါးနှစ်အကြာ ကလေးငယ်များ အသက်ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်တွင်ထပ်မံ၍ လေ့လာမှုများ လုပ်ဆောင်ခဲ့သည်။ ဤတွင် ကြိုးပမ်းအားထုတ်မှုအပေါ် ချီးကျူးခံရသော ကလေးငယ်များသည် စိန်ခေါ်မှုများကို အပြုသဘောချဉ်းကပ်တတ်ကြပြီး ၎င်း၏ကြိုးစားမှုအလိုက် တိုးတက်သည်ကို ယုံကြည်လာကြသည်ဟု သုတေသီများက Child Development ဂျာနယ်တွင် ရေးသားထားသည်။ ယင်းတွင်လည်း ချီးကျူးပုံ၊ ချီးကျူးနည်းသာ အရေးကြီးပြီး ချီးကျူးမှုအကြိမ်အရေအတွက်နှင့် မသက်ဆိုင်ကြောင်း သုတေသီများက ရေးသားဖော်ပြသည်။

—Ref: UPI

TRADEMARK CAUTION
ACE LIMITED a company incorporated in Switzerland at Bärengasse 32, Zurich, Switzerland CH-8001 is the Owner and Sole Proprietors of the following Trademarks :

Reg. No. 4/843/2013

ACE

Reg. No. 4/839/2013

ACE INSURNACE

Reg. No. 4/840/2013

ACE LIMITED

Reg. No. 4/841/2013

ACE GROUP

Reg. No. 4/842/2013

In respect of : Insurance services.

Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.

U Myint Lwin, Advocate, LL.B, DBL

Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)

myint.advocate@mptmail.net.mm

myint-ip-law@myanmar.com.mm

www.mipadvocate.com

Ph : 371990 21 Feb 2013

စာ(၁၃)မှ

## သူနာပြုဆရာမများ ဆက်ဆံရေးနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးသတိပေး

"ကျွန်မအဖေ ဆေးရုံတက်တုန်းက စစ်ဆေးမှုတွေ လုပ်တဲ့အခါ လူနာတစ်ယောက်တည်းကိုပဲ ဝင်ခိုင်းတယ်။ အဖေက နားမကောင်းတော့ ဘာတွေပြောပြီး ဘာတွေမှာလိုက်လဲမသိဘူး။ အဲဒီတော့ မသိလို့ သွားမေးရင်လည်း ပြောပြီးသားကို ဘာလို့ထပ်လာမေးနေတာလဲ ဆိုပြီး အော်တယ်။ ဖြေရင်လည်း ကောင်းကောင်းမွန်မွန် မဟုတ်ဘူး။ တစ်ချိန်လုံး အော်ငေါက်နေတာ" ဟု လူနာရှင် အမျိုးသမီးတစ်ဦးက ပြောသည်။

"တချို့လူနာတွေကလည်း ဆူမှရတယ်ဆိုပေမယ့်ဒီခေတ်ဒီအခါမှာ ဆက်ဆံရေးကို အတတ်နိုင်ဆုံးပြေပြေပြစ်ပြစ် ဆောင်ရွက်ဖို့လိုပါတယ်။ စည်းကမ်းပိုင်းကို ခိုင်ခိုင်မာမာ လုပ်တယ်ဆိုပေမယ့် ပြောတဲ့အခါမှာ ညင်ညင်သာသာပြောဖို့ အဲဒါကို ဆရာမကြီးတွေက ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်တွေကို လက်ဆင့်ကမ်းပေးပါ" ဟု ဒေါက်တာဖေသက်ခင်က တိုက်တွန်းပြောကြားခဲ့သည်။

သူနာပြုဆရာမများအနေဖြင့် လူနာများဘက်မှ ရိုင်းရိုင်းပျပျ ဆက်ဆံမှုများကို ခေါင်းငုံ့ခံခဲ့ရသည်များလည်းရှိကြောင်း သူနာပြုဆရာမတစ်ဦးက တုံ့ပြန်ပြောဆိုသည်။

"သူနာပြုတွေက အမြဲတမ်းခံဘက်ကချည်းပဲ။ ဆရာဝန်တွေမှားတဲ့အခါ သူနာပြုကို ပုံချပြီး အော်ငေါက်တာလည်း ခံရတာပဲ။ လူနာတွေဘက်ကလည်း တတ်နိုင်သလောက် လုပ်ပေးတာကို မမြင်ဘဲ အသက်လုနေတဲ့ လူနာကို အာရုံစိုက်နေရလို့ ပိုသက်သာတဲ့သူကို ချက်ချင်းမကုပေးလို့ဆိုပြီး ရိုင်းရိုင်းစိုင်းစိုင်းအော်ဟောက်တာကိုလည်း ခံခဲ့ရတာတွေလည်းရှိခဲ့တာပဲ" ဟု အဆိုပါသူနာပြုက ဆိုသည်။

ဒေါက်တာ C.T.M.P, M.A.R.P, Ph.D Kolkata (India)
Turell

No. 68 ၊ ၁၂ လမ်း (အလယ်ဘလောက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့

# အမေရိကန် အမျိုးသမီးထုအတွင်း တစ်ခါသုံး သန္ဓေတားဆေးများ သုံးစွဲမှုမြင့်တက်

**အတ္တလန္တာ၊ဖေဖော်ဝါရီ-၁၅**

အမေရိကန်အမျိုးသမီးထုအတွင်း The Morning After Pill ဟုခေါ်သော အရေးပေါ်သန္ဓေတားဆေး သုံးစွဲမှုသည် ၂၀၀၂ ခုနှစ်က ၄ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၀၆-၂၀၁၀ ခုနှစ်အတွင်း ၁၁ ရာခိုင်နှုန်း ရှိလာခဲ့ကြောင်း သုတေသီများက ပြောကြားသည်။

အမျိုးသားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာနမှ ကျန်းမာရေးအချက်အလက် သုတေသီသုံးဦး၏ လေ့လာမှုအရ အမျိုးသမီး ၅၉ ရာခိုင်နှုန်းက ယင်းဆေးတစ်ကြိမ်တစ်ခါ သုံးဖူးသည်ဟု ပြောကြားပြီး ၂၄ ရာခိုင်နှုန်းက နှစ်ကြိမ်သုံးစွဲဖူးသည်ဟု ပြောကြားသည်။

အသက် ၂၀ မှ ၂၄ နှစ်ကြား အမျိုးသမီးသည် ယင်းဆေးသုံးစွဲရန် အလားအလာ အများဆုံးဖြစ်ပြီး လက်မထပ်ဖူးသောအမျိုးသမီးငါးဦးတွင် တစ်ဦးကလည်း ယင်းဆေးသုံးစွဲသည်ဟု ပြောသည်။ ယောကျ်ားတစ်ဦးနှင့် အတူနေထိုင်သူ ခုနစ်ဦးလျှင် တစ်ဦးက ယင်းဆေးသုံးစွဲသည်ဟု ပြောကြားသလို လက်ရှိအိမ်ထောင်ရှိသူ (သို့မဟုတ်) အိမ်ထောင်ကျဖူးသူ အမျိုးသမီး ၂၀ ဦးတွင် တစ်ဦးက အရေးပေါ် သန္ဓေတားဆေးသုံးသည်ဟု ပြောကြားကြသည်။

ယင်းတို့အထဲတွင်ထက်ဝက်ခန့်က ပုံမှန်သန္ဓေတားဆေး ထိရောက်မှု မရှိမည်ကို စိုးရိမ်ပြီး သုံးစွဲသည်ဟု ပြောကြားကာ အခြားထက်ဝက်ခန့်က အကာအကွယ်မဲ့ လိင်ဆက်ဆံခဲ့ခြင်းကြောင့် အရေးပေါ်ဆေးသုံးသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံတွင် အရေးပေါ် သန္ဓေတားဆေးများကို ၁၉၉၈ ခုနှစ်က ခွင့်ပြုပေးခဲ့ပြီး အသက် ၁၇ နှစ်နှင့်အထက် အမျိုးသမီးများ အလွယ်တကူ ဝယ်ယူနိုင်သည်။ သို့သော် အမျိုးသမီးအချို့မှာ အသက်ငယ်ရွယ်စဉ်အချိန်တွင် ယင်းဆေးများကို လက်လှမ်းမမီကြကြောင်း သုတေသီများက မှတ်ချက်ချထားသည်။

—Ref: UPI

# ဆယ်ကျော်သက်အချို့ နိုးတစ်ဝက်၊ အိပ်တစ်ဝက်အချိန်တွင် ဖုန်းဖြင့်စာရိုက်ပြောခြင်း နောက်တစ်နေ့ မမှတ်မိတော့ဟုဆို

**ဖီလာဒဲလ်ဖီးယား၊**

**ဖေဖော်ဝါရီ-၁၅**

အချို့ဆယ်ကျော်သက် လူငယ်များနှင့် လူလတ်ပိုင်းများသည် ၎င်းတို့၏ လက်ကိုင်ဖုန်းများနှင့် ချိတ်ဆက်မှု အလွန်များပြားရာ အိပ်ပျော်နေစဉ်မှာပင် ဖုန်းသံကို တုံ့ပြန်တတ်ကြပြီး အိပ်နေရင်း စာရိုက်နေသည်ကိုပင် မသိတော့ကြောင်း အမေရိကန် သုတေသီတစ်ဦးက ပြောကြားသည်။

ပင်ဆယ်ဗေးနီးယားပြည်နယ် ဗီလာနိုဗာတက္ကသိုလ်မှ သူနာပြုပညာ ပါမောက္ခအဲလစ်ဇဘက်ဒိုဒဲလ်က ၎င်း၏သုတေသနမှာ အင်တာနက် ဘေးကင်းလုံခြုံမှုနှင့် ပတ်သက်ကြောင်းနှင့် အချို့လူများမှာ ၎င်းတို့စာရိုက်စကားပြောထားသည်ကို မမှတ်မိတော့ကြောင်း လူအများအပြားက ပြောကြားသည်ဟု ဆိုသည်။

ထို့အပြင် မိဘအများအပြားကလည်း ၎င်းတို့၏ သားသမီးများ အိပ်ပျော်နေစဉ် ဖုန်းဖြင့် စာရိုက်စကားပြောပြီး ယင်းကို မမှတ်မိဘဲ နောက်ပိုင်းမှသာ ၎င်းတို့စာရိုက်ခဲ့သည်ကို သိရှိလာသည်ဟု ကန်သုတေသီက ပြောသည်။

"ဟန်းဖုန်းမြည်လာတဲ့အခါ လူကလည်း အလိုအလျောက် ကောက်ကိုင်ပြီး နိုးတစ်ဝက်၊ အိပ်တစ်ဝက်နဲ့ မက်ဆေ့ချ်ရိုက် စာပြန်လိုက်ပြီး နောက်တစ်နေ့ သူများက ပြောပြမှပဲ ဘာတွေရိုက်လိုက်လဲ ဆိုတာ သိတော့တယ်"ဟု သုတေသီ အဲလစ်ဇဘက်က ဆိုသည်။

သို့သော် ယင်းသို့သော မက်ဆေ့ချ်များမှာ အဆက်အစပ်မရှိ အဓိပ္ပာယ်မဲ့နေတတ်ပြီး စိတ်အနှောင့်အယှက် ဖြစ်စေနိုင်ကြောင်းနှင့် ယင်းမှတစ်ဆင့် အနိုင်ကျင့်ခံရမှုဖြစ်လာနိုင်ကြောင်း သုတေသီက ပြောသည်။ ထို့အပြင် အိပ်နေရင်း ဖုန်းပြောကြားခြင်းမှာ အိပ်ရေးပျက်စေပြီး ပြည့်ပြည့်ဝဝ အနားယူခြင်း မဖြစ်နိုင်ဟု မစ္စအဲလစ်ဇဘက်ဒိုဒဲလ်က ပြောကြားသည်။

—Ref: UPI

စင်ကာပူနိုင်ငံ စက်ရုံတွင်လုပ်ရန်
1.Pipe Fitter (၂) SS500~700 +
2.Welder (၂) SS500~700 +
3.Machinery Fitter SS25 ~ 30 +
G.T.I and City & Guilds (M.P/M.T/M.C)/( B.A/B.Sc)
T.H.S
Licence No.014/2013
Global(Tower)

## သပိတ်ကျင်းတွင် အစိုးရရုံးများအား တစ်နေရာတည်း စုစည်းတည်ဆောက်မည်

**အောင်သစ်လွင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၄**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင်ပြန့်ကျဲနေသော အစိုးရရုံးဌာနများအား နေပြည်တော်ကဲ့သို့ စုပေါင်းရုံးအဖြစ် ပြန်လည်တည်ဆောက်မည်ဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ် အုပ်ချုပ်ရေးမှူးက ပြောသည်။

၂၀၁၂ နိုဝင်ဘာ ၁၁ ရက်က သပိတ်ကျင်းမြို့နယ်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သော ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၈ အဆင့်ရှိ ငလျင်ဒဏ်ကို ယင်းမြို့တွင် ပြင်းထန်စွာ ကြုံတွေ့ခဲ့ရပြီး အစိုးရဌာနဆိုင်ရာ အဆောက်အအုံပေါင်း ၆၀ ကျော်၊ သာသနိကအဆောက်အအုံပေါင်း ၅၉ လုံးနှင့် လူနေအိမ်ခြေပေါင်း ၉၃၆ လုံး ပျက်စီးခဲ့ရသည်။

လက်ရှိတွင်ဌာနဆိုင်ရာလုပ်ငန်းကိစ္စများကို ငလျင်ဒဏ်ခံရပြီး ပြိုကျမသွားဘဲ ကျန်နေခဲ့သော ပျက်စီးနေသည့် အဆောက်အအုံများတွင်သာ လုပ်ဆောင်နေရပြီး အဆောက်အအုံပိုင်းဆိုင်ရာ လိုအပ်ချက်ကြောင့် အခက်အခဲ အချို့ရှိကြောင်း မြို့နယ်အုပ်ချုပ်ရေးရုံးမှ ဝန်ထမ်းတစ်ဦးကပြောသည်။

“သပိတ်ကျင်းမြို့နယ်က ငလျင်ကြောပေါ်မှာ ရှိနေတော့ စုပေါင်းရုံးတည်ဆောက်တဲ့အခါ အဆောက်အအုံတွေကို ငလျင်ဒဏ်ခံနိုင်အောင် ပညာရှင်တွေနဲ့ တိုင်ပင်ပြီးတော့မှ အကောင်အထည်ဖော်မှာပါ”ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ဆိုသည်။

အသစ်ဖော်ထုတ်မည့် စုပေါင်းရုံးဧရိယာတွင် အစိုးရဌာနများဖြစ်သော ရဲစခန်း၊ တရားရုံး၊ စိုက်ပျိုးရေးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးကဲ့သို့ ပြည်သူလူထုနှင့် အစဉ်ထိတွေ့ဆက်ဆံနေရသော ရုံးများအားလုံးပါဝင်မည်ဖြစ်ပြီး မိုးလေဝသဌာန ရုံးအဆောက်အအုံကိုမူ မူလနေရာဟောင်းတွင်သာ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

သပိတ်ကျင်းမြို့သည် အိမ်ခြေကိုးရာကျော်နှင့် လူဦးရေ နှစ်ထောင်ကျော်ခန့်သာရှိကာ တစ်မြို့လုံးတွင် ရပ်ကွက်နှစ်ရပ်ကွက်သာရှိသော မြို့ငယ်လေးဖြစ်ပြီး ဒေသခံများအနေဖြင့် ကြံစိုက်ပျိုးရေးလုပ်ငန်းကို အဓိက လုပ်ကိုင်၍ တစ်ပိုင်တစ်နိုင် ရွှေတူးဖော်ခြင်းလုပ်ငန်းလည်း လုပ်ကိုင်ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အတွင်းရေးမှူး ဦးကိုကိုကြီးက ကြိုတင်တွက်ချက်၍ မရသော ငလျင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်မျိုး ကြုံတွေ့ရနိုင်သော ဒေသများအနေဖြင့် အဆောက်အအုံပိုင်းဆိုင်ရာ စနစ်တကျ တည်ဆောက်ထားခြင်းမျိုးသည် အကောင်းဆုံးကြိုတင်ကာကွယ်နည်းဖြစ်ပြီး လိုအပ်ပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းသို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း ပြောဆိုသည်။

## မန္တလေးတွင် နိုင်ငံခြားသူတစ်ဦး လုယက်ခံရ

**စိုင်းသာအောင်**

**မန္တလေး၊ ဖေဖော်ဝါရီ-၁၅**

မန္တလေးတိုင်းဒေသကြီး၊ပုဂံ-ညောင်ဦးမြို့တွင် နိုင်ငံခြားဧည့်သည် အမျိုးသမီးတစ်ဦးစီးလာသော စက်ဘီး ရှေ့ခြင်းအတွင်း ထည့်ထားသည့်အိတ်ကို ဆိုင်ကယ်စီး အမျိုးသား တစ်ဦးက လုယက်မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

ဖေဖော်ဝါရီ ၁၄ ရက် ညနေ ၆ နာရီ ခန့်က ပုဂံ-ညောင်ဦးမြို့၊ အမှတ်(၇)နယ်မြေ၊ ဝက်ကြီးအင်းရပ်၊ ညောင်ဦး-ပုဂံမြို့ဟောင်း၊ အနော်ရထာလမ်းမကြီး၊ သင်္ခါရလမ်းခွဲနှင့် အလိုတော်ပြည့်ဘုရားလမ်းကြားတွင် သဗ္ဗညုဘုရားနေဝင်ချိန်ကြည့်ပြီး စက်ဘီးကိုယ်စီဖြင့် ပြန်လာသော တရုတ်နိုင်ငံသူနှစ်ဦး အနက်တစ်ဦး၏ စက်ဘီးရှေ့ခြင်းထဲမှ ကျောပိုးအိတ်ကို နောက်မှဆိုင်ကယ်ဖြင့် ကပ်၍လိုက်လာသော အမျိုးသားတစ်ဦးက လုယက်ထွက်ပြေးသွားခဲ့ခြင်းဖြစ်သည်။

ယင်းအိတ်ထဲတွင် Canon ကင်မရာ အနက်ရောင်တစ်လုံး၊ တရုတ်ပြည်တွင်းသုံး မိုဘိုင်းဖုန်းတစ်လုံး၊ အမေရိကန်ဒေါ်လာ ၃၀၀၊ တရုတ်ယွမ်ငွေ ၆၀၀၊ မြန်မာကျပ်ငွေ ၂၂၀,၀၀၀၊ ကျောပိုးအိတ်အစိမ်းတစ်လုံး၊ တန်ဖိုး စုစုပေါင်း ၁,၉၃၆,၀၀၀ ကျပ် ပါသွားကြောင်း သိရသည်။ ၎င်းအပြင် နိုင်ငံကူးလက်မှတ် (Passport) စာအုပ်တစ်အုပ်၊ တရုတ်နိုင်ငံသားမှတ်ပုံတင်တစ်ခုလည်း ပါသွားခဲ့သည်။

ယင်းလုယက်မှုနှင့်ပတ်သက်၍ ကာယကံရှင်တရုတ်အမျိုးသမီးက အမှုဖွင့်လိုသော ဆန္ဒမရှိသော်လည်း ပုဂံ-ညောင်ဦးမြို့ ရဲစခန်းမှ ရဲအုပ်ဝေလင်းက အမှုကို အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ရုံးရဲမှူး (ဦးစီး) ရဲမှူး စိုးငြိမ်းက “မြန်မာနိုင်ငံကို လာရောက်လည်ပတ်တဲ့ နိုင်ငံခြားဧည့်သည်တွေ လုံခြုံရေးအတွက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့က သီးခြားလုံခြုံရေး တပ်ဖွဲ့ဖွဲ့စည်းပြီးပါပြီ။ လွန်ခဲ့တဲ့ တစ်နှစ်လောက်က သင်တန်းတွေလည်းပေးထားပါတယ်။ ဒီလိုဖြစ်စဉ်တွေ မဖြစ်ရအောင် ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ဒီလုယက်မှုဖြစ်စဉ်ကိုလည်း ကျွန်တော်တို့မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးကိုယ်တိုင်ကြီးကြပ်ပြီး နိုင်ငံခြားသားခရီးသွား ဧည့်သည်တွေ လုံခြုံရေးအတွက်ဂရုတစိုက် ဆောင်ရွက်နေပါတယ်” ဟု ပြောသည်။

## လက်ပံတောင်း ကြေးနီစီမံကိန်းနယ်မြေအနီး ရွာတစ်ရွာတွင် မီးလောင်မှုဖြစ်ပွား

**မျိုးမင်းဦး**

**မုံရွာ၊ ဖေဖော်ဝါရီ-၁၆**

မုံရွာခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်း နယ်မြေအတွင်း မိုးကြိုးပြင်ကျေးရွာတွင် ပေါ့ဆမီးကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ နေအိမ်ရှစ်လုံး မီးလောင်ဆုံးရှုံးပြီး လူ ၄၃ ဦး၊ အိမ်ထောင်စု ရှစ်စု အိုးမဲ့အိမ်မဲ့ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိပါသည်။

“အိမ်ခြေကလည်း စိပ်ပြီး ကပ်မိုးကပ်ကာတွေ၊ ထန်းရွက်မိုးအိမ်တွေများတာရော၊ ရေရှားပါးတာရောကြောင့် ချက်ချင်းမငြိမ်းသတ်နိုင်ဘူး။ အနီးပတ်ဝန်းကျင်က ဆားလင်းကြီးမြို့နယ်၊ ယင်းမာပင်မြို့နယ်၊ အလုံတပ်မြို့နဲ့ မုံရွာမြို့က မီးသတ်ကားတွေ ဝိုင်းဝန်းငြိမ်းသတ်လို့ အချိန်တိုအတွင်းမှာပဲ မီးကငြိမ်းသွားတာဖြစ်ပါတယ်”ဟု ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင် (မြောက်) ကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

မြန်မာဝမ်ပေါင် ကြေးနီတူးဖော်ရေး ကုမ္ပဏီမှမြန်မာဝန်ထမ်းတစ်ဦးက “မီးလောင်တယ်ကြားကြားချင်း ကုမ္ပဏီက မီးသတ်ကား



*မီးလောင်ပြင်အား မီးငြိမ်းသတ်နေစဉ်*

ဓာတ်ပုံ - မျိုးမင်းဦး

တွေလည်း သွားငြိမ်းကြတယ်။ လက်ပံတောင်းတောင်ကြေးနီတူးဖော်ရေးလုပ်ငန်းမှာ ဝင်ရောက်လုပ်ကိုင်နေတဲ့ လုပ်ဖော်ကိုင်ဖက်တွေလည်း ရှိတယ်။ ရေရှားပြီး မီးလောင်ရင် မီးငြိမ်းဖို့ အခက်အခဲတွေရှိတယ်ဆိုတော့ ကူညီချင်ခဲ့တာပါ”ဟု ဆိုသည်။

လက်ပံတောင်းတောင်ကြေးနီတူးဖော်ရေး စီမံကိန်းနယ်မြေနှင့် အနီးဆုံးဖြစ်သော ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင် (မြောက်) ကျေးရွာတွင် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီခွဲအချိန် လောင်ကျွမ်းသော အဆိုပါမီးကြောင့် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသော အိမ်ထောင်စု ရှစ်စုအား မိုးကြိုးပြင်(မြောက်) ကျေးရွာတွင် မီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်စောင့်ရှောက်ထားရှိကြောင်း သိရသည်။

## ရခိုင်တိုင်းရင်းသားမိသားတစ်စုအား အကြမ်းဖက်မှုတွင် ပါဝင်သူဟုယူဆရသော ဘင်္ဂါလီ ၂၀ ဦးကို ဖမ်းဆီးစစ်ဆေး

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ ၁၄**

ရခိုင်တိုင်းရင်းသားမိသားတစ်စုကိုယခုလ ၁၀ ရက်က အကြမ်းဖက်တိုက်ခိုက်ခဲ့သော ဘင်္ဂါလီများအနက် တရားခံဖြစ်နိုင်သူ အယောက် ၂၀ ခန့်ကိုဖမ်းဆီးစစ်ဆေးနေကြောင်း မောင်တောမြို့နယ်၊ ငါးခူရကျေးရွာအုပ်စု၊ နယ်စပ်ဒေသကွပ်ကဲမှုဌာနချုပ်၊ (နစက)အမှတ်(၅) နယ်မြေမှ ဗိုလ်မှူးဝင်းလှိုင်ကပြောသည်။

ဖေဖော်ဝါရီ ၁၀ ရက် နံနက် တစ်နာရီခွဲ အချိန်တွင် မောင်တောမြို့၊ မြို့သစ်ကျေးရွာရှိ ဦးဘတင်၏နေအိမ်သို့ ပြောက်ကျား ဝတ်စုံဝတ်ဆင်ထားသူ နှစ်ဦးအပါအဝင် ဘင်္ဂါလီအယောက် ၂၀ ဝန်းကျင်သည် ညဘက်ကင်းလှည့်သည့်ပုံစံဖြင့် ရောက်လာပြီး တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

“နစက က ပတ္တရောင်လှည့်တယ်ပြောလို့ကျွန်တော့် အစ်ကိုနဲ့ ညီငယ်တို့အောက်ဆင်းသွားချိန်မှာ လှေကားရင်းကနေ ဓာတ်မီးတွေနဲ့ ဝိုင်းထိုးပြီး ဓားနဲ့ခုတ်ချပစ်လိုက်တာ။ အစ်ကိုလဲသွားတော့ သေနတ်နဲ့ထပ်ပစ်တယ်။ ညီဝမ်းကွဲမောင်အေးကတော့သေနတ်ဒဏ်ရာနဲ့ ချက်ချင်းဆုံးသွားတယ်”ဟု ဦးဘတင်၏ညီ ဦးဘသိန်းကပြောသည်။

အကြမ်းဖက်သူများသည် အခင်းဖြစ်ပွားရာရွာမှ ဘင်္ဂါလီ အများစု နေထိုင်သည့် ဒိုးတန်းကျေးရွာဘက်သို့ ပြန်လည်ထွက်ခွာသွားပြီး မည့်သည့် ပစ္စည်းမှ ယူဆောင်မသွားကြောင်း ဦးဘတင်က ပြောသည်။ အခင်းဖြစ်ပွားစဉ် ဦးမောင်အေးမှာ ပွဲချင်းပြီး သေဆုံးသွားပြီး ရွာသားများထဲမှ ဒဏ်ရာရရှိခဲ့သူနှစ်ဦးကို မောင်တောဆေးရုံတွင် တင်ပို့ကုသထားကြောင်း သိရသည်။

“ကျွန်တော်တို့အစ်ကိုက ရွာနီးချုပ်စပ်ကျေးရွာအုပ်စုတွေပေါ်မှာ သြဇာညောင်းတယ်။ ရခိုင်တွေကလည်း သူ့ကို ရွာလူကြီးအဖြစ် အသိအမှတ်ပြုထားတာ။ အစ်ကို့ကိုကြောက်အောင်လုပ်ပြီးနှင်ထုတ်နိုင်ရင်ကျန်တဲ့ ရခိုင်တွေလည်း မနေရဲတော့ဘူးလို့ထင်ပြီး ခုလိုလုပ်တာ”ဟု အခင်းဖြစ်ချိန်တွင် တိုက်ခိုက်ခံရသူ ဦးဘချစ်က ပြောသည်။

ဦးဘတင်မှာ ဦးခေါင်း၊ လက်၊ ပေါင်တို့တွင် ဓားဒဏ်ရာနှင့် တင်ပါးတွင် သေနတ်ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာပြင်းထန်သဖြင့် စစ်တွေဆေးရုံမှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဖေဖော်ဝါရီ ၁၃ ရက်တွင် လေယာဉ်ဖြင့် သယ်ဆောင်ပေးခဲ့ကြောင်း ကူညီပေးခဲ့သည့်နာရေးကူညီမှုအသင်းဥက္ကဋ္ဌဦးကျော်သူက ပြောသည်။

ဦးဘတင်မှာ ရရှိထားသည့် ဒဏ်ရာများကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသဆောင်တွင် တစ်လခန့်ဆေးဝါးကုသမှု ခံယူရမည်ဟု ၎င်း၏မိသားစုဝင်များက ပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# ငလျင်ကြောင့် ပြိုကျအိမ်များ လေးလကြာသည်အထိ ပြန်ဆောက်ပေးနိုင်ခြင်း မရှိသေး

**အောင်သစ်လွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၄**

ငလျင်ဒဏ်ကြောင့် နေအိမ်များ ပြိုပျက်ခဲ့ရသော ဒုက္ခသည်များကို မန္တလေးတိုင်းဒေသကြီးအစိုးရက အိမ်ပြန်ဆောက်ပေးမည်ဟု စာချုပ်ချုပ်ဆိုပေးခဲ့သော်လည်း လေးလကျော်သည်အထိ ပြန်လည်ဆောက်လုပ်ပေးခြင်းမရှိသေးကြောင်း သတင်းရရှိသည်။

၂၀၁၂ နိုဝင်ဘာ ၁၁ ရက်က ပြင်းအားရစ်ချ်တာ စကေး ၆ ဒသမ ၈ အဆင့်ရှိ အင်အားပြင်း ငလျင်လှုပ်ခတ်ခဲ့ပြီး ရက်ပိုင်းအတွင်း မြို့နယ်နှင့်တိုင်းဒေသကြီးရုံးမှ တာဝန်ရှိသူများလာရောက်၍ ငလျင်ဒဏ်သင့်အိမ်များအနက်မှ အိမ်ပြိုခဲ့သည့်အိမ်ပိုင်ရှင်များ အနေဖြင့် မိမိအစီအစဉ်ဖြင့် ပြန်လည်တည်ဆောက်မည်ဆိုပါက ငွေကြေးထောက်ပံ့ပေးမည်ဖြစ်ပြီး တိုင်းဒေသကြီး အစိုးရအနေဖြင့် အကုန်အကျခံ ပေးမည်ဟုဆိုကာ တာဝန်ရှိသူများက လက်မှတ်ရေးထိုးပေးခဲ့ကြောင်း ငလျင်ဒဏ်သင့် ဒေသခံများက ပြောသည်။

စဉ့်ကူးမြို့နယ် ခူလယ်ရွာမှ ဒေသခံ ဦးမောင်ဆွေက “အိမ်ပြန်ဆောက်ပေးမယ်ဆိုလို့ ရွက်ဖျင်တဲနဲ့နေခဲ့တာ လေးလကျော်သွားပြီ။ ရှေ့လဆိုရင် မိုးရာသီပြန်ရောက်တော့မယ်။ လက်မှတ်ထိုးပေးပြီးကတည်းက အကြောင်းမပြန်တာ ဒီနေ့အထိပဲ” ဟု ပြောသည်။

အဆိုပါ ခူလယ်ရွာတွင် နေအိမ် ၁၅၃ လုံးရှိပြီး လေးဆယ့် ငါးအိမ် အပျက်စာရင်းသတ်မှတ်၍ တစ်အိမ်လျှင် ကျပ်သုံးသောင်းမှ နှစ်သိန်း ထောက်ပံ့ပေးခဲ့သည်။ ပြိုကျသွားသော နေအိမ် ၁၅ လုံးအနက် ခုနစ်လုံးမှာ အိမ်ပိုင်ရှင်က မိမိအစီအစဉ်ဖြင့် ပြန်လည်တည်ဆောက်မည်ဖြစ်၍ ငွေကျပ် လေးသိန်းနှင့် ဘိလပ်မြေ ငါးအိတ် ထောက်ပံ့ပေးခဲ့ပြီး ကျန် ရှစ်အိမ်မှာ တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် ပြန်လည်တည်ဆောက်ပေးမည်ဟု လတ်မှတ်ရေးထိုးပေးခဲ့သော်လည်း သက်ဆိုင်ရာ တာဝန်ရှိသူများမှ ညွှန်ကြားချက်မရသေး၍ သည်းခံပြီး စောင့်စေလိုကြောင်း စဉ့်ကူးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှဝင်းက ပြောသည်။

ဦးလှဝင်းက “ဂျပန်အစိုးရက ကူညီမယ်လို့ပဲ သိထားပါတယ်။ ဒီထက်ပိုပြီး သတင်းမထုတ်ပြန်နိုင်သေးပါဘူး။ သည်းခံပြီးသာ စောင့်ကြပါ” ဟု ဆိုသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက လှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဒဏ်ကို မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ပြင်းထန်စွာ ခံစားခဲ့ရပြီး သက်ဆိုင်ရာ အစိုးရဌာနများ၊ အင်န်ဂျီအိုအဖွဲ့အစည်းများနှင့် ဒေသအသီးသီးမှ အလှူရှင်များ၏ အကူအညီဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နေသော်လည်း နေအိမ်အများစုမှာ ယခုအချိန်အထိ ပြန်လည်တည်ဆောက်နိုင်ခြင်း မရှိသေးဘဲ ငလျင်ဒဏ်ခံဒုက္ခသည် အများစုမှာ ရွက်ဖျင်တဲများတွင်သာ နေထိုင်နေရဆဲဖြစ်ကြောင်း သိရသည်။

# အမှိုက်ကျင်းအတွင်း ကြေးဆင်းတု (၁၁)ဆူ တွေ့ရှိ

**စိုင်းသာအောင်**

**ပြင်ဦးလွင်၊ ဖေဖော်ဝါရီ-၁၅**

အမှိုက်ကောက်ကလေးငယ် နှစ်ဦးသည် ဖေဖော်ဝါရီ ၁၄ ရက် က ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၉)၊ လျှပ်စစ်တာဝါတိုင် အနီးရှိစည်ပင်သာယာအမှိုက်ကျင်းတွင် အမှိုက်ကောက်စဉ် အမှိုက်ကျင်းအတွင်းမှ ကြေးဆင်းတုတော် ၁၁ ဆူတွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

အမှိုက်ကောက်ကလေးငယ် နှစ်ဦးတွေ့ရှိသော ကြေးဆင်းတုတော်များကို ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ပြင်ဦးလွင် ရဲစခန်းသို့ အပ်နှံထားကြောင်း သတင်းရရှိသည်။

ဆင်းတုတော်များမှာ နှစ်လက်မရပ်တော်မူ တစ်ဆူ၊ လေးလက်မရပ်တော်မူ တစ်ဆူ၊ ငါးလက်မရပ်တော်မူသုံးဆူ၊ သုံးလက်မရပ်တော်မူနှစ်ဆူ၊ နှစ်လက်မရပ်တော်မူ ကြေးဆင်းတုတစ်ဆူ၊ သုံးလက်မရှိမြင်းစီးတော ထွက်ကြေးဆင်းတုတစ်ဆူ၊ သုံးလက်မရှိကြေးဆင်းတုနှစ်ဆူတို့ ဖြစ်ကြောင်း သိရသည်။

# ဆောင်းခိုငှက်များ အင်းလေးကန်အတွင်း ပိုမိုလာရောက်

**သန်းထူး**

**နေပြည်တော်၊ ဖေဖော်ဝါရီ -၁၄**

မြန်မာနိုင်ငံ၏ အထင်ကရတောင်ပေါ်ရေကန်ကြီးတစ်ခုဖြစ်သော အင်းလေးကန်အတွင်းသို့ ယခုနှစ်တွင် ဆောင်းခိုငှက်များ လာရောက်မှုမှာယခင်နှစ်များကထက် ပိုမိုကြောင်း အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းက ပြောကြားသည်။

“ဒီနှစ် ဆောင်းခိုငှက်တွေ လာရောက်မှုက အရင်နှစ်တွေထက်ပိုများပါတယ်။ ဒီလ ၈ ရက်နဲ့ ၉ ရက်နေ့မှာ ကောက်တဲ့စာရင်းတွေအရ ငှက်အကောင်ရေ ၁၃,၀၀၀ လောက်ရှိပြီး အရင်နှစ်တွေထက် ၃,၀၀၀ လောက်ပိုများပါတယ်” ဟု နေပြည်တော်ရှိ ဝန်ကြီးရုံးတွင် ပြုလုပ်သော အခမ်းအနားတစ်ခု၌ ၎င်းက ပြောကြားသည်။

အဆိုပါ စာရင်းသည် အင်းလေးကန်ရေပြင်ပေါ်တွင်ရောက်လာသော ငှက်များအားစာရင်းကောက်ယူခဲ့ခြင်းသာဖြစ်ပြီး အခြားကိုင်းတောနှင့် ကျွန်းမျောများဘက်တွင် ကျရောက်သော ငှက်များမပါသေးကြောင်း၊ ဒေသခံငါးဖမ်းလုပ်သားများအား သတ်မှတ်နေရာခွဲခြားကာလုပ်ကိုင်စေပြီး ပညာပေးခဲ့ခြင်းကြောင့် ငှက်များ ပိုမိုလာရောက်ခြင်းဖြစ်နိုင်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

လက်ရှိ လာရောက်နားခိုသော ဆောင်းခိုငှက်များတွင် ရေဘဲအုပ်စုဝင် ငှက်မျိုးစိတ်များအများဆုံးဖြစ်ကြောင်း၊ ၎င်းတို့မှာ ဆိုက်ဗေးရီးယား၊ ရုရှား၊ တရုတ် စသည့်အအေးလွန်ကဲသော ဒေသများမှ လာရောက်နားခိုခြင်းဖြစ်ကြောင်း၊ အင်းလေးကန်တွင် ဆောင်းခိုငှက်များအား မှတ်တမ်းကောက်ယူခြင်းကို နှစ်စဉ် နိုဝင်ဘာ မှ မတ်လကုန်အထိ ဆောင်ရွက်လျက်ရှိကြောင်းလည်း ၎င်း၏ ပြောကြားချက်အရ သိရသည်။

အီရန်နိုင်ငံ အခြေစိုက် Ramsar Site အဖွဲ့၏ အသိအမှတ်ပြု ရေတိမ်ဒေသတစ်ခုဖြစ်ရန် အကောင်အထည် ဖော်လျက်ရှိသော အင်းလေးကန်အတွင်း ငှက်မျိုးစိတ်ပေါင်း ၂၇၄ မျိုးရှိပြီး ရေပျော်ငှက်မျိုးစိတ် ၈၂ မျိုးနှင့် ကမ်းစပ်နေငှက်မျိုးစိတ် ၉၂ မျိုး ရှိကြောင်းလည်း ထပ်မံသိရှိရသည်။

# စက်ရုံဝန်ထမ်း ၃၀ ကျော် အစာအဆိပ်သင့်၍ နှစ်ဦး သေဆုံး

**မျိုးမင်းဦး**


**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၂**

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ထမံသိကျေးရွာအုပ်စု ယက်ဖကျေးရွာ သစ်ပါးလွှာစက်ရုံအတွင်း ဝန်ထမ်းများ နံနက်စာ စားသောက်ရာမှ အစာအဆိပ်သင့်မှုကြောင့် နှစ်ဦးသေဆုံးခဲ့ပြီး လူ၃၀ခန့် အရေးပေါ် ကုသခံနေရကြောင်း သတင်းရရှိသည်။

ယခုလ ၁၁ ရက် နံနက် ၆ နာ ရီခန့်တွင် ယင်းစက်ရုံမှဝန်ထမ်းများသည် ငါးဖိထုပ်သုပ်စားရာမှ အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ပြီး အမျိုးသား ၁၇နှစ်ဦးနှင့် အမျိုးသမီး ၁၅ဦးတို့အား ထမံသီတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရာ ယင်းတို့အနက် အမျိုးသမီးနှစ်ဦး သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

“ကုမ္ပဏီက တရုတ်နှစ်သစ်ကူးကာလမို့ အရင်ရက်တွေတုန်းက ဝန်ထမ်းတွေ အစားစုံတာနဲ့လည်း ဆိုင်တယ်လို့ပြောတယ်။ တချို့ကလည်း ငါးဖိထုပ်မှာ ပိုးသတ်ဆေး အလွန်အကျွံပါတာကြောင့်လို့လည်းပြောတယ်။လောလောဆယ်တော့ နှစ်ယောက်သေသွားပြီ။ အရေးပေါ် လူနာတွေကို ဟုမ္မလင်းတိုက် နယ်ဆေးရုံနဲ့ ထမံသီတိုက်နယ်ဆေးရုံတွေမှ တင်ထားတယ်” ဟု ဆေးဝါးကုသခံနေရသူတစ်ဦး၏ မိသားစုဝင်တစ်ဦးက ပြောသည်။ သေဆုံးသူနှစ်ဦးမှာ မုံရွာမြို့မှ အမျိုးသမီးငယ်နှစ်ဦးဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဝန်ထမ်းများဆေးကုသရန် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ယူပေးထားပြီး၊ ယင်းစက်ရုံသို့ဆက်သွယ်မေးမြန်းရာ ဖုန်းဖြေကြားမည့်သူမရှိခဲ့ပေ။

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# သံဖြူဇရပ်ဈေး မီးဘေးသင့် ဆိုင်ခန်း ၆၀ ကျော် အာမခံ လျော်ကြေးရ

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၄**

မြန်မာ့အာမခံလုပ်ငန်းမှ မွန်ပြည်နယ် သံဖြူဇရပ်အမှတ်(၁) ဈေးကြီးတွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုတွင် ဆုံးရှုံးခဲ့သော ဆိုင်ခန်းများအနက် ကျေးလက်ဖွံ့ဖြိုးရေး လီမိတက်ဘဏ် ချေးငွေဖြင့် မီးအာမခံထားရှိခဲ့သည့် ဆိုင်ခန်းများကို လျော်ကြေးငွေ ကျပ်သန်းနှစ်ရာကျော် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၁၉ ရက် ည ၁၂ နာရီအချိန်တွင် လျှပ်စစ်ကြိုးမှတစ်ဆင့်ဖြစ်ပွားခဲ့သည့် အဆိုပါဈေးကြီး မှမီးလောင်ဆုံးရှုံးခဲ့သော ဆိုင်ခန်း(၆၂၉) ခန်းအနက် မီးအာမခံထား ရှိသည့် ဆိုင်ခန်းပေါင်း(၆၈) ခန်း အတွက်လျော်ကြေးငွေ ၂၀၃ သန်းကျော် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

"၆၈ ခန်းမှာ အကုန်လုံးအပြည့်နီးပါးပဲ လျော်ရတာဖြစ်ပါတယ်"ဟု မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်း က ပြောသည်။

ထိုမီးလောင်ကျွမ်းမှုကို ရှို့မီးဟုသံသယဖြစ်ဖွယ်သတင်းများ ထွက်ပေါ်နေသော်လည်း မီးအာမခံထားရှိသည့် ဆိုင်ခန်းများမှာ ဆင့်ပွား ကူးစက်ခဲ့ခြင်းဖြစ်သောကြောင့် မည်သို့ပင်ဆိုစေကာမူ လျော်ကြေးငွေပေးလျော်မည်ဖြစ်ကြောင်း ဦးအေးမင်းသိန်းက ပြောသည်။

အဆိုပါ ဈေးမှာ သုံးနာရီကျော်ကြာ မီးလောင်ကျွမ်းခဲ့ပြီး ဆိုင်ခန်းပေါင်း(၉၆၂)ခန်းအနက် (၆၂၉) ခန်းလောင်ကျွမ်းခဲ့ရာ စုစုပေါင်းဆုံးရှုံးမှုတန်ဖိုးကျပ်သိန်းနှစ်ထောင်ကျော်ဆုံးရှုံးခဲ့သည်ဟု မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သိရသည်။

# ချောင်းကိုပိတ်၍ ဖောက်လုပ်ထားသော ကားလမ်းကြောင့် ကောသွားသောချောင်း ကုမ္ပဏီ ပြန်တူးပေးမည်ဟုဆို

**အောင်သစ်လွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**




*ယမန်နှစ် စိုက်ပျိုးရာသီက ရပ်ရွာမှ အခကြေးငွေပေး၍ မိချောင်းပေါက်ချောင်း ပြန်လည်ဖော်ထုတ်နေစဉ်*

ရတနာသိဃ်တံတား တည်ဆောက်ရေးချဉ်းကပ်လမ်း ဖောက်လုပ်စဉ် ချောင်းကို ပိတ်၍ ကားလမ်းဖောက်သောကြောင့် ကောသွားသောမိချောင်းပေါက်ချောင်းအား ပြန်လည်တူးဖော်ပေးမည် ဖြစ်ကြောင်း ရွှေဝါလင်းကုမ္ပဏီမှ တာဝန်ရှိသူဦးအောင်ခန့်လင်းကပြောသည်။

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့နယ်တို့ကို ဆက်သွယ်ပေးမည့် ရတနာသိဃ်တံတား တည်ဆောက်ရေးစီမံကိန်းကို ၂၀၁၀ ပြည့်နှစ်တွင် စတင်ခဲ့သည်။ ပင်မတံတားတည်ဆောက်ရေးကို တံတားအထူးအဖွဲ့ (၁၄) မှ တာဝန်ယူခဲ့ပြီး တံတားချဉ်းကပ်လမ်းကို ရွှေဝါလင်းကုမ္ပဏီနှင့်ပါဝါဆဲဗင်းကုမ္ပဏီတို့မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ချဉ်းကပ်လမ်းဖောက်လုပ်ရန် အဆိုပါ မိချောင်းပေါက်ချောင်းကို ပိတ်၍ မြေဖို့ကာ သယ်ယူပို့ဆောင်ရေးအတွက် ကားလမ်းအဖြစ် အသုံးပြုခဲ့သည်ဟု သိရသည်။

"တံတားစီမံကိန်းစကတည်းက လယ်တွေရေမြုပ်တာ ဒီနှစ်နဲ့ဆို သုံးနှစ်ရှိနေပြီ။ ချောင်းပြန်ဖော်ပေးဖို့ မြို့နယ်တာဝန်ရှိသူတွေကို တောင်းဆိုတော့ ဝန်ကြီးတစ်ဦးနဲ့ ပတ်သက်တဲ့ ကုမ္ပဏီမို့လို့ အဆင်မပြေနိုင်ဘူးလို့ ပြောပါတယ်" ဟု စဉ့်ကူးမြို့နယ် ခူလယ်ရွာသားတစ်ဦးက ဆိုသည်။

စဉ့်ကူးမြို့နယ် ထွေ/အုပ်ရုံးသို့ ဆက်သွယ်မေးမြန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး နယ်ဒေသများသို့ကွင်းဆင်းနေပါသဖြင့် ပြန်လည်ဖြေကြား၍ မရပါကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေဝါလင်းကုမ္ပဏီ သည် ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်၏ မိသားစုပိုင် ကုမ္ပဏီဖြစ်ပြီး လိုအပ်ပါက မြို့နယ်တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ ပြန်လည်ရှင်းလင်းပေးမည်ဖြစ်ကြောင်း၊ ချောင်းကိုပိတ်၍ ဖောက်လုပ်ထားသော အဆိုပါကားလမ်းသည် ရွှေဝါလင်းကုမ္ပဏီတစ်ခုတည်း အသုံးပြုခြင်းမဟုတ်ဘဲ တံတားတည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်သော ကုမ္ပဏီအားလုံး အသုံးပြုခဲ့သော လမ်းဖြစ်ကြောင်း ဦးအောင်ခန့်လင်းက ဆိုသည်။

မိချောင်းပေါက်ချောင်းသည် ဧရာဝတီမြစ်နှင့် ခူလယ်ကျေးရွာရှိ ခူလယ်အင်းတို့ကို ချိတ်ဆက်ထားသော ချောင်းဖြစ်ပြီး မိုးတွင်းရေတက်ချိန်တွင် အင်းထဲသို့ မြစ်ရေဝင်၍ ရေပြန်ကျချိန်တွင် ချောင်းထဲ၌ မြေစာများပိတ်ဆို့ကာ မြစ်ထဲသို့ ရေပြန်ထွက်မသွားခြင်းကြောင့် လယ်မြေဧကသုံးရာကျော်မှာ ရေနစ်မြုပ်နေကြောင်း ချောင်းပြန်လည်တူးဖော်ရေးတာဝန်ခံ ခူ လယ်ရွာသား ဦးမောင်ဆွေက ပြောသည်။

"နှစ်စဉ်နှစ်တိုင်း အခုလိုရာသီဆိုရင် စပါးစိုက်ပျိုးပြီး ကေစာရင်းကို မြို့နယ်စိုက်ပျိုးရေးရုံးဝန်ထမ်းတွေ ကွင်းထဲကို ဆင်းပြီး တောင်းတယ်။ ဒီနှစ် တစ်ယောက်မှ ပေါ်မလာသေးဘူး။ စိုက်ဧကလည်း ဆယ့်ငါးဧကတောင် မပြည့်သေးဘူး" ဟု ဆိုသည်။

စဉ့်ကူးမြို့နယ်စိုက်ပျိုးရေးရုံးမှ တာဝန်ရှိသူတစ်ဦးက "မတ်လကုန် လောက်ကျမှ စိုက်ပျိုးပြီး လယ်ဧကစာရင်း ဆင်းတောင်းမှာပါ။ အခုကတော့ ဘယ်နှဧက စိုက်ပြီးပြီလဲဆိုတာ ပြောလို့မရသေးပါဘူး" ဟု ဆိုသည်။

ခူလယ်ကျေးရွာသည်မန္တလေးတိုင်းဒေသကြီးစဉ့်ကူးမြို့နယ်တွင် ပါဝင်ပြီး ပြီးခဲ့သည့် နိုဝင်ဘာ ၁၁ ရက်က လှုပ်ခတ်ခဲ့သော သပိတ်ကျင်းမြေငလျင်ဒဏ်ကို အပြင်းအထန်ခံခဲ့ရပြီး အစိုးရနှင့် အင်န်ဂျီအိုအဖွဲ့အစည်းများမှယနေ့အချိန်အထိကူညီထောက်ပံ့ရေးလုပ်ငန်းများလုပ်ဆောင်နေရဆဲဖြစ်သည်။ တည်ဆောက်ဆဲ ရတနာသိဃ်တံတားမှာလည်း မြေငလျင်ဒဏ်ကြောင့်အကြီးအကျယ်ထိခိုက်ပျက်စီးခဲ့သည်။

# မန္တလေးတိုင်းဒေသကြီးအချို့တွင် အသေးစားလယ်ယာထွက်ကုန် လုပ်ကိုင်သူများအတွက် ချေးငွေများပေးမည်

**ညီညီဇော်**

**မန္တလေး၊ ဖေဖော်ဝါရီ -၁၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ကျောက်ဆည်တို့ရှိ ကျေးရွာများမှ အသေးစားလယ်ယာထွက်ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်နေသူများကို ဖေဖော်ဝါရီလအတွင်းချေးငွေများထပ်မံထုတ်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၂ ခုနှစ် စက်တင်ဘာလကလည်း မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာ၊ ကျောက်ဆည်မြို့နယ်များမှ အသေးစားလုပ်ငန်းရှင် သုံးထောင်ကျော်အား ကျပ်သိန်းနှစ်ထောင်ကျော်ထုတ်ချေးပေးပြီးဖြစ်ကြောင်း ယခုနှစ် ဖေဖော်ဝါရီ (၁၈)မှ(၂၅)အတွင်း ထန်းတောင်သူ၊ ရက်ကန်း၊ တောင်း၊ ဆန်ကော၊ ပီနံ ကြိုးကျစ်၊ ဖျာ အစရှိသည့် အသေးစားလုပ်ငန်းများကို ချေးငွေများ ထပ်မံ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး တိုင်းဒေသကြီး မန်နေဂျာဦးဇေယျာဆွေက ပြောသည်။

"အသေးစားလုပ်ငန်းလေးတွေကို လယ်နားချိန်မှာ ဝင်လုပ်တာတွေလည်းရှိတယ်။ သူတို့တွေ ရဲ့ ဒုတိယဝင်ငွေတိုးတက်အောင် ပံ့ပိုးပေးတာပါ"ဟု ယင်းတာဝန်ရှိ သူက ပြောသည်။

မြင်းခြံခရိုင်အတွင်းရှိမြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ငါန်းဇွန်မြို့နယ်များမှ ထန်းတောင်သူ တစ်ထောင့်ငါးရာကျော် အတွက် တစ်ဦးလျှင် တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ မိတ္ထီလာမြို့နယ်ကျေးရွာသုံးရွာမှလယ်ယာထွက်ကုန် အသေးစား လုပ်ငန်းရှင် တစ်ဦးလျှင် ခုနစ်သောင်းနှုန်းဖြင့်လည်းကောင်း၊ ကျောက်ဆည်ခရိုင်အတွင်းမှ (၁၁)ရွာ၊ ရမည်းသင်းခရိုင်အတွင်း မှ နှစ်ရွာ၊ မြင်းခြံခရိုင်အတွင်းမှ ကိုးရွာတို့မှ လုပ်ငန်းများကိုလည်းလုပ်ငန်းတစ်ခုလျှင် ကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းတိုင်း ဒေသကြီး မန်နေဂျာက ပြောကြားသည်။

ဒေသအလိုက်ခြောက်လနှင့် ရှစ်လအကြား နှစ်ကျပ်ခွဲအတိုးနှုန်းဖြင့် ပြန်ဆပ်ရမည်ဟု သိရသည်။ အတိုးမှ တစ်ကျပ်အတိုးကို ယင်းဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လှူသည်ဟု သိရသည်။

အသေးစား လယ်ယာထွက်ကုန်ပစ္စည်း လုပ်ငန်းလုပ်ကိုင်သူများအတွက် လာမည့်နှစ်များတွင်လည်းချေးငွေပမာဏကို ၂၅ ရာခိုင်နှုန်းတိုးမြှင့်ကာထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

# မီးရထားလုပ်ငန်းခွင်အတွင်း လူသုံးဦး မြေပိသေဆုံး

**စောရန်နိုင်**

**မကွေး၊ ဖေဖော်ဝါရီ-၁၆**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း မီးရထားလုပ်ငန်းခွင်အတွင်း မြေစာပြိုကျမှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦး သေဆုံးခဲ့သည့် သေမှုသေခင်းဖြစ်ရပ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ဖြစ်ပွားခဲ့သည်။

အဆိုပါ ညနေ ၅ နာရီ ၁၅ မိနစ် အချိန်ခန့်က မကွေးမြို့နယ် မိကျောင်းရဲ ရဲစခန်းအပိုင် ရုံးကုန်းရွာ၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ မီးရထားလမ်းလုပ်ငန်းခွင်၌ တံတားမြေထိန်း တောင်ဘန်ကာပြုလုပ်ရန် အလျား ၃၂ ပေ၊ အနံ ၈ ပေ၊ အနက် ၆ ပေခန့်ရှိ ကျင်းထဲတွင် အုတ်ရိုးစီလုပ်ငန်းများ လုပ်ကိုင်နေစဉ် ၁၅ ပေ အကွာမှ မြေကြီးများ ပြိုကျခဲ့သည်။ ယင်းမြေပြိုမှုကြောင့်အလုပ်သမားများဖြစ်ကြသည့်မြင့်ဇော်ဝင်း၊ ရုံးကုန်းကျေးရွာနေသူမှာ ဦးခေါင်းကြေမွဒဏ်ရာ၊ မန္တဲ့နှင့်မယဉ်နွဲ့တို့မှာ ဦးခေါင်းကြေမွဒဏ်ရာ၊ ဝမ်းဗိုက်ကွဲဒဏ်ရာစသည်တို့ဖြင့် သုံးဦးစလုံး သေဆုံးခဲ့သည်။ အလားတူ အခြားအလုပ်သမားများဖြစ်သည့် ဖိုးကျော်နှင့် မိုးမိုးတို့လည်း ဒဏ်ရာအသီးသီး ရရှိခဲ့ကြောင်း အဆိုပါသေဆုံးမှုနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊မဟုတ် သိရှိနိုင်ရန် မကွေးမြို့နယ် မိကျောင်းရဲ ရဲစခန်းကသေမှုသေခင်း အမှတ်စဉ် ၁/၁၃ ဖြင့် ရေးဖွင့်ထားကြောင်း သိရသည်။






7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# ကင်းထောက်ဟောင်းကြီးများ တွေ့ဆုံပွဲကျင်းပမည်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၅**

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ကင်းထောက်ဟောင်းကြီးများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း ကင်းထောက်သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ပြောကြားသည်။

ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သည့်တော်လှန်ရေးကောင်စီအစိုးရလက်ထက် ၁၉၆၂ ခုနှစ်တွင် စတင်၍ ပြိုကွဲခဲ့ရသော ကင်းထောက်အဖွဲ့ကို နှစ်ပေါင်း ငါးဆယ်အကြာ သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက် ၂၀၁၂ ခုနှစ်တွင် ပြန်လည်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် ယောကျ်ားလေးကင်းထောက်ဦးရေ ၉၀၀ နှင့် မိန်းကလေး ကင်းထောက်ဦးရေ ၉၀၀ စုစုပေါင်း ၁၈၀၀ ဖြင့် ပြန်လည်ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီး နေဝင်းလက်ထက်တွင် ကင်းထောက်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများမှာ ယနေ့အချိန်တွင် အသက် ၇၀ မှ ၉၀ ကြားရှိနေကြပြီး ယင်းတို့၏ အတွေ့အကြုံနှင့် အကြံဉာဏ်များရယူ၍ ပြန်လည်ဖွဲ့စည်းလိုက်သော ကင်းထောက်အဖွဲ့၏ လုပ်ငန်းစဉ်များတွင် အသုံးချရန် ရည်ရွယ်ကာ ကင်းထောက်ဟောင်းကြီးများ တွေ့ဆုံပွဲကို စီစဉ်ရခြင်းဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌဦးတင်ညိုက ပြောသည်။

"ကိုယ့်အားကိုယ်ကိုးပြီး သူတစ်ပါးကို ကူညီချင်စိတ်ရှိတဲ့ သမိုင်းကြောင်း ကောင်းခဲ့တဲ့ ကင်းထောက်ဟောင်းကြီးတွေနဲ့ အဖွဲ့ဝင် လူငယ်လေးတွေကို တွေ့ဆုံပေးမှာပါ။ လူငယ်တွေအတွက် အများကြီး အကျိုးရှိစေမှာပါ"ဟု ကင်းထောက်သင်တန်း ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သော အငြိမ်းစား ကျောင်းအုပ်ဆရာဦးကြည်သန်းက ပြောကြားခဲ့သည်။

"ဘဘတို့ကင်းထောက်လုပ်ခဲ့တုန်းက ကင်းထောက်လူငယ်ဆိုရင် ပတ်ဝန်းကျင်အသိုင်းအဝိုင်းက အရမ်းချစ်ကြတာ။ အခုလို အဖွဲ့ဝင်ဟောင်းတွေပြန်ဆုံရမယ်ဆိုတော့ ငယ်ငယ်တုန်းက ခံစားခဲ့ရတဲ့ ပီတိမျိုးလေး ပြန်ခံစားရပါတယ်။ ကိုယ့်ဘာသာကိုယ် မသွားနိုင်ပေမယ့် မြေးတွေကို လိုက်ပို့ခိုင်းပြီး ရောက်အောင်သွားမှာပါ"ဟု စမ်းချောင်းမြို့နယ်မှ အသက် ၈၅ နှစ်အရွယ် ကင်းထောက်အဖွဲ့ဝင်ဟောင်း ဦးမြအုံးက ပြောသည်။

အနယ်နယ် အရပ်ရပ်ရှိကင်းထောက်အဖွဲ့ဝင်ဟောင်းများအနေဖြင့် ကင်းထောက်သင်တန်းကြီးကြပ်မှု ကော်မတီ ဖုန်းနံပါတ် ၀၉-၅၁၇၂၃၀၇၊ ၀၉-၅၁၅၉၁၈၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

# One More တွင် ပါဝင်သူများ ပထမဆုံးအကြိမ်တွေ့ဆုံပွဲကျင်းပမည်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

လူတစ်ဦးလျှင် လစဉ်ကျပ် တစ်ထောင် ထည့်ဝင်သည့် One More အစီအစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၏ ပထမဆုံးအကြိမ် တွေ့ဆုံပွဲကို တော်ဝင်နှင်းဆီ၌ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြုလုပ်မည် ဖြစ်သည်။

One More အစီအစဉ်တွင် ပါဝင်ဆောင်ရွက်သူများ အချင်းချင်းတွေ့ဆုံမှု မပြုလုပ်ဖူးသောကြောင့် ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်ပြီး တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအပေါ် သုံးသပ်ဆွေးနွေးကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း One More ၏ ဦးဆောင်သူတစ်ဦးဖြစ်သော ကိုပြည်သွေးနိုင်က ပြောသည်။

One More အစီအစဉ်သည် လူတစ်ဦးလျှင် လစဉ် ကျပ်တစ်ထောင်ထည့်ဝင်ပြီး စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာနယ်ပယ်နှင့် ဒေသအသီးသီးမှ စေတနာရှင်များ ပါဝင်မှုဖြင့် ပရဟိတကျောင်းများ မိဘမဲ့ဂေဟာများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ HIV/AIDS စောင့်ရှောက်ရေးဂေဟာများ၊ အခမဲ့ဆေးခန်းများ စသည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများကို အဓိကထားကာ လစဉ် အလှူ့ကျ ထောက်ပံ့နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ထားခြင်းဖြစ်သည်။

ထို့ပြင် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသော ဒေသများ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ် စသည့် ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ဒုက္ခသည်များကိုလည်း လှူဒါန်းခဲ့သည်။

One More အစီအစဉ်တွင် ပြည်တွင်းရှိ စေတနာရှင်များ သာမက စင်ကာပူနိုင်ငံရောက် မြန်မာများကလည်း လစဉ်လှူဒါန်းလျက်ရှိပြီး မလေးရှား၊ ဒူဘိုင်း၊ ဂျပန် နိုင်ငံရောက် မြန်မာများကလည်း လှူဒါန်းကြောင်း ကိုပြည်သွေးနိုင်က ပြောသည်။

One More အစီအစဉ်ကို ၂၀၁၁ ဩဂုတ်လတွင် စေတနာရှင် ၉၀၅ ဦးနှင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ယင်းအစီအစဉ်၌ ပါဝင်ဆောင်ရွက်သူ ၁၃,၁၀၁ ဦးထိ တိုးပွားလာပြီး စတင်ဆောင်ရွက်ချိန်မှ ၁၈ လအတွင်း လစဉ်လှူဒါန်းငွေ စုစုပေါင်း ၂,၁၄၃ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# အငြင်းပွားနေသည့် သံဖြူဇရပ်မြို့မဈေး မီးလောင်ကျွမ်းမှု စုံစမ်းရေးကော်မတီက ပေါ့ဆမီးဟု ဆုံးဖြတ်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၇**

အငြင်းပွားမှုများရှိနေသည့်မွန်ပြည်နယ်သံဖြူဇရပ်မြို့ရှိ မြို့မစည်ပင်သာယာဈေးမီးလောင်မှုသည် မီးအားမြင့်တက်ရာမှ လောင်ကျွမ်းခဲ့ခြင်း မဟုတ်ဘဲ ပေါ့ဆမီးကြောင့်ဖြစ်ကြောင်း အဆိုပါ မီးလောင်မှုစုံစမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဈေး၏ဈေးခေါင်းနှင့်ညစောင့်ခြောက်ဦးကိုစစ်ဆေးရာတွင် ၎င်းတို့ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့သည်ကိုစစ်ဆေးတွေ့ရှိရသောကြောင့် ပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်အရေးယူထားကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

သံဖြူဇရပ်ဈေးရှိ ဆိုင်ခန်းများတွင် အပူဒဏ်ကာကွယ်ရန် ကတ်ထူချပ်များ အသုံးပြုခြင်းကို စည်ပင်သာယာမှ တားမြစ်ထားသည်။ သို့သော် ဈေးဆိုင်အချို့မှာ ပြုလုပ်ဆဲဖြစ်သောကြောင့် ညအချိန်တွင် ထိုကတ်ထူချပ်များကို ညစောင့်ဝန်ထမ်းများက ပြန်လည်ရောင်းချရန်အတွက် ဖယောင်းတိုင်ထွန်း၍ လိုက်လံသိမ်းဆည်းသည်ဟု ဝန်ထမ်းများက ထွက်ဆိုကြောင်း အဆိုပါကော်မတီ တာဝန်ရှိသူက ပြောသည်။

သံဖြူဇရပ်မြို့သူ/သားများကမူ ရှို့မီးဟု ယူဆလျက်ရှိရာ ကတ်ထူချပ်များကိုစည်ပင်မှ တားမြစ်ထားသောကြောင့် အသုံးမပြုသည်မှာ နှစ်နှင့်ချီကြာခဲ့ပြီး ထိုကိစ္စကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွားသည်ဆိုလျှင် မဖြစ်နိုင်ကြောင်း ဆိုင်ခန်းမီးလောင်ဆုံးရှုံးခဲ့သည့် အမျိုးသမီးတစ်ဦးက တုံ့ပြန်ပြောကြားသည်။

မီးလောင်သည့် နေရာသို့ ပထမဆုံးရောက်ရှိခဲ့သော မျက်မြင်သက်သေတစ်ဦးက "ဈေး ညစောင့်သုံးယောက်က မီးလောင်တာကိုရပ်ကြည့်နေတယ်။ အချက်ပေးသံချောင်းလည်း မခေါက်ဘူး။ တံခါးဖွင့်ဖို့ကိုတောင် အကြိမ်ကြိမ်ပြောရတယ်"ဟု ၎င်း၏အတွေ့အကြုံကိုပြောသည်။

အဆိုပါဈေးသည်ဇန်နဝါရီ၁၉ ရက်ည ၁၂နာရီခန့်သုံးနာရီကျော်ကြာ မီးလောင်ကျွမ်းခဲ့ပြီး ဆိုင်ခန်းအမှတ်(ဆ/၂၄)တွင် လျှပ်စစ်ဓာတ်အားမြင့်တက်ရာမှမီးလောင်မှုဖြစ်ပွားခဲ့သည်ဟု မီးသတ်ဦးစီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

# ဝေးလံဒေသမှ တရားသူကြီးများအတွက် နေစရာအိမ်စီစဉ်ပေးမည်ဟုဆို

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၄**

ဝေးလံခေါင်သီသော နယ်စွန်နယ်ဖျားပြည်နယ်များတွင် တာဝန်ထမ်းဆောင်နေသည့် တရားသူကြီးများအတွက် နေအိမ်များ၊ ရုံးခန်းများစီစဉ်ပေးမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက ပြောသည်။

ယခုအစီအစဉ်အတွက် ဝေးလံခေါင်သီသော နယ်စွန်နယ်ဖျားပြည်နယ်များတွင် စတင်လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် တရားသူကြီးများက မတောင်းဆိုသော်လည်း တရားရေးရာဝန်ထမ်းများ၏ သွားရေးလာရေးအဆင်ပြေလွယ်ကူစေရန် တောင်းအေ့စ်ကဲ့သို့ ကားအမျိုးအစားများနှင့် အကြိုအပို့ ဖယ်ရီကားများကိုပါ ထည့်သွင်းစီစဉ်ထားကြောင်း ဦးအောင်ကိုက ပြောကြားသည်။

တရားစီရင်ရေးနှင့်ပတ်သက်ပြီး တိုင်တန်းမှုများရှိပါက တွန်းအားပေး ပြုပြင်သွားသကဲ့သို့ မှန်မှန်ကန်ကန် လုပ်ကိုင်နေသည့် တရားရေးဝန်ထမ်းများအတွက်လည်း အခွင့်အရေးများကိုတောင်းယူပေးသွားမည်ဖြစ်ကြောင်း ဦးအောင်ကိုကပြောသည်။

"တရားရုံးတွေမှာ လိုအပ်ချက်တွေ၊ မပြည့်စုံမှုတွေ အများကြီးပဲ။ လာဘ်ပေးလာဘ်ယူမှုကလည်း ဒီလိုအပ်ချက်တွေ၊ မပြည့်စုံမှုတွေကြောင့် ဖြစ်လာတာလို့ ပြောလို့ရတယ်။ ခုလို လိုအပ်ချက်တွေဖြည့်စွက်ပေးတာ သိပ်ကောင်းပါတယ်" ဟု တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြောသည်။

# အရန်ဆန်ကော်မတီက ရခိုင်ပြည်နယ်တွင် လက်ရှိ ဆန်ဈေးထက် ပိုပေးဝယ်ယူ

**မောင်ကံ**

**စစ်တွေ၊ ဖေဖော်ဝါရီ-၁၄**

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်မှ ဆန်တန်ချိန် ၃,၀၀၀ ကို အရန်ဆန်ဝယ်ယူရေးကော်မတီမှ ဈေးပိုပေးဝယ်ယူနေပြီး လာမည့် မတ်လ ၃၁ ရက်ထိ ဝယ်ယူသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအရန်ဆန်များကို ရခိုင်ပြည်နယ် အရန်ဆန်ဝယ်ယူရေးကော်မတီမှ ဝယ်ယူနေခြင်းဖြစ်ပြီး ဝယ်ယူသည့် ဆန်အမျိုးအစားမှာ ဧည့်မထဆန်နှင့် ငစိန်ဆန်အမျိုးအစားများဖြစ်သည်။ အရန်ဆန်ဝယ်ယူရေး ကော်မတီအနေဖြင့်စပါးတင်း၁၀၀လျှင်၃၃၀,၀၀၀ ကျပ်ဈေးဖြင့် ဝယ်ယူပြီး ဧည့်မထ ၂၅ မှတ်ဆန် ၅၀ ကီလိုတစ်အိတ်လျှင် ၁၃,၅၀၀ကျပ်နှင့် ငစိန်ဆန် ၂၅ မှတ် ၅၀ကီလိုတစ်အိတ်လျှင် ၁၂,၅၀၀ ကျပ်နှုန်းဖြင့် ဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိဈေးကွက်တွင် ဧည့်မထဆန် တစ်အိတ်လျှင် ၁၁,၀၀၀ ကျပ် ဈေးရှိနေပြီး အရန်ဆန်ဝယ်ယူရေးကော်မတီမှ တစ်အိတ်ကို ၁၃,၅၀၀ ကျပ် ဈေးပေးဝယ်နေသော်လည်း ဆန်ဈေးများ တက်လာခြင်းမရှိကြောင်း၊ အကယ်၍ ဆန်ဈေးများ တက်လာပါက အရန်ဆန်ဝယ်ယူခြင်းကို ရပ်နားသွားမည်ဖြစ်ကြောင်း၊ စပါးထက်ဆန် ဝယ်ယူနေခြင်းမှာ ဆန်စက်လုပ်ငန်းရှင်များနှင့် တောင်သူများ၊ အလုပ်သမားများ အဆင်ပြေစေရန် ရည်ရွယ်ကာ ဝယ်ယူရခြင်းဖြစ်ကြောင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပြည်နယ်မန်နေဂျာ ဦးစိုးပိုင်က ပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်တွင်း ဆန်စပါးရောင်းဝယ်သယ်ယူခွင့်ကို လွတ်လပ်စွာခွင့်ပြုထားပြီး ကျောက်တော်၊ ပုဏ္ဏားကျွန်း၊ မင်းပြား၊ မြောက်ဦးနှင့် စစ်တွေမြို့နယ်များမှ စက်ပိုင်၊ ကုန်သည်၊ တောင်သူအချို့မှာ အရည်အသွေးပြည့်မီသော ဆန်များ လာရောက်ပေးသွင်းမည်ဟု စာချုပ်များချုပ်ဆိုထားကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



# သင်္ဘောသားကုမ္ပဏီများကို နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၅**

ဂျပန်ကုမ္ပဏီတစ်ခုနှင့် မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ်တို့ ပူးပေါင်း၍ သင်္ဘောကုမ္ပဏီများကို နိုင်ငံတကာ အသိအမှတ်ပြု လက်မှတ်ရရှိရန် လုပ်ဆောင်နေကြောင်း သတင်းရရှိသည်။

အဆိုပါလက်မှတ်သည်ILO (အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်) အသိအမှတ်ပြုလက်မှတ်ဖြစ်ပြီး ထိုလက်မှတ်ရရှိရန် ဂျပန်ကုမ္ပဏီ NK Class က ကမ်းလှမ်းထားကြောင်း ယင်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်မြင့်ဦးက ပြောသည်။



*သင်္ဘောသားသက်သေခံလက်မှတ်ထုတ်ပေးရာ ဦးစီးဌာန*

ဓာတ်ပုံ - ကျော်ဇင်သန်း

"နောက်ပိုင်းမှာ ဒီလက်မှတ်ရှိတဲ့ကုမ္ပဏီက သင်္ဘောသားတွေကိုပဲ နိုင်ငံတကာ သင်္ဘောလိုင်းတွေက လက်ခံတော့မှာ" ဟု ဦးကျော်မြင့်ဦးက ပြောသည်။

လက်ရှိတွင် တရားဝင်လိုင်စင်မရှိဘဲ သင်္ဘောသား စေလွှတ်သည့် ကုမ္ပဏီများရှိနေပြီး ယင်းကုမ္ပဏီများနှင့် သွားခဲ့ခြင်းကြောင့် သင်္ဘောသားများ ဒုက္ခရောက်သည့်ဖြစ်စဉ်များ ရှိနေသည်။ ထိုစနစ်တွင် ကျယ်လာပါက ယင်းကဲ့သို့ အဖြစ်အပျက်များ လျော့နည်းသွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"သင်္ဘောသား အားလုံးအတွက်လည်း ပုံရိပ်ကောင်းလာမယ်။ ကုမ္ပဏီ အရည်သွေးလည်း ပိုတက်လာမယ်။ တာဝန်လည်းယူတတ်လာမယ်" ဟု Myanmar Oversea Development ကုမ္ပဏီ တာဝန်ရှိသူ တစ်ဦးက ပြောသည်။ "ဒီလက်မှတ်ရှိတော့ သင်္ဘောကုမ္ပဏီတွေကို ဌာနက စစ်ဆေးတော့ လွယ်ကူတာပေါ့။ ဒါက ရေကြောင်းဌာနက လုပ်တာမဟုတ်ဘူး။ Private Sector အနေနဲ့လုပ်တာ" ဟု ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုညွှန်ကြားရေးမှူးက ပြောသည်။

လက်ရှိတွင် NK Class ကုမ္ပဏီနှင့် ညှိနှိုင်းနေပြီး ထိုလက်မှတ်ရယူရန် စာရင်းပေးထားသည့် ကုမ္ပဏီ ၃၆ ခုရှိကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားဝန်ဆောင်မှုလုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ သတင်းရရှိသည်။

# တရားဝင်စာချုပ်ဖြင့် ထိုင်းတွင် အလုပ်လုပ်နေသော အလုပ်သမားအချို့ အချိန်ပိုကြေး နစ်နာနေ

**အေးမြတ်သူ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၆**

ထိုင်းနိုင်ငံသို့ စာချုပ်ဖြင့် တရားဝင် သွားရောက်လုပ်ကိုင်သော မြန်မာအလုပ်သမားအချို့ အချိန်ပိုလုပ်ခ လစာကြေးများ နစ်နာလျက်ရှိကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

လက်ရှိ ထိုင်းနိုင်ငံတွင် ဆောက်လုပ်လျက်ရှိသည့်Central ကုန်တိုက်၌တရားဝင်သွားရောက်လုပ်ကိုင်သော မြန်မာအလုပ်သမားများ အချိန်ပိုလုပ်ခကြေးများ နစ်နာဆုံးရှုံးလျက်ရှိကြောင်း သိရသည်။ သို့သော် အလုပ်ရှင်ကို တိုက်ရိုက်ပြောကြားရန် ကုမ္ပဏီ၊ အလုပ်ရှင်တို့၏ အမည်များကို အလုပ်သမားများက သိရှိထားခြင်း မရှိကြကြောင်း သတင်းရရှိသည်။

"အလုပ်သမားတွေဆိုတော့ ပညာနည်းတာပေါ့။ သူတို့ပိုက်ဆံတော့ရကြတယ်၊ လစာတော့ရတယ်။ အချိန်ပိုကြေးပေးတဲ့အခါ နားမရှင်းဘူး။ မဖြေနိုင်ကြဘူး။ မင်းတို့ ဘယ်သူ့ကို ပြောမှာလဲလို့မေးတော့ လုပ်ငန်းရှင်လည်း မပြောနိုင်ဘူး။ အလုပ်သမားတွေက ကိုယ်စီးတဲ့မြင်းက အထီးလား၊ အမလားတောင် မသိကြဘူး" ဟု ဒုဝန်ကြီးဦးမြင့်သိန်းက ပြောသည်။

ထိုင်းနိုင်ငံသို့မသွားရောက်မီ အလုပ်သမားများအတွက် လိုအပ်သော သတင်းအချက်အလက်နှင့် ပညာပေးမှုများလည်း လိုအပ်ကြောင်း ဒုဝန်ကြီးက ထောက်ပြပြောဆိုသည်။

"အခုဆိုရင် အလုပ်သမားတွေကိုအိတ်ကလေးတစ်ခုနဲ့လက်ကမ်းစာစောင်တွေ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တွေ၊ ကုမ္ပဏီနာမည်တွေ သေချာရေးပေးခိုင်းရမယ်။ ဟိုရောက်ရင် ပြန်ပြီးထုတ်ကြည့်လို့ရအောင်" ဟု ဒုဝန်ကြီးဦးမြင့်သိန်းက ဆက်လက်ပြောသည်။



## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်းအလိုရှိသည်။
အသက် (၂၅)နှစ်မှ (၃၅) နှစ်အတွင်း
ယာဉ်မောင်းသက်တမ်း အနည်းဆုံး ၂ နှစ် ရှိရမည်။
No. 81, Hlaing Myint Mo(1) Street, (10) Ward, Hlaing Townhsip.
Ph: 513087,
530003,521264

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
ကျား (၂) ဦး
လုပ်ငန်းအတွေ့အကြုံရှိရန်မလို
အခြေခံလစာ ၄၀,၀၀၀ ကျပ်မှ စတင်ရရှိမည်။
ဖုန်း-၀၉-၇၃၁၇၇၈၁၇၊
၀၉-၇၃၀၁၀၁၄၄

---

**ဝန်ထမ်းအလိုရှိသည်**
Mark စာရင်းကိုင် (မ) တစ်ဦး
ဖုန်းပြုပြင် Hardware&Software (မ) တစ်ဦး အလိုရှိသည်။
ဖုန်း-၀၉-၈၅၅၀၉၀၃၊
၀၉-၄၂၂၅၂၀၈၈၈

---

**ဝန်ထမ်းအလိုရှိသည်**
သူရိယဝင်းကုမ္ပဏီလီမိတက်
ရုံးကားယာဉ်မောင်း ကျား (၃) ဦး
အမှတ် ၄၂၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၅၂၃၇၄၂

---

**ဝန်ထမ်းအလိုရှိသည်**
ကြော်ငြာဆိုင်းဘုတ်လုပ်ငန်းအတွက်
ဝန်ထမ်း (၂) ဦးအလိုရှိသည်။
၁။ ရုံးဝန်ထမ်း (၁) ဦး
၂။ အရောင်းဝန်ထမ်း (၁) ဦး
၂၈ ရက် နောက်ဆုံး၊ ကျား/မ
No.A 66-68, 4 D, Insein Road, Sanyeiknyein, Kamayut.
Ph:09-5183872

---

**ဝန်ထမ်းအလိုရှိသည်**
Retails Manager (2 post)
Degree in Business or Marketing, 5 years of relevant experience
Sadanan Yodpradoo@gmail.com

---

**ဝန်ထမ်းအလိုရှိသည်**
Myo Myanmar Co., Ltd.
Marketing ကျွမ်းကျင် ကျား (၂) ဦး/ မ(၄) ဦး
ဘွဲ့ရ၊ ကွန်ပျူတာအသုံးပြုနိုင်သူ၊ Marketing လုပ်ငန်းအတွေ့အကြုံ ၂ နှစ်
အမှတ် (၁)၊ (၄) လွှာ (A) ၊ ဥယျာဉ်လမ်း၊ ကျောက်မြောင်း၊ တာမွေ။ ၀၉-၄၃၀၅၂၅၁၇

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
1. Basic/DTP/Graphic Design/ Excel (Advanced) Course
2. Video Editing Course
3. A+ Hardware Couse
အမှတ် (၂၄၈)၊ ဒုထပ် (ဘယ်)၊ အနော်ရထာလမ်း၊ (၂၉ လမ်းနှင့် လမ်း ၃၀ ကြား)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

---

**ဝန်ထမ်းအလိုရှိသည်**
ရုပ်ရည်ပြေပြစ်၍ စကားပြောလိမ္မာသွက်လက်၊ ကျွမ်းကျင်သော အရောင်းဝန်ထမ်း (အမျိုးသမီး) ၅ ယောက် အလိုရှိသည်။ ဖုန်း-၀၉-၈၆ ၂၉၅၀၁

---

**ဝန်ထမ်းအလိုရှိသည်**
3 Star PP Woven Bag Factory
1. Marketing M/F (1) Post
2. Store M (1) Post
3. Driver M (1) Post
အမှတ် ၁၇၁၊ ဦးတရုတ်ကြီးလမ်း၊ စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်။
ဖုန်း-၀၉ ၄၂၃ ၇၁၆၇၄၆

---

**ဝန်ထမ်းအလိုရှိသည်**
1. Sales and Marketing ကျား (၃) ဦး
2. Mechanic ကျား (၁) ဦး
ဖုန်း-၃၈၆၆၅၈၊ ၀၉-၈၆၀၁၈၆၈

---

ကလေးထိန်း မ (၁) ဦး အမြန်အလိုရှိသည်။ ဖုန်း-၀၉ ၅၁၃ ၈၃၀၀၊ ၂၀၂၈၂၅

---

**ဝန်ထမ်းအလိုရှိသည်**
ယာဉ်မောင်း (၁) ဦး အလိုရှိသည်။
တိုက်အမှတ် ၃၈၊ အခန်းအမှတ် ၂၁၊ ရွှေအုန်းပင်အိမ်ရာ၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၁-၅၅၅၃၆၃၊ ၀၉-၄၃၁ ၅၅၅ ၇၇

---

**ဝန်ထမ်းအလိုရှိသည်**
3 Females between 20 and 35 years old
3 Females between 20 and 35 yers old
3 Females (Designer) between 20 and 35 years old
3 Male between 20 and 35 years old
Ph : 01-505724, 01-538552, 09-5406131, 09-420099756

---

**ဝန်ထမ်းအလိုရှိသည်**
1. Cook (၃) နေရာ
Dimsum & တရုတ်
2. Bakery Chef (၃) နေရာ
(မုန့်မျိုးစုံ)
အမှတ် (၂၄/ဘီ)၊ ၅၃ လမ်း၊ မြေညီထပ်၊
ဖုန်း-၀၉-၄၂၅၀၁၄၇၅၁

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Air Con ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက် ကျွမ်းကျင်စွာ ပြုပြင်နိုင်သူများ အမြန်အလိုရှိသည်။
အမှတ် ၁၇၈၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။ ၀၉-၅၀၉ ၅၉၁၆

---

**ဝန်ထမ်းအလိုရှိသည်**
1. Sales & Marketing Assistant ကျား/မ (၂) ဦး
2. Office Staff ကျား (၂) ဦး
3. Store Keeper Assistant ကျား/ မ (၂) ဦး
4. Driver ကျား (၅) ဦး
Myanma Power Spectrum Co., Ltd.
တိုက်အမှတ် A-7၊ အခန်း ၀၀၁-၀၀၂၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း-၀၁-၆၅၅၂၆၁၊၆၅၅၂၆၂

---

**ဝန်ထမ်းအလိုရှိသည်**
Computerized Embroidery Machine (စက်ပန်းထိုးလုပ်ငန်းအတွက်)
ရုံးအကူ မ (၂) ဦး၊ ၈ တန်းအောင်
No.6, Room No. (D-1 & D-2), Corner of Waizayantar Road, Yadanar Road, Yadanar Mon Estate, Thingangyun Township, Yangon.
Ph : 01-571392, Fax : 01-561116

---

**ဝန်ထမ်းအလိုရှိသည်**
Marketing Manager ကျား/မ (၁) ဦး
အမှတ် ၁၄၆၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်။
E-mail : hr.aagl@gmail.com

---

**အလိုရှိသည်**
(ပြည်တွင်း၌သာ ခန့်ထားရန်)
Tour Operator (2) Posts (M/F)
ရုံးကိစ္စဖြင့် ခရီးသွားနိုင်သူ၊ ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူ
အမှတ် ၄၀၊ ၈၉ လမ်း၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်။ ဖုန်း-၀၁-၃၉၄၇၁၁

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
အရောင်းခန်းမဝန်ထမ်း ဘွဲ့ရမ (၁၀) ဦး
Autron hearing Care Centre
အမှတ် ၃၇၇၊ အခန်း ၂၃၊ ရွှေဘုံသာ အထက်လမ်း၊ ရန်ကုန်။
ဖုန်း-၀၁-၂၄၃၆၄၄၊ ၃၈၅၂၄၅၊ ၃၈၉၈၅၄

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Cashier ကျား (၃) ဦး
၂။ Waiter ကျား (၁၀) ဦး
၃။ သန့်ရှင်းရေး ကျား (၃) ဦး
၄။ ဂိတ်ကြေးကောက်စာရေး မ (၅) ဦး
၅။ ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၇) ဦး
၆။ အကင်ဆရာ ကျား (၂) ဦး
၇။ ခါးကိုင် ကျား (၂) ဦး
ဆိပ်ကမ်းစားသောက်ဆိုင်
အမှတ် ၆၄၇၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်း-၀၉ ၅၀၉၃၈၇၀

---

**အလိုရှိသည်**
ERIS Consulting
1. Consultant Assistant 1 post
2. Lawyer 1 post
E-mail : eris@eirs.cn
Ph:8621-5212-0220

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


SAMSUNG
ကျပ်သိန်း(၁၅၀၀)တန်ဖိုးရှိ မြန်မာပြည်၏အထူးခြားဆုံး
Samsung GALAXY
Lucky Draw Festival
Barcode Serial တွင် THL တလုံးပါရှိသော (Samsung Official Warranty)
တရားဝင် Galaxy phone/Tablet/Camera အမေယာင်းအသစ်မရွေး ယခုအစီအစဉ်တွင် ပါဝင်နိုင်ပါသည်။
ဘူးခွံအတွင်းပါရှိသော Barcode Sticker နှင့်အတူ Warranty Card (အာမခံကတ်ပြား)၏
နောက်ကျောဘက်တွင် အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန် လိပ်စာ၊ ဝယ်ယူသည့်ဆိုင်အမည်ကို
ရေးသား၍ နီးစပ်ရာ Samsung Brand Shop များရှိ Lucky Draw Box များသို့ ထည့်သွင်းပေးပို့ကံစမ်းနိုင်ပါသည်။
ကံစမ်းမဲကာလမှာ မတ်လ(၁၀)ရက်အထိဖြစ်ပါသည်။
ကံထူးရှင်များကို မတ်လ(၁၅)ရက်တွင် ကံစမ်းမဲဖောက်ပေးမည်ဖြစ်ပါသည်။
GT-XXXXXXX THL
*353346/05/470904/3*
SAMPLE
COLOR : White
RF1CA3RBC1Z
Warranty Card
SAMPLE
Korea ခရီးစဉ်
(၅)ဦး
ကံစမ်းမဲထည့်သွင်းရန်နေရာများ
Samsung Mobile Brand Shop
F-121, Junction Square Centre,
Samsung Brand Corner
Samsung Customer Service Plaza


SWEETY HOME
i can't sleep without you
HOTEL သုံး စပရိန်မွေ့ရာနှင့် ဟိုတယ်သုံး ပစ္စည်းအမျိုးမျိုး
Sweety Home မှ ထုတ်လုပ်သော Hotel Classic စပရိန်မွေ့ရာသည် Hotel သုံးစပရိန်မွေ့ရာအဖြစ် ရည်ရွယ်ထုတ်လုပ်ထားပါသည်။ မွေ့ရာ၏အပေါ်ယံ Cover ဖိတ်စသည့် Fire Guard System ပါရှိသောကြောင့်ဆေးလိပ်မီးပွားများ မွေ့ယာပေါ်ကျလျှင်ဘေးသို့ ကူးစက်လောင်ကျွမ်းမှုမရှိနိုင်သော မီးခံစဖြင့်ချုပ်လုပ်ထားခြင်း၊ အင်းဆက်ပိုးမွှားများမကပ်ညိနိုင်ခြင်း၊ လေဝင်လေထွက်ကောင်းအောင်နှင့် စိုစွတ်ခြင်းမှ ကာကွယ်နိုင်အောင် စပရိန်ဘေးနံရံတွင် လေပေါက်များပါဝင်ပြီး (၁၅)နှစ် Warranty ပါရှိသော အရည်အသွေး မြင့်မားသည့် စတီးစပရိန်ကွင်းများကို အသုံးပြုထားပါသည်။
15 YEARS WARRANTY
Tel : (01)535694,205224 (02)65938,60810,34021

# Education

7 DAY NEWS JOURNAL

Vol.11, No.50 • FEBRUARY 21 , 2013


## မြန်မာကျောင်းသားများ အမေရိကန်တွင် လာရောက်ပညာသင်ယူရန် ကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၃**

အမေရိကန်နိုင်ငံရှိ တက္ကသိုလ်များတွင် မြန်မာကျောင်းသား အများအပြား ပညာသင်ယူနေသည်ကို မြင်တွေ့လိုကြောင်း အမေရိကန်ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စအန်းစတော့ခ်ကဆိုသည်။

အမေရိကန်နိုင်ငံတွင် ပညာသင်ယူနေသော မြန်မာကျောင်းသားအရေအတွက် အလျင်အမြန်တိုးတက်ရန် လိုအပ်နေပြီး အမေရိကန်နိုင်ငံတွင် ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများကို ပိုမိုလေ့လာရှာဖွေစေလိုကြောင်း တော်ဝင်စင်တာတွင်ပြုလုပ်ခဲ့သော အမေရိကန်ပညာရေးပြပွဲ၌ ၎င်းကပြောသည်။



ကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးမစ္စအန်းစတော့နှင့်အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်တို့ကိုပညာရေးပြပွဲတွင်တွေ့ရစဉ် ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

"အမေရိကန်တက္ကသိုလ်ကျောင်းဝင်းတွေမှာ မြန်မာကျောင်းသား အများအပြားကို မြင်တွေ့လိုပါတယ်။ လွန်ခဲ့တဲ့နှစ်က မြန်မာကျောင်းသား ၈၀၀ အမေရိကန်နိုင်ငံမှာပညာသင်ယူခဲ့ပါတယ်။ ဒီအရေအတွက်က အလျင်အမြန်တိုးပွားလာဖို့ လိုအပ်ပါတယ်။ မြန်မာကျောင်းသားများအနေနဲ့ အမေရိကန်စင်တာကို လာရောက်ပြီးတော့ အမေရိကန်ပညာရေးအခွင့်အလမ်းအတွက် ပိုမိုလေ့လာကြပါ" ဟု မစ္စအန်းစတော့ခ်က ပြောသည်။

အမေရိကန်နိုင်ငံသို့ သွားရောက်ပညာသင်ယူနေသောမြန်မာကျောင်းသားဦးရေသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် သိသိသာသာ နိမ့်ကျနေပြီး သတင်းအချက်အလက် ဖြန့်ဝေမှု အားနည်းခြင်း၊ ပညာသင်စရိတ် မတတ်နိုင်ခြင်း၊ ဘာသာစကား အားနည်းခြင်းတို့က အဓိက အခက်အခဲဖြစ်နေသည်။

မြန်မာကျောင်းသားများ အမေရိကန်နိုင်ငံတွင် ပိုမိုပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ ဖန်တီးနေသလိုမြန်မာတက္ကသိုလ်များနှင့် အမေရိကန်တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်ခြင်း၊ အမေရိကန်ပညာရှင်များ လာရောက်သင်ကြားပို့ချခြင်းတို့ပြုလုပ်ရန် စီစဉ်နေကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပထမဆုံးအကြိမ်အနေဖြင့် အမေရိကန်နိုင်ငံမှတက္ကသိုလ် ၁၀ ခုသည် တော်ဝင်စင်တာ၌ ၎င်းတို့၏ ပညာရေးအခွင့်အလမ်းများကို လာရောက်ပြသခဲ့ပြီးမြန်မာကျောင်းသား ၈၀၀ ဝန်းကျင် တက်ရောက်လေ့လာခဲ့ကြသည်။



## ရပ်ကွက်၊ ကျေးရွာများ၏ ၄၀ ရာခိုင်နှုန်းကျော်တွင် အခြေခံပညာကျောင်း မရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

မြန်မာနိုင်ငံရှိ ရပ်ကွက်နှင့် ကျေးရွာစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်ထား နိုင်ခြင်း မရှိဘဲ ကျောင်းသားလူငယ်များ အခြေခံပညာရေးနှင့် အလှမ်းဝေးနေကြောင်း မြန်မာနိုင်ငံဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ် ရေး စာတမ်းအရ သိရသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ရပ်ကွက်၊ ကျေးရွာများ၏ ၆၀ ရာခိုင်နှုန်းနီးပါးတွင်သာ အခြေခံပညာကျောင်းများ ဖွင့်လှစ်ထားနိုင်ပြီး အခြေခံပညာအထက်တန်းကျောင်း အရေအတွက်က ပိုမိုနည်းပါးနေကြောင်း ယင်းစာတမ်းတွင် ဖော်ပြထားသည်။

ဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများတွင် အထက်တန်းကျောင်း အရေအတွက်သည် ၇ ဒသမ ၁ ရာခိုင်နှုန်း၊ အလယ်တန်းကျောင်း အရေအတွက်သည် ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် မူလတန်းကျောင်း အရေအတွက်သည် ၅၃ ဒသမ ၆ ရာခိုင်နှုန်း ရှိနေသည်။

အထက်တန်းကျောင်းအရေအတွက် အနည်းဆုံးဒေသမှာ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးဖြစ်ပြီး အလယ်တန်းကျောင်း အရေအတွက်အနည်းဆုံးဒေသမှာ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သည် မူလတန်းကျောင်းအရေအတွက် အနိမ့်ဆုံးနေရာတွင် ရှိနေသည်။

ယင်းအခြေအနေများကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အခြေခံပညာကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းတို့ကိုဆောင်ရွက်၍ မြို့ပေါ်နှင့် ကျေးလက်ကွာခြားမှု လျှော့ချရေး၊ တန်းတူညီမျှပညာသင်ကြားမှုအခွင့်အလမ်း ရရှိရေးတို့အတွက် ဆောင်ရွက်ရန်လိုအပ်နေကြောင်း စာတမ်းတွင် သုံးသပ်ထားသည်။

မြန်မာနိုင်ငံတွင် အခြေခံပညာကျောင်းပေါင်းလေးသောင်းကျော် ဖွင့်လှစ်ထားပြီး ကျောင်းသား၊ ကျောင်းသူပေါင်းရှစ်သန်းခန့်ပညာသင်ယူနေ၍ သင်ကြားပို့ချသော ဆရာ၊ ဆရာမပေါင်း နှစ်သိန်းခုနစ်သောင်းကျော်ရှိကြောင်း သိရှိရသည်။

## ကိုရီးယားပညာသင်ဆု တိုးမြှင့်ပေးအပ်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၅**

၂၀၁၃ ကိုရီးယားပညာသင်ဆု အစီအစဉ်အတွက် ဒီဂရီဘွဲ့သင်တန်း တက်ရောက်မည့် မြန်မာကျောင်းသားဦးရေအား တိုးမြှင့်၍ ပညာသင်ဆု ပေးအပ်သွားမည်ဖြစ်ကြောင်း ကိုရီးယားသံရုံးမှ သတင်းထုတ်ပြန်လိုက်သည်။

ယခင်နှစ်က ကိုရီးယားပညာသင်ဆု အစီအစဉ်အတွက် ဒီဂရီဘွဲ့သင်တန်း တက်ရောက်မည့် မြန်မာကျောင်းသားတစ်ဦးကိုသာ ခေါ်ယူခဲ့သော်လည်း ယခုနှစ်တွင်ငါးဦးထိ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုရီးယားနိုင်ငံတွင် စက်တင်ဘာလမှ စတင်တက်ရောက်ပညာသင်ယူရမည့် ထိုအစီအစဉ်အတွက်မတ်လ ၂၂ ရက်နောက်ဆုံးထား၍ ကိုရီးယားသံရုံးသို့ ဆက်သွယ်လျှောက်ထားရမည်ဖြစ်ပြီး ဆန်ခါတင်ရွေးချယ်ခံရသူများကို သံရုံးတွင် လူတွေ့စစ်ဆေးမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားသူများအနေဖြင့် အသက် ၄၀ အောက်အရွယ်ဖြစ်၍ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာကျန်းမာရေး ကောင်းမွန်ရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကား (သို့မဟုတ်)ကိုရီးယားဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်နေရမည်ဖြစ်သည်။

နိုင်ငံတကာ ကျောင်းသားများအတွက် ကိုရီးယားအစိုးရမှ နှစ်စဉ်ပေးအပ်နေသော ပညာသင်ဆုအစီအစဉ်အတွက် ပညာသင်ဆုလျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့် ပညာသင်ဆုလျှောက်လွှာများကို www.studyinkorea.go.kr တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သလို ကိုရီးယားသံရုံး၌ တောင်းယူနိုင်သည်။ ပြည်တွင်း၌ နိုင်ငံရေးအပြောင်းအလဲအချို့ ဖြစ်ပေါ်ခဲ့ပြီးနောက် အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံ အစိုးရတို့သည် မြန်မာကျောင်းသားများအတွက် ဘွဲ့ကြိုနှင့် ဘွဲ့လွန်ပညာသင်ဆုများကို တိုးမြှင့်ပေးအပ်လျက်ရှိသည်။




7DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# နွေရာသီ သင်တန်းများအတွက် ပြင်ဆင်

ဖွဲ့ညက်၊ အိမွန်ကျော်

ပညာသင်နှစ်တစ်နှစ်ပြီးဆုံးမည့် စာမေးပွဲကြီး ဖြေဆိုချိန် နီးကပ်လာနှင့်အမျှ နေ့စဉ်ထုတ်သတင်းစာ၊ အပတ်စဉ်ထုတ် ဂျာနယ်များတွင် နွေရာသီသင်တန်း (Summer School)များဖြစ်သည့် အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ရေကူးသင်တန်း၊ ဂီတ သင်တန်းစသည့် သင်တန်းအမျိုးမျိုး၏ ကြော်ငြာချက်များက အပြိုင်အဆိုင် နေရာယူနေကြသည်။



*အင်တာနေရှင်နယ်ကျောင်းတစ်ခု၏ စာသင်ခန်းမြင်ကွင်း*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

Summer School များတွင် အင်္ဂလိပ်စာအဓိက သင်ကြားပေးမည့် သင်တန်းများပြားပြီး ပျမ်းမျှ အသက် ၅ နှစ်မှ ၁၄ နှစ်အတွင်း ကလေးများကို အဆင့်အလိုက် ခွဲခြားသတ်မှတ်၍ မတ်လ ပထမပတ်မှ စတင်ကာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသားများ အဓိက တက်ရောက်ကြသော သင်တန်းများမှာ အင်္ဂလိပ်စာနှင့် ကွန်ပျူတာသင်တန်းများဖြစ်ပြီး ရေကူးသင်တန်း၊ ပန်းချီသင်တန်းများကိုလည်း စိတ်ဝင်တစားတက်ရောက်ကြသည်။

အင်္ဂလိပ်ဘာသာကို အဓိက သင်ကြားသည့် ပုဂ္ဂလိက ဘာသာစကား သင်တန်းကျောင်းများနှင့် အင်တာနေရှင်နယ်ကျောင်းများ နှစ်စဉ်ဖွင့်လှစ်သကဲ့သို့ပင် ဗြိတိသျှကောင်စီကလည်း ကလေးငယ်များအတွက်နွေရာသီအင်္ဂလိပ်စာသင်တန်းကို မတ်လ ၂၅ မှ ဧပြီ ၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ၁၆၀,၀၀၀ ကျပ် ဖြစ်သည်။

နွေရာသီအင်္ဂလိပ်စာသင်တန်းများသည် ရွေးချယ်သည့် ကျောင်းပေါ် မူတည်၍ ကျပ်သောင်းဂဏန်းမှ ကျပ်သုံးသိန်းခန့်အထိ ပေးသွင်းတက်ရောက်ရသည်။ ထို့အပြင် ကျောင်းအကြိုအပို့ ပြုလုပ်သည့် ကျောင်းကားစျေးနှုန်းမှာလည်း နေရာအကွာအဝေးပေါ် မူတည်၍ တစ်လလျှင် ငွေကျပ်သုံးသောင်းနှင့်အထက် ထပ်မံပေးသွင်းရမည်ဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်ဖြစ်သည့် မတ်လမှ မေလအထိ သင်ကြားပေးသော်လည်း သင်္ကြန်ရုံးပိတ်ရက်ရှည်ကိုလည်း အစိုးရပိတ်ရက်အတိုင်း သတ်မှတ်ထားသည်။ ပုဂ္ဂလိက အင်တာနေရှင်နယ်ကျောင်းများတွင် တစ်နေ့ စာသင်ချိန်မှာ ၃ နာရီဝန်းကျင်တွင်ရှိသည်။

"ကျောင်းပိတ်ရက်တွေနဲ့ တွက်ရင် သိပ်မတန်ဘူး။ ပြီးကပိတ်ရက်နဲ့သင်ရက်က သိပ်မရှိဘူး" ဟု ကလေးမိခင်တစ်ဦးကပြောသည်။

အနုပညာစိတ်ဝင်စားသော ကလေးငယ်များအတွက် ပန်းချီသင်တန်း၊ ဂီတသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ "အသက်၅နှစ်ကနေ ၁၅နှစ်အထိ မူလတန်းနဲ့ အလယ်တန်းကို သူ့အဆင့်နဲ့သူ သင်ပေးပါတယ်။ မတ်လ ၄ ရက် စမှာပါ။ သင်တန်းကြေးက သုံးလကို ငါးသောင်းကျပ်ပါ။ အရင်နှစ်တွေကတော့ ၁၀ နှစ်အရွယ် ကလေးတွေ တက်ကြတာများတယ်"ဟု ဆရာကြီးဦးသာစိန်(ပညာရေး) နွေကလေးပန်းချီသင်တန်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

နွေရာသီသင်တန်းတွင် ကျောင်းသားလူငယ်များ စိတ်ဝင်စားသော သင်တန်းမှာ ရေကူးသင်တန်းဖြစ်သည်။ ရေကူးအားကစားသည် ကျန်းမာရေးအတွက်သာမက ကိုယ်ခန္ဓာဖွံ့ဖြိုးမှုကိုပါ ပံ့ပိုးပေးသဖြင့် ယောကျ်ားလေးအများစု တက်ရောက်သင်ယူလေ့ရှိသည်။ ကုက္ကိုင်းရေကူးသင်တန်းတွင် ရေကူးသင်တန်းကို မတ်လ ၁ ရက်မှစတင်၍ ဖွင့်လှစ်မည်ဖြစ်ပြီး အင်္ဂါနေ့မှ စနေနေ့အထိ တစ်ပတ်လျှင် ငါးရက် သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ တစ်လဖြစ်၍ သင်တန်းရက်မှန်သူအား တတ်မြောက်သည်အထိ အာမခံဆောင်ရွက်ပေးမည်ဖြစ်ပြီး အသက်ကန့်သတ်ချက် မရှိသော်လည်း အရပ်သုံးပေအထက်သာ လက်ခံကြောင်း ကုက္ကိုင်းရေကူးသင်တန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဂီတနှင့်ပတ်သက်၍ ဂီတမိတ်သင်တန်းကျောင်းကလည်း လစဉ် ၁ ရက်နေ့တိုင်း ကျောင်းအပ်လက်ခံပြီး တစ်လလျှင် သုံးသောင်းကျပ် သတ်မှတ်ကာ စန္ဒရား၊ တယော၊ ဂစ်တာ၊ အဆို စသဖြင့် ကြိုက်နှစ်သက်သည့် အထူးပြုဘာသာကို တက်ရောက်နိုင်သည်။ ဂီတမိတ်သင်တန်းကို တစ်နှစ်ပတ်လုံး ဖွင့်လှစ်ပေးသည်။

နွေရာသီကျောင်းပိတ်ရက်၌ မတ်လနှင့် မေလတွင် ပုံမှန်သင်တန်း ဖွင့်လှစ်၍ ဧပြီလကို တစ်လလုံးပိတ်ပြီး သင်တန်းချိန်ကိုမူ သင်ကြားမည့် ဆရာများနှင့် တက်ရောက်မည့် ကျောင်းသားများ အဆင်ပြေသည့်အချိန်ကိုညှိနှိုင်းတက်ရောက်နိုင်ကြောင်း ဂီတမိတ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

the SUN INSTITUTE

CERTIFICATE COURSE OF PUBLIC LAW (2 Months)

The SUN Institute မှ ဥပဒေကို ... Public Law ...

Public Law ...
၁။ ... Listening, Speaking, Reading နှင့် Writing တွင် Advanced ... TOFEL (550) သို့မဟုတ် IELTS (Band 6.5) ရှိရမည်။
၂။ ...
(Public Law ...)
၃။ ... Assignment ...

Public Law ... ၂၃.၂.၂၀၁၃ တွင် ...
သင်တန်းကြေး - ၆၀၀၀၀ ကျပ်

...
၁။ THEORETICAL FOUNDATIONS OF DECISION MAKING
၂။ PREFERENCES
၃။ JUDICAL NOMINATIONS AND CONFIRMATIONS
၄။ THE SEPARATION OF POWERS

... Application Form ... The SUN Institute ...

ဆက်သွယ်ရန်လိပ်စာ
...

**"Career Opportunity"**

We, a well estiblished multinational company in Myanmar since 1998, are seeking and energetic, high calibre and diligent person for the following position. Attractive remuneration package will be offered.

**Administration Officer 1 Post**

**Job Scope:** Responsible for company secretarial matters, legal matters and administration works

- Age under 40
- Holder of at least a Bachelor degree, Graduates in Law, LL.B / LL.M preferable
- At least 3 years working experience in related field, experienced in corporate matter is an advantage
- Proficiency of English in both oral and written
- Computer skill

Interested candidates shall send CV detailing knowledge and experience attached with 2 recent passport size photos, copies of NRC, Labour Registration Card and testimonials to G.P.O Box (875) not later than 28th February 2013.

**Only short-listed candidates will be notified.** *(for local service only)*

'ကျေးဇူးရှင် မဟာဂန္ဓာရုံ ယောဂီကျော် အမေကြီး'
ပထမအကြိမ် ထွက်ပွဲ ဆောင်ပွဲ ပူဇော်ပွဲ

...

ကျင်းပမည့်နေရာ : ...
ဆက်သွယ်ရန် : ...

နံလာ
...

# Technology

7DAY NEWS JOURNAL

Vol.11, No.50 • FEBRUARY 21 , 2013


## ဖေ့စ်ဘွတ်ခ်အင်ဂျင်နီယာများ၏ ကွန်ပျူတာများကို ဟက်ကာများတိုက်ခိုက်


**ဆန်ဖရန်စစ္စကို၊ ဖေဖော်ဝါရီ-၁၇**

ဖေ့စ်ဘွတ်ခ်ကုမ္ပဏီအင်ဂျင်နီယာများ၏ ကွန်ပျူတာများကို zero-day Java စနစ်များဖြင့် တိုက်ခိုက်ခဲ့ပြီး ယခင်က မမြင်ဖူးသော ဖျက်ဆီးရေးဗိုင်းရပ်စ်များ ထည့်သွင်းသွားခဲ့ကြောင်း ဖေ့စ်ဘွတ်ခ် ကုမ္ပဏီတာဝန်ရှိသူများက ပြောကြားသည်။

Ars Technica ကုမ္ပဏီနှင့် ပြုလုပ်သော သီးသန့်အင်တာဗျူးတွင် ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ တာဝန်ရှိသူများက ယင်းတိုက်ခိုက်မှုတွင် ဖေ့စ်ဘွတ်ခ်အသုံးပြုသူများ၏ အချက်အလက်များ ပါမသွားခဲ့ကြောင်းနှင့် ယင်းတိုက်ခိုက်မှုမှာ ဖေ့စ်ဘွတ်ခ်အင်ဂျင်နီယာ အချို့၏ လက်ပ်တော့များတွင်သာ ဖြစ်ပေါ်ခဲ့သည်ဟု ပြောကြားသည်။ အကယ်၍ အခြားကုမ္ပဏီများသာ ယခုကဲ့သို့ တိုက်ခိုက်ခံရပါက ဖြေရှင်းဖို့ မလွယ်ကူကြောင်း ၎င်းတို့က ပြောသည်။

ဖေ့စ်ဘွတ်ခ်၏ ကိုယ်ပိုင်လုံခြုံရေးအဖွဲ့သည် အခြားလုံခြုံရေးကုမ္ပဏီတစ်ခုနှင့် ပူးပေါင်း၍ ဟက်ကာများ၏ အဓိကဆာဗာကို ဝင်ရောက်ထိန်းချုပ်၍ ဖျက်ဆီးရေးစနစ်များ တပ်ဆင်ထားသော

**စာမျက်နှာ(၂၄)သို့**




e-government *လုပ်ငန်းစဉ်တစ်ခု*

ဓာတ်ပုံ - SSTM

## အစိုးရဌာနများ နည်းပညာ အသုံးချနိုင်မှု နိမ့်ကျနေဆဲ

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၄**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး နည်းပညာကဏ္ဍသည် ဒေသတွင်းနိုင်ငံအချို့ထက်ပင် နိမ့်ကျနေဆဲဖြစ်သည်နှင့် တစ်ချိန်တည်းမှာပင် အစိုးရလုပ်ငန်းများ၏ အီလက်ထရွန်နစ်နည်းပညာသုံး လုပ်ငန်းဆောင်ရွက်မှုအဆင့်သည်လည်း လွန်ခဲ့သော ငါးနှစ်ခန့်က အနေအထား သို့ပင် ပြန်လည်ရောက်ရှိနေကြောင်း e-government ဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်နေသော ကော်မတီမှ သတင်းရရှိသည်။

ဝန်ကြီးဌာန ဘတ်ဂျက်မရှိခြင်း၊ စီမံကိန်းအတွင်းကွန်ပျူတာနည်းပညာကို ကျွမ်းကျင်အဆင့် တတ်မြောက်သည့် ဝန်ထမ်းရှားပါးလွန်းခြင်းနှင့် ဌာနဆိုင်ရာအချင်းချင်း ထိုစနစ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း စသည့်အချက်များသည်နိုင်ငံ၏ e-government မအောင်မြင်ရခြင်းအဓိကအချက်များဖြစ်ကြောင်း ကွန်ပျူတာပညာရှင်တစ်ဦးဖြစ်သူ ဦးရဲမြတ်သူက ဆိုသည်။

"ဒါကိုလုပ်နေပါတယ်ဆိုပြီး တော့သာ လုပ်နေတာ။ တကယ်တမ်း အလုပ်မလုပ်ကြပါ ဘူး။ ပုဂ္ဂလိကဘက်က၊ ပညာရှင်တွေဘက်က ဒါကို ဖြစ်စေချင်လို့ ပံ့ပိုးပေးနေတာတွေရှိပေမယ့် တကယ်တမ်းလက်တွေ့မှာ ဝန်ကြီးဌာနဘက်ကလက်တွေ့ပူးပေါင်းဆောင်ရွက် မှုပိုင်းအားနည်းတာတွေကြောင့် မအောင်မြင်တဲ့အပြင် ဟိုအရင်ကအနေအထားကနေတောင် ပြန်ထိုးကျသွားသေးတယ်" ဟု ၎င်းက သုံးသပ်ပြောဆိုသည်။

ပြီးခဲ့သည့်ဇန်နဝါရီလတွင် ရာထူးမှ နုတ်ထွက်သွားသည့် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဝန်ကြီးတာဝန်ယူခဲ့သည့် အချိန်အထိ e-government ဖွံ့ဖြိုးရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ စီမံကိန်းများကို မကြာခဏ ပြုလုပ်ခဲ့သော်လည်း ယခုအချိန်အထိအောင်မြင်မှုမရရှိခဲ့ပေ။

**စာမျက်နှာ(၂၄)သို့**

## ဆက်သွယ်ရေး အော်ပရေတာအတွက် နိုင်ငံတကာမှ ကုမ္ပဏီပေါင်း ၉၀ ကျော် လျှောက်ထား

**ယုဇနကိုကို**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၄**

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနက ကျန်ရှိနေသေးသည့်ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းလိုင်စင်နှစ်ခုအတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူမှုများတွင် နိုင်ငံတကာကုမ္ပဏီပေါင်း ၉၀ ကျော်က လျှောက်ထားလာကြကြောင်း သတင်းရရှိသည်။

မြန်မာတစ်နိုင်ငံလုံးအနှံ့ရရှိနိုင်မည့်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်လိုသည့် အရည်အချင်းပြည့် နိုင်ငံတကာကုမ္ပဏီများကို ယခုကဲ့သို့ ဖိတ်ခေါ်ရာတွင် အာရှဒေသတွင်းနိုင်ငံများအပြင် မြောက်အမေရိက၊ လက်တင်အမေရိက၊ အရှေ့အလယ်ပိုင်းဒေသ၊ ဥရောပ၊ ပစိဖိတ်ကျွန်းဆွယ်များဒေသနှင့် အာဖရိကဒေသ တို့မှ နည်းပညာလုပ်ငန်းပေါင်း ၉၁ ခုက လျှောက်ထားကြခြင်းဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယ၊ အမေရိကန်၊ ကိုရီးယားသမ္မတနိုင်ငံ အစရှိသောနိုင်ငံများမှ ကမ္ဘာ့အဆင့်မီ နည်းပညာကုမ္ပဏီများ အများအပြားပါဝင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ၂၀၁၂ အတွင်း ပြည်တွင်း ဆက်သွယ်ရေးအော်ပရေတာနှစ်ခုကို ရွေးချယ်ကာ အော်ပရေတာလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ကို ချထားပေးခဲ့သည်။ ထိုကဲ့သို့ပြည်တွင်း၏ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းကို လုပ်ကိုင်ခွင့်ရသည့် လုပ်ငန်းနှစ်ခုသည်မြန်မာ့ဆက်သွယ်ရေးမှ အသွင်ပြောင်းလဲထားသည့် မြန်မာတယ်လီကွန်းနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီ တို့ ဖြစ်ကြသည်။

**စာမျက်နှာ(၂၄)သို့**




## HTC ၏ နောက်ဆုံးပေါ် HTC One မတ်လတွင် စတင်ရောင်းချမည်

**နယူးယောက်၊ ဖေဖော်ဝါရီ-၁၇**

HTC ကုမ္ပဏီသည် Android စနစ်သုံးဖုန်းများအတွက် နောက် ဆုံးပေါ်နည်းပညာများ ထည့်သွင်းထားသည်ဆိုသော ၎င်း၏ ထိပ်တန်းနောက်ဆုံးထုတ်ဖုန်း HTC one အား မတ်လအတွင်း ဥရောပနှင့် အမေရိကန်နိုင်ငံတွင် စတင်ရောင်းချသွားဖွယ်ရှိကြောင်း သိရသည်။

HTC ဖုန်းများအား Verizon Wireless, AT&T နှင့် Sprint စသော ဖုန်းလိုင်းကုမ္ပဏီများနှင့် တွဲဖက်ရောင်းချသွားမည်ဖြစ်သည်။ ယင်းတွင် သတ္တုကိုယ်ထည်နှင့် စပီကာများကို ရှေ့ဘက်မျက်နှာပြင်တွင် တပ်ဆင်ထားသည်ဟု ဆိုသည်။

မျက်နှာပြင်အကျယ် ထောင့်ဖြတ် ၄ ဒသမ ၇ လက်မရှိပြီး ပုံရိပ်ပြတ်သားမှုအတွက် ၁၉၂၀×၁၀၈၀ စနစ်အပြင် မောင်းနှင်စနစ်မှာ 1.7 GHz Qualcomm S4 Pro ဖြစ်သည်။ RAM 2GB နှင့် ဂရပ်ဖစ်ပရိုဆက်ဆာမှာ Adreno 320 စနစ်ပါဝင်သည်။ အချက်အလက်သိုမှီးနိုင်မှုအတွက် 16GB, 32GB, 64 GB ဟူ၍ ရွေးချယ်နိုင်မည်ဖြစ်သည်။

Android 4.2 စနစ်ကို အသုံးပြုထားမည်ဟု မျှော်လင့်ထားပြီး Android 4.1 Jelly Bean ကိုလည်း ထောက်ပံ့မည်ဟု ဆိုသည်။ ဗီဒီယိုစကားပြောစနစ်အတွက် 2MP ရှေ့ကင်မရာလည်း တပ်ဆင်ထားမည်ဖြစ်သည်။ ယခင် HTC ဈေးနှုန်းများမှာ ဈေးကြီးသည်ဟု သတင်းထွက်ခဲ့ပြီး ယခုနောက်ဆုံးထုတ်ဖုန်းကို အခြားစမတ်ဖုန်းများနှင့် ယှဉ်ပြိုင်ရောင်းချနိုင်မည့် ဈေးနှုန်းသတ်မှတ်နိုင်မည်ဟု မျှော်လင့်ထားကြသည်။ *—Ref: C Net*




# Office 365 စနစ်များကို PC များတွင် ထည့်သွင်းရောင်းချသွားမည်

**ဂျကာတာ၊ ဖေဖော်ဝါရီ-၁၆**
မိုက်ကရိုဆော့ဖ်ကုမ္ပဏီကြီး၏ လက်ခွဲကုမ္ပဏီ အင်ဒိုနီးရှားမိုက်ကရိုဆော့ဖ်အဖွဲ့သည် တစ်ကိုယ်ရည်သုံးကွန်ပျူတာ (PC) များတွင် မိုက်ကရိုဆော့ဖ်၏ Office 365 (cloud- based) ဆော့ဖ်ဝဲအား ထည့်သွင်းရောင်းချနိုင်ရန် ကွန်ပျူတာ ထုတ်လုပ်သူများနှင့် ညှိနှိုင်းဆွေးနွေးနေကြောင်း သိရသည်။

Office 365 စနစ်များ ထည့်သွင်းရောင်းချရန် အနည်းဆုံး PC ထုတ်လုပ်သူ ခုနစ်ဦးနှင့် ဆွေးနွေးပြောဆိုနေကြောင်း အင်ဒိုနီးရှားမိုက်ကရိုဆော့ဖ်ကုမ္ပဏီအကြီးအကဲ အင်ဒရေးဒီရန်တိုရိုက ပြောကြားသည်။

ဆွေးနွေးနေသော အမှတ်တံဆိပ်များတွင် Acer, Hewlett-Packard နှင့် Toshiba အစရှိသည့် နာမည်ရအမှတ်တံဆိပ်များလည်း ပါဝင်သည်။

"ကျွန်တော်တို့ရဲ့ ထုတ်ကုန်ကို ကျွန်တော်တို့နဲ့ လက်တွဲဖော် ကွန်ပျူတာ အမှတ်တံဆိပ်တွေနဲ့ တစ်စုတစ်စည်းတည်း ရောင်းချနိုင်ဖို့ လေ့လာနေပါတယ်" ဟု မစ္စတာ ဒီရန်တိုရိုက ပြောကြားသည်။




Office 365 စနစ်မှာ cloud-based ဆော့ဖ်ဝဲဖြစ်ပြီး နှစ်စဉ်ငွေပေးချေသော စနစ်ဖြင့် ဝယ်ယူအသုံးပြုနိုင်သည်။ လုပ်ငန်းသုံးအတွက် ယမန်နှစ်က စတင်ရောင်းချခဲ့ပြီး အိမ်နှင့်ကျောင်းသားသုံး Home Premium နှင့် University စနစ်များကို ဖေဖော်ဝါရီ ၁၂ ရက်တွင် စတင်ရောင်းချပေးခဲ့သည်။

*—Ref: The Jakarta Post*




စာမျက်နှာ(၂၃)မှ

## ဖေ့စ်ဘွတ်ခ်အင်ဂျင်နီယာများ၏ ကွန်ပျူတာများကို ဟက်ကာများတိုက်ခိုက်

ကွန်ပျူတာများမှ ထွက်ပေါ်လာသော လှုပ်ရှားမှုများကို ထိန်းချုပ်ဖြတ်တောက်ခဲ့ကြောင်း သိရသည်။ ယင်းလှုပ်ရှားမှုများကို ကုမ္ပဏီအများအပြားမှ လာရောက်သည်ကို တွေ့ရှိခဲ့ရကြောင်း ဖေ့စ်ဘွတ်ခ်လုံခြုံရေးအရာရှိချုပ် ဂျိုးဆူလီဗန်က ပြောကြားပြီး ယင်းကုမ္ပဏီများကိုလည်း အသိပေးအကြောင်းကြားခဲ့ရသည်ဟု ၎င်းက ပြောသည်။ ယခုအခါ ယင်းကိစ္စကို ဖက်ဒရယ်တရားဥပဒေစိုးမိုးရေး စုံစမ်းစစ်ဆေးသူများထံ လွှဲပြောင်းပေးလိုက်ပြီဟု ၎င်းက ဆက်လက်ပြောသည်။

*—Ref: Technica*

စာမျက်နှာ(၂၃)မှ

## ဆက်သွယ်ရေး အော်ပရေတာအတွက် နိုင်ငံတကာမှ ကုမ္ပဏီပေါင်း ၉၀ ကျော် လျှောက်ထား

အစိုးရအနေဖြင့် ပြည်တွင်း အော်ပရေတာလုပ်ငန်းလိုင်စင်ကို လေးခုအထိချထားပေးမည်ဖြစ်ရာ ကျန်ရှိနေသေးသည့် လိုင်စင်နှစ်ခုအနက် စိတ်ပါဝင်စားသည့် နိုင်ငံတကာကုမ္ပဏီများကို ယခုကဲ့သို့ တင်ဒါခေါ်ယူထားခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။

ယခုလ ၈ ရက်အထိ နိုင်ငံတကာဆက်သွယ်ရေးကုမ္ပဏီ ၉၀ ကျော်မှ လျှောက်ထားလာသော တင်ဒါယှဉ်ပြိုင်မှုများကို ဒုတိယအဆင့်အနေဖြင့် အကြိုအရည်အချင်းစစ်ဆေးသည့် အဆင့်ကို ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် တတိယအဆင့်စစ်ဆေးမှုများကို ပြုလုပ်ကာ ထိုအထဲမှ သင့်လျော်သည့် လုပ်ငန်းနှစ်ခုကို ရွေးချယ်သွားမည်ဖြစ်သည်။

စာမျက်နှာ(၂၃)မှ

## အစိုးရဌာနများ နည်းပညာအသုံးချနိုင်မှု နိမ့်ကျနေဆဲ

အီလက်ထရွန်နစ် အစိုးရလုပ်ငန်းများ ဝန်ကြီးဌာနတွင် ဆောင်ရွက်နေသည့် အနေအထားနှင့် ပတ်သက်ပြီး နေပြည်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနမှ လဝက ဦးစီးဌာနအကြီးတန်းအရာရှိတစ်ဦးက "ကျွန်တော်တို့ အစိုးရဌာနတွေမှာ အီလက်ထရွန်နစ် အစိုးရလုပ်ငန်းတွေ ဆောင်ရွက်မှုအဆင့် တကယ်ကို အားနည်းလွန်းပါတယ်။ ပုဂ္ဂလိကပိုင်းက ပံ့ပိုးမှုတွေရှိနေပေမယ့်တကယ်တမ်း ဒါကိုလုပ်ပြီဆိုရင် ဘတ်ဂျက်လိုအပ်သလို ကျွမ်းကျင်တဲ့ ပညာရှင်တွေဌာနတိုင်းမှာလိုအပ်ပါတယ်။ ကျွန်တော်တို့မှာ ဒါတွေ မရှိပါဘူး။ အလုပ်ရုံဆွေးနွေးပွဲတွေတက်ပြီး ပြီးရောဆိုသလိုဖြစ်နေတယ်။ လက်ရှိပုံစံဖြစ်တဲ့ စာရွက်စာတမ်း စနစ်အတိုင်းသာ ဆက်သွားရင် ဒီလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုနှုန်းက စိုးရိမ်စရာပါပဲ" ဟု ၎င်း၏ ထင်မြင်ချက်ကိုပြောကြားသည်။

နိုင်ငံတကာတွင် အစိုးရဌာနများ၌ ၎င်းတို့ဌာန အချင်းချင်းအပြင် နိုင်ငံသားများ၊ စီးပွားရေးလုပ်ငန်းများဆီသို့ အီလက်ထရွန်နစ် နည်းပညာများကို အသုံးချကာ လုပ်ငန်းဆိုင်ရာ ကိစ္စများလည်ပတ်ကာ အောင်မြင်နေကြချိန်တွင် မြန်မာနိုင်ငံ၏ e-government တိုးတက်မှုသည် အစိုးရဌာနများ ယခုအချိန်အထိ စာရွက်စာတမ်းအဆင့်ဖြင့်သာ လည်ပတ်နေကြဆဲဖြစ်သည်ဟု ကွန်ပျူတာ ပညာရှင်အချို့က သုံးသပ်သည်။

"ဝန်ကြီးဌာနတစ်ခု ဝက်ဘ်ဆိုက်ရှိတိုင်း ကမ္ဘာ့အဆင့်မီပြီလို့ ပြောလို့မရဘူး။ နိုင်ငံရဲ့ အီးဂါးဘားမန့်အဆင့်ဟာ ၂၀၁၀ မှာ အဆင့် ၁၆၀ ကို ထိုးကျသွားတယ်။ ၁၉ ဆင့် ကျသွားတာဖြစ်ပါတယ်။ ဒါက လွန်ခဲ့တဲ့လေးငါးနှစ်က အနေအထားကို ပြန်ပြီးရောက်ရှိသွားတာပါ" ဟု e-government ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ပြောသည်။

ယခုလက်ရှိမြန်မာနိုင်ငံတွင် အီလက်ထရွန်နစ်နည်းပညာသုံးကာ လုပ်ငန်းဆောင်ရွက်နေကြသည့် ဌာနများမှာ e-Dform e-Visa နှင့်သွင်းကုန်၊ ထုတ်ကုန်လိုင်စင်များကို အွန်လိုင်းမှ ပြုလုပ်နိုင်သည့် လုပ်ငန်းများသာ ရှိသေးပြီး ယင်းတို့မှာ အောင်မြင်နေသည့် အနေအထားတစ်ခုသို့ ရောက်ရှိနေပြီဟု သတ်မှတ်ခြင်းမပြုနိုင်သေးကြောင်းလည်း ကွန်ပျူတာပညာရှင်အချို့က သုံးသပ်ပြောကြားသည်။

e-government လုပ်ငန်းကို အောင်မြင်အောင်လုပ်ဆောင်နိုင်ပြီး လက်ရှိအချိန်အထိ ကမ္ဘာ့နံပါတ်တစ်ဖြစ်နေသည့် နိုင်ငံမှာ ကိုရီးယား သမ္မတနိုင်ငံဖြစ်ပြီး အာရှဒေသတွင်း နိုင်ငံများဖြစ်သော စင်ကာပူနှင့် ဂျပန်နိုင်ငံများသည်လည်း ထိုလုပ်ငန်းတွင် အောင်မြင်နေကြသည်ဟုအထက်ပါ ကော်မတီမှ သိရသည်။

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



# မေးခွန်းထုတ်စရာဖြစ်လာသော အီလက်ထရွန်နစ်ဥပဒေ

ယုဇနကိုကို၊အောင်ခိုင်၊ထွန်းခိုင်

၂၀၁၃ ခုနှစ်ဇန်နဝါရီလလယ်ပိုင်းတွင် မြန်မာ့မီဒီယာနှင့် ကွန်ပျူတာလောကတွင် အတန်ငယ် စိတ်ရှုပ်ထွေးစရာ ကောင်းသော အဖြစ်အပျက်များကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရသည်။ မြန်မာနိုင်ငံ၏ လူသိအများဆုံး သတင်းဌာနများအနက် တစ်ခုဖြစ်သော Eleven Media Group ၏ အင်တာနက် စာမျက်နှာသည် Red-Army Team ဟု အမည်ပေးထားသော ဟက်ကာအဖွဲ့၏ ဝင်ရောက်နှောင့်ယှက်ခြင်းကို ခံခဲ့ရသည်။ ထို့နောက် သီတင်းသုံးပတ်ခန့် အကြာ ဖေဖော်ဝါရီ ၄ ရက်တွင်မြန်မာနိုင်ငံ၏ နောက်ထပ်လူသိများသည့် သတင်းမီဒီယာတစ်ခုဖြစ်သော The Voice Weekly ၏ ဖေ့စ်ဘွတ်ခ် စာမျက်နှာသည်လည်း Anonymous Myanmar အမည်ခံထားသောဟက်ကာအဖွဲ့၏ တိုက်ခိုက်ထိန်းချုပ်ခြင်းကို ခံခဲ့ရသည်။

အမည်မသိသူများ၏ တိုက်ခိုက်မှုသည် ထိုမျှနှင့်မရပ်သေး။ နောက်တစ်ရက်ဖြစ်သော ဖေဖော်ဝါရီ၅ ရက်တွင် သူတို့၏ တိုက်ခိုက်မှုကို နေပြည်တော်ဆီသို့ ဦးတည်လိုက်ကြပြန်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာဟု ပြဋ္ဌာန်းထားသော နိုင်ငံတော်သမ္မတ၏ သတင်းမှတ်တမ်း အများစု ထုတ်ပြန်ရာ သမ္မတရုံးအင်တာနက်စာမျက်နှာသည်ပင်လျှင် ၎င်းတို့၏သားကောင် ဖြစ်သွားခဲ့ရရှာသည်။

မည်သူမည်ဝါဖြစ်ကြောင်း တိတိကျကျမပြောဆိုသော ၎င်းတို့၏ နောက်ထပ်ပစ်မှတ်မှာ မည်သူဖြစ်မည်လဲ။ ဘာကြောင့် နာမည်ကျော် သတင်းဌာနများနှင့် နိုင်ငံတော်၏ အဆင့်အမြင့်ဆုံးသော ပုဂ္ဂိုလ်ကို ပစ်မှတ်ထားခဲ့သလဲ။ သူတို့၏ နောက်ကွယ်တွင် မည်သူက ထောက်ပံ့ကာ အစီအစဉ်ရှိရှိ လုပ်ဆောင်နေသလဲ အစရှိသဖြင့် မြန်မာ့အင်တာနက် သုံးစွဲသူများအကြား မေးခွန်းပေါင်းများစွာ ထွက်ပေါ်လာသော်လည်း အဖြေက ခုချိန်အထိ တိတိကျကျ ထွက်ပေါ်မလာသေးပါ။

သို့သော် ယင်းအဖြစ်အပျက်များသည် ပွင့်လင်းစမြန်မာ့လူ့ဘောင်၏ အင်တာနက်လုံခြုံရေးအတွက် အချက်ပေးခေါင်းလောင်းဖြစ်ပြီး အစိုးရနှင့်ပါဝင်ပတ်သက်သူများ အားလုံးအနေဖြင့် အနာဂတ်တွင် ယင်းပြဿနာများကို မည်ကဲ့သို့ ကိုင်တွယ်ဖြေရှင်းမည်ဆိုသည်ကို လေးလေးနက်နက် သုံးသပ်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။

မည်သည့် အကျိုးအမြတ်ကြောင့် သတင်းဌာနများနှင့် နိုင်ငံအတွက် အရေးပါသော ဌာနများ၏ အင်တာနက်စာမျက်နှာများကို တိုက်ခိုက်သူများက ပစ်မှတ်ထားသည်ကို တိတိကျကျပြောဆိုရန် ခက်ခဲလှသော်လည်း ယင်းတိုက်ခိုက်မှုများမှာ နိုင်ငံရေးနှင့် ဆက်နွယ်မှုများရှိနိုင်ကြောင်း သုံးသပ်မှုများလည်းရှိသည်။

**မြန်မာသတင်းဌာနတွေ ဘယ်အချိန်ကတည်းက တိုက်ခိုက်သူများရဲ့ ပစ်မှတ်ဖြစ်ခဲ့လဲ**

မြန်မာဘာသာဖြင့် ရေးသားထုတ်ဝေသော သတင်းဌာနကိုပစ်မှတ်ထားပြီး နှောင့်ယှက်တိုက်ခိုက်မှုသည် 7Day News ၏ လေ့လာတွေ့ရှိချက်များအရ ၂၀၀၇ စက်တင်ဘာ သံဃာ့လှုပ်ရှားမှုနှင့် အတူစတင်ခဲ့ပြီး ယင်းနောက်တွင် ခပ်စိပ်စိပ်ဖြင့် နှစ်စဉ်လိုလို ဖြစ်ပေါ်လာခဲ့သည်။ ထိုစဉ်ကပြည်ပအခြေစိုက် မြန်မာသတင်းဌာနများဖြစ်သော မဇ္ဈိမ၊ ဧရာဝတီ၊ ဒီဗွီဘီ စသည့်သတင်းဌာနများ၏ အင်တာနက်စာမျက်နှာများသည် ပစ်မှတ်အဖြစ် သတ်မှတ်ခံခဲ့ရသည်။

အလားတူ ၂၀၁၀ပြည့်နှစ်အတွင်း ခရိုနီဟုခေါင်းစဉ်တပ်ကာ တိုက်ခိုက်ခံခဲ့ရသည့် ဝက်ဘ်ဆိုက်များလည်းရှိပြီး ဟက်ကာအဖွဲ့တစ်ခုက ၎င်းတို့ တိုက်ခိုက်ခဲ့သည့် ဝက်ဘ်ဆိုက်စာရင်းကိုထုတ်ပြန်ရာတွင် ဝက်ဘ်ဆိုက်ပေါင်း ရာနှင့်ချီရှိခဲ့သည်။

အဆိုပါသတင်းဌာနများ၏ အင်တာနက်စာမျက်နှာများ တိုက်ခိုက်ခံရမှုများသည်ပြည်တွင်းတွင် သတင်းအဖြစ်အပျက်ကြီးကြီးမားမား ဖြစ်ပွားနေချိန်များနှင့် တိုက်ဆိုင်လေ့ရှိပြီး ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်မှုအပြီး ကာလများနှင့် ၂၀၁၀ ရွေးကောက်ပွဲနီးကာလများတွင်လည်း တိုက်ခိုက်ခံခဲ့ရကြောင်း ယင်းသတင်းဌာနများ၏ ထုတ်ပြန်ချက်များအရ သိရသည်။ ယင်းတိုက်ခိုက်မှုများသည် ယခုနှစ် အစောပိုင်းမှစတင်ပြီး ပြည်တွင်းအခြေစိုက် သတင်းဌာနများဆီသို့ ဦးတည်လာခဲ့သည်။

**ဘယ်သူတွေက ဘာကြောင့်တိုက်ခိုက်မှုတွေ လုပ်ကြတာလဲ**

သတင်းဌာနများကို တိုက်ခိုက်မှုမှာ ပွင့်လင်းစ မြန်မာ့ စာနယ်ဇင်းလောက၏ လွတ်လပ်စွာပြောဆိုခွင့်ကို တစ်ဖက်လှည့်ဖြင့် ခြိမ်းခြောက်ရန် ကြိုးပမ်းခြင်းလည်း ဖြစ်နိုင်ကြောင်း ပြည်တွင်းရှိမြန်မာသတင်းသမားများက သုံးသပ်ကြသလို လူထုအကြား မီဒီ

> “ဒီဥပဒေက တကယ်တမ်းတော့ လူရယ်ချင်စရာဟာသတစ်ခုလို ဖြစ်နေတယ်။ အစိုးရက သူတို့ကိုယ်တိုင် ကြုံတွေ့နေရတဲ့ အချိန်မှာတောင် ဒီပြဿနာကို မဖြေရှင်းနိုင်ဘူး ။”
>
> *–ဦးရဲမြတ်သူ*

ယာအပေါ် ယုံကြည်မှုများ ကျဆင်းအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းလည်း ဖြစ်နိုင်ကြောင်း သုံးသပ်မှုများလည်း ရှိကြသည်။

The Voice Weekly ဂျာနယ်၏ အယ်ဒီတာချုပ်ဖြစ်သူ ဦးကျော်မင်းဆွေက အဆိုပါ တိုက်ခိုက်မှုများသည် အဖွဲ့အစည်းတစ်ခုခုမှ စနစ်တကျ လေ့ကျင့်သင်ကြားထားသော ကျွမ်းကျင်သူများ၏ လက်ချက်ဖြစ်နိုင်ကြောင်းမှတ်ချက်ချခဲ့သည်။ ယင်းလုပ်ရပ်များသည် အသွင်ကူးပြောင်းရေးကာလအတွင်း အထိနာခဲ့သူများ၏ စနက်လည်းဖြစ်နိုင်ကြောင်း သုံးသပ်ခဲ့သည်။

“အကူးအပြောင်းကာလမှာ အလွဲသုံးစားမှုတွေမီဒီယာကြောင့် ပေါ်လာတယ်။ မီဒီယာရဲ့ပွင့်လင်းလာမှုကို မလိုလားသူတွေက ချဲ့ကားအပုပ်ချတာတွေရှိတယ်”ဟု The Voice Weekly ၏ အယ်ဒီတာချုပ်ကဆိုသည်။

၂၀၀၇ ရွှေဝါရောင် သံဃာ့အရေးအခင်းမှ စတင်ပြီး အနည်းဆုံးလေးကြိမ်အထိ နှောင့်ယှက်တိုက်ခိုက်ခံခဲ့ရသော ထိုင်းနိုင်ငံအခြေစိုက် မြန်မာသတင်းဌာနတစ်ခုဖြစ်သော ဧရာဝတီသတင်းဌာန၏ မြန်မာပိုင်းတာဝန်ခံ အယ်ဒီတာ ဦးရဲနည်က သတင်းဌာနများ၏ အင်တာနက် စာမျက်နှာများကို ဦးတည်တိုက်ခိုက်ခြင်းသည် အဆိုပါသတင်းဌာနများ၏ သတင်းတင်ပြချက်များနှင့် မူဝါဒများကို မကြိုက်သည့်သူများက တိုက်ခိုက်ခြင်းများ ဖြစ်နိုင်သလို ပြိုင်ဘက်စီးပွားရေးသမားများက နှောင့်ယှက်တိုက်ခိုက်ခြင်းများလည်း ဖြစ်နိုင်ကြောင်း သူ၏ထင်မြင်ချက်ကို ပြောသည်။

၎င်းတို့တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအရဆိုလျှင် နှောင့်ယှက်တိုက်ခိုက်သူများသည် Professional အဆင့် ကျွမ်းကျင်သူများ၏လက်ချက်ဟုယူဆကြောင်း ဧရာဝတီသတင်းဌာနမှ ဦးရဲနည်ကပြောသည်။

“ကျွန်တော်တို့ကို တိုက်ခိုက်တာက Professional တွေလို့ ယူဆတယ်။ ဘာကြောင့်လဲဆိုတော့ ပမာဏအရမ်းကြီးတယ်။ DDos နဲ့တိုက်ခိုက်တာ 2GB ကနေ 4GB အထိ တိုက်ခိုက်ခံရဖူးတယ်။ အဲဒါက ကွန်ပျူတာအလုံးရေ သန်းပေါင်းများစွာနဲ့ဖြစ်တာ။ အဲဒါကြောင့် တစ်ယောက်တည်းလုပ်တာ မဟုတ်တော့ဘူး။ အနည်းဆုံး အဖွဲ့လိုက် လုပ်တယ်လို့ ယူဆတယ်။ အဲဒီလို လုပ်နိုင်တာက တကယ့် Professional တွေဗျ”ဟု ၎င်းကဆိုသည်။

ပြဿနာများ၏နောက်ကွယ်တွင် အစိုးရ (သို့မဟုတ်) အစိုးရနှင့် နီးကပ်သော အဖွဲ့အစည်းတစ်ခုခု၏စနက် ဖြစ်ကောင်းဖြစ်နိုင်ကြောင်း စွပ်စွဲမှုများလည်း ရှိခဲ့သည်။ ခေတ်မီနည်းပညာ မဆိုထားနှင့်၊ အခြေခံပညာ မူလတန်းကိုပင် ဆုံးခန်းတိုင်အောင် တက်ရောက်နိုင်သူ တစ်နေ့တခြား နည်းပါးလာပြီး တိုင်းပြည်လူဦးရေ၏ မဆိုသလောက် ပမာဏသာ အင်တာနက်ကို သုံးစွဲနိုင်သော မြန်မာနိုင်ငံတွင် ယခုကဲ့သို့သော အဆင့်မြင့်နည်းပညာ သုံးစွဲတိုက်ခိုက်သူမှာ လက်ချိုးရေတွက်နိုင်သော ပမာဏသာရှိကြောင်း နည်းပညာကျွမ်းကျင်သူများကဆိုသည်။

တိုက်ခိုက်မှုများ၏ နောက်ကွယ်တွင် အစိုးရရှိနေသည်ဆိုသည့် သုံးသပ်ချက်များကို နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ပယ်ချလိုက်သည်။

“ယခုအဖြစ်အပျက်သည် နိုင်ငံတော်အစိုးရနှင့် မည်သို့မျှမသက်ဆိုင်ကြောင်း” ဧရာဝတီသတင်းဌာနသို့ ပြောကြားခဲ့သည်။

**ဥပဒေကြောင်းက တိုက်ခိုက်ခံရသူတွေကိုဘယ်လိုအကာအကွယ်ပေးထားလဲ**

၂၀၀၄ခုနှစ်ကပြဋ္ဌာန်းခဲ့သော အီလက်ထရွန်နစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေတွင် “မူလပေးပို့သူနှင့် လက်ခံသူတို့၏ ခွင့်ပြုချက်မရဘဲ ကွန်ပျူတာကွန်ရက်အတွင်း ဆက်သွယ်မှုတစ်ခုခုကို ကြားဖြတ်ခြင်း၊ ဆက်သွယ်မှုတစ်ခုခုတွင် ပါဝင်သည့် အချက်တစ်ရပ်ရပ်ကို အသုံးပြုခြင်း (သို့မဟုတ်)အခြားသူတစ်ဦးဦးကိုထုတ်ဖော်ခြင်း”ကို ကျူးလွန်ပါက အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ထောင်ဒဏ် (၅)နှစ်အထိ ကျခံရနိုင်ကြောင်း ဖော်ပြထားသည်။ သို့သော်လည်း အဆိုပါဥပဒေသည် ကွန်ရက်များကို နှောင့်ယှက်သူများအား ရုံးတော်သို့ ခေါ်ဆောင်လာနိုင်ခြင်းထက် အတိတ်ကာလတွင် ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများအား ကာလရှည်ကြာ အကျဉ်းချခဲ့သည်ဟု နာမည်ဆိုးဖြင့် ပိုမိုကျော်ကြားခဲ့သည်။

“ဒီဥပဒေက အရင် နဝတက သူ့ရဲ့လမ်းစဉ်ကို အကာအကွယ်ပေးဖို့ လုပ်ထားတာ”ဟု ရှေ့နေဦးခင်ဇော် (မရမ်းကုန်း) က မှတ်ချက်ပြုသည်။

“အီးမေးလ် တစ်စောင်ကို တစ်ခါသုံးရင်(၁၅)နှစ်၊ ကမ္ဘာမှာ ဒီလောက်ပြင်းထန်တဲ့ဥပဒေမရှိဘူး။ ခေတ်မမီတော့ဘူး”ဟု နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးဖြစ်သူမြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(ယာယီ)အဖွဲ့ဝင် ဦးဇော်သက်ထွေးကပြောသည်။

ဒီမိုကရေစီအရေး တက်ကြွလှုပ်ရှားသူများအား သံတိုင်နောက်ပို့ခဲ့သည့် အဆိုပါ ဥပဒေသည် လက်ရှိအချိန်တွင် နိုင်ငံသားအားလုံး၏ အထွတ်အထိပ်နေရာတွင်ရှိသည့် သမ္မတရုံးအင်တာနက်စာမျက်နှာကိုနှောင့်ယှက်သူများအား ရုံးတော်ရှေ့မှောက်သို့မပို့ဆောင်နိုင်သေးချေ။

“ဒီဥပဒေက တကယ်တမ်းတော့ လူရယ်ချင်စရာဟာသတစ်ခုလို ဖြစ်နေတယ်။ အစိုးရက သူတို့ကိုယ်တိုင် ကြုံတွေ့နေရတဲ့ အချိန်မှာတောင် ဒီပြဿနာကို မဖြေရှင်းနိုင်ဘူး”ဟု ကွန်ပျူတာပညာရှင် ဦးရဲမြတ်သူကပြောသည်။

**အချိန်မီမတားဆီးနိုင်ရင် ဘာဖြစ်လာနိုင်လဲ**

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူ တစ်သိန်းတစ်သောင်းခန့်ရှိကြောင်း အမေရိကန်အခြေစိုက် နည်းပညာသတင်း ဝက်ဘ်ဆိုက် တစ်ခုဖြစ်သော Science Daily က ခန့်မှန်းထားပြီး ပြည်တွင်းပညာရှင်များက ငါးသိန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ စာမျက်နှာ(၄၀)သို့

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# သည်ပုံသည်နည်း သည်ခရီး ဘယ်ပုံဖြင့် နီးမယ်ကြံ

သင်းရီ




တစ်ခါတစ်ခါ၌ ကျွန်ုပ်တို့သည် ငယ်ငယ်တုန်းက ရွှေထီးဆောင်းခဲ့ဖူးကြောင်းတွေကို ပြောမကုန် လွမ်းမကုန်အောင် ရှိနေတတ်ကြသည်။ မြန်မာပြည်ကြီး မည်မျှလောက်ချမ်းသာကြွယ်ဝခဲ့ဖူးသည့်အကြောင်း၊ မင်္ဂလာဒုံလေဆိပ်ကြီးက အာရှမှာဘယ်သို့. ၊ မြန်မာ့ဆန်က ကမ္ဘာ့ဈေးကွက်မှာ ဘယ်ချမ်းသာ. . ၊မြန်မာ့ကျွန်းရွှေဝါက ဘယ့်နှယ်. . ၊မြန်မာ့ကျောက်သံပတ္တမြားက ဘယ်ပုံ. . စသည်ဖြင့် ရုပ်ဝတ္ထုတွေအကြောင်းတမ်းတလွမ်းမောလို့မဆုံးနိုင်ခဲ့။ တွေးမိတိုင်း လွမ်းလောက်စရာဖြစ်တော့လည်း တကယ်ကောင်းပါသည်။

သို့သော် ကျွန်ုပ်တို့သည်မြင်သာသည့် အတွင်းပစ္စည်း လက်ဝတ်ရတနာတွေ ပျောက်ကွယ်ဆုံးရှုံးသွားခဲ့ရသည်ကိုသာ သတိမူမိနေကြခြင်းဖြစ်၏။ မမြင်သာဘဲ တတိတိ လိုက်စားအိဆင်းသွားခဲ့လျက်အမှုန်အမွှားမျှသာကျန်တော့သော အပြင်အကာအရံ စိတ်ခံတပ်ကြီးတစ်ခုလုံး ပျောက်ကွယ်ဆုံးရှုံးသွားခဲ့ရပြီကိုမူ သတိမပြုမိခဲ့ကြ။ ရာစုနှစ်ဝက်နီးပါးအတွင်း တတိတိဖြင့် အိ၍ပြိုသည်ဆိုတော့ မသိသာလိုက်။ သိလိုက်လို့ကြည့်မိတော့ ကုန်းကောက်စရာပင် မကျန်တော့သည့် အခြေအနေမို့ ဝမ်းနည်းစရာ အလွန်ကောင်းသည်။ စိတ်ဓာတ်ရေးရာ အကာအရံ လုံခြုံမှုစည်းကမ်း မရှိတော့သည့် သည်ပရိဝုဏ်ကြီးထဲတွင် ဘာပင်စိုက်၍ ဘာသီးပဲသီးသီး ကြီးလည်း အလကား၊ မှည့်လည်း အလကားကျိုးလည်းထိုး၊ခွေးလည်းစားဖြစ်မှာ စိုးရိမ်စရာ ကောင်းလှသည့် အခြေအနေမျိုးသာဖြစ်နေလေတော့၏။

ဆုံးရှုံးပျက်ပြားသွားခဲ့ပြီးသည့် စိတ်ဓာတ်ရေးရာ အခြေအနေကိုကြည့်တော့ ဂရပ်မျဉ်းက အောက်ဆုံးသို့ မြားဦးလှည့်နေသည်။ အခြေခံစိတ်ကမှ ရစရာမရှိတော့ပြီဆိုတော့လည်း စားနိုင်သူတွေအဖို့က အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားပင် မဟုတ်တော့။ အသားပေါသည့် အလယ်ပိုင်းကိုမှ အလုအယက် ပိုင်ပိုင်နိုင်နိုင် ရွေးစားသည့်ခေတ်သို့ ရောက်လေပြီ။ အရိုးအရင်းကိုက်သူတွေကလည်း ကိုယ်စီကိုယ်ငနီးပါးဆိုသည့်အခါ ဘယ်သူရယ် ဘယ်ဝါရယ်နှင့် ထူး၍အပြစ်ပြောစရာမရှိတော့။ အိမ်တစ်ဆောင်၏ တိုင်တွေအားလုံးကမှ ပိုးထိုးခြစားပြီဆိုသည့်အခါ အခင်းလည်း ရစရာမရှိတော့၊ လှေကားခုံဆိုတာလည်း အကောင်းမကျန်။ ခြကောင်တွေ အလုံးအရင်းနှင့်။ အတုမြင်၍ အတတ်သင်ကြပြီမို့ အတူတူနှင့် အနူနူ။ သည်ပုတ်ထဲက သည်ပဲတွေ ဖြစ်ကုန်သည်။ ဆွမ်းဆန်ထဲ ကြွက်ချေးရောသည် မဟုတ်။ ကြွက်ချေးပုံထဲ ကျသွားသည့် ဆွမ်းဆန်တစ်စေ့ အရှာခက်သလို စိတ်ဓာတ်ရေးရာကျန်းမာ ခိုင်ခံ့သူကို ယူရေနီယံထက် ယခုအခါ အရှာရခက်သည်က ထိတ်လန့်စရာကောင်းလာသည်။ ပြောစည်းကမ်းမရှိ၊ နေစည်းကမ်းမရှိ၊ စားစည်းကမ်း မရှိတွေဖြစ်ကုန်သည်။

ရုပ်ဝတ္ထုဆိုသည်ကတော့ စိတ်ဓာတ်ရေးရာလို မခက်ခဲ။ ခုရှာ ခုဆောက် ခုစိုက် ခုသီး ခုချက်ချင်းပြီး ဆိုသလို ရွှေအတိပြီးသည့် ဗိမာန်ကြီးဆိုလည်း အခုပင်ချက်ချင်း အကောင်အထည်ဖော်လို့ မြန်သည်။ ရွှေသီး ရွှေနှံ တိုင်းပြည်အနှံ့ လျှံသွားအောင်ဆိုတော့လည်း ခက်လှသည်မဟုတ်။ ၂၁ ရာစုထဲမှာက အစစ နည်းပညာတွေက ရွှံ့အုတ်တို့ ပြိုလေရာ ကျောက်အုတ်တို့ဖြင့် တည်ဆောက်အံ့ ဆိုသလို ခေတ်မျိုးမဟုတ်တော့။ ဆောက်ပြီးသား ဗိမာန်ကြီးကို အခု မသယ်လာပြီး အခုနေ့ချင်းပြီး အကောင်အထည်ဖော်ပစ်လိုက်လို့ရနိုင်သည်။ ဝတ္ထုပစ္စည်း ဆိုသည်က သွေးဆုတ်နေသည့်လူနာကို သွေးသွင်းကုသလိုမျိုး ချက်ချင်းသွင်းယူလို့ရသည်။ သွင်းကုန်လုပ်လို့ရသည်။

ခုလောလောဆယ် အခြေအနေကဖြင့် အဲ့သည်လို ဆင်းရဲအားနည်းနေသည့် ရုပ်ဝတ္ထုပစ္စည်းတွေ ပြန်လည်ဖြည့်တင်းနိုင်ဖို့ ပေးချင် ကမ်းချင် ကူညီချင်သည့်လက်တွေကို အထင်အလင်းမြင်နေရသည်။

အခြေအနေနှင့်မြင်ကွင်းဇာတ်ထုပ်ဇာတ်ရုပ်တွေကလည်း လှနေပနေကြသည်ကိုး။ ရပ်ကွက်ထဲမှ ပြုလို့ပြင်လို့ မရနိုင်လောက်တော့ဟု ဩချပိုင်းပယ်ထားရသည့် ရာဇဝင်လူဆိုးတစ်ယောက် ဖြုန်းခနဲဆိုသလို တစ်ဆစ်ချိုးကြီးကွေ့ကာ အကောင်းဘက် တာစူလိုက်တာ မြင်လိုက်ရသည့်ရပ်ကွက်သူ၊ ရပ်ကွက်သားတွေလို မယုံနိုင်သလိုကြီး ဆိုပေသည့် ရပ်ကွက်တော့ မျက်စိအေး နားအေးရှိရချေသေးရဲ့ဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည့်အဖြစ်မျိုးနှင့်ဆင်သည်။ သူ့မိသားစုလေး အနှိပ်အစက်ခံဘဝမှ လွတ်မြောက် ချေသေး အတွေးဖြင့် မုဒိတာပီတိဖြစ်ကြသည်။ သို့ဖြင့် ဘာလေးများ အကူအညီပေးလိုက်ရပ့ါ စေတနာဖြင့် တွေးသူတွေလည်း ဝိုင်းဝိုင်းလည်လို့ ရှိကြသည်။ ခုနေတုန်း သူများ မဝင်ခင် တွဲလက်စကိုယ့်လက် မြဲအောင်ဆက်ညှစ်ထားမှ ရလက်စကိုယ်ကျိုးလေး ဆက်နိုင်မည်တွေး သူမျိုးကလည်းရှိသေးသည်။ ထားတော့။

ဘာပဲဖြစ်ဖြစ်နဂိုက အဖက်မလုပ်လိုသလို စည်းခြားပြီး ခွာခွာနေသူတွေကလည်း ဖက်လဲ တကင်းလုပ်လာကြသည်။ ကြွေးလျှော်သူကလျှော်။ ငွေချေးသူကချေး။ အကြံပေးဉာဏ်ပေး ဒိုးတူပေါင်ဖက် လုပ်ကြကိုင်ကြဖို့ ကမ်းလှမ်းသူကမ်းလှမ်းနှင့် ရုပ်ဝတ္ထုတွေ ပြန်လည်ဖြည့်ဆည်းဖို့အတွက် သက်သက်ဆိုလျှင်ဖြင့် မနက်ဖြန်က တိမ်မြူကင်းလျက် ခြေခင်းလက်ခင်း သာယာသည်ဟု ဆိုရမည်။ ထို့အတွက်တော့ ဖြင့် ဝမ်းသာစရာကောင်းသည်။

သွေးလို၍သွင်းသလို အပြင်မှ သွင်းယူလို့ရသည့် ရုပ်ဝတ္ထုဆိုင်ရာ ဆင်းရဲနွမ်းပါးမှုကို ထိုနှယ်ကုစားနိုင်သော်လည်း စိတ်ဓာတ်ရေးရာချို့တဲ့ ခေါင်းပါးမှုကျတော့ သည်ကုထုံးမျိုးလို မလွယ်ကူတော့။ ပင်ကိုနှလုံးသားနှင့်လည်း ဆိုင်သည်။ ကိုယ်ပိုင် ဦးနှောက်နှင့်လည်း ဆိုင်လေသည်။

စိတ်ဓာတ်နှင့်အကျင့်စရိုက်ဆိုသည်ကလည်း အခက်သား။ ပျက်ဖို့ဆိုလွယ်သလောက်ကောင်းအောင်ပြင်ရဖို့ကျ လက်ပေါက်ကအတော်ကပ်ချင်သည်။ စိတ်နေသဘောထား အသာထား အပြောအဆို ဝသီကိုပင် အနည်ထိုင်ပြီးသားကို ပြင်ရဖို့ အတော်ခက်လေ၏။

သို့မို့ကြောင့် ယခုထက်တိုင် ဖယောင်းတိုင်ထွန်းခိုင်းသူက ခိုင်းတုန်း။ တစ်နပ်လျှော့စားခိုင်းသူက ခိုင်းတုန်း။ လယ်မလုပ်ရလည်း အိပ်နေပေ့ါ ပြောသူက ပြောတုန်း။ တိုက်လေယာဉ်တွေ ဝယ်ထားတာ တိုက်ဖို့ပဲလို့ ပါးစပ်စည်းကမ်းပျောက် ပြောချင်သလိုပြောတုန်းဆိုတော့ ခက်သည်။ အကြွင်းမဲ့ အာဏာကို ရေလဲသုံးနိုင်ခဲ့သည့် အခါတုန်းက လေသံတွေက လုံးဝမပျောက်ချင်။ ဥခွံပြောင်းသည့်တိုင် စရိုက်က မကျွတ်မလွတ်ရှိနေဆဲ။ ပြင်နိုင်ခဲသည့် စိတ်စရိုက်ဆိုသည်က အလွန်ကြောက်စရာကောင်းသည်။ စိတ်ဓာတ်တွေက ချွတ်ခြုံကျခဲ့ပြီ။

တကယ်တော့ သူတို့လို အပေါ်ထပ်အလွှာမှာ တောက်လျှောက်စီးမျော ငြိမ့်ညောင်းလာသူတွေက အဆီတစ်ထပ်အသားတစ်ထပ် ဘဝဟောင်းကို မောင်ကြီးမစွန့်နိုင်သည် ထားတော့။ အောက်ခြေ အရိုးကိုက်လူတန်းစားကလည်း သူ့စိတ်စရိုက် အပုပ်အသိုးကြီးကို စွန့်ရမှာ ဝေရတ်ကို ဖနောင့်နှင့် ပေါက်ဖြိုရမှာထက်ခက်နေပုံရသည်။ နောက်ဆုံးတော့လည်း အဆီတစ်ထပ်အသားတစ်ထပ်သမားကလည်း အဆီတွေအသားတွေမို့၊ အရိုးကိုက်သမားကလည်း အရိုးပေမို့ ကိုက်ထားသည့် စိတ်ပါးစပ်ကို မဟချင်ကြတော့။ စားရဝါးရမည် ဆိုလျှင် ဘယ်လိုနည်းနှင့်ပင်ဝါးရဝါးရ အရှက်အကြောက်လည်း မရှိတော့တာက အလွန်စိုးရိမ် ထိတ်လန့်စရာကောင်းသည့် အမျိုးသားအန္တရာယ်ကြီးလိုဖြစ်လာသည်။ နေရာခပ်သိမ်း၌ အဂတိတရားက အခိုင်အမာကြီးစိုးနေသည်။ ရေလောင်းရသည်၊ ရွှေလမ်းငွေလမ်းခင်းရသည် ဆိုတာက ယဉ်ကျေးမှုကြီးတစ်ခုလို ထွန်းကားနေသည်။ ထိုယဉ်ကျေးမှုကို လက်မခံလျှင်ပင် လူညံ့ လူတုံးကြီးလိုဖြစ်နေသည့်ခေတ်အခါက ကြာခဲ့ပြီ။

တရားစီရင်ရေးမဏ္ဍိုင်ကြီးတစ်ခုလုံး အဂတိ ရေစီးကမ်းပြိုလိုက်ခဲ့ပြီဆိုသည့်အခါကျန်သည့် ကဏ္ဍတွေအားလုံး နှာခေါင်းကြီးပြတ်ကုန်တာ မဆန်းတော့။ ကြာသလားဟေ့မောင်တို့ရေ နှင့် ဝေလေလေယိမ်း အတူကပစ်လိုက်ကြသည်။

အခုလို ခေတ်ကြီးတစ်ခုလုံးကိုပုံအသစ်လောင်းရတော့မည်ဆိုတော့ စာရေးဆရာ မောင်သံဒိုင်(ဘောဂဗေဒ)၏စကားကို ယူကာ “ နှစ်ပေါင်းများစွာ တွင်းနက်နက်ထဲအခိုင်စိုက်ထားသည့် တိုင်တစ်တိုင်လို အပေါ်ပိုင်းကို ချည်းတွန်းရွှေ့နေလျှင် တိုင်သာ ကျိုးသွားပေလိမ့်မည် ” ဟု အလေးအနက်စဉ်းစားစရာရှိလာသည်။

လက်ရှိအခြေအနေကို ပကတိအတိုင်းကြည့်စို့ ဆိုတော့ အားလုံးက အပေါ်ပိုင်းကိုသာ အရွှေ့ခရီးမပေါက်ရသေးကောင်းလား လက်ညှိုး ဝိုင်းထိုးနေကြသည်။ မိမိကိုယ်တိုင်ပါဝင်သည့် အောက်ခြေကြီးတစ်ခုလုံးက နှမ်းတစ်ထောက် ရွှေ့ဖို့ အားမယူကြသေးတာတော့ မေ့လျော့နေကြသည်။ နွံတောထဲမှထွက်လာကြသူ အတူတူတွေထဲ ကိုယ်ကတော့ ခြွင်းချက်မို့ ရွံ့မပေ ဆိုလျှင်တော့ မဟုတ်သေး။ ကိုယ့်ကိုယ်ကိုယ် ဆေးကြောဖို့တော့ လိုပေလိမ့်ဦးမည်။

ဟိုဘက်လထဲတုန်းက နယ်စာပေဟောပြောပွဲတစ်ခု ကြုံသဖြင့် ဟောပြောမည့် မိတ်ဆွေ စာရေးဆရာတွေနှင့်အတူလိုက်သွားဖြစ်ခဲ့သည်။ စာပေဟောပြောပွဲက ပရိသတ် ထူထူထဲထဲ စည်စည်ကားကားဖြင့်ပြီးဆုံးသွားတော့ စီစဉ်ကြသည့် စာပေဝါသနာရှင်လူငယ်လေးတွေလည်း ပျော်ကြလေသည်။ စကားစပ်မိသဖြင့် ပြောလိုက်သော မြို့ခံလူငယ်လေး၏ အရိုးခံစကားတစ်ခွန်း နားထဲမှာစွဲကျန်နေခဲ့သည်။

“ ကျွန်တော်တို့မှာ ဆရာရယ်. . . စာရေးဆရာတွေ ဟောတဲ့ပြောတဲ့ ဗဟုသုတပွားစရာ စကားလေးတွေ သိချင်ကြားချင်ကြလို့ ကြိုးစားပြီးလုပ်ကြရတာ ဆရာ၊ အဲ့ဒါခွင့်ပြုမိန့် သွားတင်တော့ခရိုင်အုပ်ချုပ်ရေးမှူးရုံးက စာရွက်စာတမ်းကြေးဆိုပြီး ငွေတစ်သောင်း ပြောင်ပြောင်တောင်းတာ ဆရာ. . . မနည်းတောင်းပန်ပြီး ငါးထောင်ပေးမှ ပါမစ်ထုတ်ပေးလိုက်တာ. . . ”

လူငယ်လေးကို ကျွန်တော် ဘာမျှပြန်မပြောမိလိုက်တော့။ တောင်းလျှင် ပေးသာပေးလိုက်ပေတော့ ဆိုသည်ကလည်း ထုံးတမ်းကြီးလိုဖြစ်နေပြီ။ သည်ဓလေ့က စကားလေး သုံးလေးခွန်း တစ်ထိုင်တည်းပြောရုံမျှဖြင့် ပြင်နိုင်ဦးမည်မဟုတ်။ တိုင်က အခြေမြဲနေခဲ့ပြီပဲ။

သည်လို အတောင်းအရမ်းတွေက သည်တစ်နေရာတည်းမှာ မဟုတ်။ နေရာတကာမှာရှိသည်။ သည်ရက်ထဲ(ကာတွန်းဌေးအောင် TGN)၏ ကာတွန်းတစ်ပုဒ် ဖတ်ရသည်။

“ လက်ဖြန့်တောင်း သူတောင်းစားမဟုတ်။ ဝီစီမှုတ် ဒိုင်လူကြီးမဟုတ်. . . ”တဲ့။ ဒါလည်း ဘယ်သူ့ကိုရည်ညွှန်းပြီး စကားထာ ဖွက်သည်လဲ သိသာသည်။ သို့သော် တောင်းနေမြဲ ပေးနေကြရမြဲ။

ဆေးရုံအတက်တံခါးပေါက်မှာ တံခါးစောင့်က လက်ဝါးဖြန့်တာလည်း ဆယ်စုနှစ်နဲ့ချီခဲ့ပြီ။ ဘယ့်နှယ့်လုပ်မည်လဲ။ ပေးပြီးတော့ပဲတက်ရသည်။

**စာမျက်နှာ(၃၁)သို့**

7DAY NEWS JOURNAL

# Current Affairs

Vol.11, No.50 • FEBRUARY 21 , 2013

## ပိုးသတ်ဆေးမပြယ်သေးသည့် အသီးအရွက်များကြောင့် အစာအဆိပ်သင့်မှုများဖြစ်ပွားနေ

မိုးညို

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၄**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏာဈေးအတွင်း ရောင်းချနေသော ကိုက်လံနှင့် ပန်းဂေါ်ဖီများကို စားသုံးမိရာမှ အစာအဆိပ်သင့်မှု အချို့ရှိနေကြောင်း မြန်မာနိုင်ငံစားသုံးသူကာကွယ်သူများအသင်းဥက္ကဋ္ဌဦးဗအုပ်ခိုင်က ပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ထိုဈေးမှ အစိမ်းရောင်းချထားသည့် ကိုက်လံနှင့် ပန်းဂေါ်ဖီများ စားသုံးရာမှ လည်းကောင်း၊ ကြော်ချက်ထားသည့် ကိုက်လံနှင့် ပန်းဂေါ်ဖီများကို စားသုံးရာမှလည်းကောင်း အစာအဆိပ်သင့်သူလေးဦးအထိရှိနေပြီ ဖြစ်ကြောင်း ယင်းအသင်းဥက္ကဋ္ဌက ပြောသည်။

ထိုသို့ဖြစ်ရခြင်းမှာ ကိုက်လံနှင့် ပန်းဂေါ်ဖီများကို ပိုးသတ်ဆေး သုံးပြီးနှစ်ပတ်ကျော်မှသာ ဈေးကွက်သို့ ဖြန့်ချိရမည် ဖြစ်သော်လည်း ပိုးသတ်ဆေး သုံးစွဲပြီး ရက်ပိုင်းအတွင်း ဖြန့်ချိသောကြောင့် အစာအဆိပ်သင့်မှုများ ဖြစ်ပေါ်နေရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးပညာရှင်ဒေါ်နုနုက သုံးသပ်သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး နေပြည်တော် အစားအသောက် ကွပ်ကဲရေးဌာန(FDA) မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဒေါက်တာထွန်းဇော်အားမေးမြန်းရာ "ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဘယ်တော့မှ ဆောင်ရွက်ဖို့အစီအစဉ် မရှိပါဘူး" ဟု ပြန်လည်ဖြေကြားသည်။

ယင်းပိုးသတ်ဆေးများ သုံးစွဲခြင်းကြောင့် အသည်းရောဂါ၊ ကင်ဆာရောဂါများ ဖြစ်ပွားနိုင်ပြီး ပိုးသတ်ဆေးသုံးစွဲမှုနှုန်းမြင့်ထားသည့် အသီးအရွက်များ စားသုံးမိပါကအခန့်မသင့်လျှင်သေဆုံးနိုင်ကြောင်း ဦးဗအုပ်ခိုင်က ပြောသည်။ အလားတူပင် ဖေဖော်ဝါရီ ၁၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ယက်ဖကျေးရွာမှ သစ်ပါးလွှာစက်ရုံရှိ အလုပ်သမား ၃၂ ဦးမှာ ဂေါ်ဖီထုပ်ကို သုပ်စားရာမှ အစာအဆိပ်သင့်မှုဖြစ်သည်။

ရန်ကုန်မြို့၏အဓိကကုန်စိမ်းရောင်းဝယ်ရာဈေးဖြစ်သော သီရိမင်္ဂလာဈေးဟောင်းတွင် ၂၀၀၆ ခုနှစ်ဝန်းကျင်က ဟင်းသီးဟင်းရွက်များ၌ ပိုးသတ်ဆေး ပါဝင်မှုကို စမ်းသပ်စစ်ဆေးခဲ့ရာ ဂေါ်ဖီထုပ်များတွင် ပိုးသတ်ဆေး ပါဝင်မှုမှာ စားသုံးသူကို အန္တရာယ်ဖြစ်လောက်သည်အထိပါဝင်နေသည်ကိုတွေ့ရှိရကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ တာဝန်ရှိသူက 7Day News သို့ ပြောကြားခဲ့ဖူးသည်။

ဟင်းသီးဟင်းရွက်များနှင့် အသီးအနှံများတွင် ပိုးသတ်ဆေးနှင့် ဓာတုဆေးများ၏ အာနိသင်ကျန်ရှိမှုနှုန်းကို စတင်သုတေသနပြုနေပြီဖြစ်ကြောင်း ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာနမှ သိရသည်။

ယခု ပန်းဂေါ်ဖီပွင့်များအား စတင်သုတေသနပြု ဆောင်ရွက်နေပြီဖြစ်သည်။

"ပန်းဂေါ်ဖီကတော့လူပြောအများဆုံးဖြစ်နေလို့ သုတေသနလုပ်ဖြစ်တာ။ အခု ပန်းဂေါ်ဖီက ရေဆေးလိုက်ရင်ပိုးသတ်ဆေးအနံ့တထောင်းထောင်း ထနေတာပဲလို့ လူပြောများတယ်"ဟု အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခင်က ဆေးသုတေသနဦးစီးဌာနတွင် ကိုက်လန်နှင့် မုန်ညင်းရွက်များအား သုတေသနပြုခဲ့ပြီး ထိုအရွက်များတွင် ဆေးဖြန်းပြီး ခုနစ်ရက်အတွင်းတွင် လူကိုအန္တရာယ်ဖြစ်စေသည့် အတိုင်းအတာအထိ ပိုးသတ်ဆေးပမာဏကျန်ရှိနေဆဲဖြစ်ကြောင်း သုတေသနပြုတွေ့ရှိခဲ့သည်။

လက်ရှိ မြန်မာနိုင်ငံတွင် Chlorpyrifos ပိုးသတ်ဆေးအား သုံးစွဲမှုများပြားကြောင်း အမျိုးသားအဆိပ်ထိန်းချုပ်မှုဌာန၏တာဝန်ရှိသူက ဆက်လက်ပြောသည်။

## မြောက်ပိုင်းကိစ္စအတွက် မိသားစုဝင်များကို ပထမဆုံးအကြိမ် တောင်းပန်

အိဖြူလွင်

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၄**

ကချင်ပြည်နယ်မြောက်ပိုင်းတွင် လွန်ခဲ့သည့် ၂၁ နှစ်က အသတ်ခံခဲ့ရသော ABSDF ကျောင်းသားရဲဘော် ၁၅ဦး၏ မိသားစုဝင်များထံသို့ ပထမဆုံးအကြိမ်အဖြစ် တောင်းပန်စာကို ကျဆုံးခဲ့သည့် (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည့် ဖေဖော်ဝါရီ ၁၂ရက်တွင် ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

ABSDF ကျောင်းသားတပ်မတော်၏ မြန်မာပြည်မြောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အဖြစ်အပျက်များအတွင်း နစ်နာဆုံးရှုံး အသက်ပေးသွားခဲ့ကြသည့် ရဲဘော်များ၊ သက်ဆိုင်ရာ ကာယကံရှင်များ၊ မိဘဆွေမျိုးများနှင့်အတူ မိမိတို့အဖွဲ့အစည်းအနေဖြင့် ထပ်တူဝမ်းနည်းရသလို ယင်းကဲ့သို့ အဖြစ်အပျက်များအတွက် အလေးအနက်တောင်းပန်အပ်သည်ဟု ကျောင်းသားတပ်မတော် ဗဟိုကော်မတီက စာပေးပို့ခဲ့ကြောင်း မိသားစုဝင်များက ပြောကြားသည်။

ယင်းနေ့တွင် ကျောင်းသားတပ်မတော် မြောက်ပိုင်းက ထောက်လှမ်းရေးဟု စွပ်စွဲကာ အမိန့်စာဖြင့် အသတ်ခံခဲ့ရသည့် ကျောင်းသားရဲဘော်များအတွက် ပထမဆုံးအကြိမ်အဖြစ် အဖွဲ့အစည်းမှ သက်ဆိုင်ရာ ကာယကံရှင်များသို့ နာမည်တပ်၍ တစ်ဦးချင်းမိသားစုများကို အသေအချာတောင်းပန်သောစာဖြစ်သည်ဟု ပြောနိုင်ကြောင်း သိရသည်။

"ဘာပဲဖြစ်ဖြစ် ဒီမှားယွင်းသွားတဲ့ဖြစ်စဉ်တစ်ခုမှာ ခုလို အသတ်ခံခဲ့ရတဲ့သူတွေက ထောက်လှမ်းရေး မဟုတ်ပါဘူးဆိုတာကို ဒီစာက ပုံဖော်ပေးနိုင်တဲ့အတွက် အတိုင်းအတာ တစ်ခုအထိတော့ ကျေနပ်ပါတယ်"ဟု မြောက်ပိုင်းမှ ပြန်လည်လွတ်မြောက်လာသည့် ကျောင်းသားရဲဘော်တစ်ဦးဖြစ်သည့် ကိုရဲလင်းကပြောသည်။

လွန်ခဲ့သည့်လက ထိုင်းနိုင်ငံတွင် အခြေစိုက်သည့် ABSDF ဗဟိုကော်မတီဝင်များမြန်မာနိုင်ငံသို့ပြန်လာချိန်တွင် မြောက်ပိုင်းမှ လွတ်မြောက်လာသူများနှင့်လည်း တွေ့ဆုံခဲ့ရာ ထောက်လှမ်းရေးဟုဆိုကာ အသတ်ခံခဲ့ရသည့်ရဲဘော်များကိုလည်း သက်ဆိုင်ရာ တာဝန်နှင့် ရာထူးအလိုက် ကျဆုံးရဲဘော်စာရင်းတွင် ထည့်သွင်းပေးသွားမည်ဟုဆွေးနွေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ABSDF ကျောင်းသားတပ်မတော် မြောက်ပိုင်းတွင် ထောက်လှမ်းရေးဟုဆိုကာ အသတ်ခံခဲ့ရသည့် ကျောင်းသားရဲဘော် ၃၅ ဦးရှိခဲ့ပြီး နှိပ်စက်ညှဉ်းပန်းမှုများစွာဖြင့် အသတ်ခံခဲ့ရခြင်းဖြစ်သည်ဟု မြောက်ပိုင်းပြန် ရဲဘော်များက ပြောကြားခဲ့ကြသည်။

အဆိုပါလူသတ်မှုများတွင် တာဝန်ရှိသူများဖြစ်သော ကျောင်းသားတပ်မတော် မြောက်ပိုင်းခေါင်းဆောင်များအဖြစ် တာဝန်ယူခဲ့သည့် ရော်နယ်အောင်နိုင်နှင့် မိုးသီးဇွန်တို့ကို သေဆုံးသူမိသားစုများက အမှုများ အသီးသီးဖွင့်ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

စာ(၁၀)မှ

## အင်္ဂါမစုံ သက်တမ်းရှည်မြို့သစ်များ၏ အနာဂတ်

မီးခိုးနံ့တထောင်းထောင်းနှင့်အဆင့်မမီတော့သည့်ဒိုင်နာယာဉ်ဟောင်းများက ချိုင့်ခွက်များကြား နေ့စဉ်သယ်ယူပို့ဆောင်ပေးနေသည့် ယာဉ်လိုင်းများကို တိုးချဲ့ပေးရေးနှင့် ယာဉ်အစီးရေတိုးချဲ့ပေးခြင်းတို့ကို အမြန်ဆုံးဆောင်ရွက်ပေးရန် မျှော်လင့်မိကြောင်း ကိုညွန့်လှိုင်ကပင်ပြောသည်။

နေ့စဉ်ရန်ကုန်မြို့တွင်းသို့ သွားရောက်ရန် အချိန် နှစ်နာရီကျော်ကြာယူရသည့် ဘက်စ်ကားလိုင်းများကို သာမြို့သစ်နေလူတန်းစားအများစုမှ နေ့စဉ်မှီခိုနေရဆဲဖြစ်သည်။ ယခင်ရွာအဆင့်သာရှိခဲ့သည့် မြေလွတ်မြေရိုင်းများ၊ လယ်မြေများ၊ စားကျက်မြေအများစုကို အကွက်ဖော်မြို့သစ်တည်ခဲ့သည့်မြို့သစ်အများစုတွင် နှစ်စဉ်မိုးတွင်းကာလ၌ ရေမြောင်းစနစ်ပီပြင်စွာမရှိခြင်းက ရေကြီးရေလျှံမှုများနှင့်လည်းကြုံတွေ့နေရဆဲဖြစ်ပြီး လျှပ်စစ်မီးလုံလောက်စွာမရရှိခြင်း၊မိလ္လာစနစ်များကောင်းမွန်မှုမရှိခြင်း သန့်စင်သည့်ရေကောင်းရေသန့်ရှားပါးခြင်းကယနေ့ထက်တိုင် မြို့သစ်အများစုတွင်ဖြေရှင်းပေးနိုင်သေးခြင်း မရှိပေ။အဆင့်အတန်းမီ တန်ဖိုးနည်းစရိတ်သက်သာသည့် ဆေးရုံဆေးပေးခန်းများနှင့် အလှမ်းကွာနေသေးခြင်း၊ ပညာရေးအတွက် မူလတန်းနှင့် အလယ်တန်းအဆင့်ကျောင်းများသာ အနီးစပ်ဆုံးရှိပြီး အထက်တန်းစာသင်ကျောင်းများနှင့် အလှမ်းကွာဝေးနေခြင်းတို့က မြို့သစ်နေလူတန်းစားများအတွက် လူနေမှုအဆင့်အတန်းကို တစ်စတစ်စ နိမ့်ကျလာခဲ့ပြီဖြစ်သည်။

"ဒါတွေဟာ နှစ် ၂၀ အတွင်းက မှားယွင်းခဲ့တဲ့အမှားတွေပေါ့" ဟု မြို့ပြနှင့် ဗိသုကာဆိုင်ရာ ကျွမ်းကျင်ပညာရှင်ဒေါက်တာကျော်လတ် က သုံးသပ်သည်။ ပေ ၂၀× ပေ ၂၅ မြေကွက်ခပ်ကျဉ်းကျဉ်းပေါ်တွင်ပြီးစလွယ်အကွက်ချဖော်ထုတ်ခဲ့သည့် လူသားမဆန်သည့်မြို့သစ်များတွင် အဆင့်အတန်းနိမ့်လူနေရပ်ကွက်များအဖြစ်သာပေါ်ထွက်ခဲ့ပြီးယခုနောက်ဆုံး တိုးချဲ့ထားသည့် မြို့သစ်များပါဝင်ပါက ရန်ကုန်မြို့၏ သုံးပုံနှစ်ပုံမှာ အဆင့်နိမ့်ကျသည့် လူနေရပ်ကွက်များမှာ အများဆုံးဖြစ်သည်ဟု အထက်ပါပညာရှင်က သုံးသပ်သည်။

တစ်ချိန်က First Class Area ဟု လူသိများခဲ့သည့် ကန်တော်ကြီးအနီး နတ်မောက်လမ်း၊ ဒဂုံမြို့နယ်ပြည်ထောင်စုရိပ်သာလမ်း၊ဗဟန်းမြို့နယ်ရှိ ရွှေတောင်ကြားရပ်ကွက်များနှင့် ကမာရွတ်မြို့နယ်သံလွင်လမ်း၊ အင်းလျားလမ်းတို့တွင်မြေယာအသုံးချမှုဝါဒမှန်ကန်ခြင်းတို့ကြောင့် ယခုထက်တိုင် အဆင့်မြင့်ရပ်ကွက်များအဖြစ်ထင်ရှားလျက်ရှိသည်။ "အဲဒီတုန်းက မြေယာကို ခွဲခြမ်းစိတ်ဖြာပြီး ကျပ်ကျပ်တည်းတည်းဖြစ်အောင်လုပ်ခွင့်မပေးခဲ့ဘူး" ဟု ဒေါက်တာကျော်လတ် က ပင်ပြောသည်။

မြေယာအသုံးချမှုဝါဒအလွဲများဖြင့်ဖော်ထုတ်ခဲ့သည့် ရန်ကုန်မြို့စွန်၏ မြို့သစ်ဧရိယာများတွင် ပြန်လည်အဆင့်မြှင့်ပြုပြင်နိုင်ရေးအတွက် လက်ရှိရေးဆွဲနေသည့် မဟာရန်ကုန်မြို့တော်ဖွံ့ဖြိုးမှုစီမံကိန်းတွင်အဓိကထားထည့်သွင်းရေးဆွဲနေခြင်းဖြစ်ကြောင်း၊ အနာဂတ်တွင်ယင်းမြို့သစ်များမှာ မြို့တွင်းပိုင်းအသွင်ဖြင့်ပင်ဝင်ရောက်လာနိုင်အောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာနမှ ဌာနမှူး ဦးတိုးအောင်ကပြောသည်။ "တစ်ဆင့်ချင်းစီလုပ်သွားမှာပါ လိုအပ်နေတာတွေချည်းကိုပဲလုပ်လိုက်ရင်စီမံကိန်းတွေလွဲသွားနိုင်တယ်"ဟု အဆိုပါဌာနမှူးကပင်ပြောသည်။

"မိုးပျံရထားကြီးမစီးရရင်နေပါစေ။ တကယ်လက်တွေ့လာလုပ်ပေးနိုင်တဲ့အပိုင်းကို လာလုပ်ပေးရင်ကျေနပ်ပါတယ်။ မကြာခဏ လုပ်ပေးမယ်လို့ပြောပြီးတစ်ခါတစ်ခါ လာလုပ်ဖို့ နှစ်ရှည် စောင့်နေရတော့ အခက်အခဲက ပိုပိုဖြစ်လာတယ်"ဟု တောင်ဒဂုံမြို့နယ်နေ အသက် ၃၀ အရွယ်ရှိအမျိုးသမီးတစ်ဦးက ပြောသည်။

ယခုလက်ရှိ အစိုးရမှ ဂျပန်ပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီJICAနှင့်ဆောင်ရွက်မည့် ရန်ကုန်မြို့ပြ ဖွံ့ဖြိုးမှုစီမံကိန်းတွင် ယင်းမြို့သစ်များအတွက်သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်၊ ရေပေးဝေမှု၊ လမ်း၊ မိလ္လာ၊ အမှိုက်စနစ်များအတွက်တိုးပွားလာမည့် လူဦးရေနှင့် အချိုးညီစွာတွက်ချက်ဖြည့်ဆည်းရန်အစီအစဉ်များလည်းရှိကြောင်း JICAအဖွဲ့က ဇန်နဝါရီလအစောပိုင်းတွင် ပြောကြားခဲ့ပါသည်။

" အနာဂတ်အတွက် ဒီမြို့သစ်တွေနဲ့အလားအလာကောင်းတွေရှိမယ်ဆိုတာ သိထားပေးမယ့်တော်ရုံတန်ရုံလုပ်ငန်းရှင်တွေက ငွေလုံးငွေရင်းကြီးကြီးမားမားနဲ့ မရင်းနှီးရဲဘူး။ လက်ရှိဘာမှမဖွံ့ဖြိုးသေးတဲ့အတွက်ပေါ့"ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။ ထို့အပြင်မြို့သစ်များ၌ လက်ရှိလိုအပ်ချက်ပေါင်းမြောက်များစွာရှိနေသော်လည်း မြေနေရာဦးမှုများ မကြာခဏဖြစ်ပေါ်နေတတ်ပြီးအနာဂတ်တွင် ယင်းမြို့သစ်များ၏ဈေးကွက်က ပိုမိုအသက်ဝင်လာနိုင်သည်ဟု အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းဒုဥက္ကဋ္ဌကပြောသည်။အစိုးရသစ်တစ်ခါတက်တိုင်း မြို့သစ်အများစုတိုးချဲ့လေ့ရှိသော်လည်း အများစုမှာ အောင်မြင်မှုမရဘဲ အဆင့်နိမ့်လူနေရပ်ကွက်များအဖြစ်သာ ကျန်ရှိနေတတ်ကြောင်း၊ ထို့ကြောင့်မြို့၏ ဧရိယာကို ချဲ့ခြင်းထက်ရှိပြီးသား မြို့သစ်များအဆင့်အတန်းမီရေးအတွက်သာ ဦးစားပေးဆောင်ရွက်သင့်ကြောင်း တော်ဝင်ဆောက်လုပ်ရေးကုမ္ပဏီအကြီးအကဲ ဦးကိုကိုထွေးကပြောသည်။

ဘက်ပေါင်းစုံမှပညာရှင်များ၏ ထောက်ပြပြောဆိုမှုနှင့်အတူ အစိုးရ၏ လက်ရှိဆောင်ရွက်မည့် နှစ်၃၀ မဟာရန်ကုန်မြို့ပြဖွံ့ဖြိုး မှုစီမံကိန်းက ယင်းမြို့သစ်များ၏ အနာဂတ်အကောင်းဘက်သို့များစွာပြောင်းလဲစေနိုင်မည်ဖြစ်ပြီး လူနေမှုအဆင့်အတန်းနှင့် အခြေခံအဆောက်အအုံ ကောင်းများ အားနည်းနေသည့် မြို့တော်ရန်ကုန်မှမြို့သစ်ဧရိယာများ၏ အနာဂတ်အတွက် ယင်းစီမံကိန်းက အဆုံးအဖြတ်ပေးတော့မည် ဖြစ်သည်။

မြို့ပြမှရွှေ့ပြောင်းအခြေချနေထိုင်သူများပြားလာသည့် စီးပွားရေးမြို့တော်ရန်ကုန် ၌ လက်ရှိလူဦးရေ ၆ သန်းကျော် နေထိုင်ပြီး နှစ်စဉ် ၂ရာခိုင်နှုန်းခန့်တိုးပွားလျက်ရှိပြီး မြို့ပြဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ ခန့်မှန်းချက်များအရ လာမည့် ၂၀၄၀ တွင် ရန်ကုန်မြို့၌လူဦးရေ ၁၅ သန်းကျော်မျှရှိလာမည်ဟု တွက်ဆထားကြသည်။

တိုးပွားလာမည့်လူဦးရေနှင့် နေထိုင်မှုစရိတ်ကြီးမြင့်လာသည့် ရန်ကုန်မြို့၌လက်ရှိမြို့သစ်များ၏ အနာဂတ်မှာနှစ်စဉ် လိုအပ်ချက်ပေါင်း မြောက်မြားစွာနှင့်အတူ အဆင့်အတန်းနိမ့်လူနေရပ်ကွက်များ အတွက် အဖြေရှာရန်ခက်ခဲနေဦးမည်သာဖြစ်သည်။ ။

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# ခဏတာအတွေ့ တစ်ဘဝစာအမှား


ဓာတ်ပုံ-အင်တာနက်

**အားမာန်**

အသက်(၁၄)နှစ်အရွယ် ကောင်လေးတစ်ယောက် ခံစားမှုအသစ်အတွက် ခဏတာစူးစမ်းလိုစိတ်က တစ်ဘဝစာ အကြီးမားဆုံးအမှား၏ ခြေလှမ်းအစဖြစ်လိမ့်မည်ဟု သူထင်မှတ်မထားခဲ့ပေ။ လွန်ခဲ့သော (၂၇)နှစ်က အသက်(၁၄)နှစ်သား စိုင်းအောင်ခမ်းတစ်ယောက်သူနှင့်ရင်းနှီးသော အနုပညာရှင် အစ်ကိုတစ်ယောက်၏ စည်းရုံးမှုကြောင့် ဖန်စီဒိုင်း စမ်းသုံးကြည့်လိုက်သည်။

ခံစားမှုကို သူ အလွန်ကြိုက်သွားသည်။ ဖန်စီဒိုင်းကိုဘိန်းမည်းနှင့် တွဲသုံးသည်။ တစ်ဆင့်ပြီးတစ်ဆင့်တက်ကာ ဘိန်းဖြူကိုပါစွဲစွဲလမ်းလမ်းအသုံးပြုတော့သည်။

"မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ခံစားခဲ့ရတဲ့ဆိုးကျိုးတွေ ဘဝမှာ အရမ်းခံစားခဲ့ရတယ်။ သိမ်ငယ်မှုတွေ၊ ပစ်ပယ်ခံရမှုတွေ၊ ခွဲခြားနှိမ့်ချဆက်ဆံခံရတာတွေ၊ ဘဝအဆင့်အတန်းနိမ့်ကျခံရတာတွေ၊ ရည်မှန်းချက် လွဲချော်ခဲ့ရတာတွေ အများကြီးပဲ။ ကျွန်တော်တင်မကဘူး။ ကျွန်တော့်မိဘတွေပါထောင်တွေလိုက်ရ၊နယ်ထောင်တွေ ရောက်ရင် နယ်ကိုလိုက်ရနဲ့ အောက်ကျနောက်ကျ ဖြစ်ခဲ့ရတယ်"

(၁၁)နှစ်ကြာ မူးယစ်ဆေးနွံထဲတွင် နစ်ခဲ့ပြီးနောက် ဘဝနှင့်ရင်းကာရသော အတွေ့အကြုံများကိုအသက်(၄၁)နှစ်အရွယ်ကိုစိုင်းအောင်ခမ်း ဖွင့်ဟသည်။ ပညာတတ်မိသားစုမှ မွေးဖွားခဲ့ပြီး စစ်ဗိုလ်ကြီးတစ်ယောက်ဖြစ်ဖို့ သူ၏ငယ်အိပ်မက်ကို မူးယစ်ဆေးဝါးဆိုသော နတ်ဆိုးက ဖျက်ဆီးပစ်လိုက်ပါသည်။

မူးယစ်ဆေးဝါးများ၏ ပြုစားမှုကြောင့် လူငယ်တို့၏ ပျိုရွယ်မှုများ၊ စွမ်းဆောင်ရည်များ၊ အားမာန်များ ဆုံးရှုံးကာ ဘဝရည်မှန်းချက်များ လွဲချော်ကုန်သည်မှာမြန်မာနိုင်ငံတွင် ကိုစိုင်းအောင်ခမ်း တစ်ယောက်တည်း မဟုတ်ပါ။ အချိန်တိုင်း မူးယစ်နွံနစ်၍ နုပျိုသော ဘဝများစွာ ပျက်စီးနေလေသည်။ မြေပြန့်တွင်သာမက တောင်ပေါ်ရောတိုင်းရင်းသားအားလုံး မူးယစ်ဆေးဝါးအန္တရာယ်ခြိမ်းခြောက်ခံနေရသည်။ ထို့ကြောင့် ကချင်ပြည်နယ်တွင် ကြေညာထားသကဲ့သို့ မူးယစ်ဆေးဝါးမှာ တစ်မျိုးသားလုံး ရန်သူသာမက ဘာသာတရား၏ ရန်သူလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အသက် ၂၀ မှ ၂၉ နှစ်အတွင်း လူငယ်အချို့မှာ မူးယစ်ဆေးဝါး အများဆုံး အသုံးပြုနေပြီး အသက်(၃၀)မှ(၃၉)နှစ်အတွင်း အရွယ်မှာ မူးယစ်ဆေးဝါး ဒုတိယ အများဆုံး သုံးစွဲသည်။ အမျိုးသားများသာမက အမျိုးသမီးအချို့လည်းသုံးစွဲကြသည်။ အမျိုးသမီးများ၏ မူးယစ်ဆေးဝါးသုံးစွဲမှုမှာလည်း သုံးစွဲသူအားလုံးတွင် ၇ ရာခိုင်နှုန်းကျော်ရှိပြီး ၉၂ ရာခိုင်နှုန်းကျော်က အမျိုးသားများဖြစ်ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြထားသည်။ ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါး စတင်သုံးစွဲသောအငယ်ဆုံးအရွယ်(၁၁)နှစ်ဖြစ်ပြီး ကချင်ပြည်နယ်တွင်မူ (၉) နှစ်သားမှာပင် စတင်သုံးစွဲသောမှတ်တမ်းများ ရှိနေသည်။

ကမ္ဘာပေါ်တွင် အာဖဂန်နစ္စတန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံး ဘိန်းစိုက်ပျိုးထုတ်လုပ်ရာ မြန်မာနိုင်ငံ၌ အစိုးရက မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်နေသော်လည်း မူးယစ်ဆေးဝါးမှာ ဒီမိုကရေစီနိုင်ငံသို့ကူးပြောင်းစနိုင်ငံအတွက် အဓိကစိန်ခေါ်မှုတစ်ခု ဖြစ်ဆဲပင်။ အစိုးရက ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကို လျှော့ချရန် မူးယစ်ဆေးဝါးရောင်းဝယ်သူများအား ဖမ်းဆီးအရေးယူနေသော်လည်း အမျိုးအမည် ပိုမိုစုံလင်လာပြီး ဝယ်ယူသုံးစွဲရန် ပိုလွယ်လာသော မူးယစ်ဆေးဝါးမှာ မြန်မာလူငယ်များအတွက် အကြီးမားဆုံးအန္တရာယ်ဖြစ်နေပါသည်။

ဘိန်း၊ ဘိန်းဖြူ၊ မော်ဖင်း၊ ကိုဒင်း၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေး၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ စသဖြင့် အားလုံးမှာ မူးယစ်ဆေးဝါးများဖြစ်သည်။ စိတ်ကြွရူးသွပ်ဆေး၊ စိတ်ကိုပြောင်းလဲစေသောဆေး၊ ကိုဒင်းတို့မှာ အမျိုးအမည်ခွဲများစွာ ရှိသေးသည်။

**စာ(၂၉)သို့**



စာ(၂၈)မှ

ကလေးငယ်အချို့ အသုံးပြုနေသော ကော်ရှူခြင်းမှာလည်း မူးယစ်ဆေးဝါး အသုံးပြုခြင်းပင် ဖြစ်သည်။

မူးယစ်ဆေးဝါးသည် တစ်မျိုးသားလုံး၏ ရန်သူဖြစ်သော်လည်း၊ မူးယစ်ဆေးဝါးပြဿနာမှာ မြန်မာနိုင်ငံသားတိုင်းအပေါ် ခြိမ်းခြောက်နေသော်လည်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် လူထုပါဝင်မှု အားနည်းနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အမျိုးအမည်စုံတာထက် လူတန်းစားမရွေး သုံးနိုင်တဲ့ပုံစံ ဖြစ်လာတယ်။ လက်လှမ်းပိုမှီလာကြတယ်။ ပိုက်ဆံပေါ် သိပ်မူမတည်ဘူး။ ကျွန်တော်တို့ခေတ်ကမှ ပိုက်ဆံရှိမှ သုံးနိုင်တဲ့အနေအထား။ ဘိန်းစားဖြစ်ဖို့ လွယ်တာမှ မဟုတ်တာ။ နောက်ခံဘက်ဂရောင်းဒ်ရှိမှ ဖြစ်နိုင်တာ။ အခုကျတော့ ၅၀၀ ဆိုရင် ကော်တစ်ဘူး ရှူနိုင်ပြီ။ ပလတ်စတစ်ကောက်တဲ့ ကောင်လေးကအစ ရှူနိုင်နေတာ" ဟု ကိုစိုင်းအောင်ခမ်းက ယနေ့ကာလ မူးယစ်ဆေးအမျိုးအမည် ပိုစုံလာကာ ဈေးပေါပေါဖြင့် လွယ်လွယ်ကူကူ ဝယ်၍ရနေပုံကို သူတို့ခေတ်နှင့် နှိုင်းယှဉ်ပြသည်။

ဗြိတိသျှတို့၏ တတိယကျူးကျော်စစ်အပြီး ၁၈၈၅ ခုနှစ်နောက်ပိုင်းတွင် မြန်မာနိုင်ငံ၏ တောင်တန်းဒေသများ၌ ဘိန်းစိုက်ပျိုးမှု စတင်ခဲ့ကြောင်း မှတ်တမ်းများတွင် ဖော်ပြထားသည်။ သို့သော်တောင်ငူခေတ် ၁၆ ရာစုမှာပင် နယ်မြေသစ်ချဲ့ထွင်လာသော ဒတ်ချ်နှင့် ရောမကုန်သည်များက အိန္ဒိယမှတစ်ဆင့် မြန်မာနိုင်ငံသို့ ဘိန်းတင်သွင်းရောင်းချခဲ့ခြင်းမှာ မြန်မာနိုင်ငံသို့ ဘိန်းပထမဆုံးအကြိမ် ရောက်ရှိလာမှုဟုလည်းဆိုသည်။ ဗြိတိသျှ-မြန်မာ ပထမကျူးကျော်စစ်အပြီး ၁၈၂၄ နောက်ပိုင်းတွင်မူ ဗြိတိသျှတို့က ရခိုင်နှင့်တနင်္သာရီဒေသများသို့ ဘိန်းတင်သွင်းရောင်းချခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

ထို့နောက်တွင်တော့အဘက်ဘက်မှ နိမ့်ကျခဲ့သော မြန်မာနိုင်ငံသည် ကမ္ဘာတွင် ဘိန်းအဓိကစိုက်ပျိုးရာနိုင်ငံ ဖြစ်လာပါသည်။ ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးသော ဧရိယာမှာ စုစုပေါင်းဧက လေးသိန်းကျော် (၁၆၃,၀၀၀ ဟက်တာ)အထိပင် ရှိခဲ့သည်။ အစိုးရ၏ မူးယစ်ဗဟိုအဖွဲ့၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းတို့ ပူးပေါင်း၍ ဘိန်းစိုက်ပျိုးမှု လျော့ကျအောင် ဆောင်ရွက်ခဲ့ရာ ၂၀၀၅ ခုနှစ်တွင် ဘိန်းစိုက်ဧကငါးသောင်းသုံးထောင်ကျော် (၂၁,၅၀၀ ဟက်တာ)သာ ရှိသည်အထိ လျှော့ချနိုင်ခဲ့သည်။

သို့သော် ၂၀၀၆ ခုနှစ်နောက်ပိုင်း စိုက်ပျိုးမှု ပြန်များလာကာ ၂၀၁၂ တွင် ယခင်နှစ်ထက် ၁၇ ရာခိုင်နှုန်း တိုးလာပြီး ဧကတစ်သိန်းနှစ်သောင်းကျော် (၅၁,၈၀၀ ဟက်တာ) အထိ ပြန်များလာကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဘိန်းစိုက်ပျိုးမှု တိုးလာရခြင်းမှာ ဒေသခံတောင်သူများ၏ ဆင်းရဲမွဲတေမှု၊ အစားအစာမဖူလုံမှု၊ ဝင်ငွေရရှိသည့် တရားဝင်သီးနှံများ စိုက်ပျိုးရန်နှင့် သီးနှံထွက်ကုန်များ ဈေးကွက်သို့ရောက်ရှိရန် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု၊ နယ်မြေအတွင်း မတည်ငြိမ်မှုများကြောင့် အလွယ်တကူ စိုက်ပျိုးဖြစ်ထွန်းပြီး ဝင်ငွေရလွယ်သော ဘိန်းစိုက်ပျိုးမှု ပြန်လည်ရှင်သန်လာခြင်းကြောင့် ဖြစ်ပါသည်"ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဘိန်းစိုက်ပျိုးမှု များလာခြင်း၏ အကြောင်းရင်းကို သုံးသပ်သည်။

တောင်ကုန်းနှင့် ချိုင့်ဝှမ်းများရှိ နီရဲနေသောမြေမှာ မြင်လိုက်သည်နှင့် မြေဆီလွှာကောင်း၍ စိုက်ပျိုးရေးကောင်းစွာလုပ်နိုင်သော နေရာဖြစ်ကြောင်း သိသာသည်။ "ဒီနေရာတွေက ဘိန်းစိုက်ကြတာလေ"ဟု ဒေသခံတစ်ဦးက ၂၀၁၂ နှစ်လယ်ပိုင်းကပြောသည်။ မူဆယ်-လားရှိုးကားလမ်းဘေး ကွတ်ခိုင်မြို့နယ်အတွင်းရှိ ထိုကျေးရွာမှာ ရှမ်းပြည်နယ်ရှိ ကျေးရွာအချို့နည်းတူ ဘိန်းစိုက်ပျိုးဆဲဖြစ်ကာ ယခုနှစ်တွင် တစ်နှစ်လျှင် နှစ်ကြိမ်ပင် စိုက်ပျိုးနေကြောင်း ဒေသခံများက ပြောသည်။

ထိုဒေသတွင် ဘိန်းပင်ကို စိုက်ပျိုးရုံသာမက ကိုယ်တိုင်သုံးစွဲ၍ သေဆုံးသွားသော ရွာလူငယ်များမှာလည်း ဆယ်စုနှစ်များအတွင်း ဆယ်နှင့်ချီနေပြီဖြစ်သည်။

ပြည်တွင်း ဘိန်းစိုက်ပျိုးမှုတွင် ရှမ်းပြည်နယ်မှာ စိုက်ပျိုးမှုအားလုံး၏ ၉၀ ရာခိုင်နှုန်းအထိရှိကာ အထူးသဖြင့် ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဘိန်းအများဆုံး စိုက်ပျိုးရာဒေသဖြစ်၏။ စိုက်ပျိုးမှုတွင်သာမက ဘိန်းသုံးစွဲမှုတွင်လည်း ရှမ်းပြည်နယ်က အများဆုံးဖြစ်နေပြီး မန္တလေးတိုင်းဒေသကြီးက ဒုတိယအများဆုံး ဘိန်းသုံးစွဲသော ဒေသဖြစ်သည်။ ကချင်ပြည်နယ်မှာ ဒုတိယအများဆုံး ဘိန်းစိုက်ပျိုးရာ ဒေသဖြစ်ပြီး စိုက်ဧကအားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း မူးယစ်ဗဟိုရုံးနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး UNODC တို့ ပူးပေါင်း၍ ထုတ်ပြန်သော ၂၀၁၂ ခုနှစ်အတွက် အရှေ့တောင်အာရှနိုင်ငံများ၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းတွင် ဖော်ပြထားသည်။ ယခုနောက်ပိုင်းနှစ်များတွင် ချင်းပြည်နယ်၏ ဘိန်းစိုက်ပျိုးမှုမှာလည်း များလာနေသည်။

အစိုးရတပ်မတော်နှင့် ကေအိုင်အေတို့ကြားတိုက်ပွဲများကြောင့် ဒေသတွင်း မတည်မငြိမ်ဖြစ်နေသော ကချင်ပြည်နယ် နေရာအချို့တွင် ဘိန်းရောင်းဝယ်သုံးစွဲမှုမှာ ယခုနှစ်ပိုင်းအတွင်း ပိုဆိုးလာသည်။

"ဝိုင်းမော်မြို့နယ် ချောင်းဆုံဆိုတဲ့ ရွာမှာ ဘိန်းဖြူက ပေါတယ်။ ဆေးထိုးအပ်ရှားတယ်။ အဲဒီရွာနားမှာရှိတဲ့ ရွှေတူးတဲ့လိုင်းခန်းတွေမှာဆို မူးယစ်ဆေးက ၂၄ နာရီဝယ်လို့ရတယ်။ ကျပ် ၁,၀၀၀ ရှိရင် ဆေးဝယ်သုံးလို့ရတယ်။ ရောင်းတဲ့သူတွေက တရုတ်တွေ" ဟု မကြာသေးမီက ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်သို့ မူးယစ်ဆေးအန္တရာယ် လျော့ပါးရေး စီမံကိန်းတစ်ခုအတွက် ရောက်ရှိခဲ့သူတစ်ဦးက သူ၏အတွေ့အကြုံကို ဝေမျှသည်။ ထိုဒေသရှိ လူငယ်အများစုမှာ ရာသီဥတုဒဏ်ခံနိုင်ရန်၊ စိတ်ခံစားမှုကောင်းရန် စသော အကြောင်းများဖြင့် ဘိန်းဖြူကိုသုံးရင်း အစွဲလမ်းကြီး စွဲလမ်းနေကြသည်။ ထိုဒေသတွင် ဆေးထိုးအပ်ရှား၍ အခြားလူသုံးပြီးသော ဆေးထိုးအပ် မျှဝေသုံးစွဲမှုလည်းများကြောင်း ၎င်းကပြောသည်။

"သူငယ်ချင်းကြောင့်ပဲဖြစ်ဖြစ်၊ လွယ်လို့ပဲဖြစ်ဖြစ်၊ စမ်းသုံးတာပဲဖြစ်ဖြစ်၊ တစ်ခါတည်းပဲဖြစ်ဖြစ် လွယ်လွယ်နဲ့မသုံးစေချင်ဘူး။ မူးယစ်ဆေးဝါးက စမ်းသုံးလို့ကောင်းတဲ့အရာ မဟုတ်ဘူး။ ကျွန်တော်လည်း တစ်ခါတည်းပါဆိုပြီး စမ်းသုံးလိုက်တာ။ ၁၀ နှစ်ကျော်သွားတယ်" အနာဂတ်ခေါင်းဆောင်လူငယ်များအနေဖြင့် မူးယစ်ဆေးကို စမ်း၍ပင်မသုံးရန် ကိုစိုင်းအောင်ခမ်းက အကြံပြုသည်။ ထိုနွံအိုင်ထဲမှ သူရုန်းထွက်နိုင်ခဲ့ပြီဖြစ်သော်လည်း ကွယ်လွန်သွားသူ၊ ထောင်ကျနေသူ၊ မူးယစ်နွံအိုင်မှ ရုန်းမထွက်နိုင်သေးသော သူငယ်ချင်းများကား ကျန်ရှိနေဆဲ။

သူလည်း မူးယစ်ဆေးဝါး၏ သားကောင်အဖြစ်မှ လွယ်လွယ်ကူကူ လွတ်မြောက်ခဲ့ခြင်းတော့ မဟုတ်ပါ။

စာ(၃၀)သို့






7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

စာ(၂၉)မှ

## ခဏတာအတွေ့တစ်ဘဝစာအမှား

ကိုစိုင်းအောင်ခမ်း၏မိဘများက သူ့ကို နိုင်ငံခြားခေါ်၍ တစ်မျိုး၊ ရဟန်းခံစေကာတစ်ဖုံမူးယစ်ဆေးဝါးသုံးစွဲမှု ရပ်တန့်အောင်ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ခဏသာ သုံးစွဲမှုဖြတ်နိုင်ပြီး ဆယ်နှစ်ကျော်ကြာ စွဲစွဲလမ်းလမ်းသုံးစွဲခဲ့သည်။ သူ့အတွက် အလှည့်အပြောင်းမှာ ၁၉၉၇ ခုနှစ်တွင် ဖခင်ကိုယ်တိုင်က သူ့အားရဲလက်အပ်ခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုဖြင့် ထောင်ကျပြီး ထောင်မှ ဝက်ထီးကန်ရှိ ရွှေပြည်သာပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိပြီးနောက် သူ့ဘဝ အသစ်ပြန်စရန် ခွန်အားနှင့် အသိတရားတို့ လုံလောက်စွာရရှိခဲ့သည်။ ဆေးလုံးဝပြတ်သွားသည်။

ပြန်လည်ထူထောင်ရေးစခန်းမှ ထွက်လာသော သူ့အတွက် စိန်ခေါ်မှုအသစ်က စောင့်ကြိုနေသည်။ သူလည်း အခြားဘဝတူများကဲ့သို့ ဆေးပြတ်သွားသော်လည်း ပတ်ဝန်းကျင်၏ ခွဲခြားဆက်ဆံခံရသည်။ ကိုယ်တိုင်လည်း ယုံကြည်မှုနည်း၍ သိမ်ငယ်ခဲ့ရသည်။ အထီးကျန်ဖြစ်ရသည်။ ထို့ကြောင့် ပြန်/ထူစခန်းမှ ထွက်လာသော ဘဝတူများနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းအောက်တွင် လူငယ့်အားမာန်အဖွဲ့ကို ၂၀၀၃ မေလတွင် ပါဝင်ဖွဲ့စည်းလိုက်သည်။

သူတို့အဖွဲ့က မူးယစ်ဆေးဝါးဖြတ်လိုသူများကို ကူညီပေးသည်။ အသိပညာပေးလုပ်ငန်းများ၊ နှစ်သိမ့်ဆွေးနွေးမှုများ၊ အိမ်တိုင်ရာရောက် လူနာကြည့်ရှုစောင့်ရှောက်ပေးခြင်းများ၊ ပြန်လည်ထူထောင်ရေးတို့အတွက် အကူအညီများ သူတို့က ပေးနေလေသည်။

ဘိန်းဖြူပြီးလျှင် အခြားကြီးမားသော ပြဿနာမှာ စိတ်ကြွရူးသွပ်ဆေးပြားဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဥရောပမှ စစ်သားများ ခံနိုင်ရည် စွမ်းအားတိုးရန် သုံးစွဲကြရာမှ ကြီးထွားလာသော ထိုပြဿနာကို ၁၉၇၁ ကုလသမဂ္ဂညီလာခံက သဘောတူညီချက်ထုတ်ပြန်၍ပင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ထိန်းချုပ်ခဲ့ရသည်။ ၁၉၉၆ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံသို့ရောက်ရှိလာသော စိတ်ကြွရူးသွပ်ဆေးဝါးပြဿနာမှာ တဖြည်းဖြည်း ပိုကြီးမားလာကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူကပြောသည်။ အများဆုံးပျံ့နှံ့နေသော စိတ်ကြွဆေးမှာ WY စာတန်းပါ ဆေးပြား၊ 88နှင့် I စာတန်းတစ်ဖက်စီပါ စိတ်ကြွဆေးပြားများဖြစ်သည်။

"ဆေးပြားတစ်ပြားရဲ့ ပမာဏက ဘာမီတွန်လောက်ပဲရှိတော့ သိမ်းဆည်းရတာ လွယ်ကူတယ်။ ဒါကြောင့် သယ်ယူရောင်းချပျံ့နှံ့တာ လွယ်နေတာထင်တယ်"ဟု ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးကပြောသည်။ သပြေကုန်းရပ်ကွက် ၁၂၆ လမ်းတွင်လွန်ခဲ့သော ဇန်နဝါရီလ ဒုတိယပတ်က ကာလတန်ဖိုး ကျပ်သိန်း ၂၅,၀၀၀ ခန့် တန်ဖိုးရှိ WY စာတန်းပါစိတ်ကြွရူးသွပ်ဆေး အလုံးရေ ငါးသိန်းခန့် ဖမ်းဆီးနိုင်ခဲ့သည်။ ၂၀၁၂ နှစ်လယ်ပိုင်းကလည်း ထိုရပ်ကွက်တွင် WY စာတန်းပါ ဆေးပြား ၁၈၀,၀၀၀ ဖမ်းဆီးမိခဲ့ပြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မူးယစ်ဆေးဝါးဖမ်းဆီးရမှု ၁၀ ကြိမ်ဝန်းကျင် ရှိခဲ့ပြီဖြစ်သည်။

မူးယစ်ဆေးဝါးစာရင်းဝင်သော စိတ်ကိုပြောင်းလဲစေသော ဆေးဝါး အမျိုးအမည်စုံလာခြင်းမှာ လူငယ်များအတွက် အန္တရာယ်ပိုကြီးစေသည်။ မြန်မာနိုင်ငံတွင် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးအဖြစ် သတ်မှတ်ထားသည့် ဆေးဝါး ၁၁၀ ကျော် ရှိသည့်အထဲ ယခုနောက်ပိုင်း အမျိုးအမည်သစ်အချို့ ဝင်နေဆဲဖြစ်သည်။

"ဆေးဝါးတွေ အသစ်အဆန်းတွေ တစ်ခုပြီးတစ်ခု ပေါ်လာတယ်။ တစ်ခုပိတ်ရင် တစ်ခုဝင်လာတယ်" မူးယစ်ဆေးဝါးဆေးစွဲရောဂါ ကာကွယ်ကုသရေးစီမံချက် မန်နေဂျာ စိတ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာလှဒွေးက မူးယစ်ဆေးဝါးအန္တရာယ် လျော့ပါးရေး ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲမှုတစ်ခုကို ပြောခြင်းဖြစ်ပါသည်။

ယခုနောက်ပိုင်း ချောင်းဆိုးပျောက်ဆေးများတွင် ပါဝင်သော ဒက်ထရိုမီသာဖန် (Dertrometh-orphan)မှာ မူးယစ်စေတတ်ပြီး လိုသည်ထက်ပိုသုံးပါက အန္တရာယ်များသော မူးယစ်ဆေးတစ်မျိုးပင်ဖြစ်သည်။

လူငယ်အချို့က လိင်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ကောင်းရန်၊ စိတ်ဖိစီးမှုလျော့ရန်၊ အလုပ်လုပ်နိုင်သော စွမ်းရည်မြှင့်တင်ရန် စသော အကြောင်းပြချက်များဖြင့် စိတ်ကြွဆေးဝါးများ အသုံးပြုကြသည်။ စိတ်ကြွဆေးများက ဗဟိုအာရုံကြော အဖွဲ့အစည်းကိုနှိုးဆွကာ ခန္ဓာကိုယ်အတွင်းရှိ ပုံမှန်လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ပေးသည်။ သို့သော် စွဲလမ်းသွားပါက မကြာခဏ အသုံးပြုလျှင် ဦးနှောက်ဖွဲ့စည်းပုံထိခိုက်သဖြင့် ဆေးကု၍မရတော့ဘဲ ရူးသွပ်သွားစေနိုင်ပါသည်။ ရှော့ခ်ဖြစ်ခြင်း၊ သတိလစ်ခြင်း၊ ဝက်ရူးပြန်ခြင်းများလည်း ဖြစ်နိုင်သည်။

ထိုမျှ အန္တရာယ်များသော ဆေးကို နိုင်ငံတစ်ဝန်းရှိ လူငယ်များ၊ လူလတ်ပိုင်းများကြား မည်မျှပျံ့နှံ့၍ မည်မျှသုံးစွဲနေသည်ကို စိတ်ကြွရူးသွပ်ဆေးဝါးများ မကြာခဏ ဖမ်းဆီးမိနေခြင်းက သက်သေပင်။ မူးယစ်ဗဟိုမှ ထုတ်ပြန်သော စာရင်းများအရ ဘိန်းစိမ်း၊ ဘိန်းဖြူ အများဆုံး သုံးစွဲနေသည်ကို တွေ့ရပြီး စိတ်ကြွဆေးပြားမှာ ဒုတိယအများဆုံးဖြစ်သည်။

၂၀၁၂ ခုနှစ်အတွင်းမှာပင် စိတ်ကြွဆေး ဖမ်းဆီးရမိမှု ၁,၂၆၉ မှုရှိပြီး ဘိန်းဖြူအမှု ၁,၄၅၄ မှု ပြီးလျှင် ဒုတိယအများဆုံးပင်။ ထိုနှုန်းဖြင့် ပျမ်းမျှတွက်ပါက မြန်မာနိုင်ငံတွင် စိတ်ကြွဆေး ရောင်းဝယ်သုံးစွဲ၍ ဖမ်းဆီးရမှု တစ်ရက်လျှင် သုံးမှုကျော်ရှိနေသည်။ ဘိန်းဖြူမှုမှာ တစ်ရက်လျှင် လေးမှုခန့် ဖမ်းဆီးအရေးယူနေရသည်။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့ကျရန်၊ မူးယစ်ဆေးဝါး ရောင်းဝယ်၊ သုံးစွဲမှု လျော့ကျရန်၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အစိုးရကလည်း လုပ်ကိုင်နေပါသည်။ နှစ်စဉ် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်သူထောင်နှင့်ချီ၍ ဖမ်းဆီးအရေးယူလျက်ရှိသည်။ မူးယစ်ဆေးစွဲသူများကိုလည်း မူးယစ်ဆေးကုသပေးသော ဆေးရုံကြီး၊ ငယ် ၆၆ ခုက ကုသပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် မူးယစ်ဆေးစွဲသူ ၂,၇၀၀ ကျော်ကို အဆိုပါ ဆေးရုံများက ကုသပေးလျက်ရှိကြောင်း ဒေါက်တာလှဒွေးကပြောသည်။

ထို့အပြင် မူးယစ်ဆေး အစွဲလမ်းကြီးစွဲလမ်းနေသူများကို မက်သာဒုံးဆေးရည် အစားထိုးပေး၍ ကုသပေးနေသူမှာ ၂,၉၀၀ ကျော်ရှိသည်။

လုပ်အားပေးအဖွဲ့ဝင် ၆၀၀ ကျော်ရှိသော ကိုစိုင်းအောင်ခမ်းတို့၏ လူငယ့်အားမာန်အဖွဲ့ကလည်း မူးယစ်ဆေးစွဲနေသူများ ဆေးပြတ်ရန်၊ပြန်လည်ထူထောင်ရန် ကူညီပေးနေသည်။

သို့သော် အနာဂတ်မျိုးဆက်များအတွက် မူးယစ်ဆေးဝါးအန္တရာယ်ကင်းသော ပတ်ဝန်းကျင်မျိုးဖြစ်အောင် မဖန်တီးနိုင်သေးပါ။ ထိုမျှမက မူးယစ်ဆေးဝါးမျိုးစုံမှာ လူငယ်များအတွက် အလွယ်တကူ လက်လှမ်းမီနိုင်သော အခြေအနေပင်ဖြစ်လာသည်။ ထိုအခြေအနေများက နိုင်ငံ၏ အနာဂတ်ရည်မှန်းချက်များကို ထိခိုက်စေနိုင်ကြောင်း ဖွံ့ဖြိုးရေးပညာရှင်အချို့က ပြောသည်။ မူးယစ်ဆေးစွဲသူ အများအပြားရှိသော နိုင်ငံ၏ အနာဂတ် လူတိုင်းတွေးဆနိုင်သည်။ သို့သော် မူးယစ်ဆေးဝါးနှင့် ပတ်သက်သောအရေးကိစ္စများမှာ "ပြည်သူ့အသံ"ထင်ဟပ်သည်ဆိုသော လွှတ်တော်များတွင်မူ အရေးတယူ ဆွေးနွေးသည်ကို မတွေ့ရသေးပါ။

ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင် အခွင့်အလမ်းရှားပါးမှု၊ နယ်မြေမငြိမ်းချမ်းမှု၊ ဈေးသက်သက်သာသာဖြင့် အလွယ်တကူ အသုံးပြုနိုင်မှု၊ လူထုပူးပေါင်းပါဝင်ခြင်း အားနည်းမှု၊ တိုက်ဖျက်ရေးလုပ်ငန်းများ မထိရောက်မှု၊ လာဘ်ပေးလာဘ်ယူမှု စသော အကြောင်းများစွာမှာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် အခက်အခဲမှုများဖြစ်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများက သုံးသပ်သည်။

"မူးယစ်ဆေးဝါးတိုက်ဖျက်ရေးက တစ်ဦးတစ်ယောက်တည်း လုပ်လို့မရဘူး။ အဖွဲ့အစည်းပေါင်းစုံ စုပေါင်းလုပ်မှ ထိရောက်မှာ"ဟု ဒေါက်တာလှဒွေးက အကြံပြုသည်။ ပညာပေးလုပ်ငန်းများကို ယခုထက် ပိုမိုလုပ်ကိုင်ရန် ကျောင်းသင်ခန်းစာများမှာပင် ထည့်သွင်းပညာပေးရန်လည်း ၎င်းက ဆက်လက်ပြောကြားသည်။

ပြည်သူများက မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲသူများနှင့် ပတ်သက်သော သတင်းများကို တာဝန်ရှိသူများထံ သတင်းပို့ခြင်းဖြင့် ကူညီစေလိုကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဆိုပါသည်။

"မူးယစ်ဆေးဝါးသုံးစွဲမှုကို ဖမ်းဆီးအရေးယူမှုတစ်ခုတည်းနဲ့ တားဆီးလို့မရဘူး။ သုံးစွဲသူရဲ့ စိတ်၊ အသိနဲ့ဖြတ်မှရတာ။ ကိုယ့်စိတ်က အဓိကပဲ။ ဖမ်းဆီးရုံနဲ့တင် ဆေးသုံးတာက ပြတ်မသွားနိုင်ဘူး"ဟု လူငယ့်အားမာန်အဖွဲ့ ခေါင်းဆောင် ကိုစိုင်းအောင်ခမ်းက ဖြည်းဖြည်းချင်း ပြောသည်။ ထို့ကြောင့် မူးယစ်နွံထဲမှ ရုန်းထွက်ရန် အလျှော့မပေးဘဲ စိတ်ဓာတ်ကြံ့ခိုင်ရန်လိုသည်။

"ကျောင်းသားလူငယ်တွေကြား ပညာပေးတာ ပိုလုပ်ချင်တယ်။ ဒီပြဿနာရဲ့အစက ဆေးလိပ်၊ ကွမ်း၊ အရက်ကစတာ။ ဖြစ်နိုင်ရင် ကလေးတွေ ဆေးလိပ်မသောက်စေချင်ဘူး"ဟု လူငယ့်အားမာန်အဖွဲ့ ဒုခေါင်းဆောင် ကိုလှထွန်းမျိုးက ပူပန်စွာဖြင့် ကျောင်းသားငယ်များကို အကြံပေးသည်။

အသက် ၄၂ နှစ်အရွယ် ကိုလှထွန်းမျိုးမှာလည်း အသက် ၁၄ နှစ်မှာပင် ဆေးခြောက်၊ ဘိန်းဆီ၊ ဖန်စီဒိုင်း သုံးခဲ့ရာမှ ဆယ်စုနှစ်တစ်ခုကျော်ကြာ မူးယစ်ဆေးစွဲခဲ့သည်။ ဘိန်းဖြူကို သွေးကြောအတွင်း အကြိမ်ပေါင်းများစွာ ထိုးသွင်းကာ ဘိန်းစွဲမှု၏ အမြင့်ဆုံးအဆင့် ရောက်ခဲ့သော်လည်း ထောင်ကျ၊ ပြန်လည်ထူထောင်ရေးစခန်း ရောက်သောအခါတွင် ဘဝသစ်အတွက် အားအင်များရခဲ့သည်။ ထို့ကြောင့် ကိုစိုင်းအောင်ခမ်းနှင့်အတူ ယခင်က ဘိန်းကို အရူးအမူးစွဲလမ်းခဲ့သော သူတို့က ယနေ့အခါတွင် မျိုးဆက်သစ်များအတွက် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးတွင် ရှေ့တန်းမှ ပါဝင်နေသည်။ သူတို့အဖွဲ့က ဆယ်နှစ်တာကာလအတွင်း ထောင်နှင့်ချီသော မူးယစ်ဆေးစွဲသူများအား ကူညီနိုင်ခဲ့သည်။ မူးယစ်ဆေး စွဲနေသူများကို ကူညီဆေးဖြတ်ပေးရာမှရသော ပီတိကို သူတို့ အခုစွဲလမ်းနေပြီ။ သို့သော် လွန်ခဲ့သော ၂၇ နှစ်ကို ပြန်တွေးမိလျှင် ပညာရေးဆုံးခန်းမတိုင်ခဲ့ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာများ မလေ့လာခဲ့ရဘဲ ကုန်ဆုံးခဲ့သော အချိန်တို့အတွက် သူတို့ နောင်တရနေလေသည်။

"ဘိန်းသုံးခဲ့တဲ့ အချိန်တုန်းကတော့ လောကမှာ အကောင်းဆုံး ဖီးလ်လို့ ပြောခဲ့တယ်။ ဘဝနဲ့ချိရင်တော့ ဒါက မကောင်းပါဘူး" ဟု ကိုစိုင်းအောင်ခမ်းက သူ၏ ဒဿနကိုတစ်လုံးချင်းပြောသည်။ သူ၏မျက်ဝန်းအစုံက ဆုံးရှုံးခဲ့သော အရာအားလုံးအတွက် နောင်တနှင့်ဝမ်းနည်းမှုတို့ကြောင့် ညှို့မှိုင်းမှိုင်း။ ။

## Side Bar

# မူးယစ်ဥပဒေပြင်ဆင်နိုင်ရန် ကြိုးပမ်း

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၄**

မူးယစ်ဆေးတစ်ကြိမ် မှားယွင်းသုံးစွဲမိသော လူငယ်များအား ပြင်းထန်သည့် အရေးယူမှုများပြုလုပ်သည့် မူးယစ်ဥပဒေကို ပြင်ဆင်ရန် ကြိုးပမ်းနေကြောင်း ဥပဒေပညာရှင်များနှင့် ကျန်းမာရေးပညာရှင်များကပြောသည်။

အကြောင်းအမျိုးမျိုးကြောင့် တစ်ကြိမ်တစ်ခါ သုံးစွဲမိသည့် လူငယ်လူရွယ်များအား ပြင်းထန်သည့်ဥပဒေဖြင့် ထိန်းချုပ်ထားခြင်းထက် ပွင့်လင်းသော ဆွေးနွေးပညာပေးမှုဖြင့် တည့်မတ်သွားရန် ကြိုးစားသင့်ကြောင်း အငြိမ်းစားတရားသူကြီး ဦးသောင်းထွန်းကပြောသည်။

မူးယစ်ဆေးဝါးသုံးစွဲပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၅၊ လက်ဝယ်တွေ့ရှိပါက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၆၊ ရောင်းချဖြန့်ဖြူးရန်အလို့ငှာ လက်ဝယ်တွေ့ရှိပါက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၊ ၂၀၊ ၂၁တို့ဖြင့် အရေးယူနိုင်သည်။ လက်ရှိပြဋ္ဌာန်းထားသော မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ၏ ပြစ်ဒဏ်များမှာ အနည်းဆုံးထောင်ဒဏ် ၁၅ နှစ်မှ အနှစ် ၂၀အထိ ဖြစ်သည်။

"လူငယ်တွေ တစ်ခါမှားလို့ ထောင်မှာ အကြာကြီးသွားနေမယ့်အစား ဥပဒေပိုင်းကို ပြင်ဆင်ဖို့ ကြိုး စားနေကြပါပြီ။ တိုင်းပြည်အတွက်လည်းဒီလူငယ်တွေရဲ့လုပ်အားက ဆုံးရှုံးတယ်လေ" ဟု မူးယစ်ဆေးဝါးဆေးစွဲရောဂါ ကာကွယ်ကုသရေး စီမံချက် မန်နေဂျာ စိတ်ကျန်းမာရေးဆရာဝန်ကြီး ဒေါက်တာလှဒွေးက ပြောသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ရန်ကုန်မြို့တွင် သုတေသနပြုလုပ်ခဲ့သော စစ်တမ်းများအရ အသက် ၁၁ နှစ်အရွယ်ကပင် မူးယစ်ဆေးဝါး စတင်သုံးစွဲနေခြင်းများရှိနေသည်ဟု သတင်းရရှိသည်။

မူးယစ်ဆေးဝါးဥပဒေကိုပြင်ဆင်ရန်ကြိုးစားခြင်းမှာ သုံးစွဲသူများကို အားပေးခြင်းမဟုတ်ဘဲ ပညာပေးလုပ်ငန်းများဖြင့် ကြိုတင်ကာကွယ်ရာရောက်ရန်တစ်ဖက်တစ်လမ်းမှကြိုးစားကြည့်ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်ကြီးကပြောသည်။

သို့ရာတွင် လွှတ်တော်တွင်းမှ ကိုယ်စားလှယ်အချို့ကမူ မူးယစ်ဆေးဝါးဥပဒေနှင့်ဆက်စပ်သည့်ပြစ်ဒဏ်များကိုယခုထက် ပိုမိုပြင်းထန်သောပြစ်ဒဏ်များ တိုးမြှင့်ချမှတ်စေလိုသည့်သဘောထားများရှိနေကြောင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညိုညိုသင်းက ပြောသည်။

"ပြစ်ဒဏ်ဒီလောက်ပြင်းထန်တာတောင် မူးယစ်မှုတွေက အရမ်း များလာတယ်။ တချို့လွှတ်တော် ကိုယ်စားလှယ်တွေဆို သူတို့နယ်တွေမှာ လူငယ်တွေ မူးယစ်သုံးစွဲတာများလာလို့ ပြစ်ဒဏ်ကို ဒီထက်တောင်တိုးမြှင့်ချင်ကြသေးတယ်။ တရုတ်မှာဆို သေဒဏ်တောင် စီရင်တယ်လေ။ ကျွန်မကတော့ ဒီဥပဒေပြင်ဖို့ မသင့်တော်ဘူးလို့ထင်တယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းကပြောသည်။

| မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲ၍ ဖမ်းဆီးအရေးယူမှုများ | | |
|---|---|---|
| ခုနှစ် | မူးယစ်ဆေးဝါးအမှုပေါင်း | တရားခံပေါင်း |
| ၂၀၀၈ | ၂၄၂၉ | ၃၇၇၃ |
| ၂၀၀၉ | ၂၅၁၉ | ၃၈၄၃ |
| ၂၀၁၀ | ၂၆၃၀ | ၄၉၀၅ |
| ၂၀၁၁ | ၂၆၁၇ | ၃၉၉၁ |
| ၂၀၁၂ | ၄၀၀၆ | ၅၇၄၀ |

# အနာဂတ်က မျောက်ရှုံးအောင် မဆော့တော့ဘူး

မောင်သာချို




(တစ်)

တစ်နေ့ တပည့်မလေးတစ်ယောက်၏ အိမ်သို့ ကျွန်တော်ရောက်သွားပါသည်။ တစ်အိမ်လုံးတိတ်ဆိတ်ငြိမ်သက်လို့။ တပည့်မက မီးဖိုချောင်တစ်နေရာ၌ ချက်ဖို့ပြုတ်ဖို့ ပြင်ဆင်ခင်းကျင်းနေဆဲဖြစ်ရာ သူ့ဘေးနားဆီမှာက န္တာထားသည့် ကြက်သွန်အဖြူအနီများ၊ ထောင်းလက်စ ငရုတ်ဆုံတစ်လုံး၊ သင်ထားနွှင်ထားသည့် ဟင်းသီးဟင်းရွက်တချို့၊ ခုတ်ထစ်နယ်ဖတ်ထားသည့် သားငါးများစွာနှင့် ရှုပ်ပွ၍ နေပါသည်။ အိမ်ရှေ့ဧည့်ခန်းထဲတွင်ကား လေးငါးနှစ်သားအရွယ် သူ့သားတော်မောင်ပေါက်စ။ ငြိမ်သက်လို့။ တိတ်ဆိတ်လို့။ သြော်. . . ငြိမ်သက်တိတ်ဆိတ်ပေမပေါ့။ Dream Bed ပေါ်၌ ပက်လက်လှန်ကာ ရုပ်မြင်သံကြားဆီသို့ အာရုံစူးစိုက်၍ နေပေသကိုး။ ကလေးလက်ထဲမှာက Remote Control မျိုးစုံ။ ပြည်တွင်းပြည်ပ၊ လိုင်းပေါင်းစုံကို တစ်ခုပြီးတစ်ခု ပြောင်းကြည့်နေလိုက်၊ အောက်စက်ထဲသို့ အခွေထည့်ကာ ကြည့်နေလိုက်နှင့် ရုပ်မြင်သံကြားစက်က ပေါ်ထွက်နေသည့် အသံခပ်သဲ့သဲ့မှ တစ်ပါး ဘာသံမှမရှိ။ ဘာလှုပ်ရှားမှုမှမရှိ။ တိတ်ဆိတ်ငြိမ်သက် ဣန္ဒြေကြီးမားစွာ။

“ငြိမ်ဆေးဆရာရဲ့ တစ်နေကုန်ဖွင့်ထားရင်တစ်နေကုန်ကြည့်တယ်”

တပည့်မက ဧည့်ခန်းထဲတွင် ကျွန်တော့်အား နေရာပေးကာ ရေနွေးကြမ်းနှင့် ဘာနှင့် တည်ခင်းဧည့် ခံဖို့ပြင်ဆင်နေရင်းကနေ သားဖြစ်သူ တိတ်ဆိတ်ငြိမ်သက်ဣန္ဒြေကြီးမားနေပုံကိုဂုဏ်ယူဟန်ဖြင့် မေးတစ်ချက်ငေါ့ပြကာ သည်အတိုင်းပြောလာခဲ့ခြင်း ဖြစ်ပါသည်။

ဟုတ်ပါသည်။ သည်ကနေ့မိသားစုတိုင်းလိုလို၌ သည်အတိုင်းပဲဖြစ်ပါသည်။ အဖေ၊ အမေ၊ အစ်ကို၊ အစ်မ ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်ပွ၍နေသော ကမ္ဘာ၊ ကလေးတို့ထွက်ကစားစရာ အိမ်ခြံဝင်းမရှိဘဲ တိုက်ခန်းကျဉ်းကျဉ်းကလေးများထဲ၌ ခိုနားနေထိုင်ကြရသော ကမ္ဘာ၊ ကလေးတို့ ခုန်ပေါက် ပြေးလွှားအော်ဟစ်မြူးတူးနိုင်သည့် ပန်းခြံများ၊ ကစားကွင်းများတို့ ဆွံ့အခြောက်သွေ့ကျုံလှီ၍လာသော ကမ္ဘာပေါ်၌ သည်မှာ ဘာမှမဆန်းကြယ်လှပါ။ ငြိမ်နေရင်ပြီးတာပဲဟူသည့် သဘောထားဖြင့် ဧည့်ခန်းထဲ၌ ရုပ်မြင်သံကြားစက်ကို ၂၄ နာရီလောက်နီးနီး ဖွင့်ထားကာ မိသားစုထဲက ကလေးပြဿနာကို အဖြေရှာတွေ့ထားပုံရသည့် အိမ်တွေက လမ်းတိုင်း၊ ရပ်ကွက်တိုင်းမှာ ရှိကြစမြဲဖြစ်ပါသည်။

အခုကြည့်. . . ကျွန်တော့်တပည့်မက ငြိမ်ဆေးဆရာ. . တဲ့။ တစ်နေကုန်ဖွင့်ထားရင် တစ်နေကုန်ကြည့်တယ်. . တဲ့။ ငြိမ်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကို သူသတိမှ ပြုမိပါလေစ။

(နှစ်)

အမေရိကန်နိုင်ငံ၌ ကလေးသူငယ်ကျန်းမာရေး ဖွံ့ဖြိုးမှုစောင့်ရှောက်ရေးသိပ္ပံဟူ၍ ရှိပါသည်။ ထိုသိပ္ပံက အသက် ၂နှစ်အောက်ကလေးများ ရုပ်မြင်သံကြား လုံးဝမကြည့်ဖို့ ဆော်ဩထားပါသည်။ ထိုနိုင်ငံ၌ ပျမ်းမျှ ရုပ်မြင်သံကြားကြည့်ချိန်ကို သုတေသနလုပ်ကြည့်ရာ တစ်နေ့ သုံးနာရီနှင့် ၁၄ မိနစ်စီ ရှိသည်ဟု ဆိုပါသည်။ ထို့ကြောင့် ကလေးတို့တွင် အလှုပ်အရှားမရှိ။ အလှုပ်အရှားမရှိတော့သော ကလေးတို့၌ ကိုယ်အလေးချိန်တိုးလာခြင်း၊ ပျော့စိစိဖြစ်လာခြင်း၊ စာသင်ကြားရာ၌ လေးလံနှေးကွေးလာခြင်း၊ ရန်လိုစိတ်များလာခြင်းတို့ ဖြစ်လာနိုင်ကြောင်း ထိုကလေးသူငယ် ကျန်းမာရေးဖွံ့ဖြိုးမှုစောင့်ရှောက်ရေးသိပ္ပံက သတိပေးထားပြီးဖြစ်ပါသည်။

Daily Mail သတင်းစာထဲက ရုပ်မြင်သံကြားနှင့်ပတ်သက်သည့် ဖော်ပြထားချက်ကလည်း တော်တော့ကို စိတ်ဝင်စားဖို့ကောင်းပါသည်။ ရုပ်မြင်သံကြားကို တစ်နေ့ ခြောက်နာရီအထက် ထိုင်ကြည့်နေခဲ့သော ယင်းမှာအထိုင်များသွားခဲ့ပါပြီတဲ့။ ထိုသို့ အထိုင်များသော လူနေမှုဟန်ပန်ကို sedentary life style ဟု ခေါ်လေသတဲ့။ ထိုအထိုင်များသောဘဝဟန်ပန်ရှိသူများသည် အင်ဆူလင်ဟော်မုန်း (insulin sensitivity) စွမ်းရည် ကျဆင်းသွားလေသတဲ့။

ထိုသို့ အင်ဆူလင်ဟော်မုန်းစွမ်းရည်ကျဆင်းသွားလေသောအခါ သွေးချိုတဲ့၊ ဆီးချိုတဲ့၊ လိပ်ခေါင်းတဲ့၊ မျက်စိတဲ့၊ ဆက်တိုက်လိုက်ပါလာတတ်သည့် ရောဂါဝေဒနာများ. . . ။

ထို Daily Mail သတင်းစာက ဖော်ပြထားချက်မှာ Harvard တက္ကသိုလ် ပြည်သူ့ကျန်းမာရေးဌာန၏ သုတေသန စာတမ်းတစ်စောင်က ဖော်ပြထားချက်များပင်ဖြစ်ပါသည်။

ရုပ်မြင်သံကြားရှေ့၌ ကြာရှည်စွာ ထိုင်နေခြင်းသည် တန်ဖိုးမဖြတ်နိုင်သည့် စာဖတ်ခြင်း အလေ့အကျင့်ကို ဖျက်ဆီးပစ်တတ်ရုံမျှမကသေးဘဲ ထုံထုံထိုင်းထိုင်းကြီးတွေ ဖြစ်သွားတတ်သည့်အတွက် ထိုလူမျိုးကို အမေရိကန်တို့က Couch Potato ဟုပင် ခေါ်ကြပါသည်။

(သုံး)

ပြင်သစ်နိုင်ငံ၌ စိတ်ပညာဆရာမတစ်ယောက် ရှိပါသည်။ သူ့နာမည်က ဆိုဖီကာရိုလိုင်းပေါ်တီယဲ။ သူက ရုပ်မြင်သံကြား ကြာကြာကြည့်ခြင်းသည် စိတ်ကူးစိတ်သန်းကို လျော့ကျစေသည်ဟု ဆိုပါသည်။

ကျွန်တော်တို့ဆီက စိတ်ပညာဆရာမကြီး ပါမောက္ခဒေါ်ခင်အေးဝင်းကတော့ ရုပ်မြင်သံကြားကြည့်ရှုမှု လွန်ကဲသော် တီထွင် ဖန်တီးမှု၊ စဉ်းစားမှုပိုင်းတွင် အားနည်းသွားတတ်ပါသည်တဲ့။ ကလေးအချင်းချင်း (သို့မဟုတ်) ကလေးနှင့် လူကြီးအပြန်အလှန်ဆက်သွယ်မှုပိုင်းတွင်လည်း အားနည်းသွားတတ်ပါသည်တဲ့။ သတိထားဖို့ကောင်းလိုက်တာ။

အီတလီနိုင်ငံ ဆီနာတက္ကသိုလ်က သုတေသန သမားများကမူ အသက်၇ နှစ်နှင့် ၁၂ နှစ်ကြားက ကလေး ၆၉ ယောက်ကို သွေးဖောက်၍ပင် စစ်ဆေးကြပါလေသတဲ့။ မိခင်နှင့်အတူတူရှိနေသည့်ကလေး၊ တစ်ယောက်တည်းနေတတ်သည့်ကလေး၊ ရုပ်မြင်သံကြားတွင် ကာတွန်းကားကြည့်နေသည့် ကလေး။ ယင်းတို့တွင် မိခင်နှင့်အတူတူ ပြောဆိုရယ်မောနေသည့် ကလေးတို့က သွေးလည်ပတ်ပုံ အကောင်းဆုံး ဖြစ်ပါလေသတဲ့။

ရုပ်မြင်သံကြားမျှနှင့် မကဘဲ ဂိမ်းစွဲသူ ကလေးတို့မှာမူကား ဦးနှောက်ဖွံ့ဖြိုးသည့်တိုင် ဟန်ချက်မညီ၊ အမြင်ကျယ်သည့်တိုင် မနက်ရှိုင်း၊ စက်ရုပ်တစ်ပိုင်း လူတစ်ပိုင်းဟု သူတို့က နာမည်ပေးထားကြပါသည်။ Bionic Kids တဲ့။ နာမည် ကလေးလှသလိုလိုနဲ့ အဓိပ္ပာယ်က ဆိုးလိုက်တာ။ လူဖြစ်ပြီးစက်ရုပ်ဆန်နေမှတော့ ကောင်းနိုင်ပါဦးတော့မလား။

(လေး)

ကမ္ဘာပေါ်၌ ဖွံ့ဖြိုးတိုးတက်ပြီးပါပြီဆိုသည့် နိုင်ငံကြီးတွေက အစ ရုပ်မြင်သံကြားရှေ့၌ ထိုင်နေ ခြင်းသည် အကြွင်းမဲ့ ကောင်းသော အလုပ်မဟုတ်ကြောင်း သုတေသနပြုကြ၊ သတင်းထုတ်ပြန်ကြနှင့် သူတို့၏ အနာဂတ်မျိုးဆက်များ၏ ရှေ့ရေးကို တွေးတောမြော်မြင်လျက် ရှိကြပါသည်။

ကျွန်တော်တို့ဆီက မိဘအများစုကမူ တောင်မှန်း၊ မြောက်မှန်း မသိဘဲနှင့် ကလေးရုပ်မြင်သံကြားရှေ့မှာ ထိုင်နေတာ၊ တီဗီဂိမ်းရှေ့မှာ ငြိမ်နေတာ ကွန်ပျူတာဂိမ်းရှေ့မှာ တိတ်ဆိတ်နေတာကို သဘောကျကာ ဂုဏ်ယူသယောင်ယောင်ပင် သဘောထားနေကြပါသည်။

ကျွန်တော်တို့ခပ်ငယ်ငယ်က လမ်းကြိုလမ်းကြား၊ ချောင်းကြိုချောင်းကြား၊ မြောင်းကြို မြောင်းကြား၊ ကွင်းပြင်ကျယ်ကြီးများအကြား၌ ခုန်ပေါက်အော်ဟစ်မြူးတူးပျော်ပါးဆော့ကစားခဲ့ကြပုံများကို သတိရလှပါဘိ။ မျောက်ရှုံးအောင်ဆော့ကစားခဲ့ကြပုံများကို လွမ်းဆွတ်လှပါဘိ။

အခု ကြည့်ပါဦး။ ကျွန်တော့်တပည့်မက သူ့သား ရုပ်မြင်သံကြားရှေ့၌ ငြိမ်နေသည်ကို သဘောကျကာ ငြိမ်ဆေးတဲ့။ လူငြိမ်နေရုံမျှသာမက အသွေးတွေ၊ အသားတွေ၊ စိတ်ကူးတွေ၊ စိတ်သန်းတွေ၊ အတွေးအခေါ်တွေ၊ အယူအဆတွေ၊ အပေါင်းအသင်းတွေ၊ ရောင်းရင်းတွေ၊ ပျော်ရွှင်မှုတွေ၊ လွတ်လပ်ပွင့်လင်းခြင်းတွေပါ အကုန်လုံး ငြိမ်သွားမှာကိုဖြင့် စိုးရိမ်မိပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကလေးမှန်လျှင် မျောက်ရှုံးအောင် ခုန်ပေါက်ပြေးလွှားဆော့ကစားနေတာကိုပဲ မြင်လိုလှပါသည်။ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး မြူးမြူးတူး သွက်သွက်လက်လက်ရွှင်ရွှင်လန်းလန်း။ ။

---

စာမျက်နှာ(၂၆)မှ

## သည်ပုံသည်နည်း သည်ခရီး ဘယ်ပုံဖြင့်နီးမယ်ကြံ

မီးရထား လက်မှတ်ရုံမှာ ပိုငွေ နှစ်ရာသုံးရာ ပြန်မအမ်းတော့လည်း သြော်. . . အကြွေများ ရှားလို့ထင်ရဲ့ ဆိုပေမင့် တစ်ခါက နှစ်ခါမို့ မေးမိတော့ “ နေရိပ်တဲ့ အခြမ်းကနေ ကျွန်တော်ပေးထားပါတယ်အစ်ကို. . . ” ဆိုတော့ အေးလေ ဒါလည်း အပေးအယူ တစ်ခုပေပေါ့နှင့် နှုတ်ဆိတ်နေခဲ့ကြသည်မှာ ကြာပေါ့။

အပေးအယူလုပ်ကြသည့် ခေတ်ကြီးပေပဲပ။အပေါ်မှာလည်း ဘီလျံနဲ့ပေးကြယူကြ အဆင်ပြေကြ။ အောက်မှာလည်း မူးစ ပဲစ အငမ်းမရ။ ယူကြ ပေးကြ ချောဆီထည့်ကြ။ သြော်. . . အင်း. . . ခုများဖြင့် အဲ့ဒါက သဘာဝဓမ္မကြီးပင် ဖြစ်လိုက်လို့. . . ။

ဒ့ါထက်ဆိုးသည်က ကြည်ဖြူသည့်အပေးအယူမဟုတ်ဘဲက လိမ်ကျပြီး ယူနည်းမျိုးတွေလည်း ခေတ်စားလာနေသည်။ မြို့တော်ခန်းမ မျက်စောင်းထိုးမှာ၊ မောန္တေလ ဘုရားကျောင်းရှေ့မှာ၊ ဗဟိုတရားရုံးကကျောခိုင်းထားသည့် ပလက်ဖောင်းပေါ်မှာ နိုင်ငံခြားငွေနှင့်မြန်မာငွေ လဲသူတွေကို ပစ္စုပ္ပန်လက်ဆန်ဆန် လိမ်ယူနေသူတွေကလည်း ခပ်ပြောင်ပြောင် မျက်နှာထားတွေနှင့်။ နိုင်ငံခြား အလုပ်ထွက် လုပ်ကြသူတွေ မဖြစ်မနေဖြတ်သန်းရသော အခွန်ငွေ စိစစ်သည့်ပုံစံ၁၉ ရုံးပေါက်ဝတွင်လည်း မသိနိုးနားရှိသူတွေကို နည်းမျိုးစုံဖြင့် ဆီးပြီး ပြောင်ပြောင်လိမ်နေသူ ပွဲစားတွေ ဆိုသည်ကလည်း လိုင်စင်ရထားသလိုဆိုတော့ခက်သည်။

ဖြစ်နေကျပုံတွေထဲမှာ ပိုက်ဆံရဖို့သာဆိုလျှင် စောင့်ထိန်းအပ်သည့်ကိုယ်ကျင့်သိက္ခာပင်ခြောက်ခန်းကုန်ကြသည်က ပို၍ပင်ထိတ်လန့် ရင်လေးစရာကောင်းသည်။

မနေ့တစ်နေ့က ကျူရှင်သွားသည့် သမီးဖြစ်သူ တက္ကစီကားပေါ်တွင် ဟန်းဖုန်း ကျကျန်ခဲ့သည်။ ကျူရှင်ခန်းထဲရောက်မှ သိတော့ ကားက ဘယ်ရောက်သွားပြီမသိတော့။ ကိုယ့်ဖုန်းနံပါတ်ကို ခေါ်ကြည့်သည့်အခါ သည်ဖုန်းက ဘယ်လောက်တန်သည်ကို သိသည့်အကြောင်း၊ ဖုန်းပြန်လိုချင်လျှင် ငွေနှစ်သောင်းခွဲပေးမှ ပြန်ပေးနိုင်မည်ဖြစ်ကြောင်း တက္ကစီဒရိုင်ဘာက အကြောင်းပြန်သည်။ တောင်းသည့်အတိုင်း ပေးပါမည်ဆိုမှ ပြန်လာပေးသွားသည်။

ထိုတက္ကစီ ဒရိုင်ဘာကတော့ ဘယ်လို ခံစားစိတ်ဖြင့် ကောက်ရသည့် တယ်လီဖုန်းကို ပြန်ပေးဆွဲလိုစိတ်ပေါက်လိုက်သည်မသိ။ တကယ်တွေးတော့ တကယ်ရှက်ဖို့ကောင်းသည့်ကိစ္စ။ ရေအဆုံး ကုန်းတစ်ဝက် ဆိုစကားရှိပေသည့် ဟိုတုန်းကဖြင့်တစ်ဝက်ယူဖို့ရှက်တတ်သည့်မြန်မာ။ ကောက်ရပစ္စည်းပိုင်ရှင်လက်ကို ပြန်အပ်ရသည် ဆိုခြင်းက မွေးကတည်းက သိခဲ့သလိုရှိခဲ့သည့်သင်ခန်းစာ။ သို့ပေသည့် မလိုက်နာကြတော့။ သည်လိုစိတ်သည်လို အကျင့်မျိုးတွေနှင့် ရှေ့ခရီးဘယ်လိုဆက်ကြပါ့မျှော်ကြည့်တော့ မြူတွေဆိုင်းနေသည်။

ဆရာမောင်သံဒိုင် (ဘောဂဗေဒ) ၏စကားကိုပင် အကောင်းဆုံးမို့ ယူသုံးခွင့်ပြုစေချင်ပါသည်။

“ နှစ်ပေါင်းများစွာ တွင်းနက်နက်ထဲ အခိုင်စိုက်ထားသည့် တိုင်တစ်တိုင်လိုအပေါ်ပိုင်းကိုချည်း တွန်းရွှေ့နေလျှင် တိုင်သာကျိုးသွားပေလိမ့်မည်. . . ”တဲ့။

သို့ဆိုလျှင် ဤခရီးနီးစေချင်ပါက ပြိုင်တူရွှေ့မှ ရွှေ့နိုင်မည်ဖြစ်ကြောင်း ပြိုင်တူသိဖို့ လိုအပ်လှပါကြောင်း. . . ။ ။

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းငွေ၊ သန်းထူး |
| သတင်းထောက်များ | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟာန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ထက်ပိုင်ဖြိုး(ဇဝန)၊ ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ဌေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၀၀၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006

# တို့လယ်သမားတွေ အင်အားပြည့်ဖို့

မယ်ဇွေဥ

**မြန်မာ့** လယ်ယာမြေမှာ လုပ်ကိုင် စားသောက်ပြီး တိုင်းပြည်တာဝန်၊လူ့တာဝန်၊လောကတာဝန်တွေ ထမ်းနေသူတွေ ရှိလေ၏။ ထိုသူတို့ကို လယ်သမား၊ ယာသမား၊ ကိုင်းသမား၊ တောင်ယာသမားဟု ခေါ်လေသည်။

ယခုခေတ်ကား လယ်သမားခေတ်မဟုတ်။ လယ်သမား၊ ယာသမား၊ ကိုင်းသမား၊ တောင်ယာသမားတွေ ထမင်းမဝဖြစ်နေသည်။ အကြွေးတင်နေ၏။ လယ်သမားရွှေခေတ်မဟုတ်။ ကြွေးခေတ်။

ယမန်နေ့ကပင်ကြားလိုက်ရ၏။ အသံလွှင့်ဌာနတစ်ခုတွင်လယ်သမားကိုယ်တိုင် ပြောသွားခဲ့သည်မှာ လယ်သမား၊ ယာသမားများ နည်းနည်းစိုက်လျှင် နည်းနည်းရှုံးသည်။ များများစိုက်လျှင် များများရှုံးသည်။ လုံးဝမစိုက်ဘဲနေလျှင် အရင်းရမည်။ မြတ်စွာဘုရား။ သည်လိုသာဆိုလျှင် မြန်မာတစ်ပြည်လုံး ထမင်းငတ်ရချည်ရဲ့။

လယ်သမားများ လယ်မစိုက်ချင်လျှင် တိုင်းပြည်ပျက်နိုင်၏။ မပျက်တောင် ကသောင်းကနင်းဖြစ်သွားနိုင်သည်။ ဝမ်းစာသည် အရာရာထက်ပိုအရေးကြီးသည်။ မြန်မာပြည်မှာ လူဦးရေ သန်း ၆၀ ခန့်ရှိသည်ဖြစ်၍ သန်း ၆၀ အတွက် ဝမ်းတစ်ထွာဆိုပါက ရင်လေးစရာ။ မတွေးရဲစရာ။

သမိုင်းတွင်မြန်မာသည်ဆန်အများဆုံးတင်ပို့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ဖူးလေသည်။ ယခင်က ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို အရှေ့တောင်အာရှ၏ ဆန်အိုးကြီးဟုပင်တင်စားပြောဆိုသတ်မှတ်ခဲ့ကြသည်။

ယခုအချိန်တွင်ကား မြန်မာ့လယ်ယာမြေတွေကစပါးအထွက်လျော့ကျနေသလို ထွက်သည့်စပါးကလည်း ကမ္ဘာ့ဈေးကွက်သိပ်မဝင်တော့။ ဈေးကောင်းမရသည်က တစ်မှောင့်၊ သည်ကြားထဲ လယ်သိမ်း၊ယာသိမ်းတွေကလည်း တစ်မှောင့်၊ ရာသီဥတုပြောင်းလဲလာခြင်းကလည်း တစ်မှောင့်၊ နှစ်မှောင့်သုံးမှောင့်စုဆုံ၍ ဖိနှိပ်ခံရလေသော် လယ်သမားတွေ ကြွေးပင်လယ်နစ်နေကြသည်ဟု သိရသည်။

သည်လိုတော့ မဖြစ်သင့်။

လယ်သမားတွေ ကြွေးကင်းအောင် မည်သို့ကြံကြမည်နည်း။ လယ်သမား စပါးစိုက်ချင်အောင် မည်သို့ကြံဆောင်ကြမည်နည်း။ လယ်သမားထမင်းဝဝစားရအောင် မည်သို့ဖန်တီးကြမည်နည်း။ လယ်သမားဘဝ တိုးတက်အောင် မည်သို့ ကြံဆောင်မည်နည်း။ လယ်သမားသည် တိုင်းပြည်၏ အခြေခံအကျဆုံးလူတန်းစားဖြစ်သည်။ သူတို့ဘဝတိုးတက်ဖွံ့ဖြိုးရေး စဉ်းစားကြရတော့မည်။ မည်သည့်နေရာမည်သည့်ဌာနမှာ တိုးတက်တိုးတက်။ လယ်သမားမတိုးတက်လျှင် တိုင်းပြည်တိုးတက်သည်ဟု မဆိုနိုင်။



soethawdar@gmail.com

လယ်သမားတင်သောကြွေး ထမင်းတစ်နပ် လျှော့စားရုံမျှနှင့်တော့ ပြဿနာ မပြီးစီးနိုင်။

ဟိုတယ်တွေ၊ မိုတယ်တွေ ဘယ် လောက်ပေါပေါ၊ ကုန်တိုက်တွေ မည်မျှများများ၊ စက်ရုံတွေ မည်မျှ ကြီးကြီး၊ လယ်သမားစပါးမစိုက်ချင်၍ စပါးခင်းတွေ မစိုမစိမ်း၊ မဝင်းမဝါလျှင် တိုင်းပြည်သာယာဝပြောသည်ဟု မဆိုနိုင်။

စိမ်းလဲ့လဲ့ လယ်ကွင်းတွေ တစ်မျှော်တစ်ခေါ် မမြင်ရလျှင် ဝင်းညက်ရွှေစင်အိနေသည့်ကောက်နှံတွေကိုမကြည့်ရလျှင် စိုက်ပျိုးရေးကို အခြေခံသော တိုင်းပြည် တစ်ခုအတွက်ရေရှည်မှာခိုင်မာသည်ဟု မဆိုနိုင်။ တိုင်းသူပြည်သားအားလုံး နေ့စဉ်နေ့တိုင်း ဝမ်းဖြည့်နေရသည့် ပါးစပ်ပေါက်တွေအတွက် ခေတ်စနစ်ဘယ်လိုပြောင်းပြောင်း လယ်ကွင်းတွေမှာ ကောက်ပင်တွေ ဟောင်းလောင်းနဲ့ ခြောက်သွေ့နေ၍မဖြစ်။

ကမ္ဘာ့လူဦးရေလည်း မြင့်တက်လာချိန်၊မြန်မာ့လူဦးရေလည်း အချိန်နှင့်အမျှ တိုးလာနေချိန်။ သည်အချိန်မှာ မြန်မာနိုင်ငံတွင် စပါးဆန်ရေ ပေါကြွယ်ဝဖို့သည် အဓိကတွေထဲက အရေးအကြီးဆုံးဖြစ်သည်။ လူဦးရေ တိုးလာသည် နှင့်အမျှ အဓိကကျသည်မှာ စစ်တိုက်ဖို့လည်း မဟုတ်။ ဝတ်ကောင်းစားလှ ဝတ်ရဖို့လည်း မဟုတ်။ စိန်ခဲတွေ၊ ရွှေချောင်းတွေ စုမိဆောင်းမိရန်လည်း မဟုတ်။ မြန်မာငွေတွေကို ဂိုဒေါင်ကြီးတွေနှင့် အပြည့်ထားနိုင်ရန်လည်း မဟုတ်။နိုင်ငံရပ်ခြားမှာဒေါ်လာအကောင့်ဖွင့်ထားနိုင်ဖို့လည်းမဟုတ်။ နိုင်ငံသားတိုင်း ထမင်းဝဝ စားနိုင်ရန်စားဝတ်နေရေးအတွက်မကြောင့်ကြဘဲ နေထိုင်လုပ်ကိုင်နိုင်ရန် ဖြစ်သည်ဟု ထင်သည်။

ကမ္ဘာ့စားနပ်ရိက္ခာ၊မြန်မာ့စားနပ်ရိက္ခာ တာဝန်ယူနေကြရသော လယ်သမားတွေ အမြတ်မရ။ အရှုံးထွက်၊အနုတ်ပြနေလျှင်လုံးဝမစိုက်ချင် မပျိုးချင်ဖြစ်ကုန်မည်။ အရင်းကျေရုံနှင့် မည်သူမှ စိုက်ချင်ပျိုးချင်ကြမည်မဟုတ်။အရှုံးထွက်လျှင်၊အနုတ်ပြလျှင်ကားလယ်ယာကိုပစ်ပယ်၍ မြို့တက်ကြံရာလုပ်စားကုန်မည်။မြို့သားတွေ အလုပ်လုပ်မည့်သူများ၏။ လယ်သမားအလုပ် လုပ်နိုင်သူ၊ လုပ်ချင်သူရှား၏။ လယ်သမား စပါးမစိုက်လိုခြင်း၏ အကြောင်းရင်းကား ထွက်လာသော သီးနှံဈေးကောင်းမရခြင်းဖြစ်သည်။

လယ်ယာစိုက်ပျိုးရာတွင် ရာသီဥတုလည်း အရေးကြီးသည်။ ရာသီဥတု ဟူသည်ကား သုံးနှစ်၊ လေးနှစ်တစ်ကြိမ်ဖောက်ပြန်တတ်မြဲဖြစ်သည်။ လယ်သမားများ အတွက် သုံး၊ လေးနှစ် စပါးကောင်းကောင်း စိုက်နိုင်ပျိုးနိုင်လျှင်၊ အထွက်ကောင်းထားလျှင်၊ ဈေးကောင်းရထားလျှင် သုံး၊ လေးနှစ်တစ်ကြိမ်လောက် ဥတုရာသီဖောက်ပြန်၍ ပျက်စီးဆုံးရှုံးသည်ကို ခံနိုင်ရည်ရှိကြသည်။ သို့သော် နှစ်ဆက် ရာသီဖောက်၊ ဈေးမကောင်းတော့လျှင်တော့အစိုးရက ကြည့်ဖို့ကောင်းသည်။

စိုက်ပျိုးရေး အရာရှိက ပြောဖူးသည်။“စပါးတင်း တစ်ရာကို ဆယ်သိန်းဈေးသာ ပေါက်ကြည့်ပါလား။လယ်သမားကိုစပါးမစိုက်ပါနဲ့ တားလည်း မရဘူး။ စိုက်ကိုစိုက်မယ်။ လယ်သမားတင်မကဘူး။မြို့ကလူတွေပါကျေးလက်ကို ဆင်း၍ စပါးလာပြီးစိုက်ကြမယ်။ အခုလို အရှုံးပြနေလျှင်တော့ မူလ တောင်သူမျိုးရိုးတွေတောင်မှ မစိုက်ချင်ကြတော့ဘူး” ဟု ဆိုသည်။

မြန်မာလယ်သမားတွေ အဘယ်အကြောင်းကြောင့် ဈေးကောင်းမရသနည်း။ အိမ်နီးချင်း ထိုင်းနိုင်ငံက ဆန်စပါးတွေ ဈေးကောင်းရနေသည်။ မြန်မာ့ဆန်စပါးတွေ ဈေးကောင်းမရ။

မြန်မာနှင့် ထိုင်း စပါးစိုက်ပျိုးရန် မြေရေမကွာ။ ရာသီဥတုသိပ်မကွာ။ သို့သော် ကမ္ဘာ့ဈေးကွက်မှာ ရရှိသော စပါးဈေးနှုန်းကွာခြားသည်။ နိုင်ငံခြားသို့ တင်ပို့ရာမှာ ထိုင်းဆန်တစ်တန်လျှင် အနိမ့်ဆုံး ဒေါ်လာ ၇၀၀ မှ အမြင့်ဆုံး ဒေါ်လာ ၁,၁၅၀ လောက် ထိ ဈေးရသည်ဟု သိရသည်။ မြန်မာ့ဆန်က ဒေါ်လာ ၂၇၀-၃၆၀ အတွင်းသာရသည်။ ဈေးနှုန်းရရှိမှု ကွာဟလွန်းနေသည်။

မည်သည့်နေရာတွင် မည်သည့်အကြောင်းတွေကြောင့်ဈေးရရှိမှု ကွာဟနေသနည်း။

မျိုးစပါး အရည်အသွေး၊ လယ်ယာမြေ ပြုပြင်နည်းစနစ်၊ စိုက်ပျိုးနည်းစနစ်၊ ရေသွင်းရေထုတ်စနစ်၊

**စာမျက်နှာ(၃၅)သို့**

Business 7DAY NEWS JOURNAL
Vol.11, No.50 · FEBRUARY 21 , 2013

# ဗဟိုဘဏ်နှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ကို ယခုလွှတ်တော် အစည်းအဝေးတွင် အတည်ပြုဖွယ်ရှိ

**အိဖြူလွင်**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၄**

နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ဗဟိုဘဏ်ဥပဒေတို့ကို ယခုကျင်းပနေသည့် ပြည်သူ့လွှတ်တော် အစည်းအဝေးများအတွင်း အတည်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဟု စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ဦးဝင်းသန်းက ပြောသည်။

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ ထွက်ရှိလာပြီးဖြစ်၍ မဖြစ်မနေ လိုအပ်နေသည့် အဆိုပါဥပဒေများကို အမြန်ဆုံးထွက်ရှိ အတည်ပြုနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရှိရသည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း အဆိုပါဥပဒေများကို အမြန်ဆုံးအတည်ပြုနိုင်ရေး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား မှာကြားထားပြီးဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

**စာမျက်နှာ(၃၄)သို့**

# ပြည်တွင်း၌ပြေးဆွဲနေသော လေကြောင်းလိုင်းများ ပြည်ပခရီးစဉ် တိုးချဲ့ပျံသန်းရန် စီစဉ်

**မိုးညို**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၆**

ပြည်တွင်း၌လက်ရှိပြေးဆွဲနေသော လေကြောင်းလိုင်းများပြည်ပ ခရီးစဉ်များတွင် တိုးချဲ့ ပျံသန်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြည်တွင်းလေကြောင်းလိုင်းများထံမှ သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အထူးသဖြင့် အဲကမ္ဘောဇ၊ အေးရှားဝင်း အစရှိသည့် လေကြောင်းလိုင်းများက ပျံသန်းပြေးဆွဲနိုင်ရန်အတွက် ပြည်ပနိုင်ငံများမှ လေယာဉ်သစ်များလည်း မှာယူထားကြောင်း ယင်းလေကြောင်းလိုင်းများက သတင်းထုတ်ပြန်သည်။

အဲကမ္ဘောဇ လေကြောင်းလိုင်းမှ မတ်လလယ်တွင် ပြင်သစ်နိုင်ငံလုပ် ATR72-600 အမျိုးအစားလေယာဉ်ဖြင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ပျံသန်းပြေးဆွဲသွားရန် စီစဉ်ထားပြီး နောက်ပိုင်းတွင် ဘန်ကောက်၊စင်ကာပူခရီးစဉ်များအထိပျံသန်း ပြေးဆွဲနိုင်ရန် စီစဉ်ထားကြောင်း အဲကမ္ဘောဇ လေကြောင်းလိုင်းမှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးဆန်း အောင်က ပြောသည်။

ထို့အတူ အေးရှားဝင်းလေကြောင်းလိုင်းမှ ပြည်ပခရီးစဉ်များသို့တိုးချဲ့ရန်စီစဉ်ထားသော်လည်း လတ်တလောတွင် အသေးစိတ်မပြောနိုင်သေးကြောင်း အေးရှားဝင်း လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ပြည်တွင်းကလိုင်းတွေပြည်ပမှာဆွဲဖို့ သူတို့မှာစီစဉ်နေတာတွေရှိပါတယ်။ပျံသန်းခွင့်ပါမစ်က အရမ်းမကြာပါဘူး။ တစ်လအတွင်း လျှောက်ရင်ရတယ်"ဟု လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒေါ်နွယ်နီဝင်းကျော်က ပြောသည်။

လက်ရှိတွင်ပြည်တွင်းလေကြောင်းလိုင်းများ အပါအဝင်ပြည်ပလေကြောင်းလိုင်းကလည်းပြည်တွင်းခရီးစဉ်များတွင်ဝင်ရောက်ပျံသန်းနိုင်ရေးအတွက်လေယာဉ်များကိုလည်း တိုးချဲ့ဝယ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။ စုစုပေါင်းလေကြောင်းလိုင်း သုံးလိုင်းမှလေယာဉ်အစီးရေခြောက်စီးခန့်ကို တိုးမြှင့်ဝယ်ယူသွားမည်ဖြစ်သည်။

"ပြည်တွင်းလိုင်းတွေပြည်ပကိုတိုးဆွဲမယ်ဆိုရင်တော့ မြန်မာပြည်ရဲ့ နောက်ပိုင်းဝင်လာမယ့် နိုင်ငံခြားဧည့်သည်တွေအတွက် ပိုပြီးရွေးချယ်စရာတွေများလာမှာပေါ့"ဟု အီးဂဲလ်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းမှ မန်နေဂျာတစ်ဦးက ပြောသည်။

လက်ရှိရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပြည်တွင်းလေ ကြောင်းလိုင်း ၆လိုင်းမှ လေယာဉ်အစီးရေ၃၀ ရှိပြီး ပြည်ပလေကြောင်းလိုင်းပေါင်း၁၄လိုင်းမှ နေ့စဉ်ပျံသန်းပြေးဆွဲလျက်ရှိသည်။ လက်ရှိရန်ကုန်လေဆိပ်၏ နှစ်စဉ်ပျမ်းမျှခရီးသွား ၂ ဒသမ ၇ သန်းကျော်ကို ယင်းလေကြောင်းလိုင်းများမှ သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် ၅ ဒသမ ၄ သန်းကျော်သယ်ယူပို့ဆောင်ပေးရမည်ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှုဦးစီးဌာနမှ ခန့်မှန်းထားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၅၅ | ၈၆၂ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၈၈ | ၇၀၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၃၈ | ၁၁၅၆ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၆၈ | ၂၈. ၇ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၇ | ၁၃၈ | ကျပ် |

၂၀၁၃ ဖေဖော်ဝါရီ ၁၆ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၄၄၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၄၈၅ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၃. ၅၃ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၂၃၂၃ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၃၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၆၈ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၈. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၉၃ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၈၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၆၆၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၀. ၅၉ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၄၂ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၇၀၃ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၈၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၀၆၂ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၀၉၈၄ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၆ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၆၀၇. ၅၀ |
| ရေနံစိမ်း | စည် | ၁၁၇. ၈၆ |
| ငွေ | ၁ အောင်စ | ၂၉. ၇၆ |
| ကြေးနီ | ပေါင် | ၃၇၃. ၁၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၁၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဖေဖော်ဝါရီ ၁၆ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# တောင်ကြီးမီးပုံးပျံကွင်းနေရာတွင် ဆေးတက္ကသိုလ်ဆောက်မည့်သတင်းကြောင့် အနီးရှိရွာများ မြေဈေးကောင်း

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၂**

တောင်ကြီးမီးပုံးပျံကွင်းနေရာတွင် ဆေးတက္ကသိုလ်ဆောက်မည့် သတင်းများကြောင့် မီးပုံးပျံကွင်းတည်ရှိသော စောစီရွာနှင့် ဖရဲရွာများ၌ မြေအရောင်းအဝယ်လိုက်နေကြောင်း တောင်ကြီး အိမ်ခြံမြေအကျိုးဆောင် အသိုင်းအဝိုင်းက ပြောသည်။

"လက်ရှိ မီးပုံးပျံကွင်း နေရာကို ဆေးတက္ကသိုလ်ဆောက်မယ်လို့ သတင်းတွေ ထွက်နေတယ်။ အဲဒါကြောင့် ကြိုပြီး ဝယ်နေကြတာ။ ဈေးကတော့ မတက်ဘူး" ဟု တောင်ကြီးမြို့ မင်းသားအိမ်ခြံမြေအကျိုးဆောင် ကိုဇော်ဝင်းထွန်းက ပြောသည်။

စောစီရွာတွင် ပေ ၅၀ ပတ်လည်မြေတစ်ကွက်လျှင်ကျပ်သိန်း ၅၀၀ ဝန်းကျင်ရှိပြီး ဖရဲတွင် ပေ ၅၀ ပတ်လည်မြေတစ်ကွက်လျှင် ကျပ်သိန်း ၁၅၀ မှ ၂၀၀ ကြားရှိကြောင်း ကိုဇော်ဝင်းထွန်းက ပြောသည်။

မီးပုံးပျံကွင်း ပြုလုပ်သော စောစီရွာနှင့် ဖရဲရွာများသည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်တွင် ပါဝင်နေကြောင်း သိရသည်။

တောင်ကြီးမြို့ ဈေးအနီးအဓိကအချက်အချာကျသော နေရာများတွင် ပေ ၄၀×၆၀ မြေတစ်ကွက်လျှင်ကျပ်သိန်း ၃၀,၀၀၀ ဝန်းကျင်ရှိပြီး ထိုမျှအချက်အချာမကျသည့် ရေအေးကွင်းရပ်ကွက်တွင်ပေ၅၀×၉၀မြေတစ်ကွက်လျှင် ကျပ်သိန်း ၃,၅၀၀ အထိ ရှိကြောင်း ဒေသခံ အိမ်ခြံမြေအကျိုးဆောင် ကိုစိုင်းဝဏ္ဏထွန်းက ပြောသည်။

လက်ရှိကျင်းပနေသော မီးပုံးပျံကွင်းနေရာကို တောင်ကြီးမြို့နှင့် သုံးမိုင်ကျော်ဝေးသော ရေဖြူကျေးရွာသို့ ပြောင်းရွှေ့မည်ဟု သတင်းများ ထွက်ပေါ်နေကြောင်းလည်း ဒေသခံများက ဆိုသည်။

"အခုကွင်းမှာ မီးပုံးပျံပွဲကျင်းပလာတာ ငါးနှစ်လောက်ရှိပါပြီ။ ဒီကွင်းက မြို့နဲ့လည်းနီးတယ်။ အဝင်အထွက်လမ်းက နှစ်ခုရှိတယ်။ ရေဖြူမှာဆိုရင် လမ်းကတစ်လမ်းတည်းပဲရှိတယ်။ ပြောင်းမယ်လို့တော့ သတင်းတွေ ထွက်နေတယ်" ဟု တောင်ကြီးမီးပုံးပျံချစ်သူများအသင်းမှ ကိုသိန်းဝင်းထွန်းက ပြောသည်။

အဆိုပါ မီးပုံးပျံကွင်းကို ရေဖြူရွာသို့ ပြောင်းရွှေ့မည် ဆိုပါက တောင်ကြီး မီးပုံးပျံချစ်သူများ အသင်းမှ ကန့်ကွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။



*တောင်ကြီးမီးပုံးပျံပွဲမြင်ကွင်း* Photo - AFP

# ပုဂ္ဂလိက အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရ ကုမ္ပဏီများ လိုင်စင်မရသေး

**ဆွေမွန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၅**

ပုဂ္ဂလိက အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားသည့် ကုမ္ပဏီများအားလုံးကို လုပ်ငန်းလိုင်စင်ချထားပေးမှု မရှိသေးဘဲ လက်ရှိတွင် မတည်ရင်းနှီးငွေ (Paid of Capital)ပေးသွင်းထားသည့် ကုမ္ပဏီလေးခုသာရှိသေးကြောင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ သတင်းရရှိသည်။

လုပ်ပိုင်ခွင့် ရရှိထားသည့် ကုမ္ပဏီ ၁၂ ခုရှိပြီး ၎င်းတို့အနက်မှ ရှစ်ခုမှာ ကုမ္ပဏီမှတ်ပုံတင်ရရှိပြီးဖြစ်ရာ ကျန်ကုမ္ပဏီများလည်း ရရှိတော့မည်ဖြစ်ကြောင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးမင်းသိန်းက ပြောသည်။

"မတည်ငွေရင်း သွင်းပြီးရင် ရမှာပါ။ သူတို့က Procedure (လုပ်ထုံးလုပ်နည်း) တစ်ဆင့် လိုသေးလို့ မရသေးတာပါ" ဟု ၎င်းကပြောသည်။

"အခုက လိုင်စင်ကို ဘယ်ကုမ္ပဏီကိုမှ ထုတ်မပေးသေးဘူး။ Paid of Capital သွင်းပြီးတာနဲ့ လိုင်စင်ထုတ်ပေးတာနဲ့ မတူဘူး။ လိုင်စင်ထုတ်ပေးတဲ့အဆင့် တစ်ခုရှိသေးတယ်" ဟု ဦးအေးမင်းသိန်းက ပြောသည်။

လက်ရှိတွင် ပုဂ္ဂလိက အာမခံကုမ္ပဏီများအနေဖြင့် ဝန်ထမ်းအင်အားဖြည့်တင်းရေးနှင့် စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ လိုအပ်ချက်များကြောင့် အနည်းငယ်ကြန့်ကြာမှုများရှိသော်လည်း သတ်မှတ်ချိန်ကာလဖြစ်သည့် ၂၀၁၃ ခုနှစ် ဇွန်လအတွင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေကြောင်း ထိုကုမ္ပဏီများထံမှ သိရသည်။

"မေ၊ ဇွန်လောက်ကျရင်တော့ စဖွင့်ဖို့ လုပ်ထားပါတယ်။ လူခေါ်တာလောက်ပဲကြာနေတာပါ။ အတွေ့အကြုံရှိတဲ့သူကျတော့ ရှားတယ်လေ" ဟု Capital Life Ltd Insurance Application မှ ကိုရန်ပိုင်က ပြောသည်။

ပုဂ္ဂလိက အာမခံကုမ္ပဏီမှ ဝန်ထမ်းများအား မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် နှစ်ပတ်သင်တန်း သုံးကြိမ်သင်ကြားပေးထားမှုများလည်းရှိကြောင်း သိရသည်။

ထိုကုမ္ပဏီ ၁၂ ခုအနက် သုံးခုမှာ အသက်အာမခံ အမျိုးအစားတစ်မျိုးတည်းကိုသာ လုပ်ကိုင်မည်ဖြစ်ပြီး ကျန်ကုမ္ပဏီ ကိုးခုမှာ အသက်အာမခံနှင့် အထွေထွေအာမခံအမျိုးအစား နှစ်မျိုးစလုံးကို လုပ်ကိုင်သွားမည်ဖြစ်သည်။

အသက်အာမခံ အမျိုးအစား တစ်မျိုးသာ လုပ်ကိုင်မည့် ကုမ္ပဏီများအနေဖြင့် မတည်ရင်းနှီးငွေကျပ်သန်းခြောက်ထောင်၊ အထွေထွေအာမခံများဖြစ်သည့် မီးအာမခံ၊ ငွေပို့ ငွေသယ်အာမခံ၊ ငွေသားလုံခြုံမှုအာမခံ၊ မော်တော်ယာဉ်အလုံးစုံ အာမခံနှင့် သမာဓိအာမခံတို့အတွက် ကျပ်သန်းလေးသောင်းဖြစ်သောကြောင့် နှစ်မျိုးစလုံး လုပ်ကိုင်မည့် ကုမ္ပဏီများမှာ ကျပ်သန်းလေးသောင်းခြောက်ထောင် ပေးသွင်းရမည်ဟု ထိုကြီးကြပ်ရေးအဖွဲ့မှ သိရသည်။

စာမျက်နှာ(၃၃)မှ

## ဗဟိုဘဏ်နှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့ကို ယခုလွှတ်တော် အစည်းအဝေးတွင် အတည်ပြုဖွယ်ရှိ

နိုင်ငံတွင် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုများအတွက် လိုအပ်သည့် ဘဏ်စနစ် လိုအပ်ချက်များ အဆင်ပြေရန်နှင့် စီးပွားရေးစနစ် ပြုပြင်မှုများ လုပ်ဆောင်လျက်ရှိရာ လိုအပ်လာသည့်ဗဟိုဘဏ်ဥပဒေနှင့် အတူ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဝင်လာပါက နိုင်ငံသားကို ကာကွယ်ပေးနိုင်မည့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေသည်လည်း အလျင်အမြန် ပြဋ္ဌာန်းပေးနိုင်ရန် လိုအပ်လာကြောင်း စီးပွားရေးလုပ်ငန်းရှင်များက ပြောကြားသည်။

နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြုစုရာတွင်လည်း ရာခိုင်နှုန်းအတော်များများ ပြီးစီးနေပြီဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များထံမှ သိရှိရသည်။

ထို့ပြင် လက်ရှိပြဋ္ဌာန်းပြီးဖြစ်သောနိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေကိုလည်း မူရင်းဥပဒေများနှင့် ကွဲလွဲမှုရှိနေသည့်အတွက် ပြင်ဆင်နိုင်ရန် တင်ပြသွားမည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ သာပေါင်းမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးဝင်းသန်းက ဆိုသည်။



7DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



# စီးပွားကူးသန်းဝန်ကြီးဌာနမှ အငှားယာဉ်များကို လက်ရှိယာဉ်မောင်းများအား ကျပ် ၃၅ သိန်းဖြင့် ရောင်းပေးမည်

**အောင်သူရ**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၄**

လွန်ခဲ့သော ၁၅ နှစ်ခန့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဝန်ထမ်းသက်သာအဖြစ်ငှားရမ်းထားသော အငှားယာဉ်များကို လက်ရှိ မောင်းနေသူများအား ငွေကျပ် ၃၅ သိန်းထက်မပိုသော ဈေးနှုန်းဖြင့်ရောင်းချပေးမည်ဟု သတင်းရရှိသည်။

"ကားပေါ်မူတည်ပြီး သိန်း ၃၀နဲ့ ၃၅ ကြားနဲ့ လက်ရှိ မောင်းနေတဲ့လူတွေကို အပိုင်ပေးဖို့ ဆုံးဖြတ်ထားတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ရုံးအဖွဲ့မှူးဦးတိုးအောင်မြင့်က ပြောသည်။ အဆိုပါယာဉ်များအား ၁၉၉၅-၉၆ ခုနှစ်က စီးပွားကူးသန်းဝန်ကြီးဌာန ဝန်ထမ်းသက်သာအဖြစ်စပေါ်ငွေရှစ်သိန်းဖြင့် ပုဂ္ဂလိကသို့ အငှားချထားခဲ့သည်။

"ကားအခြေအနေအရသိန်း ၃၀ လောက်နဲ့ဆို တန်ပါတယ်။ ပြန်ပြင်ရင် သိန်း ၂၀ လောက်ထပ်ကုန်ဦးမယ်။ သိန်း ၅၀ လောက်နဲ့ အပိုင်ရမယ်ဆိုတော့ တန်ပါတယ်"ဟုအငှားယာဉ်မောင်းကိုစန်းလင်းအောင်က ပြောသည်။

လက်ရှိတွင် စီးပွားကူးသန်းဝန်ကြီးဌာနမှ အငှားယာဉ်များအားမောင်းနှင်နေသူ ၂၃၀ ဦးရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မမောင်းဘဲ ရပ်ထားသောယာဉ်မှာ ၁၅ စီးခန့်ရှိသည်။

---

**စာမျက်နှာ(၃၂)မှ**

## တို့လယ်သမားတွေ အင်အားပြည့်ဖို့

အသုံးပြုသည့် မြေဆီမြေဩဇာ၏ အရည်အသွေး၊ စပါး ရိတ်သိမ်းနည်းစနစ်၊ စပါးသိုလှောင်စနစ်၊ ကြိတ်ခွဲသည့်စက်ပစ္စည်းများခေတ်မမီခြင်း၊ ထုပ်ပိုး (Packing) စနစ်၊ ဖြန့်ချိရောင်းချစနစ်၊ ကုန်သွယ်ဘက်နိုင်ငံ။

အထက်ပါ အကြောင်းချင်းရာများ ဘက်စုံပြောင်းလဲနိုင်မှသာ မြန်မာ့ဆန် ဈေးကောင်းရမည်။ မြန်မာ့ဆန် ဈေးကောင်းရမှ လယ်ယာထွက်ကုန်ဖြစ်သော စပါးဈေးကောင်းမည်။စပါးဈေးကောင်းရမှ လယ်သမားငွေရွှင်မည်။ လယ်သမားငွေရွှင်မှ ကြွေးကျေမည်။ ကြွေးကျေမှ ထမင်းဝမည်။ လယ်သမားထမင်းဝမှ နိုင်ငံသာယာမည်။

မြန်မာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော လယ်သမားများ ဘဝသာယာအေးချမ်းရန်နှင့် လယ်ယာမြေစနစ်ကို ခေတ်မီအောင် ပြုပြင်ထောက်ပံ့ရမည်ဟုသာ ဆိုချင်သည်။ နားလည်တတ်ကျွမ်းသူတွေက ပြောပေါင်းလည်း များလှပြီ။ ယခုထိလည်း လိုရင်းသို့ မရောက်။

လယ်ယာမြေပြုပြင်ရေး ခေတ်မီရမည်ဟုဆိုလျှင် လူအချို့က စက်ယန္တရားကြီးများလယ်ကွင်းကျယ်ကြီးတွေထဲချ၍ မောင်းနှင်နိုင်ခြင်းကို ဆိုလိုသည်ဟု ထင်မြင်နေပုံရသည်။ ထို့ကြောင့်လည်း လယ်သိမ်းယာမြေများကို သိမ်းပြီး စိုက်ပျိုးမြေကျယ်ကျယ်ယူ၍ လယ်ထွန်စက်များ မောင်းချပြီး လယ်ပိုင်ရှင်၊ မြေပိုင်ရှင် သူဌေးလုပ်ရန် ကြံရွယ်နေကြဟန်တူ၏။ သည်လိုမဟုတ်။ လယ်ကျယ်ကျယ် ပိုင်ရုံနှင့် လယ်သမားမဖြစ်နိုင်။ လယ်ယာလုပ်ငန်းကို နှလုံးသားက ချစ်တတ်ဖို့လိုသည်။လယ်သမားဘဝကို ချစ်မြတ်နိုးတတ်ရသည်။

ဂျပန်ပြည်သည် မြေကျယ်ကျယ်မရှိ။ တောင်ကြိုတောင်ကြားမှာ လယ်ယာမြေကွက် ခပ်ကျဉ်းကျဉ်းများသာ ရှိသည်။ အချို့နေရာများမှာကောက်ပင်လေး၊ ငါးပင်စိုက်ရရုံမျှ မြေကျဉ်းကျဉ်းကလေးမှာပင် ကောက်ပင်များ စိုက်ပျိုးထားကြသည်။ သို့သော် လယ်ယာမြေစိုက်ပျိုးရေးစနစ်မှန်ကန်ခေတ်မီသဖြင့် ဆန်အရည်အသွေး မြင့်မားသည်။

မြန်မာ့လယ်ယာမြေတွေက ဂျပန်လယ်ယာမြေများထက် အများကြီး ကျယ်ဝန်းသည်။ အစ္စရေးဆိုလျှင် အတုယူစရာ များလွန်း၍မကုန်နိုင်။ လယ်တွေ ဧက ရာထောင်၊ သောင်းချီ ကျယ်ဝန်းစရာမလိုပါ။ ကျဉ်းခြင်းကျယ်ခြင်းက အဓိကမဟုတ်။ နည်းပညာ ခေတ်မီရန်သာလိုသည်ဟု ထင်မြင်မိသည်။ အသေးစိတ်ကိုကား စိုက်ပျိုးရေးသမားနှင့် လယ်သမားများကသာ ပိုသိမည်။

လယ်ယာမြေ တည်ရှိရာ နေရာဒေသအလိုက် မျိုးစပါး သုတေသနတွေ လုပ်သင့်သည်။ မြန်မာပြည်ထဲ တင်သွင်းနေသော မြေဆီမြေဩဇာတွေ စစ်မှန်ကောင်းမွန်ရဲ့လား ဆန်းစစ်သင့်သည်။ မြေဆီမြေဩဇာသည် နေရာဒေသတိုင်းတူမည် မဟုတ်။ ။

---

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 268,000 |
| Galaxy S2 | 352,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 535,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| EXPLORER | 114,000 |
| Desire C | 170,000 |
| Desire One V | 260,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 740,000 |
| iPhone 4S (64 GB) | 605,000 |
| iPhone 4S (32 GB) | 585,000 |
| iPhone 4S (16 GB) | 554,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8600 | 76,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8825 D | 116,000 |
| U 8950 D | 162,000 |
| Ascend P1 | 270,000 |

**ဖေဖော်ဝါရီ (၁၆)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 210,000 |
| Panasonic(LCD) | 32SC4S | 230,000 |
| Sony (LCD) | 35BX | 250,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| EVD(Sony) | DVK75 | 18,000 |
| I-MAX | DVD-SR81220XDM2 | 25,000 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 160,000 |
| Samsung | RT2ASHMG | 220,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 140,000 |
| Samsung | WT8J | 160,000 |
| **Aircon** | | |
| Chigo | 1.0HP(CS-25-M104) | 180,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 185,000 |

**အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ (၁၆) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၈၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၀၀-၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၀၀ |
| Posco ကြယ်စိမ်း (၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၅၀ |
| Posco ကြယ်စိမ်း (၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၅၅ |
| Posco ကြယ်စိမ်း (၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၄၆၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၅ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

**အထက်ပါဈေးနှုန်းများမှာ ဖေဖော်ဝါရီ(၁၆)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၇၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၆၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၉၀-၁၀၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၅,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၄၀၀-၃,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၄၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၂၀၀-၄,၃၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

**ဖေဖော်ဝါရီ(၁၆)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Feb(10) | 814 | 860 | 870 | 880 |
| Feb(11) | 814 | 860 | 870 | 880 |
| Feb(12) | 814 | 860 | 870 | 880 |
| Feb(13) | 814 | 860 | 870 | 880 |
| Feb(14) | 814 | 860 | 870 | 880 |
| Feb(15) | 814 | 860 | 870 | 880 |
| Feb(16) | 814 | 860 | 870 | 880 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Dell** | |
| Intel Core i7 2.2 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 910,000 |
| Intel Core i5 2.5 GHz, 8GB DDR3, 1TB HDD, HD, 15.6" | 571,000 |
| Intel Core i3 2.2 GHz, 2GB DDR3, 500GB HDD, HD, 15.6" | 390,000 |
| Intel Core i5 2.3 GHz, 6GB DDR3, 640GB HDD, HD,15.6" | 854,000 |
| **HP** | |
| Intel Core i5 2.5 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 605,000 |
| IntelCore i3 1.4 GHz, 2GB DDR3, 500GB HDD, HD, 14" | 377,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 750GB HDD, 15.6" | 1,030,800 |
| Intel Core i5 2.4GHz,6GB DDR3,500GB HDD,1GBVGA,14.5" | 721,000 |
| **Asus** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 14" | 497,000 |
| Intel Core i5 1.6 GHz, 4GB DDR3,128GB SSD, 13.3" | 839,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 500GB HDD, 14" | 858,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 1TB HDD, 15.6" | 1,047,000 |

7DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



# ကန့်လန့်ကာ နောက်ကွယ်မှ တောင်ကိုရီးယားစီးပွားရေး

**ကြည်နေဝင်းမင်း**

မစ္စတာလီဆန်ကွတ်သည် နေ့ဘက်တွင် အသား၊ ငါးပို့သောအလုပ်လုပ်ကိုင်ပြီး၊ ညပိုင်းတွင် အမူးလွန်နေသော စီးပွားရေးသမားများကို အိမ်အရောက်ကားမောင်းပို့ခြင်းကိုလုပ်ကိုင်ပါသည်။ သို့သော် ယင်းသို့ အလုပ်နှစ်ခု လုပ်ကိုင်နေရင်းမှပင် မစ္စတာလီနှင့် အခြားတောင်ကိုရီးယားနိုင်ငံသား သန်းပေါင်းများစွာမှာ တောင်လိုပုံနေသော မိသားစုကြွေးမြီများဖြင့် ရုန်းကန်နေကြရသည်။

မစ္စတာလီကဲ့သို့ အခြေအနေမျိုးမှာ တောင်ကိုရီးယားနိုင်ငံတွင် တစ်နေ့တခြား များပြားလာပါသည်။ တောင်ကိုရီးယားအိမ်ထောင်စုများ၏ စုစုပေါင်းချေးငွေပမာဏမှာ ယမန်နှစ်စက်တင်ဘာလတွင် ကန်ဒေါ်လာ ၈၈၂ ဒသမ ၇ ဘီလီယံသို့ စံချိန်တင်ရောက်ရှိခဲ့သည်။ ယင်းမှာ ၂၀၁၁ ခုနှစ် စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး (GDP) ၏ ၇၀ ရာခိုင်နှုန်းရှိသည်။

၂၀၀၀ ပြည့်နှစ်တွင် မီဒီယာကုမ္ပဏီအလုပ်မှ အနားပေးခံရပြီးနောက် မစ္စတာလီဆန်ကွတ်တစ်ယောက် အိမ်အပေါင်ထား၍ ရရှိလာသော ဘဏ်ချေးငွေဖြင့် စားသောက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ခဲ့သည်။ ၂နှစ်အတွင်းမှာပင် ယင်းစားသောက်ဆိုင်လုပ်ငန်း အရှုံးပေါ်ခဲ့ရာ ပုဂ္ဂလိကသို့ ဒေဝါလီခံရန် လျှောက်ထားခဲ့ရသည်။ ဘဏ်အကြွေးဆပ်နိုင်ရန် မစ္စတာလီက သူ့ အိမ်ကို ရောင်းလိုက်သည်။ သို့သော် သားနှင့်သမီး ဆက်လက်ပညာသင်ကြားနိုင်ရန် ပုဂ္ဂလိကငွေချေးငှားသူများထံမှ အတိုးနှုန်းကြီးကြီးနှင့် ငွေချေးငှားခဲ့ရသည်။

"အဲဒီအချိန်ကစပြီး ဘဝဆိုတာ ဒုက္ခတွင်းနက်ကြီးပါပဲ"ဟု အသက် ၅၉ နှစ်အရွယ် မစ္စတာလီက ပြောကြားပြီး တစ်ကြိမ်တွင် မိမိကိုယ်ကိုယ် သတ်သေရန်ပင် စိတ်ကူးပေါက်ခဲ့သည်ဟု ၎င်းက ဝန်ခံပါသည်။ "ကျွန်တော်ရှာလို့ရသမျှကို ကြွေးထိုးဆပ်နေရပြီး မိန်းမအိမ်ဖော်လုပ်လို့ရတဲ့ ဝင်ငွေနဲ့ မိသားစုစားသောက်နေရတယ်"ဟု မစ္စတာလီက ဆိုပါသည်။

မစ္စတာလီ၏ ညနေပိုင်းအလုပ်မှာ အရေးပေါ် ယာဉ်မောင်းဝန်ဆောင်မှုပေးသော အေဂျင်စီတစ်ခုတွင်ဖြစ်သည်။ ယင်းလုပ်ငန်းမှာ အများအားဖြင့် ညပိုင်းတွင် အမူးလွန်နေပြီး အိမ်မပြန်နိုင်သည့် စီးပွားရေးသမားများကို ကားမောင်း၍ လိုက်ပို့ရခြင်း သို့မဟုတ်ပါက ၎င်းတို့ကားများကို အိမ်သို့ မောင်းပို့ပေးရခြင်း ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ အိမ်ထောင်စုကြွေးမြီ တောင်ပုံရာပုံ ပြဿနာမှာ ၁၉၉၇ ခုနှစ် အာရှဘဏ္ဍာရေးအကျပ်အတည်း နောက်ပိုင်း စတင်မိတ်ဆက်ခဲ့သော ပြုပြင်ပြောင်းလဲမှုများတွင် မြစ်ဖျားခံခဲ့ပါသည်။ ယင်းအကျပ်အတည်းပြီးနောက် တောင်ကိုရီးယားဘဏ်များမှာ ၎င်းတို့၏ ပိုင်ဆိုင်မှု အရပ်ရပ်တိုးတက်ရရှိရန် ပြည်တွင်းစားသုံးသူများဘက်သို့ ဦးလှည့်ခဲ့ခြင်းဖြစ်သည်။

ယင်းမှတစ်ဆင့် အိမ်ရာအပေါင်ချေးငွေလုပ်ငန်း တစ်ဟုန်ထိုး ဖွံ့ဖြိုးလာခဲ့သည်။ အလွန်နည်းပါးသော အတိုးနှုန်းထားရှိခြင်းနှင့် အိမ်၊ ခြံ၊ မြေလုပ်ငန်းမှာ အာမခံချက်ရှိသော ရင်းနှီးမြှုပ်နှံမှုဟူ၍ ယုံကြည်ချက်များကလည်း ယင်းလုပ်ငန်းကို မီးထိုးပေးခဲ့သည်။

"အမေရိကန်နိုင်ငံမှာ အိမ်ရာအပေါင်ချေးငွေလုပ်ငန်း အကျပ်အတည်းဖြစ်ပြီး ပြန်လည်ထိန်းညှိမှုတွေ လုပ်ဆောင်နေတဲ့ အချိန်မှာ ဒီမှာတော့ အိမ်ခြံမြေဈေးနှုန်းတွေ ဆက်လက်မြင့်တက်နေတာကြောင့် အိမ်ရာအပေါင် ချေးငွေလုပ်ငန်း ကြီးထွားလာခဲ့တယ်" ဟု ဟွန်ဒိုင်းစီးပွားရေးသုတေသန အင်စတီကျူဒ်မှ စိစစ်လေ့လာသူ လီဂျွန်ဟွတ်က ပြောပါသည်။ "ဘဏ်စနစ်အတွက် စိုးရိမ်စရာခြိမ်းခြောက်မှုတော့ မရှိပါဘူး။ ဒါပေမဲ့လည်း အဲဒါက ပြည်တွင်းစားသုံးသူတွေကို ထိခိုက်နစ်နာစေတာကတော့ အသေအချာပါပဲ" ဟု ၎င်းကဆိုပါသည်။

တကယ်တော့လည်း ၁၉၅၃ ခုနှစ် ကိုရီးယားစစ်ပွဲပြီးချိန်ကစပြီး တစ်နှစ်ပျမ်းမျှ ၇ ရာခိုင်နှုန်းနှုန်းဖြင့် စီးပွားရေးတိုးတက်လာခဲ့ပြီး စီးပွားရေးဘီလူးကြီးဖြစ်လာခဲ့သော တောင်ကိုရီးယားနိုင်ငံမှာ မကြာသေးမီ နှစ်များအတွင်း အကန့်အသတ်နှင့်သာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သော အဆင့်တစ်ရပ်သို့ ရောက်ရှိလာခဲ့သည်။

အာရှတိုက်၏ စတုတ္ထအကြီးဆုံး စီးပွားရေးမှာ ၂၀၁၂ ခုနှစ် တတိယ သုံးလပတ်အတွင်း သုညဒသမ ၄ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ပြီး ယင်းမှာ သုံးနှစ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးနှုန်းဖြစ်ပြီး သုံးလပတ် ခုနစ်ကြိမ်ဆက်တိုက် ဖွံ့ဖြိုးမှု တစ် ရာခိုင်နှုန်းအောက် ရောက်ရှိနေခြင်းဖြစ်သည်။ နှစ်ပေါင်း ၄၀ အတွင်း အရှည်ကြာဆုံးကာလဖြစ်သည်။ "စီးပွားရေးကို ထောက်ပံ့ဖို့ရာ အစိုးရက အခိုင်အမာအရေးယူဆောင်ရွက်တာမျိုး မရှိဘူး၊ အတိုးနှုန်း လျှော့ချတာမျိုး မရှိဘူးဆိုရင် နိုင်ငံစီးပွားရေးဟာ ဗဟိုဘဏ်က ခန့်မှန်းထားတဲ့ ၂ ဒသမ ၈ ရာနှုန်း တိုးတက်မှုရဖို့ ခက်ခဲပါတယ်" ဟု ဆိုးလ်မြို့ မီရစ်အာမခံလုပ်ငန်းမှ စီးပွားရေးပညာရှင် ပတ်ဟွန်ဂျွန်းက CNBC စီးပွားရေးသတင်းတွင် သုံးသပ်ထားသည်။

အိမ်ခြံမြေဈေးကွက်ကျဆင်းခြင်းနှင့် စီးပွားရေးနှေးကွေးလာခြင်းမှနေ၍ အလုပ်အကိုင် ဆုံးရှုံးမှုဖြစ်ပေါ်လာပြီး ဝင်ငွေတစ်ခုတည်းရှိသော မိသားစုများမှာ ကြွေးလည်ပင်းမနစ်ရန် ရုန်းကန်နေရတော့သည်။ အချို့သော အစိုးရခန့်မှန်းချက်များက ကြွေးမြီပျက်ကွက်ရန် အလားအလာရှိသူ တောင်ကိုရီးယားနိုင်ငံသားပေါင်း ခြောက်သန်းကျော် ရှိသည်ဟုဆိုသည်။ ယင်းမှာ တောင်ကိုရီးယားလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်ပင်ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများရှိသော မိသားစုများအတွက်မှာ စီးပွားပျက်လောက်သော ကျောင်းပြင်ပပညာရေး (ကျူရှင်) ကုန်ကျစရိတ်က ထပ်မံ၍ ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ ပြိုင်ဆိုင်မှု အလွန်ပြင်းထန်သော ပညာရေးစနစ်တွင် ကျူရှင်တက်ခြင်းမှာလည်း ကောလိပ်ဝင်ခွင့်ရရှိရေးအတွက်လည်း မရှိမဖြစ်ဟု သဘောထားကြပါသည်။

ကိုရီးယားတက္ကသိုလ် ပါမောက္ခ လီဖီးလ်ဆန်၏ အလိုအရ မိသားစုကြွေးမြီ အရည်အသွေးယိုယွင်းပျက်စီးလာရသော အကြောင်းရင်းတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၏ ကြွေးမြီပြန်လည်ပေးဆပ်ရမှု ဝန်ထုပ်ပိမှုကြီးထွားလာခြင်းကြောင့်ဖြစ်သည်ဟု ဆိုသည်။ ယင်းသို့ကိုယ်ပိုင်အလုပ်လုပ်သူပေါင်းမှာ လုပ်သားအင်အားထု တစ်ရပ်လုံး၏ သုံးပုံတစ်ပုံရှိပါသည်။

တစ်ချိန်တည်းမှာပင် အခြေခံနေထိုင်စားသောက်စရိတ်များ လုံလောက်စွာရရှိရန် ငွေချေးငှားသုံးစွဲနေရသော ဝင်ငွေနည်း မိသားစုများမှာလည်း တစ်နေ့တခြား တိုးပွားလာပါသည်။ "မိသားစုကြွေးမြီပြဿနာက ကင်ဆာရောဂါလိုပဲ ပျံ့နှံ့နေတယ်" ဟု ပါမောက္ခလီက ဆိုပါသည်။ "ဘာမှမလုပ်ဘဲ ထားရင်တော့ နိုင်ငံ့စီးပွားရေးကို ဒယဉ်တိုက် ဆွဲသွားလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ စီးပွားရေးကျပ်တည်းလာတဲ့အခါမျိုးမှာ ကြွေးပြန်ဆပ်ရတဲ့ပြဿနာ ပိုဆိုးသွားနိုင်လို့ ဖြစ်ပါတယ်" ဟု ပါမောက္ခလီက ဆက်ပြောပါသည်။

ကြွေးလည်ပင်းနစ်နေသော အိမ်ထောင်စုများတွင် အပိုအလျှံသုံးစွဲနိုင်သော ငွေကြေးအင်အားနည်းပါးခြင်းကလည်း နိုင်ငံခြားတင်ပို့မှုများအပေါ် အလွန်အမင်းမှီခိုနေရသော နိုင်ငံစီးပွားရေးကို ပြည်တွင်းစားသုံးမှုဖြင့် အစားထိုးရေး အစိုးရ၏ ကြိုးပမ်းမှုများကို အရာမထင်ဖြစ်စေပါသည်။

အထက်တွင် ဆိုခဲ့သော မစ္စတာလီဆန်ကွတ်ကဲ့သို့ပင် ကော်ပိုရေးရှင်းကြီးများမှ အလုပ် အနားပေးခံခဲ့ရသော သက်လတ်ပိုင်း တောင်ကိုရီးယား နိုင်ငံသားအများအပြားက ပုဂ္ဂလိက ချေးငွေများ၊ အိမ်ရာအပေါင်ချေးငွေများ ထုတ်ယူ၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း တစ်ရပ် စတင်ရန် ပြင်ဆင်ကြပါသည်။ သို့သော် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဘဏ်များက ဝင်ငွေမြင့်မားသော ဖောက်သည်များကိုသာ မျက်နှာသာပေးကြသည်။ ထို့အတွက် ဆင်းရဲသားငွေချေးငှားသူများအား အတိုးနှုန်းနင့်နေအောင်ယူသော ငွေစုငွေချေးဘဏ်များ၊ ခရက်ဒစ်ကတ်ဘဏ်များဆီသို့ တွန်းပို့လိုက်သလို ဖြစ်သွားပါသည်။

မစ္စတာ လီဆန်ကွတ်မှာ တောင်ကိုရီးယားနိုင်ငံတွင် ခန့်မှန်းခြေ သုံးသန်းခန့်ရှိသော ဘဏ်များက အမည်မည်းစာရင်းသွင်းထားသူများ သို့မဟုတ်ပါက ကြွေးမြီစိတ်ချရမှု အဆင့်နိမ့်ပါး၍ နောက်ထပ်ငွေချေးငှားမှု မပြုနိုင်သူများစာရင်းတွင်ပါဝင်သွားသည်။

ရွေးကောက်ခံသမ္မတ မစ္စစ်ပတ်ဂျွန်ဟေးက ၎င်း၏ ရွေးကောက်ပွဲ ကတိကဝတ်များတွင် မစ္စတာလီကဲ့သို့ ဝင်ငွေနည်းသူများ၏ ကြွေးမြီများကို ကူညီလျှော့ချရန် ကန်ဒေါ်လာ ၁၆ ဒသမ ၉ ဘီလီယံ အစိုးရရန်ပုံငွေတစ်ရပ် ထူထောင်မည်ဟု ပြောပါသည်။

အတိုက်အခံနိုင်ငံရေးသမားများနှင့် အချို့သော စီးပွားရေးပညာရှင်များကမူ ယင်းသို့သော ရန်ပုံငွေမှာ တစ်ပွဲတိုးပေါ်လစီမျိုးသာဖြစ်ပြီး ရေရှည်အတွက် အဖြေရှာရန် မစ္စစ်ပတ်ဂျွန်ဟေးအား တိုက်တွန်းကြသည်။ ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ ကော်မရှင် အကြီးအကဲ မစ္စတာကင်ဆွတ်ဒေါင်ကဲ့သို့ အချို့လူများကလည်း အခွန်ထမ်းနိုင်ငံသားများ၏ ငွေကြေးကို သုံးစွဲ၍ ကြွေးတင်နေသော အိမ်ထောင်စုများကို ကယ်တင်ရေးလုပ်ငန်းမှ ထွက်ပေါ်လာမည့် သတင်းစကားများအတွက် စိုးရိမ်နေပါသည်။

*—Ref: South Korean households mired in debt*

# ဗင်နီဇွဲလားအာဏာပိုင်များက ကင်ဆာဝေဒနာခံစားနေရသော သမ္မတဟူဂိုချားဗက်ဇ် ဓာတ်ပုံများ ထုတ်ဖော်ပြသ

**ကာရာကတ်စ်၊ဖေဖော်ဝါရီ-၁၆**

သမ္မတဟူဂိုချားဗက်ဇ်အား လွန်ခဲ့သောနှစ်လက ကျူးဘားနိုင်ငံတွင် ကင်ဆာရောဂါအတွက် ခွဲစိတ်ကုသခဲ့ပြီးနောက်ပိုင်း ဗင်နီဇွဲလားအစိုးရက ၎င်း၏ဓာတ်ပုံများကို ပုံနှိပ်ဖော်ပြခဲ့သည်။ သမ္မတသည် ပါးစပ်မှတစ်ဆင့် ပိုက်ဖြင့်အသက်ရှူနေရပြီး စကားပြောရန် ရုန်းကန်နေရကြောင်း သတင်းတွင် ဖော်ပြသည်။

ဓာတ်ပုံထဲတွင် အသက် ၅၈ နှစ်အရွယ် သမ္မတသည် ပြုံးနေသော်လည်း မျက်နှာများ ရောင်အမ်းနေပြီး သမီးနှစ်ယောက်က ဆေးရုံခုတင်ပေါ်၌ လှဲနေသောဖခင်၏တစ်ဖက်တစ်ချက်တွင် ဝန်းရံထားသည်ကို တွေ့ရသည်။

ယင်းဓာတ်ပုံကို မစ္စတာချားဗက်ဇ်၏သားဖြစ်သူ သိပ္ပံပညာဝန်ကြီး ဂျော့ခ်ျအာရက်ဇာက ပြသခဲ့ခြင်းဖြစ်သည်။ ၎င်းမှာ ဗင်နီဇွဲလားသမ္မတအား ကြည့်ရှုစောင့်ရှောက်ရန် ကျူးဘားနှင့် ဗင်နီဇွဲလား နှစ်နိုင်ငံကြား သွားလာနေသူဖြစ်သည်။

မစ္စတာဟူဂိုချားဗက်ဇ်မှာ စကားပြောရန် အခက်အခဲရှိသော်လည်း ၎င်း၏ဆုံးဖြတ်ချက်များကို တစ်ဖက်လူနားလည်စေရန် လုပ်ဆောင်ရာတွင် အခက်အခဲမရှိဘဲ စာရွက်ပေါ်၌ ချရေးလေ့ရှိကြောင်း မစ္စတာအာရက်ဇာက ပြောကြားသည်။

၂၀၁၁ နှစ်လယ်ပိုင်းက မစ္စတာဟူဂိုချားဗက်ဇ်၏ တင်ပါးဆုံတစ်ဝိုက်တွင် ကင်ဆာဖြစ်ပွားနေကြောင်း တွေ့ရှိခဲ့ပြီး ၂၀၁၂ ဒီဇင်ဘာ ၁၁ ရက်က စတုတ္ထအကြိမ် ခွဲစိတ်ကုသမှု ခံယူခဲ့သည်။ ဟူဂိုချားဗက်ဇ်သည် ယင်းနောက်ပိုင်းတွင် လူထုမြင်ကွင်းမှ ပျောက်ကွယ်ခဲ့ပြီး ယခုမှ ဓာတ်ပုံများ၌မြင်တွေ့ရခြင်းဖြစ်သည်။

*—Ref: Reuters*



ဟာဗားနားမြို့ရှိ ဆေးရုံတစ်ရုံတွင် ဗင်နီဇွဲလားသမ္မတ ဟူဂိုချားဗက်ဇ်အနီး သမီးငယ်များဝန်းရံနေသောပုံကို ဗင်နီဇွဲလားသမ္မတရုံးပြန်ကြားရေးဌာနက ထုတ်ပြန်ခဲ့သောဓာတ်ပုံတွင် မြင်တွေ့ရစဉ်။ ယင်းဓာတ်ပုံမှာ သမ္မတချားဗက်ဇ် နောက်ဆုံးအကြိမ်ဆေးရုံတက်ပြီး ပထမဆုံးထုတ်ပြန်သည့်ဓာတ်ပုံမှ တစ်ပုံဖြစ်သည်။ **Photo - AFP**

# မဟာတ္တမဂန္ဒီ၏ စာတစ်စောင် ဗြိတိန်နိုင်ငံတွင် ပေါင်တစ်သိန်းကျော်ဖြင့် လေလံတင်ရောင်းချ

**လန်ဒန်၊ဖေဖော်ဝါရီ-၁၆**

ကွယ်လွန်သူအိန္ဒိယခေါင်းဆောင်ကြီး မဟာတ္တမဂန္ဒီ၏ ၁၉၄၃ ခုနှစ်က စာတစ်စောင်ကို ဗြိတိန်နိုင်ငံတွင် လေလံတင်ရောင်းချခဲ့ရာ ပေါင်တစ်သိန်းကျော်အထိ စံချိန်တင်ဈေးရခဲ့ကြောင်း သိရသည်။ ထိုစာမှာ ဗြိတိသျှတပ်ဖွဲ့များက ဂန္ဒီကြီးကို ၁၉၄၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ထိန်းသိမ်းထားစဉ် ၎င်းအား လွှတ်ပေးရန် တောင်းဆိုရေးသားထားသောစာဖြစ်ကြောင်း သိရသည်။

ရှရော့ရှိုင်းယားမြို့ရှိ မားလော့စ်လေလံကုမ္ပဏီမှ ရစ်ချက်ဝက်စ်ဝုဒ်ဘရွတ်ခ်က ယခုစာသည် အိန္ဒိယခေါင်းဆောင်တစ်ဦး ရေးသားထားသော စာများထဲတွင် ကမ္ဘာ့စံချိန်တင် ဈေးရသည့်စာဖြစ်ကြောင်း ပြောသည်။ လုဒ်လောအရပ်တွင် လေလံတင်ရောင်းချခဲ့သည့် ယင်းစာ၌ ထိုစဉ်က အိန္ဒိယအစိုးရ အတွင်းဝန်ချုပ်ထံသို့ လိပ်မူပြီး ဂန္ဒီကြီးက ၎င်းကိုယ်တိုင်နှင့် နောက်လိုက်များအား လွှတ်ပေးရန် တောင်းဆိုရေးသားထားသည်။ လေလံကုမ္ပဏီမှ မစ္စတာဘရွတ်ခ်က ထိုစာမှာ အဘိုးအိုတစ်ဦးသည် အိန္ဒိယတွင်ရှိနေသော ၎င်း၏ဆွေမျိုးသားချင်းများကို ထောက်ပံ့လို၍ ၎င်းထံ လာရောက်ရောင်းချထားခြင်းဖြစ်ကြောင်း ဆိုသည်။ ဂန္ဒီသည်စာကိုလက်ရေးဖြင့်ရေးသားထားခြင်းမဟုတ်ဘဲ လက်နှိပ်စက်ဖြင့် ရိုက်ထားခြင်းဖြစ်သည်ဟု သိရသည်။


လေလံကုမ္ပဏီက ဂန္ဒီ၏စာသည်လေလံဈေးပေါင်၁၁၅,၀၀၀ အပြင်ဝယ်သူ၏ အာမခံကြေး ၁၇ ရာခိုင်နှုန်းဖြင့် ဆိုပါက စုစုပေါင်းတန်ဖိုး ပေါင် ၁၃၄,၅၅၀ ကျသင့်ကြောင်း ဆိုသည်။ ယင်းလေလံကုမ္ပဏီသည် ယမန်နှစ်ကလည်း ဂန္ဒီကြီး၏ မျက်မှန်များ၊ ဘုရားစာအုပ်များကို လေလံတင် ရောင်းချခဲ့ဖူးသည်။

*—Ref: BBC*






# 7DAY BOOK REVIEW




## နော်ဝေတောအုပ် (မိုးသက်ဟန်)

၁၉၄၉ ခုနှစ်တွင် မွေးဖွားခဲ့သော ဂျပန်စာရေးဆရာ မူရာကာမိ၏ Norwegian Wood ဝတ္ထုကို မြန်မာလူငယ်စာရေးဆရာ မိုးသက်ဟန်က ‘နော်ဝေတောအုပ်’ ဟူ၍ ဘာသာပြန်ဆိုထုတ်ဝေသော စာအုပ်ဖြစ်သည်။ မူရင်းစာရေးဆရာသည် ယခုစာအုပ်ကို ရေးသားစဉ်က ဘီတဲလ်တေးဂီတအဖွဲ့မှ ကမ္ဘာကျော်အဆိုတော် ဂျွန်လင်နွန်၏ တေးတစ်ပုဒ်ကို သဘောကျနှစ်ခြိုက်လွန်း၍ ထိုအတိုင်းပင် အမည်ပေးခဲ့ခြင်းဖြစ်သည်။ ဂျွန်လင်နွန်၏ တေးသီချင်းထဲတွင်အခန်း၌ တစ်ညတာ အိပ်စက်ပြီးနောက် နံနက်ရောက်သည့်အချိန်တွင် မမျှော်လင့်ဘဲပျောက်ကွယ်သွားသည့်မိန်းကလေးကို နော်ဝေတောအုပ်ထဲ၌ တွေ့ခဲ့ရသော မိန်းကလေးနှင့် တင်စားရေးသားထားသည်။

ယခုဝတ္ထုတွင် မူရင်းစာရေးသူ မူကာရာမိသည် ဒုတိယကမ္ဘာစစ်ကြီးအပြီး မွေးဖွားပြီးနောက် အဘက်ဘက်၌ လဲပြိုကျနေသည့် ဂျပန်ပြည်ကြီး၏ ပြာပုံအတိထဲမှ ဂျပန်ပြည်သူများ စမ်းတဝါးဝါးဖြင့် ပြန်လည်ရှင်သန်နေသည့် ခေတ်ကြီးကို နောက်ခံထားကာ ထိုကာလက ဂျပန်လူငယ်များ မျှော်လင့်ချက်ပျက်ပြားနေပုံ၊ လူငယ်များကြား လိင်မှုကိစ္စများ ရှုပ်ထွေးနေပုံတို့ကို ရောယှက်ရေးသားထားသည်။ အထူးသဖြင့် ၁၉၆၀ ပြည့်လွန်နှစ်များတွင် လမ်းပျောက်နေသော ဂျပန်လူငယ်များ၏ ဘဝနှင့် လိင်မှုဇာတ်ကြောင်း များကို ဖော်ကျူးထားသည့် ဝတ္ထုဖြစ်သည်။ လူမှုအသိုင်းအဝိုင်းကြားတွင် သိသာထင်ရှားမှုမရှိသော်လည်း အမှန်တကယ်ဖြစ်ပျက်ခဲ့သော ဂျပန်လူငယ်တို့၏ ဘဝအချိုးအကွေ့တစ်ရပ်တင်ပြမှုဟုလည်း ဆိုနိုင်သည်။ မူရာကာမိသည် ထိုစာအုပ်ဖြင့် အထင်ကရ စာရေးဆရာတစ်ဦးဖြစ်လာပြီး ဘာသာစကားသုံးဆယ်ကျော် ဖြင့် ဘာသာပြန်ဆိုခံရသော ဝတ္ထုရေးဆရာလည်း ဖြစ်ခဲ့သည်။ စစ်ပြီးခေတ်နှင့် အနာဂတ်ပျောက်ဆုံးနေသော တစ်ချိန်ကဂျပန်လူငယ်တို့၏ ဘဝကို အနီးစပ်ဆုံး သိရှိစေမည့်ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ စံမီရာစာအုပ်တိုက်က တန်ဖိုး ၄,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။



## မဟာအတွေးအမြင် ရောင်စဉ်လှိုင်း (မောင်ကြည်သစ်)

အမေရိကန်ဒဿနပညာရှင် Mortimer Jadler ၏ အထင်ရှားဆုံးစာအုပ်ဖြစ်သော Great Ideas From The Great Books စာအုပ်ကို ဒဂုံတက္ကသိုလ်ဒဿနိကဗေဒပါမောက္ခဟောင်းဦးအေးကျော်(မောင်ကြည်သစ်) ဘာသာပြန်ဆိုထားသောစာအုပ်ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးချိန်တွင် အမေရိကန်နိုင်ငံထုတ် ချီကာဂိုနေ့စဉ်သတင်းစာကြီး၌ အပတ်စဉ်ကဏ္ဍတစ်ခုအဖြစ် ဖော်ပြခဲ့သော ဆောင်းပါးများသည် ထိုစဉ်က သတင်းစာဖတ်ပရိတ်သတ်များအမြဲစောင့်ကြည့် ဖတ်ရှုခဲ့ရသည့်ဆောင်းပါးများဖြစ်သလို သတင်းစာစောင်ရေကိုလည်း တိုးတက်စေခဲ့သည်။ သတင်းစာသို့တစ်ပတ်အတွင်းရောက်ရှိလာသည့် အတွေးအမြင်နှင့် သက်ဆိုင်သောမေးခွန်းများထဲမှ အမေရိကန်ဒဿနပညာရှင် ဒေါက်တာမိုတီးမားအက်ဒ်လာက တစ်ခုကိုရွေးချယ်ကာ ပြန်လည်ဖြေကြားထားသောဆောင်းပါးများဖြစ်သည်။ ဒဿနပညာဆိုတာ ဘာလဲ။ အမှန်တရားရဲ့သဘော၊ သမိုင်းရဲ့အဓိပ္ပာယ်၊ ပုဂ္ဂလလူသားနှင့် အဖွဲ့အစည်း၊ လစ်ဘရယ်ပညာရေးဆိုတာ ဘာလဲ၊ ဉာဏ်ပညာပန်းတိုင်၊ အလှတရားရဲ့ အဓိပ္ပာယ်၊ ရသခံစားမှု၊ ဂီတရဲ့စွမ်းအား၊ ပျိုးထောင်မှုနဲ့ယဉ်ကျေးမှု အစရှိသည့်ခေါင်းစဉ်ငယ်လေးများဖြင့် အမေးအဖြေဆောင်းပါးများပါရှိသည်။ စာအုပ်တစ်နေရာတွင် ဒေါက်တာအက်ဒ်လာ ဖော်ပြသည်မှာ လွတ်လပ်မှုဟူသည် လူသားတိုင်း၏ မွေးရာပါဗီဇဂုဏ်သိက္ခာဖြစ်၏။ လွတ်လပ်သောလူသားသည်ကိုယ်ပိုင်ရပ်တည်ချက်၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်အပေါ် ရပ်တည်နိုင်ရမည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်မှန်ကန်ခိုင်မာရန်အတွက် လူသားတို့သည် ဆင်ခြင်တုံတရား(ဝါ) ဆင်ခြင်ဉာဏ်နှင့်ပြည့်စုံရပေမည်။ တစ်ဖန်ဆင်ခြင်တုံတရားရှိခြင်းနှင့် ဒီမိုကရေစီသည် ခွဲ၍မရနိုင်၊ ဆင်ခြင်တုံတရားမပြည့်စုံလျှင် ဒီမိုကရေစီမရှိနိုင်။ ဒီမိုကရေစီမရှိလျှင်လည်း ဆင်ခြင်တုံတရား မထွန်းကားနိုင်ဟူ၍ ပါရှိသည်။ စာအုပ်ကို လမ်းညွှန်စာပေကတန်ဖိုး ၁,၆၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ဘယ်ဘာသာစကားက ‘ဒက်ဒီ’ ကို ‘အမေ’ လို့ခေါ်သလဲ

ကမ္ဘာ့ဘာသာစကား တော်တော်များများတွင် ‘အဖေ’ကို ‘ပါးပါး’ (ခရီ၊ ကနေဒါစကား)၊ ပါ့ပါး (တရုတ်စကား)၊ ဘာဘား (သို့မဟုတ်) အဘား (ဘင်္ဂလားစကား)၊ ပိုင်း (ဘရာဇီး၊ ပေါ်တူဂီစကား)၊ တာတာ၊ အိုတက် (ချက် စကား)၊ ပါပါ (ပြင်သစ်စကား)၊ အဘား (ဟီဘရူးစကား) စသဖြင့် အသံမနီးရိုးစွဲ ထွက်၍ ခေါ်ဝေါ်ကြသည်ကို တွေ့ရသည်။ အင်္ဂလိပ်စကားတွင်မူ အများသိကြသည့်အတိုင်း ‘ဖခင်’ကို ‘Dad, ဒက်၊ Daddy ဒက်ဒီ’ စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ မိခင်ကို ‘မားမား၊ မားသား’ စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ ထူးဆန်းသည်မှာ အင်္ဂလိပ်စကားနှင့် အသံထွက်တူသော်လည်း အဓိပ္ပာယ်ပြောင်းပြန်ထွက်သည့် ဘာသာစကားတစ်ခုရှိနေခြင်းဖြစ်သည်။ ယင်းမှာ ဂျော်ဂျီယန်ဘာသာစကားဖြစ်၍ ‘မာမား’ ဟူသော အသံထွက်စကားမှာ ‘ဖခင်၊ Daddy’ကို ဆိုလိုခြင်းဖြစ်ပြီး ‘ဒီဒါ၊ Deda’ ဆိုသည်မှာမူ ‘မိခင်၊ Mommy’ ကို ဆိုလိုခြင်းဖြစ်သည်။

—Ref: Babylon Dictionary, Wikipedia

# တစ်ပတ်တာကံကြမ္မာ

ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ

စံအာကာဘို



## ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အဘက်ဘက်မှတိုးတက်မည်။ မိမိရည်ရွယ်ထားသည်များ အပြည့်အဝအောင်မြင်မည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် အလိုရှိသလောက် အောင်မြင်ပြည့်စုံအောင် ဆောင်ရွက်နိုင်မည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ တောင်အရပ်မှ သူများ၏ လုပ်ငန်းကမ်းလှမ်းမှု ကြုံတွေ့ရမည်။ သူတစ်ပါးအပေါ် စိုးမိုးလွှမ်းမိုး အနိုင်ယူနိုင်မည်။ အကြံအစည်သစ်များ ဆောင်ရွက်ရန် တိုးတက်မှုအဆင့်ဆင့်ကြုံမည်။



## TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ဆောင်ရွက်လိုက်သောကိစ္စများမှ ကောင်းသောအကျိုးဆက်များ ရရှိမည်။ ပညာအတတ်နှင့် ပတ်သက်သောကံကောင်းသည်။ ပညာရှာသူများ ထူးခြားသောအောင်မြင်မှုများ ရရှိမည်။ လုပ်ငန်းခွင်မှသူများ အလုပ်နှင့်ပတ်သက်သော သင်တန်းကြုံမည်။ အကြီးအကဲအထောက်အကူရမည်။ အတွင်းလူယုံဒုက္ခပေးတတ်သည်။ ကာလအတန်ကြာ ဝေးကွာနေသောသူများနှင့် ပြန်ဆုံမည်။




## GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

တစ်ပါးသူထက်သာလွန်သော အနေအထားနှင့် တိုးတက်မှုများ ဖန်တီးနိုင်မည်။ နာမည်အောင်မြင်မှုများရရှိမည်။ ရုတ်တရက်ပေါ် ပေါက်လာသော အခြေအနေများကို အသုံးချ၍ အောင်မြင်မှုများရရှိမည်။ အတတ်ပညာစွမ်းအားကြောင့် တိုးတက်မှုရသလို အကြံအစည်ကောင်းများ ပေါ်ထွန်း၍လည်း တိုးတက်မှုများရရှိမည်။ မမျှော်လင့်သောချစ်သူ၊ ခင်သူများနှင့် တွေ့မည်။ မျက်နှာပွင့်မည်။ စန်းပွင့်မည်။



## CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အရာရာအဆင်ပြေမည်။ နာမည်ကောင်းသတင်းနှင့် ကျော်ကြားမည်။ မမျှော်လင့်ဘဲ ဘာသာရေးကိစ္စများ ဆောင်ရွက်ရမည်။ မင်္ဂလာရှိသော စကားများပြောရမည်။ စိတ်ချမ်းမြေ့ဖွယ်ရာ ဖြစ်ရပ်များကြုံမည်။ ပြောရေး၊ ဆိုရေးအောင်မြင်မည်။ ဧည့်သည်အဝင်အထွက် များမည်။ မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံဆည်းမည်။ အမွေအနှစ်ရသကဲ့သို့ ပိုင်ဆိုင်မှုများတိုးပွားမည်။



## LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

ရုတ်တရက်ပေါ် ပေါက်လာသော စိတ်ကူးနှင့်ဆောင်ရွက်လိုက်သည့်ကိစ္စများမှ ကောင်းသော အကျိုးဆက်များ ရရှိမည်။ အခက်အခဲများ၊ ပဋိပက္ခများ ဖယ်ရှားနိုင်မည်။ အိမ်ထောင်သည် အမျိုးသားများအဖို့ အမျိုးသမီး ဩဇာခံသော် ထူးခြားအံ့။ လုပ်ငန်းခွင်မှသူများအဖို့ အကြီးအကဲများနှင့် သွားရောက်တွေ့ဆုံ၍ အဆင်ပြေမှု များရရှိမည်။




## VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ဆောင်ရွက်လိုက်သော ကိစ္စများအောင်မြင်မည်။ မိတ်ဆွေအကြီးအကဲများထံမှ အထောက်အကူရမည်။ ဝေးလံသောအရပ်ဒေသများနှင့် ဆက်နွှယ်လုပ်ကိုင်မှုများမှ ထူးခြားသော တိုးတက်မှုများရရှိမည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ အေးငြိမ်းမည်။ အရေးကြီးသည့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ ကြာသပတေးနေ့၊ တနင်္လာနေ့မွေးသူများနှင့် ညှိနှိုင်းဆွေးနွေးမှုများမှ ကောင်းသော အကျိုးဆက်ရမည်။



## LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

လူမျိုးကွဲ၊ လူမျိုးခြားများနှင့် တိုက်ရိုက်ဆက်စပ်မှုများမှ အကျိုးဆက်ကောင်း ရရှိမည်။ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့ မွေးသူများကို အကြောင်းပြု၍ ဖြစ်ပေါ်သော ပြဿနာများအေးငြိမ်းသွားမည်။ ကာလအတန်ကြာ မှေးမှိန်နေသော အရည်အသွေးများ ပြန်လည်ထွန်းတောက်လာမည်။ မိတ်ဆွေကောင်း အထောက်အကူရမည်။ ကျန်းမာရေးအတွက် ဆေးဝါးကုသနိုင်မည်။ လူယုံထား၍မရ။ စုပေါင်းလုပ်ငန်း အကျိုးပေးမည်။



## SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပစ္စည်းလျှောင်ခြင်း၊ စျေးကစားခြင်း မပြုရ။ အရှုံးပေါ်မည်။ သူတစ်ပါးကြောင့် ဖြစ်ပေါ်လာသော ပြဿနာ၊ အရှုပ်အရှင်းများ ဖြေရှင်းရမည်။ ငွေကြေးကိစ္စ၊ စာချုပ်စာတမ်းကိစ္စများ တာဝန်ယူခြင်း၊ အာမခံခြင်းမပြုရ။ အခါတိုင်း အဆင်ပြေပြေ ဆက်ဆံနေကျ ဗုဒ္ဓဟူးနေ့မွေးသူမှ စိတ်အနှောင့်အယှက်ပေးမည်။ ဝေဖန်ခံရမည်။ တိုက်ခိုက်ခံရမည်။ စေတနာအပေါ် စော်ကားပြောဆိုခံရမည်။



## SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လူယုံဒုက္ခပေးတတ်သည်။ အတွင်းလူဒုက္ခပေးမည်။ နာမည်သိက္ခာထိခိုက်အောင် ဆောင်ရွက်သူများနှင့် တွေ့မည်။ မတော်မတရား ထင်ယောင်ထင်မှားဖြစ်၍ စွပ်စွဲပြောဆိုခံရမည်။ အမျိုးသားများအဖို့ မကောင်းသောစန်းများပေါ်တတ်သည်။ မိမိအား ဒုက္ခပေးနာမည်ပျက်စေမည်။ အိမ်ထောင်သည်များအဖို့ စကားများရခြင်း၊ အရှုပ်အထွေး ဖြေရှင်းရခြင်း ကြုံတတ်သည်။




## CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ပဋိပက္ခများ လွှမ်းမိုးနေသည်။ ဒုက္ခပေးသောသူများနှင့် တွေ့တတ်သည်။ အပြိုင်အဆိုင်များအား ထိပ်တိုက်ရင်ဆိုင်ရမည်။ မရောက်ဖူးသော ဒေသများသို့ သွားခြင်းရှောင်ပါ။ အပြောအဆိုမှားယွင်း၍ ဖြေရှင်းရခြင်းများကြုံမည်။ အိမ်တွင်းရေးအညံ့အဆိုးများ ကြုံမည်။ ငွေကြေးပြဿနာများ ဆက်တိုက်ဖြစ်မည်။ ရန်နှင့် မကင်းသော လုပ်ငန်းများ ရှောင်ပါ။ အမှုအခင်းဖြစ်တတ်သည်။



## AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ အားနာလွန်းခြင်းရှောင်ပါ။ အနှောင့်အယှက်ပေးသောသူများ၊ ကတိပျက်သောသူများနှင့် တွေ့မည်။ ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် အနှောင့်အယှက်ရှိမည်။ မဖြစ်မနေ လုပ်ကိုင်မှုကြောင့် အဆုံးပိုင်းတွင် အောင်မြင်မည်။ အလုပ်အကြံအစည်ရည်ရွယ်ချက်များ၊ စီမံချက်များကို အခြားသူတစ်ပါးအား အသိမပေးသင့်။ မိမိအကြံဉာဏ်အား လက်ဦးမှု ရယူသွားလိမ့်မည်။



## PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အယူအဆ သဘောကွာခြားသူများနှင့် ဆက်ဆံရမည်။ အပြန်အလှန်ကတိပေးပြီး ကတိစတင်ဖောက်ဖျက်သူများနှင့် တွေ့မည်။ ရင်းနှီးသူများနှင့် စိတ်ဝမ်းကွဲမည်။ စကားများ ရန်ဖြစ်ခြင်း၊ ပဋိပက္ခဖြစ်ခြင်းများ ကြုံမည်။ စိတ်ရှုပ်ထွေးရမည်။ သူတစ်ပါးကြောင့် မိမိရည်ရွယ်ချက်များ အလွဲလွဲအချော်ချော်ဖြစ်မည်။ စိတ်တို စိတ်ဆတ်၍ ပြောမှား၊ ဆိုမှား ဖြစ်တတ်သည်။ လူယုံဒုက္ခပေးမည်။

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

စာမျက်နှာ(၃)မှ

## အစိုးရအဖွဲ့ဝန်ကြီးများ ရွေးချယ်ရာတွင် တပ်မတော်လောင်းရိပ်က မလွတ်သေး

"ဒီကိစ္စတွေကို သမ္မတကပဲ ကမ်းလှမ်းသလား၊ ကာကွယ်ရေးဦးစီးချုပ်ကပဲ ဖိအားပေးသလား ဆိုတာပဲ။ တကယ်လို့ ကာကွယ်ရေးဦးစီးချုပ်ကသာ ဖိအားပေးပြီး ခန့်ထားရင် အဲဒါ လူထုကို စော်ကားရာကျတယ်"ဟု မြန်မာ့နိုင်ငံရေး သုံးသပ်လေ့လာသူ ဦးတင်မောင်သန်း (သင့်ဘဝ) က ပြောသည်။



ပြည်ထောင်စုဝန်ကြီးအချို့ကို အခမ်းအနားတစ်ခုတွင် တွေ့ရစဉ် ဓာတ်ပုံ - သီဟ

တပ်မတော်သားများကို ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ခြင်းသည် အခြေခံဥပဒေနှင့် အညီ သမ္မတက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ပြောသည်။

ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်ရာ၌ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနတို့တွင် တပ်မတော်သားများကို ခန့်အပ်ရမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများတွင် တပ်မတော်သားများကို ခန့်အပ်လိုပါက ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၅) အုပ်ချုပ်ရေးတွင် ဖော်ပြထားသည်။

နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးများ ခန့်အပ်လိုပါက ပြည်ထောင်စုလွှတ်တော်သို့ ခန့်အပ်လိုသူ၏ အမည်စာရင်းကို တင်သွင်း၍ သဘောတူညီချက် ရယူရမည်ဖြစ်ပြီး သတ်မှတ်ထားသော ပြည်ထောင်စုဝန်ကြီး အရည်အချင်း ပျက်ယွင်းခြင်း မရှိပါက လွှတ်တော်သည် ငြင်းပယ်ခွင့် မရှိကြောင်း အခြေခံဥပဒေတွင် ပါရှိသည်။

ပြည်ထောင်စုဝန်ကြီး ခန့်အပ်ရန် ပြည်ထောင်စုလွှတ်တော်သို့အမည်စာရင်းတင်သွင်းမှုတိုင်းတွင် လွှတ်တော်မှ ကန့်ကွက်ခဲ့ခြင်း မရှိသည့်အပေါ် "သမ္မတက အမည်စာရင်းတင်သွင်းတဲ့ ပုဂ္ဂိုလ်ရဲ့ ကိုယ်ရေးရာဇဝင် ကျွန်တော်တို့ကို တစ်ပတ်လောက် ကြိုပေးထားတယ်။ သူ့မှာ အရည်အချင်း မပြည့်မီရင် သက်သေအထောက်အထားနဲ့ ကန့်ကွက်နိုင်တယ်။ လွှတ်တော်က ဘာလို့မကန့်ကွက်ကြတာလဲဆိုရင် သမ္မတက ဥပဒေနဲ့အညီ လုပ်နေတာကို ဘယ်လိုကန့်ကွက်မလဲ" ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က ပြောကြားသည်။

ပြည်ထောင်စု အစိုးရအဖွဲ့အတွင်း သမ္မတရုံးဝန်ကြီးဌာန ၆ ခုအပါအဝင် ဝန်ကြီးဌာန ၃၆ ခုရှိပြီး တပ်မတော်မှ တိုက်ရိုက်ခန့်အပ်သည့် ဝန်ကြီးဌာန သုံးခုမှအပ အရပ်သားများကိုပါ ခန့်အပ်နိုင်သည့် အခြားဝန်ကြီးဌာနများတွင် တပ်မတော်မှ တာဝန်ထမ်းဆောင်ဆဲ အရာရှိကြီးများကို အရပ်သားအသွင်ယူ၍ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်စေခြင်းနှင့် တပ်မတော်အရာရှိကြီးအဖြစ်မှ အငြိမ်းစားယူ၍ ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်နေသော ဝန်ကြီး ၂၅ ဦးအထိ ရှိနေသည်။

သို့သော် အစိုးရသစ်လက်ထက်အတွင်း သက်ဆိုင်ရာ နယ်ပယ်တွင် ကျွမ်းကျင်သည့် အရပ်သားပညာရှင်များကို ဒုတိယဝန်ကြီး ရာထူးအထိ အရေအတွက် အများအပြား ခန့်အပ်လာခြင်းသည် နှစ်ပေါင်း နှစ်ဆယ်အတွင်း ပထမဆုံးအကြိမ် နေရာပေး ခန့်အပ်ခြင်းဖြစ်သည်။

"ဝန်ကြီးတွေက တကယ့်ထိပ်တန်း စီမံခန့်ခွဲသူတွေ ဖြစ်တယ်။ သူတို့တွေက လက်တွေ့ကွင်းဆင်းမလုပ်ရတာ မှန်ပေမယ့် ဌာနနဲ့ပတ်သက်တဲ့ လုပ်နည်းလုပ်ဟန်တွေ သဘောသဘာဝတွေကို တော့ နားလည်တတ်ကျွမ်းဖို့တော့ လိုပါတယ်" ဟု မြန်မာ့မီးရထားမှ အရာရှိတစ်ဦးက ပြောသည်။

ဝန်ကြီးအသစ်များ ခန့်အပ်ပါက ဌာနအတွင်းစီမံခန့်ခွဲနိုင်ရန်အတွက် အချိန်ကာလတစ်ခုအထိ လုပ်ငန်းသဘောသဘာဝကို လေ့လာခြင်းသည် မလိုလားအပ်သော အချိန်ကြာမြင့်မှု တစ်ခုဖြစ်လာစေပြီး သက်ဆိုင်ရာ နယ်ပယ်တွင် ကျွမ်းကျင်ပညာရှင်များအား ခန့်အပ်ခြင်းသည်သာ ဝန်ကြီးဌာနများ၏ တိုးတက်မှုဖြစ်စေကြောင်း ဝန်ထမ်းများက သုံးသပ်ပြောကြားသည်။

"လောလောဆယ်တော့ အရပ်သားဝန်ကြီးတွေပဲ ဖြစ်သွားမယ်လို့ မျှော်လင့်မထားဘူး။ သမ္မတကြီးကလည်း ခုချိန်မှာ တည်ငြိမ်မှု၊ သစ္စာရှိမှုတွေကိုပဲ အခြေခံပြီး ရွေးနေတာဆိုတော့ ဒီလိုတပ်က လူတွေလည်း ဖြစ်နိုင်တာပဲ" ဟု ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းက ဆိုသည်။

ဆက်သွယ်ရေး နည်းပညာနှင့်ပတ်သက်၍ အသက်အရွယ်ငယ်ရွယ်ပြီး နည်းပညာနှင့် ရင်းနှီးကျွမ်းဝင်သည့်လူငယ်များကိုသာ ဦးဆောင်စေလိုကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား ခန့်အပ်ရာတွင် အသက် ၄၀ပြည့်ပြီးသူဖြစ်ရမည်ဟု သတ်မှတ်ချက်ပါရှိသည်။

တပ်မတော် အရာရှိကြီးများအား ပြည်ထောင်စုဝန်ကြီးများအဖြစ် တိုက်ရိုက်ခန့်အပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော် သမ္မတ၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ် ဦးရဲထွဋ်က "ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုဝန်ကြီးတွေ ဘယ်ဌာနက လာတယ်ဆိုတာထက် သူတာဝန်ထမ်းဆောင်တဲ့အခါ ပြည်သူတွေအတွက် အကျိုးရှိအောင် ဆောင်ရွက်နိုင်စွမ်း ရှိ၊ မရှိ ဆိုတာပဲ စောင့်ကြည့် အကဲဖြတ်သင့်တယ်လို့ ထင်ပါတယ်" ဟု ၎င်း၏ အမြင်ကို ပြောကြားသည်။

ပြုပြင်ပြောင်းလဲရေး ကိစ္စများ ပြတ်ပြတ်သားသား လုပ်ဆောင်ရသည့် နေရာအချို့တွင် တပ်မတော်ပိုင်းမှ လာသော ပုဂ္ဂိုလ်များသည် ပိုမိုလုပ်ဆောင်နိုင်စွမ်းရှိသည့်အတွက် ယခုကဲ့သို့ ပြောင်းလဲမှုမျိုး ဖြစ်နိုင်သည်ဟုလည်း နိုင်ငံရေး သုံးသပ်သူအချို့က ဆိုသည်။

အစိုးရမှ အရပ်သားအစိုးရသို့ ကူးပြောင်းလာချိန်တွင် နိုင်ငံတကာမှ ထောက်ခံအားပေးမှုများနှင့် အကူအညီများ ဆက်တိုက် ရရှိလာသော မြန်မာနိုင်ငံအနေဖြင့် အစိုးရအဖွဲ့၏ ထိပ်ပိုင်းခေါင်းဆောင်နေရာများတွင် တပ်မတော်မှ တာဝန်ထမ်းဆောင်နေဆဲ ပုဂ္ဂိုလ်များကိုသာ ဆက်လက်ခန့်အပ် တာဝန်ပေးသွားမည်ဆိုပါက ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများ အားနည်းသွားနိုင်ကြောင်း ပညာရှင်များကသုံးသပ်ကြသည်။

နိုင်ငံတော်သမ္မတ အနေဖြင့် အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် ယုံကြည်အားကိုးရသူများကို ရွေးချယ်ခန့်အပ်ရခြင်းသည် ဖြစ်သင့်သော်လည်း ဝန်ကြီးဌာနများတွင် လုပ်ငန်းဆောင်တာများ ထိရောက်စွာ ဆောင်ရွက်နိုင်မည့်သူများကို တာဝန်ပေးရန်သည်လည်း ထည့်သွင်းစဉ်းစားရမည့် အချက်တစ်ချက်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြန်တမ်းဝင် အရာရှိတစ်ဦးက ပြောသည်။

ထိုအရပ်သား ပညာရှင်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနများအလိုက် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်သင့်သည်ဟု ယူဆကြသော်လည်း တပ်မတော်မှ ထိပ်တန်းအရာရှိကြီးများကို ပြည်ထောင်စုအဆင့် ဝန်ကြီးများအဖြစ် ပြောင်းလဲတာဝန်ပေးအပ်ရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် ရယူရာတွင် လွှတ်တော်အနေဖြင့် အရပ်သားမဟုတ်ဘဲ တပ်မတော်သားဖြစ်နေသည့်အတွက်ဆို၍ လွှတ်တော်ကိုယ်စားလှယ်များက ကန့်ကွက်ခြင်း မပြုနိုင်ကြပေ။

သမ္မတသည် ပြည်ထောင်စုဝန်ကြီးများကို ရွေးချယ်ခန့်အပ်ရာတွင် လုပ်ပိုင်ခွင့် အပြည့်အဝရှိသည့်အတွက် အဆိုပါအစဉ်အလာကို ပြုပြင်လိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသော သမ္မတ၏ လုပ်ပိုင်ခွင့်ကို ပြင်ဆင်သည့် နည်းလမ်းသာရှိသည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောကြားသည်။

## JOKE

### ပိုကြိုက်တယ်

ကျွန်တော်၏တူဖြစ်သူ သုံးတန်းကျောင်းသားလေး ဂျွန်သည် အတန်းဖော်မိန်းကလေးတစ်ယောက်ကို အလွန်သဘောကျနေသည်။ သို့ဖြင့် ဂျွန်သည် ဗယ်လင်တိုင်းနေ့တွင် ချောကလက်ဘူးလေးဝယ်ယူကာ ကျောင်းသို့ ယူသွားလေသည်။

သို့သော် ထိုနေ့ညနေပိုင်း ကျွန်တော်အလုပ်မှပြန်လာသောအခါ ဂျွန်မှာ မနက်ကယူသွားသော ချောကလက်ဘူးကိုဖောက်၍ ချောကလက်ကို အားရပါးရစားနေသည်ကိုတွေ့ရ၍ ကျွန်တော်က "ဂျွန်ရေ ဘယ်လိုဖြစ်တာလဲကွ"ဟု မေးမြန်းရာ ဂျွန်က "ဦးဦးရေလောလောဆယ်တော့ သားက မိန်းကလေးတွေထက် ချောကလက်ကို ပိုကြိုက်သေးတယ်လို့ ဆုံးဖြတ်လိုက်တယ်"ဟု ပြန်ပြောပါသည်။

### ပြောခွင့်ပေးပါ

အမျိုးသမီးတစ်ယောက်က ဆရာဝန်အား မေးမြန်းနေပါသည်။

"ဆရာ ကျွန်မယောကျ်ားက အိပ်ပျော်နေတုန်း စကားတွေပြောတဲ့ အကျင့်စွဲနေတယ်။ အဲဒါပျောက်ကင်းအောင် ဘယ်လိုလုပ်ရမလဲ ပြောပါဦး"

ဤတွင် ဆရာဝန်က

"နိုးနေတဲ့အချိန် သူ့ကိုစကားပြောခွင့်ပေးလိုက်ပါကွယ်"ဟု ဆိုပါသည်။

စာမျက်နှာ(၂၅)မှ

## မေးခွန်းထုတ်စရာဖြစ်လာသော အီလက်ထရွန်နစ်ဥပဒေ

အင်တာနက်သည်မြန်မာ့လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ် မဟုတ်သေးဘဲ တိုင်းပြည်လူဦးရေ၏ မဆိုသလောက် ပမာဏကို တိုက်ရိုက်အကျိုးပြုနေသောကြောင့် သာယခုတိုက်ခိုက်မှုတွင် သိသာသော ပြဿနာကြီးကြီးမားမား မဖြစ်ခဲ့ခြင်းဖြစ်ကြောင်း နည်းပညာဆိုင်ရာ ပညာရှင်များက ဆို သည်။

သို့သော်ပြောင်းလဲလာသော နိုင်ငံရေးအခြေအနေနှင့် အတူ နှစ်ပေါင်းများစွာ တံခါးပိတ်စနစ်ကျင့်သုံးလာသော မြန်မာနိုင်ငံ၏ အနာဂတ်တွင် ကမ္ဘာနှင့် ဆက်သွယ်ရန်မှာ အင်တာနက်သည် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး နည်းလမ်းများအနက် တစ်ခုဖြစ်မည်ဟု ၎င်းတို့ကဆိုသည်။ အနာဂတ်တွင် အွန်လိုင်းစနစ်သုံးမည့် အစိုးရအုပ်ချုပ်ရေးယန္တရားလည်ပတ်ခြင်း၊ ငွေသွင်းငွေထုတ်မှုအစ နိုင်ငံတကာနှင့် ဆက်သွယ်မည့် စနစ်များအတွက် လုံခြုံရေးစိတ်ချရန်မှာ နံပါတ်တစ်အရေးကြီးလာမည်ဖြစ်ကြောင်း ၎င်းတို့ကဆိုသည်။

ပွင့်လင်းစမြန်မာနိုင်ငံ၏ မီဒီယာလောကနှင့် အစိုးရသတင်းထုတ်ပြန်ရာ စာမျက်နှာများ အပါအဝင် တိုင်းပြည်အတွက် အရေးကြီးသည့် အင်တာနက်လုံခြုံရေးအား ခြိမ်းခြောက်နေသူများကို ရှုံးတော်ရှေ့သို့ ပို့ဆောင်ရန် အလှမ်းဝေးနေဆဲဖြစ်ပြီး ၎င်းတို့မည်သူမည်ဝါဆိုသည်ကိုပင် ထုတ်ဖော်နိုင်ခြင်းမရှိသေးပါ။

The Voice Weekly ဂျာနယ်၏ အယ်ဒီတာချုပ်ဖြစ်သူ ဦးကျော်မင်းဆွေကတော့ "ဆာဗာနောက်လိုက်ရင်တော့ သိနိုင်တယ်"ဟု ဆိုသည်။

မော်ဒယ်မြင့်ကားများအတွက် ကွန်ပျူတာဘောက်သင်တန်း
အမှတ်စဉ် (၁၁)(၁၂)(၁၃) ပုံမှန်တန်းခွဲသစ်များကို
ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
အကြိုမိတ်ဆက်နှစ်ရက် (အခမဲ့) သင်တန်းကိုအပတ်စဉ်စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်လျက်ရှိပါသည်။ကြိုတင်စာရင်းပေးသွင်းရန်လိုသည်။
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

Environment

7Day News Journal

Vol.11, No.50 • FEBRUARY 21 , 2013

# သစ်တောမြေကျူးကျော်ထားသည့် မူရင်းဒေသခံများအား လုပ်ကိုင်ခွင့်ပေးသွားမည်

**သန်းထူး**

**နေပြည်တော်၊**
**ဖေဖော်ဝါရီ-၁၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီး ဌာနပိုင်ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်သော ဧရိယာများအတွင်း ဝင်ရောက်ကျူးကျော်ကာ လယ်ယာမြေလုပ်ငန်းလုပ်ကိုင်လျက်ရှိသော မူလဒေသခံများအား စိစစ်၍ တရားဝင် လယ်ယာလုပ်ကိုင်ခွင့်ပြုပေးသွားရန်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ပြောကြားသည်။

နောက်မှ လာလုပ်တဲ့ သူတော့ မရဘူး။ နှစ်ကာလကြာရှည်ကတည်းက နေထိုင်လုပ်ကိုင်ခဲ့တဲ့ ဒေသခံတွေကိုတော့ မြေယာလုပ်ကိုင်ခွင့် ပေးသွားဖို့ ရှိပါတယ်” ဟု၍ အဆိုပါဝန်ကြီးဌာနတွင်ကျင်းပပြုလုပ်သော အခမ်းအနားတစ်ခု၌ ယင်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုကဲ့သို့ သစ်တောမြေအဖြစ်မှဖယ်ပြီး လျှော့ပေါ့ပေးသွားရန်အတွက် ကောင်းကင်ဓာတ်ပုံများ အသုံးပြုစစ်ဆေးခြင်းအပြင် သက်ဆိုင်ရာဌာနစုံမှ တာဝန်ရှိသူများ၊ ဒေသခံများဖြင့် ကွင်းဆင်းစာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း၊ လယ်ယာလုပ်ကိုင်ခွင့်ရမည့်သူနှင့် ဖယ်ထုတ်ခံရမည့်သူများကို ခွဲထုတ်နိုင်ရန်အတွက် ဒေသခံများ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်းလည်း ဦးဝင်းနိုင်သော်က ရှင်းလင်းပြောကြားသည်။

နှစ်ကာလကြာရှည်စွာ ကျူးကျော်လုပ်ကိုင်ထားမိသော သစ်တောမြေများအား ဖြေလျှော့ပေးမည့် အစီအစဉ်နှင့်ပတ်သက်ပြီး နေပြည်တော် အရှေ့ခြမ်း တောင်ပေါ်စခန်းမှ ကိုဝင်းအောင်က “ဝမ်းသာစရာပေါ့ဗျာ။ မဟုတ်ရင် ကျွန်တော်တို့ ဘယ်ပြေးရမလဲ၊ ဘာလုပ်စားရမလဲ တွေးမိတိုင်း စိုး ရိမ်နေရတာ” ဟု၍ ကျူးကျော်ဒေသခံများ၏ အခြေအနေကို ပြောကြားခဲ့သည်။

နေပြည်တော် ဒေသခံတောင်သူများအတွက် အကျိုးဆောင်ပေးလျက်ရှိသော ကိုအောင်မိုးကလည်း “နိုင်ငံတော်အပိုင်းက ဒီလိုဖြေလျှော့ပေးတော့ အခြေခံပြည်သူတွေ စိတ်သက်သာရာ ရတာပေါ့ဗျာ။ ဒါပေမဲ့ နောက်မှလာဦးတဲ့ ‘မောင်ဦး’ ဆိုတာ တစ်ဧက၊ နှစ်ဧက ဦးတဲ့သူကို ပြောတာလား၊ ဧကရာထောင်ချီပြီး ဦးတဲ့သူကို ပြောတာလားတော့ မရှင်းဘူး။ နောက်ပြီး သစ်တောစိုက်ခင်းဆိုပြီး သတ်မှတ်တဲ့အထဲပါသွားတဲ့ လယ်/ယာတွေကို ဘယ်လို ပြန်လုပ်ပေးမလဲ သိချင်တယ်” ဟု၍ သုံးသပ်ပြောကြားသည်။

ထိုကဲ့သို့ ကျူးကျော် လယ်/ယာမြေများအား လက်ရှိစာရင်းအတိုင်း ဒေသခံများအတွက် လုပ်ကိုင်ခွင့်ပြုရန်ရှိပြီး ထပ်မံတိုးချဲ့ခြင်းမပြုရန်အတွက်လည်း ဝန်ခံကတိထိုးခိုင်းကာ ပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်ရန်အတွက် စီစဉ်လျက်ရှိကြောင်း ပြီးခဲ့သည့်နှစ် နိုဝင်ဘာလက MICC ခန်းမတွင် ပြုလုပ်ခဲ့သော လယ်ယာမြေဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်၌ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

# သောင်လိပ်နှင့် တိုက်လိပ်တို့ ရှားပါးလာ

**နိုင်နိုင်စိုး**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ -၁၆**

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကြောင့် ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားသည့် ရှားပါးလိပ် နှစ်မျိုးဖြစ်သည့် သောင်လိပ်နှင့်တိုက်လိပ်တို့ ရှားပါးစပြုနေပြီဟု ဧရာဝတီမြစ်ဝှမ်းဒေသဖွံ့ဖြိုးမှု အဓွန့်ရှည်ရေးဆိုင်ရာသုတေသနအဖွဲ့ နာယက ဦးအုန်းက ပြောသည်။

“ရှားပါးရုံမကတော့ဘူး။ လုံးဝကိုမတွေ့ရတော့တာ” ဟုဦးအုန်းက ပြောသည်။ ဧရာဝတီမြစ် ရေလမ်းကြောင်း ပြောင်းလဲခြင်း၊ သောင်ထွန်းခြင်းနှင့် လူများ၏ ပယောဂတို့ကြောင့်ရေနေသတ္တဝါများ၏အစာအာဟာရများ ပျောက်ကွယ်ခြင်းကြောင့် ထိုလိပ်မျိုးများ ရှားပါးရခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

အဆိုပါ လိပ်နှစ်မျိုးသည် အိုင်ယူစီအင်န် အနီရောင်မှတ်တမ်းတွင် ပါဝင်နေပြီး ယင်းတို့ကို အချိန်မီ ထိန်းသိမ်းရန်လိုကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးညိုမောင်က ပြောသည်။

“ဒီလိပ်တွေကို ဖမ်းထားပြီးတော့ တစ်နေရာရာမှာ မွေးပြီး ပေါက်ဖွားလာတဲ့ အကောင်လေးတွေကိုမြစ်ထဲပြန်လွှတ် ဒီလိုနည်းနဲ့ထိန်းသိမ်းလို့ရတယ်” ဟု၎င်းက ဆက်လက်ပြောသည်။

ထိုလိပ်နှစ်မျိုးအနက် တိုက်လိပ်သည် ဧရာဝတီမြစ်အပြင် ရခိုင်နှင့်ချင်းပြည်နယ်ဒေသအချို့တို့တွင် အနည်းငယ်တွေ့ရှိနိုင်ပြီး သောင်လိပ်မှာမူ ဧရာဝတီမြစ်၌သာတွေ့ရှိနိုင်သည့်အတွက်အချိန်မီထိန်းသိမ်းရန် လိုအပ်ကြောင်း ဦးအုန်းက ပြောသည်။

# လမ်းကြောင်းပြောင်းဖောက်မည့် ဓာတ်ငွေ့ပိုက်လိုင်းနှင့် မလွတ်သည့် ရှားပါးသက်တမ်းရင့်သစ်ပင် နှစ်ထောင့်ငါးရာကျော် ခုတ်လှဲရမည်

**အိဖြူမွန်**

**ရန်ကုန်၊**
**ဖေဖော်ဝါရီ - ၁၆**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ဓာတ်ငွေ့ပိုက်လိုင်းတစ်နေရာ

တနင်္သာရီသဘာဝကြိုးဝိုင်းအတွင်း လမ်းကြောင်း ပြောင်းလဲဖောက်လုပ်မည့်ဓာတ်ငွေ့သဘာဝဓာတ်ငွေ့ပိုက်လိုင်း နေရာအသစ် အတွက် ရှားပါးသက်တမ်းရင့်ကညင်ပင်များ အပါအဝင် သစ်ပင်ပေါင်း နှစ်ထောင့်ငါးရာကျော်ကို ခုတ်လှဲရမည်ဖြစ်ကြောင်း တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းပတ်ဝန်းကျင်ထိန်းသိမ်းရေး အရာရှိတစ်ဦးက ပြောသည်။

ပိုက်လိုင်း လမ်းကြောင်းပြောင်းလဲရာတွင် အရှည် လေးမိုင်ခန့် ရှိသော်လည်း နေရာကွက်ကျားဖြစ်ပြီး တစ်ဆက်တည်း မရှိကြောင်း ပြင်ဆင်ပြောင်းလဲ သတ်မှတ်ရမည့် နေရာလေးခုတွင် ရှားပါး ကညင်မျိုးစိတ်၊ နလင်ကျိုပင်နှင့် ရှားပါးသတ္တဝါများဖြစ်သော သင်းခွေချပ်၊ ဖြူး၊ ဆတ်နှင့် တောဝက်များ နေထိုင်ကျက်စားကြောင်း သိရှိရသည်။

“ဥပဒေအရဆိုရင်တော့ကြိုးဝိုင်းတော သတ်မှတ်လိုက်ရင် ဘာမှ လုပ်လို့မရဘူး။ ဒါပေမဲ့ ဒီစီမံကိန်းက ပြီးခဲ့တဲ့ ကာလတွေက ခွင့်ပြုလိုက်တဲ့ စီးပွားရေးလုပ်ငန်းတွေဖြစ်တယ်” ဟု တနင်္သာရီ သဘာဝကြိုးဝိုင်းစီမံကိန်း ထိန်းသိမ်းရေးဆောင်ရွက်နေသူအရာရှိက ပြောသည်။

တနင်္သာရီတိုင်း ဒေသကြီးသည် မိုးများ ရေရှားသည့် ရပ်ဝန်းဒေသတစ်ခု ဖြစ်သောကြောင့် တောင်စဉ်၊ တောင်တန်းများကို ဖြတ်ဖောက်လုပ်သော ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းပြီး နေရာများတွင် ရေတိုက်စားခြင်း၊ မြေပြိုခြင်းနှင့် ရေရှားပါးမှုများ မဖြစ်စေရန် ပိုက်လိုင်းပေါ်တွင်မြက်ပင်နှင့် သစ်ပင်အမျိုးအစားများ ပြန်လည် စိုက်ပျိုးရန် လိုအပ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး၏ သဘာဝပတ်ဝန်းကျင်လေ့လာစောင့်ကြည့်သူများက ပြောကြားသည်။

ဓာတ်ငွေ့သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည်တနင်္သာရီကြိုးဝိုင်းသစ်တောကို မိုင် ၂၀ ဖြတ်သန်းမည်ဖြစ်သည်။

ယခု အဆိုပါဧရိယာ အတွင်း ပိုက်လိုင်းသွယ်တန်းမှု လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

တနင်္သာရီ သဘာဝကြိုးဝိုင်းတွင် ဓာတ်ငွေ့ ပိုက်လိုင်းဖြတ်သန်းမှုကြောင့် ပျက်စီးသွားသော သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုများအတွက်ပြန်လည်လုပ်ဆောင်ရန် ထိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းPTTEPကုမ္ပဏီကတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ထောက်ပံ့မည်ဟု နှုတ်ကတိစကားခံခဲ့သော်လည်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနကယနေ့အချိန်ထိ လက်ခံရရှိခြင်း မရှိကြောင်း သတင်းရရှိသည်။

ခုတ်လှဲရမည့် အပင်နှင့် ဇီဝဂေဟဗေဒစနစ်လေ့လာရန်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု စစ်တမ်းကောက်ယူရန် ထိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီတစ်ခုဖြစ်သော PTTEP ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်း ဒါရိုက်တာက ပြောသည်။

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံ အထိ စုစုပေါင်းလေးဆယ့်သုံး မိုင်ကျော်ရှည်လျားသော ဓာတ်ငွေ့ပိုက်လိုင်းကို PTTEP က လုပ်ပိုင်ခွင့်ပါမစ် ရရှိထားပြီး ထပ်ဆင့်ကန်ထရိုက်တာအနေဖြင့်ငှားရမ်းထားသော တရုတ် CPPI ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ပေးနေသည်။

# Tourism

7DAY NEWS JOURNAL

Vol.11, No.50 • FEBRUARY 21 , 2013


## နိုင်ငံခြားသားများ နယ်စပ်ဝင်ပေါက်မှ လာရောက်လည်ပတ်နိုင်ရန် မြဝတီ – ဘားအံလမ်း ဧပြီလတွင်ဖွင့်မည်



*နိုင်ငံခြားသားတစ်ဖွဲ့ အား ရန်ကုန်မြို့လယ်တွင် ဖေဖော်ဝါရီ၁၆ရက်တွေ့ ရစဉ်*

ဓာတ်ပုံ - ထက်ပိုင်ဖြိုး(ဇဝန)

**နိုင်ချို**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၃**

နိုင်ငံခြားသားခရီးသွားများ နယ်စပ် ဂိတ်ဝင်ပေါက်မှ တရားဝင် လာရောက်လည်ပတ်နိုင်ရန် မြဝတီ - ဘားအံလမ်းကို လာမည့် ဧပြီလတွင် ဖွင့်လှစ်ပေးနိုင်ရန်စီစဉ် ဆောင်ရွက်လျက်ရှိသည်ဟု ကရင်ပြည်နယ် အစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။

“မြဝတီ - ဘားအံလမ်းကို ဖွင့်ပေးနိုင်ဖို့ နယ်စပ်ဂိတ်ပေါက်ကနေ နိုင်ငံခြားသား ခရီးသွားတွေကိုတရားဝင်လည်ပတ်နိုင်ဖို့ ကို ကရင်ပြည်နယ် အစိုးရအဖွဲ့နဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနတို့ပူးပေါင်း ဆောင်ရွက်နေပါတယ်” ဟု ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ပြောသည်။

ဝန်ကြီးချုပ်ကပင်ဆက်လက်၍ နယ်စပ်ဂိတ်မှ ဝင်ရောက်လာသော နိုင်ငံခြားသား ဧည့်သည်များအတွက် ဝန်ဆောင်မှု၊ လုံခြုံရေးအပြင် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများပါ ပေးနိုင်ရန် စီစဉ်နေသည်ဟုဆိုသည်။

မြဝတီနယ်စပ်ဂိတ်အား တရားဝင်ဖွင့်လှစ်ပေးပါက အထူးသဖြင့် ထိုင်းလူမျိုးအများစု ကျိုက်ထီးရိုးဘုရားဖူး ခရီးစဉ်၊ သဘာဝပတ်ဝန်းကျင်အခြေခံ ခရီးသွားလုပ်ငန်းတို့ ပိုမိုအောင်မြင်ရန် ရည်ရွယ်သည်ဟု ကရင်ပြည်နယ် အစိုးရအဖွဲ့ထံမှ သိရသည်။

“နယ်စပ်ဂိတ်တွေကို တရားဝင်ဖွင့်ပေးတာ အရမ်းကောင်းပါတယ်။ ဒါပေမဲ့ လမ်းပန်းဆက်သွယ်ရေးကိုအခုထက်ပိုကောင်းအောင်လုပ်သင့်တယ်။ ကရင်ပြည်နယ်က အခု ငြိမ်းချမ်းရေးရပြီးသားဆိုတော့ အောင်မြင်မှာပါ” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဦးတင်ထွန်းအောင်က ပြောကြားသည်။

၎င်းကပင်ဆက်လက်၍နယ်စပ်ဂိတ်များ ဖွင့်ပေးရာတွင် အရေးကြီးဆုံးမှာ ဒေသခံများ၏ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ယဉ်ကျေးမှုဓလေ့မပျောက်ပျက်ရေးတို့ကိုလည်း အလေးထား ဆောင်ရွက်သင့်သည်ဟုဆိုသည်။

“ကရင်ပြည်နယ်က အခု ငြိမ်းချမ်းသွားပြီ။ ဒီဒေသတွေကို ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်မယ်ဆိုရင် အရမ်းအောင်မြင်မှာ သေချာတယ်။ Eco-Tourism လည်း အခုထက်ပိုအောင်မြင်နိုင်တယ်” ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များ အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## နိုင်ငံခြားသားများ ကာစီနိုရုံဖွင့်ခွင့်ကို ခရီးသွားလုပ်ငန်းရှင်များ အပြုသဘောဖြင့်ကြိုဆို

**နိုင်ချို**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၄**

နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုနည်းဥပဒေတွင် ပြဋ္ဌာန်းခဲ့သော နိုင်ငံခြားသားများအား ကာစီနို ကစားဝိုင်းများ ဖွင့်လှစ်ခွင့်ပြုသည့်အပေါ် ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းအချို့က အပြုသဘော ကြိုဆိုခဲ့ကြသည်။

“နိုင်ငံတကာ အဆင့်နဲ့ကြည့်ရင် ကာစီနို ဖွင့်ခွင့်ရမယ်၊ စည်းကမ်းချက်နဲ့လည်း ကိုက်ညီမယ်ဆိုရင် ခရီးသွားလုပ်ငန်းက ပိုအောင်မြင်မှာပါ။ ကစားဝိုင်းတွေအတွက် လာပြီးရင်းနှီးမြှုပ်နှံချင်တဲ့သူတွေလည်းရှိနေပါတယ်” ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေး ကော်မတီ ဥက္ကဋ္ဌဦးဖြိုးဝေရာဇာကပြောသည်။

၎င်းကပင် ဆက်လက်၍ ကာစီနို ဝိုင်းများသည် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုတစ်ရပ်ဖြစ်လာနိုင်ပြီး စင်ကာပူနိုင်ငံရှိ လောင်းကစားဝိုင်းများကဲ့သို့ စည်းကမ်းတကျ လုပ်ဆောင်ရန် လိုအပ်သည်ဟု ပြောသည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက် က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီက ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၃ တွင် နိုင်ငံခြားသားများသာ ကစားခွင့်ရှိသော ကာစီနိုလုပ်ငန်းအား ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောက်ရွက်ရမည်ဖြစ်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုချက်ရရှိပါက ကန့်သတ်ဇရိယာအတွင်း ဟိုတယ်များတွင် ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံသားများကို ကစားခွင့်ပြုမည် မဟုတ်ပေ။

ထိုသို့ ကာစီနိုဖွင့်လှစ်ခွင့် ကို မြန်မာနိုင်ငံသားများအား ပေးမည် မဟုတ်ဘဲ နိုင်ငံခြားသားများကိုသာ ကြယ်သုံးပွင့်အထက် ကာစီနိုရုံများဖွင့်ခွင့်ပေးသွားမည်ဟု စုံစမ်းသိရှိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းက “ နိုင်ငံတကာမှာရှိတဲ့ ကာစီနို လုပ်ငန်းတွေကို ဌာနဆိုင်ရာတွေက အရင်လေ့လာပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး လုပ်ငန်းလုပ်ပိုင်ခွင့်ကို လွှတ်တော်မှာ အတည်ပြုချက်ယူရမှာပါ။ နိုင်ငံခြားသားဖြစ်ကြောင်း၊ နိုင်ငံကူးလက်မှတ်ပြရမယ်။ သူ့မှာ Show Money ဘယ်လောက်ပါလာသလဲဆိုတာကိုပါပြရမယ်” ဟု ပြောသည်။

၎င်းကပင် ဆက်လက်၍ ကမ္ဘောဒီးယား၊ စင်ကာပူနိုင်ငံကဲ့သို့ ကာစီနိုလုပ်ငန်းအား စနစ်တကျ လုပ်ဆောင်သွားမည် ဖြစ်ပြီး ဥပဒေကြောင်းအရ မသမာမှုများမဖြစ်ရန်လည်း ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဟု ဆိုသည်။

“ကာစီနိုတွေက နိုင်ငံတကာမှာလည်း ရှိနေတယ်။ အများစုက အပျော်သဘောနဲ့လာကစားကြတာ၊ ဝင်လာပြီဆိုကတည်းက Show Money က ပါလာပြီလေ။ နိုင်ငံသားတွေကိုလည်း ကစားခွင့်မပြုတော့ ဥပဒေအရ ဆိုးဝါးတဲ့ပြဿနာတွေမဖြစ်နိုင်ပါဘူး” ဟု အထက်တန်းရှေ့နေ တစ်ဦးဖြစ်သူ ဦးရဲဝင့်နောင်က ပြောသည်။

“ကာစီနို လုပ်ပြီဆိုရင် လာတဲ့ ဧည့်သည်တွေ ရှိလာမှာပါပဲ။ ပုံမှန် Package Tour တွေအတွက်တော့ အကျိုးသက်ရောက်မှုသိပ်မရှိလောက်ပါဘူး။ မကောင်းတဲ့ဘက်ကတော့ ဘာမှမဖြစ်နိုင်ပါဘူး” ဟုမြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ ပြန်ကြားရေးတာဝန်ခံ ကိုအောင်ထွန်းလင်းက ပြောကြားသည်။

## ရှေးဟောင်းမြို့တော် ပုဂံဇုန်ဝင်ကြေး စံချိန်တင်ရ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၉**

၂၀၁၂ ခုနှစ်တွင် ယဉ်ကျေးမှု ရှေးဟောင်းပုဂံနယ်မြေသို့ နှစ်ပေါင်း ၂၀ အတွင်း ကမ္ဘာလှည့်ခရီးသွားများ စံချိန်တင် ဝင်ရောက်လာသောကြောင့် ရှေးဟောင်းနယ်မြေဇုန်ဝင်ကြေး ကောက်ခံရရှိမှုမှာလည်း စံချိန်တင် ရရှိခဲ့ကြောင်း ပုဂံရှေးဟောင်းညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

“နှစ်နှစ်ဆယ်အတွင်းမှာတော့ စံချိန်တင်နှစ်ပါပဲ။ ၉၆ မြန်မာ့ခရီးသွားနှစ်ထက်ကို ဇုန်ဝင်ကြေး ပိုရပါတယ်” ဟု ညွှန်ကြားရေးမှူးဦးနိုင်ဝင်းက ပြောသည်။

၂၀၁၂ ခုနှစ်တွင် ပုဂံဒေသသို့ နေ့စဉ် ကမ္ဘာလှည့် ခရီးသွားဧည့်သည် ၁,၀၀၀ ဝန်းကျင်လာရောက်ပြီး ဇုန်ဝင်ကြေး (Zone Fees) မှာ နေ့စဉ် ဒေါ်လာ တစ်သောင်းဝန်းကျင် ကောက်ခံရရှိခဲ့ကြောင်း ဦးနိုင်ဝင်းက ပြောသည်။

၁၉၉၆ မြန်မာ့ခရီးသွားနှစ်တွင်ဇုန်ဝင်ကြေး၄၆၄,၉၁၇ဒေါ်လာ၊ ၂၀၀၇ ခုနှစ်တွင် ခရီးသွားဧည့်သည် ၈၀,၄၄၆ ဦး ဝင်ရောက်လာပြီး ၄၀၄,၄၆၀ ဒေါ်လာ ကောက်ခံရရှိခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ခရီးသွားဧည့်သည်၁၀၂,၅၁၂ဦးဝင်ရောက်လာပြီး ဇုန်ဝင်ကြေး ၁,၀၂၅,၂၁၀ ဒေါ်လာ ကောက်ခံရရှိပြီး ၂၀၁၂ တွင်ခရီးသွားဧည့်သည်၁၆၂,၉၀၃ ဦး ဝင်ရောက်ပြီး ၁,၆၂၈,၃၁၀ ဒေါ်လာ ကောက်ခံရရှိကြောင်း ပုဂံရှေးဟောင်းဦးစီးဌာနမှ သတင်းရရှိသည်။

“ဝင်လာတဲ့လူဦးရေက များတော့ ဇုန်ဝင်ကြေးအပြည့်အဝတော့ မကောက်နိုင်ဘူး။ အဓိက လေယာဉ်ကွင်းမှာ လူအဝင်ပိုများတယ်” ဟု ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

၂၀၁၃ ဇန်နဝါရီတွင်လည်း ခရီးသွားဧည့်သည် ၂၈,၀၈၃ ဦး ဝင်ရောက်ပြီး ဇုန်ဝင်ကြေး ၂၈၀,၈၃၀ဒေါ်လာကောက်ခံရရှိကြောင်း ပုဂံရှေးဟောင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဟန်က ပြောကြားသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်သို့ဝင်ကြေးမပေးဘဲ ဝင်ရောက်လာပါက ခရီးသွားများ အများဆုံးသွားရောက်လေ့ရှိသော ပုဂံမြို့၏ ရှုခင်းအလှနှင့်နေဝင်ချိန်၊နေထွက်ချိန်ကို ကြည့်ရှုနိုင်ရန်အတွက် ရွှေဆံတော်နှင့် ပြသာဒ်ကြီး ဘုရားပေါ်သို့ တက်ရောက်ခွင့်မပေးဘဲ ထိုဘုရားများတွင် ဇုန်ဝင်ကြေး ကောက်ခံသော ဂိတ်များထားရှိထားကြောင်း ပုဂံရှေးဟောင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဟန်က ပြောသည်။

“ဒီလထဲမှာကို တရုတ်ခရီးသွားတွေ ဇုန်ကြေးမပေးဘဲ ဝင်လာတာ ရွှေဆံတော်ဘုရားရောက်တော့ လက်မှတ်မပြနိုင်တော့ မဝင်ခဲ့ရဘူး” ဟု ဒေသခံဧည့်လမ်းညွှန်ကိုနိုင်ထွန်းက ပြောသည်။

ပုဂံညောင်ဦးမြို့၏ ဟိုတယ်များကို ဇုန်ဝင်ကြေးမပေးဆောင်ဘဲ ဝင်လာသော ဧည့်သည်များ ဇုန်ကြေးပေးဆောင်ပြီးမှ တည်းခိုခွင့်ပေးထားကြောင်း ရှေးဟောင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ဇုန်ဝင်ကြေးများကို ဂိတ်ခြောက်ဂိတ်ဖွင့်လှစ်ကာ ကောက်ခံနေပြီး ခရီးသွားများမှာ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းလိုင်းများကို အသုံးပြု၍ ဝင်ရောက်လျက်ရှိနေပြီး လေကြောင်းလမ်းဖြင့် ခရီးသည် ဝင်ရောက်မှုမှာ အများဆုံးဖြစ်သည်။ နေ့စဉ် ပုဂံညောင်ဦးလေဆိပ်သို့ လေယာဉ် ၁၈ စီးဝန်းကျင် ဆိုက်ရောက်လျက်ရှိသည်။

“နှစ်ပေါင်းများစွာ ပိတ်ပင်ထားတဲ့ မြန်မာနိုင်ငံကို ပြန်ဖွင့်ပေးလိုက်တော့ မြန်မာနိုင်ငံက အထူးအဆန်းဖြစ်နေတာပေါ့။ ကမ္ဘာမှာ မြန်မာနိုင်ငံက အလှဆုံးထဲမှာလည်း ပါတယ်လေ။ အဲဒါကြောင့် သူတို့က တအားလာနေတာ။ အဲဒါကိုမြန်မာနိုင်ငံရဲ့ဝင်ငွေပိုရအောင် တင်းတင်းကျပ်ကျပ်ကောက်သင့်ပါတယ်” ဟုဩစတြေးလျဧည့်လမ်းညွှန်ကိုရန်မျိုးအောင်ကပြောသည်။

နိုင်ငံခြားသား တစ်ဦးလျှင် ပုဂံရှေးဟောင်းနယ်မြေသို့ ဇုန်ဝင်ကြေး ၁၀ ဒေါ်လာ ကောက်ခံပြီး အဆိုပါ ဇုန်ကြေးကောက်ခံမှုမှာ အရှေ့တောင်အာရှနိုင်ငံများ ဇုန်ဝင်ကြေးနှင့် နှိုင်းယှဉ်ပါက အလွန်နည်းပါးကြောင်း ဧည့်လမ်းညွှန်တစ်ဦးက ဆိုသည်။

အဆိုပါဇုန်ဝင်ကြေးကောက်ခံရရှိငွေများကို ပုဂံညောင်ဦးမြို့အတွက် အသုံးပြုမည်မဟုတ်ဘဲ နိုင်ငံတော် ဘဏ္ဍာအဖြစ်သာ အသုံးပြုမည်ဟု ညွှန်ကြားရေးမှူးဦးနိုင်ဝင်းက ပြောသည်။


7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

The Cartoon Logo



























7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# နောက်ထပ်နျူစမ်းသပ်မှုများ ယခုနှစ်အတွင်း မြောက်ကိုရီးယား ပြုလုပ်ဖွယ်ရှိဟုဆို

**ဘေဂျင်း၊ဖေဖော်ဝါရီ-၁၆**

မြောက်ကိုရီးယားအစိုးရသည် ပြုံယမ်းနှင့် သံတမန်ရေးဆွေးနွေးပွဲများ ပြုလုပ်ရေး အမေရိကန်ပြည်ထောင်စုကို ဖိအားပေးသည့် အနေဖြင့် ယခုနှစ်အတွင်း နောက်ထပ်နျူစမ်းသပ်မှု တစ်ကြိမ်၊ နှစ်ကြိမ်ခန့်ပြုလုပ်သွားရန်ရှိကြောင်း တရုတ်နိုင်ငံသို့ ပြောကြားခဲ့သည်ဟု သိရသည်။

ဘေဂျင်းနှင့် ပြုံယမ်း နှစ်ဖက်စလုံးနှင့် နီးစပ်သော ထိပ်တန်းအရာရှိတစ်ဦးကို ကိုးကား၍ ရိုက်တာက ဖော်ပြသော သတင်းတွင် မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ်အတွင်း နျူစမ်းသပ်မှုအပါအဝင် ဒုံးကျည်ပစ်လွှတ်မှုတစ်ကြိမ်ပြုလုပ်သွားမည်ဟု ဆိုသည်။ အဆိုပါ အမည်မဖော်သည့် သတင်းရင်းမြစ်ဖြစ်သူက "စမ်းသပ်မှုတွေလုပ်ဖို့ အားလုံးအဆင်သင့်ဖြစ်နေပါပြီ။ လေးကြိမ်နဲ့ ငါးကြိမ်မြောက် နျူစမ်းသပ်မှုရယ်၊ ဒုံးကျည်ပစ်လွှတ်စမ်းသပ်တာတွေရယ်က မကြာခင် လုပ်ဆောင်နိုင်ပြီး ဒီနှစ်ထဲမှာ ဖြစ်နိုင်ပါတယ်" ဟု ပြောသည်။ လေးကြိမ်မြောက်အဖြစ် စမ်းသပ်ဖောက်ခွဲမည့် နျူစမ်းသပ်မှုတွင် တတိယအကြိမ်မြောက် နောက်ဆုံးစမ်းသပ်စဉ်က ထက်ပြင်းအားပိုကြီးပြီး တီအင်န်တီယမ်းအား ၁၀ ကီလိုတန်နှင့် ညီမျှကြောင်း ၎င်းကဆိုသည်။

မြောက်ကိုရီးယားနိုင်ငံသည် ၂၀၀၆ နှင့် ၂၀၀၉ ခုနှစ်တို့တွင် နျူစမ်းသပ်မှုများကြောင့် ဒုံးကျည်ထုတ်လုပ်ခြင်း၊ နျူနည်းပညာစမ်းသပ်ခြင်းများ မပြုလုပ်ရေး ကုလသမဂ္ဂ၏ ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားခြင်း ခံခဲ့ရသည်။

—*Ref: Reuters*

# ကမ္ဘောဒီးယားဘုရင် သီဟာနု၏ အငယ်ဆုံးသမီးတော် တော်ဝင်ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရ

**ဖနွမ်းပင်၊ဖေဖော်ဝါရီ-၁၆**

မကြာသေးမီက ကံတော်ကုန်ခဲ့သည့် ကမ္ဘောဒီးယားဘုရင် သီဟာနု၏ အငယ်ဆုံးသမီးတော် နိုရိုဒွန် အာရန်ရာ့စမေးသည် တော်ဝင်မိသားစု ထောက်ခံသည့် ပါတီဖြစ်သော ဖုန်ဆင်ပက်ပါတီ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။ ပါတီ၏ ပြောခွင့်ရပုဂ္ဂိုလ် တန်မ်ဆမ်ဘိုက လာမည့်ဇူလိုင်လတွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲများအတွက် ရည်ရွယ်၍ ဤသို့ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။ မင်းသမီးရာ့စမေးသည် လက်ရှိတွင် မလေးရှားနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေသည်။

"မင်းသမီးဟာ ဒီနေရာကို လက်ခံဖို့ ပါတီဘုတ်အဖွဲ့ဝင်တွေရဲ့ တောင်းဆိုမှုကို လက်ခံဖို့ သဘောတူပြီးသားပါ။ သူမဟာ မတ်လ ၂၁ ရက် ပါတီကွန်ဂရက် ကျင်းပချိန်မှာ ဥက္ကဋ္ဌအဖြစ် တရားဝင် ရွေးကောက်တင်မြှောက်ခံပါလိမ့်မယ်"ဟု ပြောခွင့်ရပုဂ္ဂိုလ်က ပြောသည်။ တော်ဝင်ဘုရင့်သစ္စာခံပါတီဖြစ်သော ဖုန်ဆင်ပက်ပါတီကို ဘုရင်သီဟာနုက ၁၉၈၀ တွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၉၃ ခုနှစ်တွင် ကုလသမဂ္ဂက ကြီးမှူးကျင်းပသော ရွေးကောက်ပွဲများ၌ ဘုရင်သီဟာနု၏သားတော် နိုရိုဒွန်ရာနာရစ်က ဖုန်ဆင်ပက်ပါတီကို ဦးဆောင်ကာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဝန်ကြီးချုပ် ဟွန်ဆင်နှင့်အတူ ပူးတွဲဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ထို့နောက်လေးနှစ်အကြာ ၁၉၉၇ တွင် အစိုးရအဖွဲ့တွင်း အကွဲအပြဲများ ဖြစ်ပေါ်ပြီး ရာနာရစ်မှာ ရာထူးမှ ထွက်ခဲ့ရသည်။ လက်ရှိတွင် ဖုန်ဆင်ပက်ပါတီကို နစ်ဘန်ချေးနှင့် မင်းသမီးအာရန်ရာ့စမေး၏ ကြင်ယာတော် ကီယိုပွတ်ရာစမေးက ဦးဆောင်လျက်ရှိသည်။

—*Ref: Xinhua*

# နျူထိပ်ဖူးဖြင့် ပစ်လွှတ်နိုင်သော ဒုံးကျည် ငါးရက်အတွင်း ပါကစ္စတန် ဒုတိယအကြိမ် စမ်းသပ်

**အစ္စလာမ်မာဘတ်၊ ဖေဖော်ဝါရီ-၁၆**

ပါကစ္စတန်နိုင်ငံသည် နျူထိပ်ဖူးတပ်၍ ပစ်ခတ်နိုင်သော မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်တစ်စင်းကို ငါးရက်အတွင်း ဒုတိယမြောက် စမ်းသပ်မှုအဖြစ်ယမန်နေ့ကပစ်လွှတ်ခဲ့ကြောင်း သိရသည်။

ပါကစ္စတန်စစ်တပ်မှ ထုတ်ပြန်သော ကြေညာချက်တွင် "ပါကစ္စတန်ဟာ ဒီနေ့မှာတော့ တာတိုပစ် မြေပြင်မှ မြေပြင်ဒုံးခွင်းဒုံး ဟတ်ဖ်-၂ (အဗ်ဒါလီ)ကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ပါတယ်။ ဒါဟာ မြေပြင်အခြေစိုက် ဒုံးခွင်းဒုံးစနစ် စမ်းသပ်မှုရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပြုလုပ်ခဲ့တာဖြစ်ပါတယ်"ဟု ဖော်ပြထားသည်။ ယင်းဒုံးကျည်သည် အကွာအဝေး (၁၈၀)ကီလိုမီတာအထိ ပစ်ခတ်နိုင်ပြီး သမားရိုးကျ ဒုံးကျည်ထိပ်ဖူးများသာမက နျူထိပ်ဖူးများကိုပါ သယ်ဆောင်၍ ပစ်မှတ်ကို တိကျစွာ ပစ်ခတ်နိုင်စွမ်းရှိသည်။ ပါကစ္စတန် ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို စစ်တပ်တာဝန်ရှိသူများ၊ ဗိုလ်ချုပ်ကြီးများက ကြည့်ရှုခဲ့ကြပြီး သမ္မတနှင့် ဝန်ကြီးချုပ်တို့ကလည်း သိပ္ပံပညာရှင်များ၏ အောင်မြင်မှုအတွက် ချီးကျူးစကားပြောခဲ့ကြသည်။

ပါကစ္စတန်သည် ပြီးခဲ့သော တနင်္လာနေ့(ဖေဖော်ဝါရီ ၁၁ ရက်)က မြေပြင်မှ မြေပြင်တာတိုပစ် ဒုံးကျည် ဟတ်ဖ်-၉ (နာဆာ)ကို ပစ်လွှတ်စမ်းသပ်ခဲ့သည်။ အဆိုပါဒုံးကျည်မှာလည်း အကွာအဝေးကီလိုမီတာ ၆၀ ခန့် ရောက်ရှိနိုင်ပြီး နျူထိပ်ဖူးများ သယ်ဆောင်နိုင်သည်ဟု သိရသည်။

—*Ref: Xinhua*




Photo - AFP

*ဖေဖော်ဝါရီ ၁၄ ရက်က ထိုင်းနိုင်ငံ ပတ်တရားအပန်းဖြေစခန်းတွင်ကျင်းပသည့် ဗယ်လင်တိုင်းနေ့အခမ်းအနား၌ ကမ္ဘာ့အချိန်အကြာဆုံး ဆက်တိုက်အနမ်းစံချိန်အတွက် စံချိန်သစ်တင်ခဲ့သော ထိုင်းစုံတွဲ အက်ကာချိုင်နှင့် လက်ဆာနာတီရာနာရတ်တို့ကို တွေ့ရစဉ်*

# ကန့်ကွက်မှုများကြားမှ အငြင်းပွားဖွယ် ရေအားလျှပ်စစ် ထုတ်လုပ်ရန် ဆည်တည်ဆောက်ရေး ကမ္ဘောဒီးယားပါလီမန် အတည်ပြု

**ဖနွမ်းပင်၊ဖေဖော်ဝါရီ-၁၆**

ကမ္ဘောဒီးယားပါလီမန်သည် နိုင်ငံတွင်း၌ တက်ကြွလှုပ်ရှားသူများ၏ ကန့်ကွက်မှုကို ရင်ဆိုင်နေရသော အငြင်းပွားဖွယ် ရေအားလျှပ်စစ်ထုတ်လုပ်ရေး ဆည်ကြီးတစ်ခုအတွက် ခွင့်ပြုငွေ ကန်ဒေါ်လာ ၇၈၁ သန်းကို အတည်ပြုပေးခဲ့သည်။

ကမ္ဘောဒီးယားအစိုးရက ထိုဆီဆန်အောက်ပိုင်းဆည် အမှတ်-(၂)သည် နိုင်ငံ၏ စွမ်းအင်ကဏ္ဍကို အသွင်ပြောင်းလဲပေးနိုင်ပြီး နိုင်ငံပိုင် ကမ္ဘောဒီးယားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကုမ္ပဏီ (EDC) က လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်၄၀၀ ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု ဆိုထားသည်။ သို့သော် သဘာဝပတ်ဝန်းကျင်ရေးရာ တက်ကြွလှုပ်ရှားသူများကမူ ယင်းဆည်သည် မဲခေါင်မြစ်အောက်ပိုင်းဒေသကို ထိခိုက်စေနိုင်မည့် အဆိုးရွားဆုံး ဆည်တည်ဆောက်မှုများမှ တစ်ခုဖြစ်ကြောင်း ပြောကြားသည်။ ထိုဆည်သည် လာအိုနိုင်ငံတွင် နိုင်ငံတကာကပါ ကန့်ကွက်ခဲ့ကြသည့် ဇာရာဘူရီဆည်၊ မြန်မာနိုင်ငံတွင် ပြည်သူများကန့်ကွက်ခဲ့ကြသည့် မြစ်ဆုံဆည်စီမံကိန်းများကဲ့သို့ပင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ကြီးမားစွာဖြစ်ပေါ်စေနိုင်ကြောင်း ဆိုထားသည်။

ကမ္ဘောဒီးယားအတိုက်အခံပါတီ ဆမ်ရိန်ဆီပါတီမှ နိုင်ငံရေးသမား ဆွန်ချေးက "ဒီဆည်ကို မလုပ်သင့်ဘူးဆိုတာ ထင်ရှားပါတယ်။ ဒီရေအားလျှပ်စစ်ဆည်ကို ကျွန်တော်တို့ ဆန့်ကျင်တာသက် မဟုတ်ပါဘူး။ မတည်ဆောက်ခင်မှာ သေချာကျနတဲ့ ဆန်းစစ်မှုလုပ်သင့်တယ်လို့ ကျွန်တော်တို့ တောင်းဆိုနေတာပါ" ဟု ရှင်းပြသည်။ အဆိုပါဆည်စီမံကိန်းကို စတင်ပါက မြစ်အတွင်း ငါးထွက်ရှိမှု ၉ ရာခိုင်နှုန်း လျော့ကျသွားနိုင်ကြောင်း သိရသည်။ ဆည်ကို ကမ္ဘောဒီးယားနိုင်ငံ၏ ရွှိုင်ရယ်ဂရုပ်ကုမ္ပဏီအုပ်စုက တရုတ်နိုင်ငံမှ ဟိုက်ဒရိုလန်ကန်အင်တာနေရှင်နယ်ကုမ္ပဏီနှင့် ၅၁ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံထားပြီး ကျန် ၁၀ ရာခိုင်နှုန်းကို ဗီယက်နမ်နိုင်ငံမှ EVN ကုမ္ပဏီ၏လက်ခွဲ Energy EVN International Joint Stock ကုမ္ပဏီက ဖက်စပ်ရင်းနှီးမြှုပ်နှံထားခြင်းဖြစ်သည်။

—*Ref: Reuters*

# တရုတ်နိုင်ငံသို့ သံတမန်စေလွှတ်၍ ကျွန်းစုအငြင်းပွားမှုနှင့် မြောက်ကိုရီးယားအရေး ဂျပန်ဆွေးနွေးမည်

**တိုကျို၊ဖေဖော်ဝါရီ-၁၆**

ဂျပန်အစိုးရသည် လာမည့်အပတ်အတွင်း နိုင်ငံခြားရေးဌာန တာဝန်ရှိသူတစ်ဦးကို ဘေဂျင်းသို့ စေလွှတ်ကာ နှစ်နိုင်ငံကြား နယ်မြေပိုင်နက် အငြင်းပွားနေမှုနှင့် မြောက်ကိုရီးယားနိုင်ငံ၏ မကြာသေးမီက နျူစမ်းသပ်မှုအကြောင်းတို့ကို သုံးရက်ကြာ ဆွေးနွေးပွဲများ ပြုလုပ်သွားမည်ဟု သိရသည်။

တိုကျိုသည် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှနှင့် သမုဒ္ဒရာပိုင်းရေးရာ ဗျူရိုအကြီးအကဲ ရှင်ဆုကေဆူဂီယာမာအား လာမည့် အင်္ဂါနေ့(ဖေဖော်ဝါရီ ၁၉)မှစတင်ကာ တရုတ်အာဏာပိုင်များနှင့် ဆွေးနွေးသွားရန် ဘေဂျင်းသို့ စေလွှတ်သွားမည်ဖြစ်သည်။ အာရှ၏ အင်အားကြီး နှစ်နိုင်ငံဖြစ်သော ဂျပန်နှင့် တရုတ်နိုင်ငံတို့သည် ကျွန်းစုများ ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ပြဿနာကြောင့် ဆက်ဆံရေးများ တင်းမာခဲ့သည်မှာ ပြီးခဲ့သည့်နှစ်က စ၍ဖြစ်ခဲ့သည်။ ကျိုဒိုသတင်း၏ အစီရင်ခံစာတွင် ဂျပန်သံတမန် ဆူဂီယာမာသည် ပြီးခဲ့သည့်လက တရုတ်တိုက်သင်္ဘောတစ်စင်းအား ဂျပန်သင်္ဘောများက ရေဒါတွင် ခြေရာခံခဲ့မိခြင်းကိစ္စကို ဆွေးနွေးသွားဖွယ်ရှိကြောင်း ဖော်ပြသည်။ ထို့အပြင် ၎င်းသည် တရုတ်နိုင်ငံ၏ အဓိကမဟာမိတ် မြောက်ကိုရီးယားက မကြာသေးမီက တတိယအကြိမ်မြောက် နျူစမ်းသပ်ခဲ့မှု အပေါ်တွင်လည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

—*Ref: AFP*



# Leader's Profile

# အာဆီယံအတွင်းရေးမှူးချုပ် လီလွမ်မင်

ရဲမင်း

မစ္စတာလီလွမ်မင်သည် ဗီယက်နမ် နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများ အစည်းအရုံး (ASEAN)၏ (၁၃) ယောက်မြောက်နှင့် လက်ရှိ အတွင်းရေးမှူးချုပ် ဖြစ်သည်။

လီလွမ်မင်ကို ၁၉၅၂ ခုနှစ် စက်တင်ဘာ၁ရက်က ဗီယက်နမ်နိုင်ငံသန်ဟောင်းဒေသတွင် မွေးဖွားခဲ့သည်။ ဟန္တိုင်းမြို့ ဗီယက်နမ် သံတမန်ရေး အကယ်ဒမီမှ ဘွဲ့ရရှိခဲ့သည်။ အိန္ဒိယနိုင်ငံ ဂျဝါဟာလယ်နေရူးတက္ကသိုလ်တွင်လည်း တက်ရောက်ခဲ့သည်။

မစ္စတာ လီလွမ်မင်သည် ၁၉၇၅ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းများဌာန လက်ထောက်ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်ခံရပြီး ၂ နှစ်ကြာ တာဝန်ယူခဲ့သည်။ ယင်းနောက် ၁၉၉၅ ခုနှစ်တွင် ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ ဗီယက်နမ်နိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ် ဖြစ်လာခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် ကုလသမဂ္ဂရုံးချုပ်၌ လက်ထောက်အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည်။

၁၉၉၉ နှင့် ၂၀၀၂ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံတကာအဖွဲ့အစည်းများဌာန လက်ထောက်ညွှန်ကြားမှူးချုပ်အဖြစ် တာဝန်ယူခဲ့သည်။ ယင်းနောက် မစ္စတာလီလွမ်မင်သည် ၂၀၀၂ မှ ၂၀၀၄ ခုနှစ်အတွင်း နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဖြစ်လာသည်။

မစ္စတာ လီလွမ်မင်သည် ၂၀၀၄ မှ ၂၀၁၁ ခုနှစ်အတွင်း ကုလသမဂ္ဂဆိုင်ရာ ဗီယက်နမ်နိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်နှင့် အထူးသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းကာလအတွင်း ၂၀၀၈ နှင့် ၂၀၀၉ ခုနှစ်များအတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌအဖြစ် နှစ်ကြိမ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ထိုအတောအတွင်း ၂၀၀၇ ဩဂုတ်မှ ၂၀၀၈ ဒီဇင်ဘာလအတွင်း ဗီယက်နမ် လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအဖြစ်လည်း ပူးတွဲတာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ဒီဇင်ဘာမှ ၂၀၁၁ ခုနှစ် ဇွန်လအထိ ယင်းတာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့သည်။

အာဆီယံအတွင်းရေးမှူးချုပ်ရာထူးအတွက် မစ္စတာလီလွမ်မင်အား ဗီယက်နမ်အစိုးရက အမည်စာရင်းတင်သွင်းခဲ့ပြီး ဇန်နဝါရီ ၇ ရက် ၂၀၁၃ ခုနှစ်တွင် ဂျကာတာမြို့ အာဆီယံရုံးချုပ်တွင် အာဆီယံခေါင်းဆောင်များက ၎င်းအား အာဆီယံ၏ (၁၃)ဦးမြောက် အတွင်းရေးမှူးချုပ်အဖြစ် လက်ခံအတည်ပြုခဲ့သည်။ မစ္စတာလီလွမ်မင်သည် အာဆီယံအတွင်းရေးမှူးချုပ်တာဝန်ကို အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာဆူရင်ပစ်ဆူဝမ်ထံမှ လွှဲပြောင်းရယူပြီး ထပ်မံသက်တမ်းမတိုးနိုင်သော ငါးနှစ်သက်တမ်းတစ်ကြိမ် (၂၀၁၃-၂၀၁၇ ခုနှစ်)အတွင်း ထမ်းဆောင်ခွင့်ရမည်ဖြစ်သည်။

အာဆီယံအတွင်းရေးမှူးချုပ်တာဝန် လွှဲပြောင်းရယူပြီးနောက် မစ္စတာလီလွမ်မင်က ၎င်း အနေဖြင့် အရေးတကြီး လုပ်ဆောင်ရမည့်တာဝန်မှာ ၂၀၁၆ ခုနှစ် အာဆီယံနိုင်ငံများ စီးပွားရေးအသိုင်းအဝိုင်း ပီပြင်စွာထွက်ပေါ်လာရေးဖြစ်ပြီး ယင်းအတွက် ဒေသတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးမှာ အရေးပါကြောင်း ပြောကြားသည်။ တောင်တရုတ်ပင်လယ်ပဋိပက္ခအား အဆုံးသတ်ပြီးပြတ်အောင် လုပ်ဆောင်၍ ကြားနေမှုကို ထိန်းသိမ်းရင်း ဆွေးနွေးဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို တိုးတက်ခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

မစ္စတာလီလွမ်မင်သည် အိမ်ထောင်သည်ဖြစ်ပြီး သမီးနှစ်ဦးရှိသည်။

—Ref: Wikipedia

နောက်ကျောဖုံး မှ

## ပါကစ္စတန်အနောက်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ရှီးယိုက်မွတ်ဆလင် ၈၁ ဦး သေဆုံး

(တနင်္ဂနွေနေ့) ဖေဖော်ဝါရီ ၁၇ ရက်က ကွက်တာတွင် အမျိုးသမီး ၄,၀၀၀ ခန့်သည် လမ်းများကိုပိတ်ပြီး ထိုင်သပိတ်ဆင်နွှဲကာ အာဏာပိုင်များဘက်က တိုက်ခိုက်မှုနောက်ကွယ်မှ လူများကို ဖမ်းမမိမချင်း သေဆုံးခဲ့သူများကို သင်္ဂြိုဟ်ရန်ငြင်းဆိုခဲ့ကြသည်။ ဗုံးခွဲတိုက်ခိုက်မှု၌ သေဆုံးသူများ အပြင်ဒဏ်ရာရသူဦးရေမှာလည်း ၁၇၈ ဦးအထိရှိခဲ့သည်။ တနင်္ဂနွေနေ့က ရှီးယိုက်လူမျိုး ၁,၅၀၀ ခန့်သည် အရှေ့ပိုင်းရှိ လာဟိုးမြို့သို့ ချီတက်ဆန္ဒပြခဲ့ကြကာ မူလ်တန်မြို့နှင့်ပါကစ္စတန်ဘက်မှထိန်းချုပ်သော ကတ်ရှ်မီးယားမြို့ မူဇာဖာရာဘတ်တွင်လည်း ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သည်။

ယခုတစ်ကြိမ် ဗုံးပေါက်ကွဲမှုမှာ ကွက်တာမြို့တွင် ဒုတိယအကြိမ်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက်က စနူကာကလပ်တစ်ခုအတွင်း အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုတွင် အနည်းဆုံးလူပေါင်း ၉၂ ဦးခန့် သေဆုံးခဲ့ရပြီးဖြစ်သည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## ဥက္ကာပျံအပိုင်းအစများ တွေ့ရှိဟု ရုရှားသိပ္ပံပညာရှင်များ အတည်ပြု



ဒါတွေဟာ တကယ် ပဲ ဥက္ကာပျံသဘောသဘာဝရှိပါ တယ်”ဟု အူရယ်ဖယ်ဒရယ် တက္ကသိုလ်မှ ပညာရှင်ဗစ်တာဂရိုဟော့စကီးက ပြောကြားသည်။

“ဒီဥက္ကာပျံခဲဟာ သာမန် ခရွန်ဒရိုက် (Chrondrite)မျိုးပါ။ ကျောက်သားဆန်ပြီး သံရိုင်းဆယ်ရာခိုင်နှုန်း ပါဝင်ပါတယ်။ ဒီဥက္ကာပျံခဲကို ချီဘာကူးလ် ဥက္ကာပျံလို့ ခေါ်ဝေါ်သွားဖွယ်ရှိပါတယ်”ဟု မစ္စတာဂရိုဟော့စကီးက ပြောကြားသည်။

ယင်းဥက္ကာပျံခဲသည် ကမ္ဘာမြေ၏လေထုအတွင်း ဝင်ရောက်လာစဉ်က အချင်းပေ ၅၀ ခန့်ရှိပြီး အသံထက်မြန်သောနှုန်းဖြင့် ပျံသန်းကာ နေထက်တောက်ပသော မီးလုံးကြီးအဖြစ် ပေါက်ကွဲသွားခဲ့သည်ဟု အမေရိကန် အာကာသဌာန နာဆာက ခန့်မှန်းထားသည်။ *—Ref: Ria Novosti*

နောက်ကျောဖုံး မှ

## နျူစစ်ပွဲ ရှောင်လွှဲနိုင်ခဲ့သော ဆိုဗီယက်အရာရှိတစ်ဦးအား ဂျာမနီက ဂုဏ်ပြုဆုချီးမြှင့်

ထိန်းသိမ်းခဲ့သော လုပ်ရပ်အဖြစ် သမိုင်းတွင် မှတ်တမ်းဝင်သွားမည်ဟု ပြောကြားသည်။

မစ္စတာပီးထရော့ ကိုယ်တိုင်ကမူ ၎င်းအား သူရဲကောင်းဟု ကင်ပွန်းတပ်ခြင်းကို ခေါင်းမာစွာပင် ငြင်းဆန်ပြီး မိမိအလုပ် မိမိလုပ်ခြင်းသာ ဖြစ်သည်ဟု ပြောကြားသည်။ “သူရဲကောင်းဆန်ဆန် ကျွန်တော် ဘာမှ မလုပ်ခဲ့ပါဘူး။ သူရဲကောင်းတစ်ယောက်လိုလည်း မခံစားရပါဘူး။ ကျွန်တော့်အလုပ် ကျွန်တော်လုပ်ခဲ့တာဖြစ်ပြီး လုပ်ပုံလုပ်နည်းကို ကျွန်တော်ကိုယ်တိုင် နှစ်သက်ပါတယ်”ဟု တက်ရောက်လာသော ပရိသတ်အား ပြောကြားသည်။

မစ္စတာပီးထရော့သည် ထိုစဉ်က မော်စကိုမြို့အပြင်ဘက် ဆိုဗီယက် နျူကလီးယား ကြိုတင်သတိပေးဌာန အကြီးအကဲအဖြစ် တာဝန်ယူထားစဉ် ၁၉၈၃ စက်တင်ဘာ ၂၆ ရက်တွင် အမေရိကန်ပိုင်နက်မှနေ၍ နျူကလီးယားဒုံးကျည်ငါးခု ပစ်လွှတ်လိုက်သည်ဟု အချက်ပေးစနစ်က ပြသခဲ့သည်။

ထိုအချိန်က စစ်အေးခေတ်တင်းမာမှုများလည်း မြင့်တက်နေပြီး အမေရိကန်နိုင်ငံ၏ ကြယ်တာရာစစ်ပွဲ အစီအစဉ်အပေါ် ဆိုဗီယက်တို့၏ စိုးရိမ်မှုများနှင့် ကိုရီးယားခရီးသည်တင် လေယာဉ်တစ်စီးအား စက်တင်ဘာလ အစောပိုင်းတွင် ဆိုဗီယက်လေကြောင်းကာကွယ်ရေးက ပစ်ချခဲ့မှုများ ဖြစ်ပေါ်နေချိန်ဖြစ်သည်။

မစ္စတာပီးထရော့၏ တာဝန်မှာ ဒုံးကျည်များ ဝင်ရောက်လာကြောင်း အထက်လူကြီးများအား သတင်းပို့ရန်ဖြစ်ပြီး အထက်လူကြီးများကလည်း လက်တုံ့ပြန်တိုက်ခိုက်မှုပြုရန် အမိန့်ပေးသွားဖွယ်ရှိသည်။ သို့သော် မစ္စတာပီးထရော့က ဒုံးကျည်များ သတင်းကို လျစ်လျူရှုခဲ့ပြီး ယင်းမှာ စက်ပစ္စည်းကိရိယာများ၏ ချို့ယွင်းချက်ဖြစ်နိုင်သည်ဟု ဆုံးဖြတ်ခဲ့သလို ဒုံးကျည်ငါးစင်းမျှဖြင့်လည်း စစ်ပွဲတစ်ရပ် မဖြစ်နိုင်ဟု ယူဆခဲ့သည်။

၎င်း၏ခန့်မှန်းချက်မှာ မှန်ကန်ခဲ့ပြီး နောက်ပိုင်းစုံစမ်းစစ်ဆေးမှုများအရ ဒုံးကျည်သတင်းမှာ မှားယွင်းနေပြီး စောင့်ကြည့်လေ့လာရေး ဂြိုဟ်တုက မိုးတိမ်ထုကြီးမှ အလင်းပြန်ခြင်းကို ဒုံးကျည်ပစ်လွှတ်မှုနှင့် မှားယွင်းဖတ်ရှုခဲ့ကြောင်း ပေါ်ထွက်ခဲ့သည်။

ဒရက်စ်ဒန်ဆုအား ၂၀၁၀ ပြည့်နှစ်တွင် စတင်ချီးမြှင့်ခဲ့ပြီး ဆိုဗီယက်ခေါင်းဆောင်ဟောင်း မီးခေးလ်ဂိုဘာချက်၊ အမေရိကန်စစ်ပွဲ ဓာတ်ပုံဆရာ ဂျိမ်းနက်ချ်ဝီတို့လည်း ပါဝင်ခဲ့သည်။ မစ္စတာပီးထရော့၏ ၁၉၈၃ ခုနှစ် ယင်းအဖြစ်အပျက်မှာလည်း နှစ်ပေါင်းများစွာ ထိပ်တန်းလျှို့ဝှက်အဖြစ် ရှိနေခဲ့ပြီး ၁၉၉၈ ခုနှစ်တွင်မှ လျှို့ဝှက်စာရင်းမှ ဖယ်ရှားခဲ့ပြီးနောက် လူအများ သိရှိလာခြင်းဖြစ်သည်။

*—Ref: Ria Novosti*

နောက်ကျောဖုံး မှ

## ရဟတ်ယာဉ်များ ရောင်းရာတွင် ငွေကြေးပြဿနာ ပေါ်ပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် အိန္ဒိယသို့ သွားရောက်

ကင်မရွန်း၏ ခရီးစဉ်သည် အင်္ဂလိပ်-အီတာလျံကုမ္ပဏီ အော်ဂတ်စတာ ဝက်စ်လန့်ထံမှ ဒေါ်လာ ၇၄၈ သန်း တန်ဖိုးရှိ ရဟတ်ယာဉ် ၁၂ စီးကို အိန္ဒိယတွင် အရေးကြီးပုဂ္ဂိုလ်များ စီးနင်းရန် ဝယ်ယူခဲ့သည့်ကိစ္စတွင် တာဝန်ရှိသူများ၏ ခြစားမှုပြဿနာများ ပေါ်ပေါက်နေချိန်ဖြစ်သည်။ အီတလီတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် ထိုရဟတ်ယာဉ်များ ရောင်းချရေး ကန်ထရိုက်စာချုပ် ရရှိရန် ကုမ္ပဏီသည် ကြားလူများမှတစ်ဆင့် လာဘ်ပေးခဲ့ကြောင်း တွေ့ရှိခဲ့ပြီးနောက် အိန္ဒိယဘက်ကလည်း စာချုပ်ကို ဖျက်သိမ်းကာ ၎င်းကိုယ်ပိုင် ရဲတပ်ဖွဲ့နှင့် စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခဲ့သည်။ ထို့ကြောင့် အလည်အပတ်ရောက်ရှိလာသော ဗြိတိန်ဝန်ကြီးချုပ်သည်လည်း ယင်းကိစ္စနှင့်ပတ်သက်၍ မေးခွန်းများ မေးမြန်းခံရဖွယ်ရှိနေသည်။ အိန္ဒိယနိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် ဆီယက်အက္ကဘာရူဒင်က “ဒီကိစ္စကို ပြီးခဲ့တဲ့ နိုဝင်ဘာကတည်းက ဗြိတိန်ဘက်ကို ကျွန်တော်တို့ မေးမြန်းထားပြီး အီတလီဘက်ကလည်း စုံစမ်းနေတဲ့အတွက် ရလဒ်ကိုစောင့်ဆိုင်းဖို့ သူတို့က ပြောခဲ့ပါတယ်” ဟု ဆိုသည်။

ဝန်ကြီးချုပ်ကင်မရွန်းသည် အိန္ဒိယသို့ ဗြိတိန်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့တစ်ခုကို ဦးဆောင်ကာ လာရောက်ခြင်းဖြစ်ပြီး နှစ်နိုင်ငံကြား ကုန်သွယ်ရေးတိုးမြှင့်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်သည်။ ကင်မရွန်းသည် ၂၀၁၀ တွင် အိန္ဒိယနှင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၇ ဒသမ ၈ ဘီလီယံရှိခဲ့ရာမှ ၎င်းနောက်တစ်ကြိမ် ရွေးကောက်ပွဲ ယှဉ်ပြိုင်မည့် ၂၀၁၅ တွင် ကုန်သွယ်မှုနှစ်ဆတိုးကာ ဒေါ်လာ ၃၀ ဘီလီယံနီးပါးခန့် တိုးနိုင်ရန် ရည်မှန်းထားသည်။

ကင်မရွန်းသည် ၂၀၁၀ တွင် အိန္ဒိယသို့ လာရောက်စဉ်က ဗြိတိသျှလုပ် ယူရိုဖိုက်တာ ဂျက်လေယာဉ်များ ဝယ်ရန် ဆွဲဆောင်ခဲ့ဖူးပြီး လေယာဉ်စီးရေ ၁၂၆ စီးအတွက် တန်ဖိုးဒေါ်လာ ၁၂ ဘီလီယံရှိ ကန်ထရိုက်ကို ရရှိရန် ကြိုးစားခဲ့သည်။

အိန္ဒိယသည် ပြီးခဲ့သည့် ဇန်နဝါရီတွင်မူ ဒတ်ဆော့လေကြောင်းကုမ္ပဏီက ထုတ်လုပ်သောပြင်သစ်တိုက်လေယာဉ်များဖြစ်သည့် ရာဖေးလ်ဂျက်လေယာဉ်များကို ဝယ်ယူသွားရန် ရွေးချယ်ထားခဲ့ပြီး အပြီးသတ်ဝယ်ယူရေး စာချုပ် ချုပ်ဆိုရခြင်း မရှိသေး၍ ကင်မရွန်းက ၎င်း၏ဗြိတိသျှတိုက်လေယာဉ်များကို ဝယ်ယူရန် စည်းရုံးနိုင်ဖွယ်ရှိကြောင်း သတင်းကဆိုသည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



# “ကျွန်တော်တို့ရဲ့ ဒီမိုကရေစီစနစ်က တည်ငြိမ်ပါတယ်”

## မက္ကဆီကိုသမ္မတ ပီညာနီယေတိုနှင့် တွေ့ဆုံခြင်း

### ကျော်မျိုး

မက္ကဆီကိုသမ္မတ ပီညာနီယေတိုဟာ ပြီးခဲ့တဲ့ ဒီဇင်ဘာကစလို့ နိုင်ငံရဲ့သမ္မတအဖြစ် တာဝန်ယူခဲ့ပါတယ်။ အောက်ဖော်ပြပါ ဂျာမန်စပိုင်းဂဲလ်မီဒီယာနဲ့ အင်တာဗျူးမှာတော့ နီယေတိုဟာ နိုင်ငံမှာ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးနဲ့ဆက်နွှယ်တဲ့ အကြမ်းဖက်မှုတွေ ပပျောက်ရေးတို့အတွက် ၎င်းရဲ့စီမံကိန်းတွေအကြောင်း၊ မက္ကဆီကိုနိုင်ငံရေးအကြောင်းတွေကို ဆွေးနွေးထားပါတယ်။

**သမ္မတကြီးခင်ဗျာ ပြီးခဲ့တဲ့ခြောက်နှစ်အတွင်း မက္ကဆီကို နိုင်ငံသားခြောက်သောင်းခန့်ဟာ မူးယစ်ဆေးတိုက်ဖျက်ရေး စစ်ပွဲအတွင်း အသက်ဆုံးရှုံးခဲ့ရပါတယ်။ အခုဆို သမ္မတကြီးအနေနဲ့ ရာထူးယူတာလည်း နှစ်လလောက်ရှိနေပါပြီ။ ဒီသွေးထွက် သံယိုဖြစ်မှုကို အဆုံးသတ်ဖို့ သမ္မတကြီး ဘယ်လိုအဆိုပြုထားပါသလဲ။**

ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးတို့ ပြန်လည်အခြေကျတာ လိုချင်ရင် ကျွန်တော်တို့ဟာ မညီမျှမှုနဲ့ ဆင်းရဲမွဲတေမှုတို့ကို တိုက်ဖျက်ရပါမယ်။ မက္ကဆီကိုနိုင်ငံသား ခုနစ်သန်းခန့်ဟာ အလွန်အမင်း ဆင်းရဲမွဲတေမှုတွေနဲ့ နေထိုင်နေရပါတယ်။ ဒါကြောင့်ပဲ ကျွန်တော်ဟာ ဆာလောင်မွတ်သိပ်မှုတိုက်ဖျက်ရေး ခရူးဆိတ်စစ်ပွဲကို ဆင်နွှဲနေရတာပါ။ ကျွန်တော်တို့ဟာ ပညာရေးစနစ် တိုးတက်အောင်နဲ့ စီးပွားရေးတိုးတက်မှု ခိုင်မာအောင်လည်း လုပ်ရပါဦးမယ်။

**လူမှုပေါ်လစီတစ်ခုထဲကပြဿနာကို ဖြေရှင်းဖို့ မလုံလောက်ဘူး မဟုတ်လား။**

လုံခြုံရေးတပ်ဖွဲ့တွေနဲ့ တရားစီရင်ရေးစနစ်တို့အားကောင်းအောင် ကျွန်တော်တို့ လုပ်သွားမှာပါ။ ဗဟိုအစိုးရနဲ့ သီးခြားပြည်နယ်တစ်ခုချင်းရဲ့ကြားက ပူးပေါင်းဆောင်ရွက်မှုကလည်း တိုးတက်လာခဲ့ပြီးပါပြီ။ ကျွန်တော်တို့ရဲ့ တပ်ဖွဲ့ကို ပရော်ဖက်ရှင်နယ်ဖြစ်အောင် လေ့ကျင့်ပေး၊ လက်နက်တပ်ဆင်ပေးသွားမှာပါ။ ရဲအရာရှိတွေ ချို့တဲ့နေရာတွေမှာလည်း အရပ်သားကြီးကြပ်မှုအောက်ကနေ စစ်ရေးလေ့ကျင့်မှုပေးထားတဲ့ လုံခြုံရေးအဖွဲ့တွေ ထားရှိပေးသွားမှာပါ။

**မြို့တော်မှာ မကြာမီကပဲ လူသတ်မှုတွေနဲ့ ပြန်ပေးဆွဲမှုနှုန်းတွေ မြင့်တက်လာခဲ့တယ်နော်။ သမ္မတကြီးရဲ့အနီးက မက္ကဆီကိုပြည်နယ်မှာလည်း ရာဇဝတ်ဂိုဏ်းတွေက မကြာမီက အလောင်းတွေ လာစွန့်ပစ်ခဲ့ကြသေးတယ်မဟုတ်လား။**

အခြေအနေကတော့ တစ်ညတွင်းချင်း မတိုးတက်နိုင်ဘူးပေါ့လေ။ အတိတ်တုန်းက အမှားတွေလုပ်ခဲ့ကြပြီး အဲဒါတွေကနေ ကျွန်တော်တို့ သင်ယူရပါမယ်။ သင့်လျော်တဲ့ကာလတစ်ခု အတွင်းမှာတော့ အကြမ်းဖက်မှုတွေ ကျဆင်းသွားမှာပါ။ မက္ကဆီကန်ပြည်သူတွေကို ကျွန်တော် ဒီကတိပေးထားပြီးပါပြီ။

**မူးယစ်ဆေးဘုရင်တွေကို ခြေရာခံဖို့နဲ့ အကြမ်းဖက်မှုလျှော့ချရေးတို့မှာ ဘယ်ဟာက သမ္မတကြီးအတွက် ပိုအရေးကြီးပါသလဲ။**

ကျွန်တော်တို့ရဲ့ ထိပ်တန်းဦးစားပေးအစီအစဉ်က လူသတ်မှုနဲ့ ပြန်ပေးဆွဲမှု အရေအတွက်တွေကို လျှော့ချသွားဖို့ပါ။ ဒါပေမဲ့ မာဖီးယားတွေကိုလည်း ကျွန်တော်တို့ ချေမှုန်းခဲ့ပါတယ်။ လူသတ်မှုတွေ အများကြီးဖြစ်ခဲ့တဲ့ အကြောင်းရင်းက ရာဇဝတ်ကောင်တွေဟာ စျေးကွက်ရဖို့ အချင်းချင်းတိုက်ခိုက်နေခဲ့ကြလို့ပါ။

**သမ္မတကြီးရဲ့ အရင်သမ္မတဟောင်း ဖီလစ်ပီကယ်ဒါရွန်ဟာလည်း မူးယစ်ဆေးရောင်းဝယ်တဲ့ မာဖီးယားတွေကို တိုက်ခိုက်ဖို့ စစ်တပ်ကိုတပ်ဖြန့်ချထားခဲ့ပါတယ်။ ဘယ်အချိန်လောက်မှာ အဲဒီတပ်တွေကို ပြန်ရုပ်သိမ်းမှာပါလဲ။**

လုံခြုံရေးအခြေအနေ တိုးတက်လာတယ်ဆိုမှပါ။ အဲဒီအခါမှာတော့ အခြေခံဥပဒေအရ တပ်တွေကို ရုပ်သိမ်းဖို့ ကျွန်တော်တို့ လိုက်နာသွားပါမယ်။

**လူ့အခွင့်အရေးအဖွဲ့အစည်းတွေကလည်း စစ်သားတွေဟာ အပြစ်မဲ့ပြည်သူတွေကို တိုက်ခိုက်ခဲ့ကြတယ်လို့ စွပ်စွဲထားပါတယ်။ အဲဒီတာဝန်ရှိသူတွေကိုရော သမ္မတကြီးအနေနဲ့ တရားစီရင်သွားမှာလား။**

အကြမ်းဖက်မှုတွေကြောင့် သားကောင်ဖြစ်ခဲ့ရတဲ့သူတွေကို လျော်ကြေးတွေပေးသွားဖို့၊ ရာဇဝတ်မှုတွေကို ရှင်းလင်းရာမှာ လိုက်နာဖို့ ဥပဒေတစ်ရပ်ကို ကျွန်တော်တို့ ပြဋ္ဌာန်းပြီးသွားပါပြီ။ ဒီဥပဒေက လုံခြုံရေးတပ်ဖွဲ့တွေကို လူ့အခွင့်အရေးတွေကို လေးစားလိုက်နာဖို့ ထိန်းကျောင်းပေးသွားမှာပါ။

**(မက္ကဆီကိုမှာ)အခုဆိုတချို့ဒေသတွေမှာ လူတွေဟာ မူးယစ်ဂိုဏ်းသားတွေရန်က သူတို့ကိုယ်သူတို့ကာကွယ်နိုင်ဖို့ စစ်သွေးကြွအဖွဲ့တွေ ဖွဲ့စည်းနေကြပါတယ်။ အစိုးရဟာ ကျေးလက်ဒေသကို ထိန်းချုပ်နိုင်စွမ်း မရှိတော့ဘူးလားခင်ဗျ။**

နိုင်ငံရဲ့ အချို့သော အပိုင်းတွေက ပြည်သူတွေဟာ သိပ်စိတ်ရှုပ်ထွေးနေကြပြီး ကိုယ်ပိုင်ကာကွယ်ရေးအဖွဲ့တွေ ဖွဲ့စည်းနေကြပါတယ်။ ဒီဒေသတွေမှာ အစိုးရရဲ့ တည်ရှိမှု အားကောင်းအောင်လည်း ကျွန်တော်တို့ဆောင်ရွက်ခဲ့ပါ တယ်။ ကိုယ်ပိုင်ကာကွယ်ရေးအဖွဲ့တွေဆိုတာကတော့ ပိုပြီးအကြမ်းဖက်မှုတွေ ဖြစ်လာစေဖို့သာ ဦးတည်ပါလိမ့်မယ်။

**ယခင် သမ္မတဟောင်းဟာ နိုင်ငံမှာ ခြစားမှုတိုက်ဖျက်ရေးကိုလုပ်ဖို့ကတိပေးခဲ့ပါတယ်။ ဒီတစ်ကြိမ်မှာ သမ္မတကြီးအနေနဲ့ အောင်မြင်အောင်လုပ်နိုင်မယ်လို့ မက္ကဆီကိုပြည်သူတွေက ဘာကြောင့် ယုံကြည်သင့်ပါသလဲ။**

ဒီကိစ္စက သမ္မတရဲ့ တာဝန်သက်သက်ချည်း မဟုတ်ပါဘူး။ ဒေသဆိုင်ရာ(ပြည်နယ်)အစိုးရတွေဟာလည်း ပူးပေါင်းဆောင်ရွက်ရပါမယ်။ သူတို့ကို ကူညီဖို့ ကျွန်တော်တို့ ဆန္ဒရှိနေပါတယ်။

**အမေရိကန်ပြည်ထောင်စုဟာ မက္ကဆီကိုမှာ ဖြစ်ပေါ်နေတဲ့ အုပ်စုလိုက် ရာဇဝတ်မှုတွေကို နှိမ်နင်းဖို့စစ်ရေးအကူအညီတွေ မြှင့်တင်ပေးအပ်နေပါတယ်။ မက္ကဆီကိုမှာ အမေရိကန်စစ်အကြံပေးတွေကိုရော နေရာချထားပေးဖို့ ရှိနေပါသလား။**

ဝါရှင်တန်နဲ့ ကျွန်တော်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်သွားချင်နေပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာကို မထိပါးစေဘဲ လုပ်ဆောင်မှာပါ။ လုံခြုံရေးအခြေအနေကြောင့် ပူးပေါင်းဆောင်ရွက်မှုတွေကိုကန့်သတ်မထားနိုင်ပါဘူး။ ကျွန်တော်တို့အနေနဲ့ အမေရိကန်နဲ့ ဆက်စပ်မှုအားသာချက်ကိုယူပြီး စီးပွားရေးပေါင်းစည်းမှုဆီ ဦးတည်ဆောင်ရွက်သွားချင်ပါတယ်။

**နိုင်ငံခြားကုမ္ပဏီတွေဟာ မူးယစ်ဆေးတိုက်ဖျက်ရေး အကြမ်းဖက်စစ်ပွဲကြောင့် နောက်မတွန့်ဘဲ အရင်ကထက်ပိုပြီး မက္ကဆီကိုမှာ ရင်းနှီးမြှုပ်နှံလာနေကြတာ အထင်အရှားပါပဲ။ ဗောက်စ်ဝက်ဂွန်ကုမ္ပဏီ VW ဟာဆိုရင် မကြာသေးမီကဒီမှာ အင်ဂျင်ထုတ်လုပ်ရေးစက်ရုံတစ်ခု ဖွင့်ခဲ့ပြီး Golf မော်တော်ကားမော်ဒယ်သစ်ကို ထုတ်လုပ်ဖို့ပြင်ဆင်နေပါတယ်။ အော်ဒီကလည်း စက်ရုံသစ်တစ်ခု တည်ဆောက်နေတယ်နော်။**

မက္ကဆီကိုအနေနဲ့ တည်ငြိမ်တဲ့ စီးပွားရေးကို ပေးစွမ်းနေနိုင်ပါတယ်။ ကြွေးမြီက အနိမ့်ဆုံးပဲရှိနေပြီး ငွေဖောင်းပွမှုနှုန်းက ၄ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ကျွန်တော်တို့မှာ ဘက်ဂျက်လိုငွေပြမှု မရှိသလောက်နည်းပြီး အရန်နိုင်ငံခြားသုံးငွေလည်း အများကြီးရှိနေပါတယ်။ ဒါကပဲ ရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်ထားတာပေါ့။

**သမ္မတကြီးရဲ့ပါတီ PRI ဟာ မက္ကဆီကိုမှာ အုပ်ချုပ်လာတာ အတိုက်အခံဘက်က ၂၀၀၀ပြည့်နှစ်တုန်းက တစ်ကြိမ် အာဏာရခဲ့တဲ့အထိ နှစ်ပေါင်းခုနစ်ဆယ်ကျော်ခဲ့ပါတယ်။ စာပေနိုဗယ်ဆုရှင် မာရီယိုဖားဂတ်စ်ယော်ဆာကတော့ PRI ရဲ့ နိုင်ငံ့အာဏာအုပ်စီးထားမှုကို “ပြီးပြည့်စုံတဲ့ အာဏာရှင်စနစ်” အဖြစ် သတ်မှတ်ဖော်ပြခဲ့ဖူးပါတယ်။ အခုလို သမ္မတကြီးတို့ပါတီ အာဏာပြန်ရလာတာဟာ (နိုင်ငံမှာ)ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွေကို ပျက်စီးသွားစေနိုင်ပါသလား။**

ကျွန်တော်တို့ရဲ့ ဒီမိုကရေစီစနစ်က တည်ငြိမ်ပါတယ်။ ကျွန်တော့်အစိုးရဟာ အဓိကအတိုက်အခံပါတီအားလုံးနဲ့အတူ “မက္ကဆီကိုအတွက် စာချုပ်” လို့ခေါ်တဲ့ သဘောတူညီမှု စာချုပ်တစ်ရပ်ကို ချုပ်ဆိုထားပါတယ်။ ဒီသဘောတူညီမှုက ပြုပြင်ပြောင်းလဲရေးတွေနဲ့ ဒီမိုကရေစီဖြစ်ထွန်းရေးကို တောင်းဆိုထားတာပါ။ ဒီဖြစ်စဉ်ဟာ ပြီးပြည့်စုံမှုတော့ မရှိသေးပါဘူး။

**ဘာကြောင့် မက္ကဆီကိုနိုင်ငံသားတွေက PRI ပါတီ အာဏာပြန်ရလာတာဟာ အာဏာရှင်ဆန်တဲ့ အမူအကျင့်ပြန်လာမှု မဟုတ်ဘူးလို့ ယုံကြည်သင့်တာပါသလဲ။**


မက္ကဆီကိုဟာ ပြောင်းလဲသွားခဲ့ပါပြီ။ အတိတ်က ပုံစံမျိုးတွေအတွက် ဒီကနေ့မှာ နေရာမရှိတော့ပါဘူး။ PRI ဟာလည်း အခြားသော ပါတီများလိုပဲ ဂိမ်းရဲ့ ဒီမိုကရေစီနည်းကျ စည်းမျဉ်းတွေကို ကျင့်သုံးရပါမယ်။ ကျွန်တော်တို့ဟာ ဗဟုဝါဒီဆန်၊ ဝေဖန်ရေးဆန်ပြီး အသိတရားရှိတဲ့ လူ့အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ အတိတ်တုန်းက အနေအထားမျိုးဆီကို ကျွန်တော်တို့ ပြန်ရောက်သွားနိုင်မယ့် အခွင့်အလမ်းဘာမှ မရှိပါဘူး။

*—Ref: Mexican President Peña Nieto 'We Have to Crush the Mafia'. Spiegel: 6th, Feb.*

7DAY NEWS JOURNAL

# Entertainment

Vol.11, No.50 • FEBRUARY 21 , 2013



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ဘန်ကောက်တွင် ဆေးကုသမှု ခံယူနေသည့် Rဇာနည်

ကြူကြူဟန်

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၆**

အဆိုတော် R ဇာနည်သည် ရှိုးပွဲများ အဆက်မပြတ် သီဆိုရင်း အလုပ်ပင်ပန်းမှုကြောင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ဖေဖော်ဝါရီ ၁ရက်က သွားရောက်ဆေးကုသနေကြောင်း Rဇာနည်၏ညီ Mသီဟက ပြောသည်။

သွားရောက်ဆေးကုသနေစဉ်ကာလအတွင်း R ဇာနည်အောက်ပိုင်းလေဖြတ်သွားသည်ဟူသောကောလာဟလသတင်းများ ထွက်ပေါ်ခဲ့သည်။

"လေဖြတ်တယ်လို့ အပြင်မှာ ပြောနေကြတာ မဟုတ်ပါဘူး။ အအေးနည်းနည်းပတ်သွားတာ။ ပြန်ကောင်းနေပါပြီ။ ဟိုမှာနည်းနည်း ထပ်နေဦးမယ်။ ဘယ်နေ့ပြန်လာမလဲတော့ သေချာမသိသေးဘူး" ဟု R ဇာနည်၏ ယောက္ခမဖြစ်သူကပြောသည်။

ထို့ကြောင့် ယင်းမတိုင်မီကာလက စီစဉ်ပြီးဖြစ်သော ဖေဖော်ဝါရီ ၁၇ရက်တွင် ပြုလုပ်သည့် Y Talk ပထမနှစ်ပတ်လည်ရှိုးပွဲသို့ လာရောက် ဖျော်ဖြေနိုင်မည်မဟုတ်ပေ။ထို့အတူဖေဖော်ဝါရီ၉ရက်တွင်ပြုလုပ်ခဲ့သော တင်ဇာမော်ရှိုးပွဲ၌ စုံတွဲသီဆိုရန် စီစဉ်ထားသော်လည်း မဆိုဖြစ်ခဲ့ဘဲ R ဇာနည်၏ညီ M သီဟနှင့်သာ တွဲဖက်သီဆိုခဲ့ခြင်းဖြစ်သည်။

# မြန်မာပရိသတ်က ဘယ်လိုပုံတွေကညစ်ညမ်းပြီး ဘယ်လိုပုံတွေက ယဉ်ကျေးမှုနဲ့ လက်ခံလို့ရသလဲဆိုတာ ခွဲခြားတတ်လာပါပြီ

**မော်ဒယ် သန္တာလှိုင်နှင့်တွေ့ဆုံခြင်း** အေးသူစံ

မော်ဒယ်ခေတ်ဦးတည်းက သီးသန့်မော်ဒယ်အဖြစ် ရပ်တည်လာခဲ့ပြီး အောင်မြင်နေချိန်မှာပဲ နိုင်ငံခြားကိုထွက်ခွာသွားခဲ့တဲ့ သန္တာလှိုင်ဟာ ၂၀၀၉ နှစ်ကုန်ပိုင်းမှာ မြန်မာနိုင်ငံကို ပြန်လာခဲ့ပါတယ်။ ခုလို အိမ်ထောင်ကျပြီး ပြန်ရောက်လာချိန်မှာလည်း ပရိသတ်တွေအားပေးမှုရရှိထားပြီး အနုပညာအလုပ်တစ်ဖက်၊ စီးပွားရေးအလုပ်တစ်ဖက် ပြန်လည်အစပျိုးလုပ်ကိုင်ခဲ့ပါတယ်။ ၂၀၁၃ မှာတော့ သူမကျွမ်းကျင်တတ်မြောက်တဲ့ အသက်မွေးဝမ်းကျောင်းနဲ့ သက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်နေပြီး မော်ဒယ်လုပ်ငန်းကိုလည်း စိစစ်ပြီးလုပ်ကိုင်နေပါတယ်။ မော်ဒယ်တစ်ယောက်အနေနဲ့ ပြည်တွင်းမှာသာမက နိုင်ငံတကာမှာ ဝင်ဆံ့အောင်မြင်ခဲ့တဲ့ မော်ဒယ်သန္တာလှိုင်နဲ့ ယနေ့ခေတ်မော်ဒယ်လောကဖြတ်သန်းမှု၊ ဂယက်၊ ဝေဖန်မှုတွေအကြောင်းကို မေးမြန်းခဲ့ပါတယ်။

**မော်ဒယ်၊ စီးပွားရေးလုပ်ကိုင်သူတစ်ယောက်အနေနဲ့မြန်မာနိုင်ငံမှာပြန်လည်ရပ်တည်ဖြစ်ခဲ့တာဘာကြောင့်ပါလဲ။**

လူတွေအကုန်လုံးက အခုချိန်ကျမှ ရန်ကုန်ကို အလုအယက်ပြန်လာနေကြတဲ့ အချိန် မှာ ကျွန်မကလွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက သွားလိုက်၊ပြန်လိုက်နဲ့ စပြီးအခြေချခဲ့တာပါ။ မီးကလည်း ပျက်၊ အိမ်ကလေးကလည်း ကျဉ်းကျဉ်းလေးနဲ့ စီးပွားရေးတစ်ဖက်နဲ့ ကလေးတွေနဲ့ခွဲပြီး ဒီမှာ တစ်ဝက်နေ၊ ဩစတြေးလျမှာတစ်ဝက်နေနဲ့ စခဲ့တာ။ အခုချိန်မှာတော့ စောစောပြန်လာတဲ့ အကျိုးကျေးဇူးကိုစပြီး ခံစားနေရပြီလို့ ပြောလို့ရပါပြီ။



ဓာတ်ပုံ-ထက်ပိုင်ဖြိုး(ဇဝန)

**လွန်ခဲ့တဲ့သုံးနှစ်ကျော်မှာ မြန်မာပြည်ကို ပြန်လာခါစတုန်းက အဝတ်အစားဖက်ရှင် ဒီဇိုင်းလုပ်ငန်းကိုရော ဆက်လုပ်ဖြစ်နေပါသလား။**

အဝတ်အစား ဖက်ရှင်ဒီဇိုင်း လုပ်ငန်းတစ်ခုလုံးကို ရောင်းလိုက်ပါပြီ။ သိပ်ပြီး အောင်မြင်သွားလို့ ရောင်းလိုက်တာတော့ မဟုတ်ပါဘူး။ ကိုယ်မကျွမ်းကျင်တဲ့ လုပ်ငန်းမို့လို့ပါ။ အခုတော့ ကိုယ်ကျွမ်းကျင်တဲ့ ပညာနဲ့ပဲ လုပ်ငန်းစဖြစ်တော့ အချိန်တိုတိုအတွင်းမှာပဲ မထင်မှတ်ရလောက်အောင်ကို ခရီးရောက်လာပါတယ်။

**ဒီလိုဆိုတော့အခုလုပ်နေတဲ့အလုပ်ကရော။**

၂၀၁၂မှာ ကျွန်မနဲ့ ကျွန်မရဲ့ စီးပွားဖက်တစ်ဦးနဲ့အတူ မြန်မာပြည်တွင်းဥပဒေပညာရှင်တွေနဲ့ပေါင်းပြီး ဥပဒေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအကြံပေးလုပ်ငန်းတစ်ခု လုပ်ကိုင်ခဲ့ပါတယ်။ Australia University of New England မှာဥပဒေရေးရာ အထူးပြုတက်ပြီး ကျောင်းမပြီးခင်လေးမှာ အလုပ်စလိုက်တာပါ။

စာ(၄၉)သို့



# အကယ်ဒမီမော့စ်ရဲ့ နောက်ဆုံးခရီး

**အေးသူစံ**

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၃**

ရုပ်ရှင်၊ ဗီဒီယိုသရုပ်ဆောင် လူရွှင်တော်ဖြစ်သူ အကယ်ဒမီမော့စ်၏နာရေးကို မူလသတ်မှတ်ထားသည့် အချိန်ထက် နာရီဝက်ကျော်စော၍ ယနေ့ ညနေ၃နာရီခွဲခန့်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ခဲ့သည်။

နောက်ဆုံးခရီးသို့လာရောက်ပို့ဆောင်သူများလွန်းသဖြင့် မူလသတ်မှတ်ထားသည့် ညနေ ၄ နာရီမတိုင်မီ စောလျင်စွာသဂြိုဟ်လိုက်ခြင်းဖြစ်သည်။

အကယ်ဒမီမော့စ်သည်ဖေဖော်ဝါရီ၁၃ နံနက် ၄နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့၊ SSC ဆေးရုံ၌ ကွယ်လွန်သွားခဲ့ခြင်းဖြစ်သည်။

ကွယ်လွန်ချိန်တွင် အသက် ၅၉ နှစ် ရှိပြီဖြစ်သည့် ဟာသသရုပ်ဆောင် မော့စ်သည် အသည်းရောဂါဝေဒနာကို ခံစားနေရခြင်းကြောင့် လွန်ခဲ့သည့် ၂ နှစ်ခန့်ကတည်းက အနုပညာလုပ်ငန်းများမှလုံးဝအနားယူခဲ့ရသည်။

သို့သော်ယခုကွယ်လွန်ခြင်းမှာ အဆုတ်ထဲရေဝင်ရာမှ အသက်ရှူမဝဖြစ်ကာ ရုတ်တရက် ကျန်းမာရေးအခြေအနေ ဆိုးရွားသွားခြင်းကြောင့်ဖြစ်ကြောင်း ၎င်း၏ သားငယ်က ပြောသည်။

ဆေးကုသမှုခံယူနေစဉ် 'ထာဝရအလင်းတန်းများ' ရုပ်ရှင်ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ရရှိခဲ့ပြီး ဆေးရုံမှ ခေတ္တဆင်းကာ ဆုကိုလက်ခံယူပြီး နှစ်လနီးပါးအကြာတွင် ကွယ်လွန်သွားခြင်းဖြစ်သည်။

အကယ်ဒမီဆုရရှိခြင်း အထိမ်းအမှတ်ညှော့ခံပွဲကိုဇန်နဝါရီလလယ်ပိုင်းတွင်ပြီးနောက် ယနေ့နံနက်တွင်ကွယ်လွန်သွားခြင်းဖြစ်သည်။

စွယ်စုံရဟာသသရုပ်ဆောင်မော့စ်ကွယ်လွန်ခြင်းအပေါ် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးဇင်ဝိုင်းက "ပြည်သူတွေရဲ့ချစ်ခင်အားပေးမှုကို ရရှိထားတဲ့ စွယ်စုံစွမ်းဆောင်ရည်ပြည့်ဝတဲ့ အနုပညာရှင် လောကသားတစ်ဦးဆုံးရှုံးတာဟာ ရုပ်ရှင်လောကအတွက် အစားထိုးမရတဲ့ ဆုံးရှုံးမှုပါ" ဟုပြောသည်။

7 DAY NEWS JOURNAL
Vol.11, No.50 · FEBRUARY 21 , 2013



## ဟောင်ကောင်ဒါရိုက်တာဂျွန်ဝူး ရိုက်ကူးမည့် ဇာတ်ကားသစ်တွင် ကျန်းကျိုယီနှင့် အွန်စော ပါဝင်မည်

**ဟောင်ကောင်၊ဖေဖော်ဝါရီ-၁၆**

ကမ္ဘာနှင့် အာရှတွင်သာမက မြန်မာနိုင်ငံတွင်ပါ လူသိများထင်ရှားသော တရုတ်မင်းသမီး ကျန်းကျိုယီနှင့် တောင်ကိုရီးယားမင်းသမီး ဆောင်ဟေးကျို (အွန်စော)တို့သည် ဟောင်ကောင်မှ နာမည်ကျော် ဒါရိုက်တာဂျွန်ဝူး ရိုက်ကူးမည့်"Love and Let Love"ရုပ်ရှင်ကားသစ်တွင် ပူးတွဲသရုပ်ဆောင်သွားကြမည်ဖြစ်သည်။

ဟောင်ကောင်မီဒီယာ၏ ဖော်ပြချက်အရ ထိုရုပ်ရှင်ထုတ်လုပ်ရေးအဖွဲ့သည်ဇာတ်ကားတွင် ပါဝင်ရန် တိုင်ပေသရုပ်ဆောင်မင်းသားချန်ချင်းနှင့် ဟောင်ကောင်မင်းသား အင်ဒီလောတို့ကို ဆွေးနွေးနေကြောင်း ဆိုသည်။ ထိုဇာတ်ကားနောက်ခံမှာ တရုတ်ပြည်တွင်းစစ်ကာလ ၁၉၃၀ နှစ်များက ရှန်ဟိုင်းမြို့တွင် ဇာတ်အိမ်တည်ကာ အချစ်ဇာတ်လမ်းလေးခုဖြင့် တည်ဆောက်ထားသည်။ ဆောင်ဟေးကျိုမှာ ဘဏ်လုပ်ငန်းရှင်တစ်ဦး၏ သမီးအဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး ကျန်းကျိုယီမှာမူ မည်သည့်ဇာတ်ရုပ်နေရာတွင် ပါဝင်မည်မှန်း မသေချာသေးပေ။ "Love and Let Love"ဇာတ်ကားကို ၂၀၀၈ ကပင် ရိုက်ကူးရန် ကြေညာခဲ့သော်လည်း သရုပ်ဆောင်ပိုင်းနှင့် အခြားထုတ်လုပ်ရေး ပြဿနာများကြောင့် နှောင့်နှေးခဲ့ရခြင်းဖြစ်သည်။ အသက် ၆၆ နှစ်အရွယ်ရှိ ဒါရိုက်တာဂျွန်ဝူးသည် ယမန်နှစ်က ရောဂါကြောင့် လေးလခန့် အနားယူခဲ့ရပြီး ယခုဇာတ်ကားကို လာမည့်ဧပြီလတွင် တိုင်ပေနှင့် ရှန်ဟိုင်းတို့၌ ရိုက်ကူးသွားမည်ဖြစ်သည်။ —Ref: CNA



## ပရိသတ်အကြံပေးတဲ့အတိုင်း "မီးအိမ်ကဗျာ"ကို ဖန်တီးမယ့် ချစ်သုဝေ

**အေးသူစံ** **ရန်ကုန်၊ ဖေဖော်ဝါရီ-၁၄**

မကြာမီက ထွက်ရှိခဲ့သော ချစ်သုဝေနှင့်လင်းလင်းတို့၏ စုံတွဲစီးရီး 'မီးအိမ်ကဗျာ'ကို ဗီစီဒီရိုက်ကူးရာတွင်ပရိသတ်များအကြံပြုသော ဇာတ်လမ်းဇာတ်ကွက်များထည့်သွင်းရိုက်ကူးရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်းချစ်သုဝေကပြောသည်။

မြန်မာပြည်ဂီတဈေးကွက်အနေအထားအရ ဗီစီဒီမဖြစ်မနေထွက်ရှိရန်လိုအပ်သော်လည်း မိမိတို့တေးသီချင်းများကို ပရိသတ်များအချိန်ပေးနားထောင်စေလိုသောကြောင့် ယင်းသို့စီစဉ်ရခြင်းဖြစ်ကြောင်း ချစ်သုဝေက ပြောသည်။

စီးရီးခေါင်းစဉ်ဖြစ်သည့် 'မီးအိမ်ကဗျာ' သီချင်းကိုမှတ်တမ်းရုပ်ရှင်ဆန်သည့်တင်ဆက်မှုများပြုလုပ်မည်ဖြစ်ပြီး ကျန်သီချင်းများအတွက် ပရိသတ်များ၏ သီချင်းများအပေါ် နားဆင်ခံစားပြီး ပုံဖော်ထားမည့် ဇာတ်လမ်းဇာတ်ကွက်များကို သူမထံပေးပို့နိုင်ကြောင်း ၎င်းကပြောသည်။

"ထရီဇာတို့ ဒီအော်ဒီယိုစီဒီခွေလေးကို ပရိသတ်တွေအချိန်ပေးပြီးနားထောင်စေချင်တယ်။ ထရီဇာတို့ ဗီစီဒီအတွက် ကောင်းတဲ့ဇာတ်လမ်းစိတ်ကူးလေးတွေရရင်ထရီဇာတို့ဆီပို့ပေးပါ။ သီချင်းလေးတွေနားထောင်ပြီးတော့ သူတို့ပုံဖော်တဲ့ဟာလေးတွေကို တစ်ပုဒ်လောက်တော့ထည့်ရိုက်ချင် တယ်"ဟု ပြောသည်။

အော်ဒီယိုစီဒီပါသီချင်းများနားထောင်ပြီးပါက ဗီစီဒီအတွင်းထည့်သွင်းရိုက်ကူးပုံဖော်လိုသော အကြံပြုချက်များ၏ပြည်တွင်းထုတ်မဂ္ဂဇင်း၊ ဂျာနယ်အချို့ထံနှင့် ချစ်သုဝေ၏နေအိမ်ဖြစ်သည့် အမှတ်(တီ)၆၊ ရွှေအင်ကြင်းရိပ်မွန်အိမ်ရာ၊ သုဝဏ္ဏာသို့ပေးပို့နိုင်ကြောင်း သိရသည်။

## နှင်းဆီအငြိမ့် စင်ကာပူဖျော်ဖြေပွဲတွင် ပြည်သူ့ရင်ပြင်ပွဲပြက်လုံးများသာ သုံးမည်

**ဖွဲ့ဉာဏ်**
**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၆**

စင်ကာပူနိုင်ငံတွင် မေလအတွင်း ကပြမည့် နှင်းဆီခရီးသည်မော်ဒန်အငြိမ့်တွင် ပြည်သူ့ရင်ပြင်၌ ကပြခဲ့သော ပြက်လုံးများဖြင့်သာ ဖျော်ဖြေမည်ဖြစ်ကြောင်း ဒါရိုက်တာ မောင်မျိုးမင်း က ပြောသည်။

"ဒီပွဲက ပြက်လုံးတွေကိုပဲ က ပြမှာပါ ။ အခွေထုတ်လိုက်ရင် အဟောင်းဖြစ်သွားမှာ စိုးလို့ပါ" ဟု ၎င်းက ပြောသည်။

ထို့ကြောင့်ဖျော်ဖြေပွဲကိုမည်သည့်ရုပ်သံအစီအစဉ်တွင်မှပြသခြင်းမရှိဘဲ စင်ကာပူပွဲပြီးမှသာ အခွေထုတ်ရန်စီစဉ်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့ပြင် ဦးမျိုးမင်း ၏ ကျန်းမာရေးနှင့် ပတ်သက်၍ နှင်းဆီခရီးသည် ၏ သံချပ်တွင် မိုးမိုး က " ဒီဗိုက်ထဲမှာ ပိုက်ချောင်းကြီး တွေ့လို့ ကယ်ပါဦး၊ ကူပါဦး၊ ဘယ်သူမှ ထုတ်လို့ မပေးလို့ နိုင်ငံခြားသွားထုတ်ခဲ့ရ ဒါ မောင်မျိုးမင်းစတိုင်" ဟု ပြက်ခဲ့သည်။

"ကျန်းမာရေးအခြေအနေကတော့ ကောင်းနေပါတယ်။ ခုဘန်ကောက်က ပြန်ချိန်းထားလို့ သွားရမယ်။ အနာလည်း ကျက်နေပါပြီ"ဟု၎င်း၏ ကျန်းမာရေးအခြေအနေကိုပြောသည်။







7DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013



စာ(၄၇)မှ

# မော်ဒယ် သန္တာလှိုင်နှင့် တွေ့ဆုံခြင်း

ကိုယ်ကျွမ်းကျင်ရာ မို့လို့လည်း အလုပ်တွေအားလုံး အချိန်တိုအတွင်းမှာ အဆင်ပြေပြေနဲ့ အံဝင်ခွင်ကျဖြစ်လာတာပါ။ Modelling နဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်တွေ Agency တွေ ကိုလည်း ကျွန်မရဲ့ရုံးမှာပဲ လက်ခံပြီးတွေ့ ဖြစ်ပါတယ်။

**မော်ဒယ်ဘဝ၊ စီးပွားရေးလုပ်ငန်း ရှင်ဘဝနဲ့ မိခင်ဘဝမှာ နေ့စဉ်အချိန်တွေကိုဘယ်လိုစီမံခန့်ခွဲပါသလဲ။**

ကျွန်မရဲ့လုပ်ငန်းက ရန်ကုန်မှာ ရုံးချုပ်မို့လို့ ရန်ကုန် မှာပဲ အချိန်ပြည့်နေဖြစ်တာ ၂၀၁၂ တည်းကပါ။ ကျွန်မရဲ့ကလေးတွေလည်း ရန်ကုန်မှာပဲ ကျွန်မနဲ့ နေပါတယ်။ အချိန် ဆိုတာ တကယ်ပေးချင်ရင် အမြဲ ရှိပါတယ်။ အဲဒီလိုမှ အချိန်ကို အကျိုးရှိအောင် မသုံးရင် ကလေးနဲ့အမေနဲ့က မနက်ကျောင်း မသွားခင်ရယ် ညအိပ်ချိန်ရယ် လောက်ပဲ တွေ့ရမှာလေ။ အချိန်ရရင်ရသလို ကလေးတွေနဲ့ အတူရှိနေပါတယ်။

မော်ဒယ်လုပ်ငန်းအကြောင်း အဓိကမေးချင်ပါတယ်။ မော်ဒယ်ခေတ်ဦးကတည်းက Professional အဖြစ် လုပ်ကိုင် ခဲ့တဲ့ အစ်မရဲ့ မော်ဒယ်ဘဝ ဖြတ်သန်းမှုနဲ့ ဒီနေ့ မော်ဒယ်ဖြတ်သန်းမှုမှာ ဘာတွေကွဲပြား ခြားနားသွားပါသလဲ။

ဒီကနေ့ အချိန်မှာတော့ ကိုယ်ကနေရာတစ်ခုကို သီးသီးသန့်သန့် ယူထားတဲ့ မော်ဒယ်တစ်ယောက်အနေနဲ့ ရပ်တည်နေတာဖြစ်တဲ့အတွက်ရော၊ နိုင်ငံတကာ အတွေ့အကြုံတွေ ရှိတဲ့ လက်ဦးမော်ဒယ်ဖြစ်နေတာကလည်းတစ်ကြောင်း၊ ငယ်ငယ်တုန်းက ရပ်တည်ရတာနဲ့တော့ မတူဘူးပေါ့။ နေရာပေးခံရတာချင်းရော၊ လေးစားမှုရော ငယ်ငယ်ကနဲ့တော့ ယှဉ်လို့မရပါဘူး။

**မော်ဒယ်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ကျင့်ဝတ်သိက္ခာပိုင်း၊ တန်ဖိုးထားမှုဆိုတာကို နိုင်ငံတကာမော်ဒယ်အသိုင်းအဝိုင်းမှာ ဝင်ဆံ့ခဲ့တဲ့ အစ်မ ဘယ်လိုများ အဓိပ္ပာယ်ဖွင့်ဆိုလိုပါသလဲ။**

မော်ဒယ်တင် မဟုတ်ဘဲ လူတိုင်းမှာကျင့်ဝတ်နဲ့ သိက္ခာဆိုတာရှိပါတယ်။ မော်ဒယ်တစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာလည်း လူတစ်ယောက်မှာ ရှိသင့်တဲ့ ဂုဏ်သိက္ခာနဲ့ ဘာမှမကွာပါဘူး။ ပိုတိုးရင်သာ တိုးသွားမယ်။ မော်ဒယ်ဆိုတာကျတော့ အားလုံးက ပိုစိတ်ဝင်စားစွာနဲ့စောင့်ကြည့်ခံရတဲ့အလုပ်အကိုင်ဖြစ်နေလို့ ပါပဲ။

**ယနေ့ခေတ် မော်ဒယ်လို့ ဆိုကြတဲ့ တချို့မြန်မာမော်ဒယ်မိန်းကလေးတွေရဲ့ ဝတ်စားဆင်ယင်မှု၊ ခန္ဓာကိုယ်အစိတ်အပိုင်းဖော်ပြမှုတွေက မော်ဒယ်ဆိုတဲ့ အသက်မွေးဝမ်းကျောင်းရဲ့ ဂုဏ်သိက္ခာပိုင်းနဲ့ တန်ဖိုးကို ယုတ်လျော့စေနိုင်တယ်လို့ ထင်ပါသလား။**

အဲဒါဟာ အင်မတန်မေးကြတဲ့ မေးခွန်းပါ။ အခု ကျွန်မမြင်တာက ဂုဏ်သိက္ခာထိခိုက်စရာကောင်းတဲ့ အဝတ်အစားမျိုးဝတ်ပြီးတော့ မြန်မာမျက်စိမှာ ကြည့်ရတာ အဆင်မပြေတဲ့ ဆေးလိပ်နဲ့ အရက်ကြော်ငြာကို မိန်းကလေးတွေလုပ်ရင် သူတို့ကိုယ်သူတို့ မော်ဒယ်ဆိုပြီး ဂုဏ်ပုဒ်တပ်လိုက်တဲ့အတွက် မြန်မာလူကြီးအများစုဟာ မော်ဒယ်ဆိုတဲ့ အသက်မွေးဝမ်းကျောင်းကို အမြင်မှားလာစရာ ရှိပါတယ်။ ဆေးလိပ်နဲ့ အရက်ရောင်းတာကို မှားတယ်လို့ ပြောတာမဟုတ်ပါဘူးနော်။ မော်ဒယ်အနုပညာဆိုတာ အင်မတန်ခက်ခဲတဲ့ အလုပ်ပါ။ ကိုယ့်ကိုယ်ကိုယ် မော်ဒယ်လို့ နာမည်တပ်ထားတဲ့ လူတွေကိုပဲ ကြည့်ပြီး သုံးသပ်သွားကြမှာမို့လို့ လွယ်လွယ်ကူကူနဲ့ ဓာတ်ပုံတစ်ခါ လောက်ရိုက်ဖူးရင်ဖြစ်ဖြစ်၊ ပြိုင်ပွဲတစ်ခါလောက်ပြိုင်ဖူးရင်ဖြစ်ဖြစ်၊ ကလပ်ထဲမှာ စင်ပေါ်ခဏလျှောက်ဖူးရင်ဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် မော်ဒယ်လို့နာမည်မတပ်ကြပါနဲ့လို့ဘဲ ကျွန်မတောင်းပန်ချင်ပါတယ်။

**အဖော်အချွတ် ဓာတ်ပုံတွေ အွန်လိုင်းမှာ နေရာယူလာတာဟာ ပြည်တွင်းမော်ဒယ်တွေအပေါ် အမြင်တိမ်းစောင်းမှု ဖြစ်နိုင်ပါသလား။ ဥပမာ စပွန်ဆာရှာတယ်ဆိုတဲ့ အမြင်မျိုးလူမှုရေးပြဿနာတွေနဲ့ ရောထွေး အမြင်ခံရနိုင်ခြေပိုများနိုင်ပါသလား အစ်မ။**

ပြည်တွင်းမော်ဒယ်အများစုက ဒီလိုပုံတွေ မရိုက်ကြပါဘူး။ မော်ဒယ်အနည်းစုသာ အွန်လိုင်းပေါ်မှာ ညီမပြောတဲ့ ပုံတွေ ရှိနေတာပါ။ အဝတ်မပါဘဲနဲ့တောင် ညစ်ညမ်းတယ်ဆိုတဲ့ အာရုံမကျန်ခဲ့စေဘဲနဲ့ နူးညံ့သိမ်မွေ့တဲ့ခံစားမှုလေးကျန်အောင် ရိုက်ပြီး တင်ဆက်နိုင်ရင် အနုပညာမြောက်တယ်လို့ ကျွန်မယူဆပါတယ်။ ဒါပေမဲ့ အခုမြင်နေရတာတွေက ဆင်ဆာ မရှိတော့ဘူးဆိုတိုင်း အကျီတော့ ဝတ်ထားပါတယ်။ ပို့စ်က လှုံ့ဆော်နိုးကြွစေတဲ့ ပို့စ်နဲ့ Lighting က ပြေပြစ်မှုမရှိ Composition က ဘာမှပညာ သားမပါလည်း Print Add တွေမှာ သုံးနေကြတယ်။ အခု ပြောနေတာက ကျွန်မကိုယ်တိုင်က အဖော်အချွတ်ဓာတ်ပုံတွေ မရိုက်ဘူးဆိုတာနဲ့ သူများ လှလို့ချတ်ပြီး ရိုက်လို့ရလို့ ရိုက်ထားတာကို မနာလိုစိတ်ထားသလိုမျိုး ဖြစ်သွားမှာပေါ့နော်။ မြန်မာပရိသတ်ဟာလည်း အမြင်ကျယ်လာပါပြီ။ နိုင်ငံကြီးပွင့်လင်းလာတာနဲ့အမျှ တစ်ကမ္ဘာလုံးက အဆင့်အတန်းမီဓာတ်ပုံတွေ၊ ကြော်ငြာတွေမှာ ဘယ်လို ပုံတွေက ညစ်ညမ်းပြီး ဘယ်လိုပုံတွေကမြန်မာ့ယဉ်ကျေးမှုနဲ့ လက်ခံလို့ ရသလဲဆိုတာ ခွဲခြားတတ်လာပြီ။ မော်ဒယ်တိုင်း ဒီလို ပုံမျိုး မရိုက်ဘူးဆိုတာလည်း ခွဲခြား တတ်လာပါလိမ့်မယ်။

**အစ်မရဲ့ လက်ရှိဘဝမှာ ဘယ်လိုအားသာချက်တွေကြောင့် Career Woman အဖြစ် ရပ်တည်နိုင်တာပါလဲ။**

အားသာချက် လို့ ပြောရလောက်အောင် ကျွန်မမှာ ကြီးကြီးကျယ်ကျယ် ပြစရာ တစ်ခုမှ မရှိဘူးထင်တယ်။ Career Woman အနေနဲ့ ရပ်တည်နိုင်တာကတော့ ကိုယ်ဖြစ်ချင်စိတ်ရှိရင် အကုန်ဖြစ် အောင်လုပ်နိုင်တဲ့ လူ့စိတ်စွမ်းအားဆိုတာ လူတိုင်းမှာ ရှိပါတယ်။ အဲဒါကြောင့် ကျွန်မအခုလောလော ဆယ်လုပ်နေတဲ့ အရာတွေ အားလုံးဟာ ဒီစိတ်လေးတစ်ခုတည်းကြောင့်နဲ့ ဖြစ်တည်၊ ရပ်တည်နေတာလို့ ပြောရင် ရပါတယ်။ ဥပမာ ဒီနေ့ဆို ကလေးတွေ အိပ်ရာကနိုးတာနဲ့ အငယ်ကောင်ကို နို့ဖျော်တိုက်တယ်။ သမီးအကြီးက ကျွန်မကိုယ်တိုင် ဆံပင်စည်းပေးမှ ကျောင်းသွားတယ်။ ကလေးတွေ ကျောင်းပို့ရင်းနဲ့ ရုံးကိုအတူတူထွက်လို့ရတာပေါ့။ ရုံးမှာဆို Appointment တွေ အပြည့်တန်းစီနေတာ။ ညနေ ၄ နာရီလောက်ဆိုရင် ကလေးတွေ အိမ်ရောက်လောက်ပြီဆိုတာတွေးပြီး အိမ်ပြန်ချင်စိတ်ကို မနည်းထိန်းထားရတယ်။ တစ်ခါတလေ တစ်ပတ်လုံးညစာစားပွဲတွေ၊ တွေ့ဆုံပွဲတွေ ပြည့်နေတော့ အိမ်စောစောပြန်ပြီးမှ ပြန် ထွက်တယ်။ တစ်ခါတလေကျ တော့လည်း တော်ရုံတန်ရုံ အလုပ်နဲ့မပတ်သက်တဲ့ ညော့သည်ဆို အိမ်မှာပဲတွေ့တော့ ကလေးတွေနဲ့ အချိန်ပဲ့ မပါဘူးပေါ့။

**ဟုတ်ကဲ့။**

**ကျေးဇူးတင်ပါတယ်။**

# အိုင်စီ နှစ်လအတွင်း ၁၁ ပွဲ ဖျော်ဖြေသွားမည်

**ကြူကြူဟန်**

**ရန်ကုန်၊ ဖေဖော်ဝါရီ - ၁၄**

ပုဂံအင်တာတိန်းမန့်မှ ပြုလုပ်သွားမည့်Iron Cross အဖွဲ့၏ ဖျော်ဖြေပွဲ ၁၁ပွဲကို နှစ်လကျော် အတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း Bagan Entertainment မှ မန်နေဂျာကိုဝင်းမြင့်စိုးက ပြောသည်။

"အိုင်စီအဖွဲ့နဲ့ ပွဲ ၁၁ ပွဲကျန်သေးတယ်။ နှစ်လသုံးလအတွင်းမှာ အပြီးစီစဉ်မယ်။ မိုးမလာခင်ပေါ့" ဟု မန်နေဂျာကိုဝင်းမြင့်စိုးက ပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ပြုလုပ်ရန် ကျန်ရှိသော ပွဲ ၁၁ ပွဲကိုမြန်မာပြည်အနှံ့ ဖျော်ဖြေမည်ဖြစ်ပြီး ရန်ကုန်မြို့တွင် သုံးပွဲပြုလုပ်ရန် စီစဉ်ထားကာ ဖေဖော်ဝါရီ ၁၇ ရက်တွင် နေပြည်တော်နှင့် ဖေဖော်ဝါရီ ၂၅ ရက်တွင် မကွေးမြို့တို့၌ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း၊ ကျန်ပွဲများကိုမူ စီစဉ်နေဆဲဖြစ်ကြောင်း သိရသည်။

Iron Cross နှင့် Bagan Entertainment တို့ တစ်နှစ်စာ ချုပ်ချုပ်ဆိုထားကာ ပွဲ ၂၅ ပွဲ ပြုလုပ်ရန်စီစဉ်ထားပြီး ၁၄ ပွဲသီဆိုပြီးဖြစ်ကြောင်း သိရသည်။ ၎င်းတို့လက်တွဲခဲ့ချိန် သုံးနှစ်ရှိပြီဖြစ်ကာ နောင်နှစ်များတွင်လည်း ပူးပေါင်း၍ ပွဲများစီစဉ်သွားရန်ရှိကြောင်း ကိုဝင်းမြင့်စိုးကပြောသည်။

"အဓိကကတော့ အိုင်စီကိုသဘောကျတယ်။ လက်ခံတယ်။ ပြည်သူလူထုက ရေ့ခ်ကိုကျတော့ ပိုခံစားလို့ရတယ်လေ။ အိုင်စီက ပေါ့ပ်ကို ဖန်တီးတာနည်းတယ်။ ရော့ခ်စစ်စစ်ပဲလုပ်တာများတယ်ဆိုတော့ လက်တွဲဖြစ်တာပါ" ဟု မန်နေဂျာ ကိုဝင်းမြင့်စိုးက ပြောသည်။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Identity Thief | Universal Pictures | ၃၄,၅၅၁,၀၀၀ | ၁ |
| ၂။ | Warm Bodies | Summit Entertainment, LLC | ၃၆,၄၈၁,၂၀၀ | ၂ |
| ၃။ | Side Effects | Open Road Films | ၉,၃၀၃,၁၄၀ | ၁ |
| ၄။ | Silver Linings Playbook | The Weinstein Company | ၈၉,၅၁၉,၅၀၀ | ၁၃ |
| ၅။ | Hansel and Gretel: Witch Hunters | Paramount Pictures | ၄၃,၈၁၆,၀၀၀ | ၃ |
| ၆။ | Mama | Universal Pictures | ၆၃,၉၅၁,၈၀၀ | ၄ |
| ၇။ | Zero Dark Thirty | Sony Pictures | ၈၃,၅၆၇,၄၀၀ | ၈ |
| ၈။ | Argo | Warner Bros. Pictures | ၁၂၃,၆၀၉,၀၀၀ | ၁၇ |
| ၉။ | Django Unchained | The Weinstein Company | ၁၅၄,၅၁၇,၀၀၀ | ၇ |
| ၁၀။ | Bullet to the Head | Warner Bros. Pictures | ၈,၂၆၉,၂၁၀ | ၂ |

## Movie Review

### Snitch




မူးယစ်ဆေးရောင်းချသည်ဟု မှားယွင်းစွပ်စွဲဖမ်းဆီးခံရသော ဆယ်ကျော်သက်အရွယ်သားငယ်မှာ ထောင်ဒဏ်ဆယ်နှစ်ချမှတ်ခံရသောအခါ ဖခင်ဖြစ်သူမှာ မခံမရပ်နိုင်ဖြစ်ပြီး ဒေသခံ မူးယစ်ဂိုဏ်းတွင် ဝင်ရောက် လှုပ်ရှားပြီး တစ်ဖက်တွင်လည်း ရဲတပ်ဖွဲ့အား လျှို့ဝှက်သတင်းပေးနေခဲ့ သည်။ သူသာမက မိသားစုအတွက်ပါ အသက်အန္တရာယ်ရှိသော အခြေအနေတွင် ဖခင်ဖြစ်သူမှာ သားအတွက် ဖခင်မေတ္တာကို သက်သေပြရတော့သည်။

ဒါရိုက်တာ Ric Roman Waugh ရိုက်ကူးပြီး Dwayne Johnson, Susan Sarandon, Michael Kenneth Williams တို့ ဦးဆောင်ပါဝင်သော ဒရာမာ၊ မှုခင်းဇာတ်ကားကို Summit Entertainment က ဖေဖော်ဝါရီ ၂၂ ရက်တွင် ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# ပရိသတ်ရိုလျှုံခဲ့သော်လည်း အနိုင်အရှုံး အဖြေမပေါ်ခဲ့သည့် မြန်မာပြည်ချန်ပီယံလုပွဲ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

မြန်မာ့ရိုးရာလက်ဝှေ့ကျော် နှစ်ဦးဖြစ်သည့် စောငမန်းနှင့် တွေ့မရှောင်တို့၏ မြန်မာပြည်ချန်ပီယံလုပွဲတွင်အနိုင်အရှုံး အဖြေမပေါ်ခဲ့ဘဲ ပူးတွဲသရေ ရလဒ်သာ ဖြစ်ပေါ်ခဲ့သည်။

လက်ရှိမြန်မာပြည် ချန်ပီယံအဖြစ် သတ်မှတ်ခံထားရသူ စောငမန်းနှင့် ပရိသတ်အကြိုက်တွေ့မရှောင်တို့၏ ပထမဆုံးအကြိမ်တွေ့ဆုံသည့် အဆိုပါ ပွဲစဉ် သည် ပြိုင်ပွဲမတိုင်ခင်ကပင် ပရိသတ်စိတ်ဝင်စားမှု အရှိန်မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီလ ၁၇ ရက်က ကျင်းပခဲ့သည့် လက်တွေ့ပြိုင်ပွဲတွင်လည်း သိမ်ဖြူအားကစားရုံ လျှံထွက်သည်အထိ ပရိသတ်များ လာရောက်အားပေးခဲ့ကြသည်။



*စောငမန်းနှင့်တွေ့မရှောင်တို့ အကြိတ်အနယ်ယှဉ်ပြိုင်နေစဉ်*

ဓာတ်ပုံ - ကျော်ဇင်သန်း

မြန်မာပြည်၏ အမြင့်ဆုံးပွဲစဉ်ဟုပွဲကြေညာသူက ကြော်ငြာခဲ့သည့် စောငမန်းနှင့် တွေ့မရှောင်တို့၏ ပထမအချီမှ တတိယအချီအထိ ယှဉ်ပြိုင်ချိန် အချိန်ပိုင်းသည်ပရိသတ်အကြိုက်ဖြစ်ခဲ့ရပြီး နောက်ဆုံး နှစ်ချီ၌မူ အားလျော့သွားခဲ့ရပြီး သရေရလဒ်ကို မကျေနပ်သည့်ပရိသတ်အချို့က အားမရဖြစ်ခဲ့ကြသည်။

စောငမန်းအနေဖြင့် ယခုပွဲစဉ်တွင် ၎င်း၏ကစားဟန်ဖြစ်သည့်အပူးအကပ် အရမ်းများခြင်းမရှိဘဲ လက်သီးများ ထွက်လာခဲ့ပြီး တွေ့မရှောင်၏ ခံနိုင်ရည်ရှိမှုကလည်း ပိုမိုပေါ်လွင်ခဲ့ကာ အပြန်အလှန် ယှဉ်ပြိုင်နိုင်ခဲ့သည်။ နောက်ဆုံးနှစ်ချီတွင်တွေ့မရှောင်က သက်လုံပိုင်း အသာရခဲ့သည့်အတွက် လိုက်ထိုးနိုင်ခဲ့သော်လည်းစောငမန်းဘက်မှဖွင့်မယှဉ်ပြိုင်ခဲ့ဘဲ ထိန်းကစားခဲ့ကာ သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ခြင်း ဖြစ်သည်။

"ကျွန်တော့်ဘက်က အခက်အခဲကတော့ သက်လုံပိုင်းပါပဲ။ သူ(တွေ့မရှောင်)ကပွဲစိပ်တဲ့အတွက် သက်လုံပိုင်းပိုကောင်းခဲ့ပြီး ကျွန်တော်ကတော့ပွဲတွေဝေးနေတဲ့အတွက် သက်လုံပိုင်း သိပ်မကောင်းဘူး ဖြစ်နေတာ"ဟု စောငမန်းက ပွဲအပြီးတွင် ပြောသည်။ ယခုပွဲမတိုင်ခင်က တွေ့မရှောင်ကို အလဲထိုး အနိုင်ယူပြီးပါက ရိုးရာလက်ဝှေ့လောကမှ အနားယူမည်ဟု ပြောကြားထားခဲ့သော်လည်း သရေရလဒ်သာ ဖြစ်ပေါ်ခဲ့သည့်အတွက် အနားယူမည် မဟုတ်သေးကြောင်းလည်း စောငမန်းက ဆက်လက်ပြောသည်။

မြန်မာပြည်ချန်ပီယံ လုပွဲမတိုင်ခင် ကျင်းပခဲ့သည့် အခြားပွဲစဉ်ခြောက်ပွဲတွင် မိုးသီးနှင့်အောင်ခဲစော၊ လှစ်လှစ်လေးနှင့်ဖိုးလပြည့်၊ ကြယ်လေးနှင့် ရဲမြင့်အောင်၊ ဒေါင်းသည်းခြေနှင့် စောဂေါ်မူတိုတို့၏ ပွဲစဉ်များမှာ သရေရလဒ်ထွက်ပေါ်ခဲ့သည်။ ကျန်ပွဲစဉ်နှစ်ပွဲတွင်မူ ဝင်းမောက်က နေလင်းအောင်ကိုပထမအချီ၌လည်းကောင်း၊ တူးတူးက သတ္တိအောင်ကိုစတုတ္ထအချီတွင်လည်းကောင်း အလဲထိုး အနိုင်ယူခဲ့သည်။

# လေးနိုင်ငံ ချစ်ကြည်ရေး ကားမောင်းပြိုင်ပွဲ မြန်မာနိုင်ငံမှ ၁၇ ဦးပါဝင်မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ ဖေဖော်ဝါရီ-၁၇**

ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ လေးနိုင်ငံ ကားမောင်းပြိုင်ပွဲ (BCIM Car Rally 2013)ကို မြန်မာနိုင်ငံမှ ၁၇ ဦး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အနိုင်ရရှိရေးအတွက် ယှဉ်ပြိုင်မောင်းနှင်ခြင်း ပုံစံမျိုးမဟုတ်သည့် အဆိုပါပြိုင်ပွဲသည် ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၄ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒက္ကာမြို့၌ ကျင်းပပြုလုပ်မည့် (၁၁)ကြိမ်မြောက် BCIM လေးနိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘက်မှ ပြိုင်ပွဲဝင်ရန် အဓိကစီစဉ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(စီမံကိန်း)ဦးကျော်လှိုင်က ပြောသည်။

"အဓိကက လေးနိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ကုန်သွယ်မှုလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုခိုင်မာစေဖို့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်။ ကားမောင်းပြိုင်ပွဲကတော့ ဒီနှစ်မှ ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပါတယ်"ဟု ဦးကျော်လှိုင်က ပြောသည်။ ပြိုင်ပွဲဝင် အင်အား (၈၀)ပါဝင် ယှဉ်ပြိုင်ကြမည့် အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှလည်း အနုပညာရှင်များဖြစ်သည့်ကောင်းခန့်နှင့် အေးမြတ်သူတို့အပါအဝင် စုစုပေါင်း ၁၇ ဦး ပါဝင်သည်။

လေးနိုင်ငံကို ဖြတ်သန်းမောင်းနှင်ကာ ကီလိုမီတာ သုံးထောင်အကွာအဝေးရှိမည့် အဆိုပါ ကားမောင်းပြိုင်ပွဲသည် ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၅ ရက်အထိ စုစုပေါင်း ၁၂ ရက် ကြာမြင့်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်းရှိ ကလေးမြို့နှင့်မန္တလေးမြို့များတွင် ဖေဖော်ဝါရီ ၂၇ နှင့် ၂၈ ရက်များ၌ တစ်ရက်စီ ညအိပ်ကာ ဖြတ်သန်းမောင်းနှင်မည်ဖြစ်သည်။

"ပြိုင်ပွဲကို အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့က စတင်တာ ထွက်မှာဖြစ်ပြီး နောက်ဆုံးပန်းဝင်မှာက တရုတ်နိုင်ငံ၊ ကူမင်းမြို့မှာ ဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒက္ကာမြို့ကိုတော့ ဆွေးနွေးပွဲလုပ်တဲ့ ရက်ပိုင်းရောက်ရှိမှာဖြစ်ပြီး အဲဒီကမှတစ်ဆင့် မြန်မာ၊ နောက်ပြီးရင် တရုတ်နိုင်ငံဘက်ကို ဆက်လက်ထွက်ခွာကြမှာဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပြိုင်ပွဲဝင်လေးနိုင်ငံမှ ကားစီးရေ ၂၀ စီး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး စုစုပေါင်းခရီးရှည်၏ သုံးပုံတစ်ပုံဖြစ်သည့် ကီလိုမီတာ ၁,၀၀၀ ခန့် အကွာအဝေးသည် မြန်မာနိုင်ငံတွင်း၌ ဖြတ်သန်းမောင်းနှင်ရမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ယခင်လထက် နှစ်ဆင့်ကျ

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၄**

ဖေဖော်ဝါရီလအတွက် ကမ္ဘာ့ဘောလုံးအဆင့် သတ်မှတ်ချက်များ ထွက်ပေါ်လာခဲ့ရာ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယခင်လထက် အဆင့်နှစ်ဆင့်လျော့ကျခဲ့ပြီး ကမ္ဘာ့အဆင့် ၁၆၄ တွင် ရပ်တည်နေသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၆ ရက်က ဖိလစ်ပိုင်အသင်းနှင့် ခြေစမ်းခဲ့ရာတွင် ရှုံးနိမ့်ခဲ့သော မြန်မာအသင်းသည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) က ယခုလ ၁၄ ရက်တွင် ထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ ရမှတ်(၁၀၇)မှတ်ဖြင့်ယခင်လထက်နှစ်ဆင့်ကျဆင်းသွားခဲ့ သည်။

အရှေ့တောင်အာရှဒေသနိုင်ငံများ၌ ဗီယက်နမ်အသင်းက ကမ္ဘာ့အဆင့် ၁၃၄ ဖြင့် ပထမနေရာမှ ဦးဆောင်ထားပြီး ထိုင်းအသင်းက ကမ္ဘာ့အဆင့် ၁၄၁၊ ဖိလစ်ပိုင်အသင်းက ၁၄၇၊စင်ကာပူအသင်းက ၁၅၈၊ မလေးရှားအသင်းက ၁၅၉၊ အင်ဒိုနီးရှားအသင်းက ၁၆၃၊ လာအိုအသင်းက ၁၇၃၊ ကမ္ဘောဒီးယားအသင်းက ၁၈၃၊ ဘရူနိုင်းအသင်းနှင့် တီမောအသင်းတို့က ကမ္ဘာ့အဆင့် ၁၈၅ တို့တွင် အသီးသီးရပ်တည်နေသည်။ မြန်မာအသင်းသည် အာဆီယံဒေသတွင်း နိုင်ငံများ၌မူ သတ္တမနေရာတွင်ဆက်လက်ရပ်တည်နေသည်။

ကမ္ဘာ့အဆင့်(၁)နေရာတွင် စပိန်အသင်းက ဆက်လက်နေရာယူထားပြီး ၎င်းနောက်တွင် ဂျာမနီ၊ အာဂျင်တီးနား၊ အင်္ဂလန်၊ အီတလီ၊ ကိုလံဘီယာ၊ ပေါ်တူဂီ၊ နယ်သာလန်၊ ခရိုအေးရှားနှင့် ရုရှားအသင်းတို့ အစဉ်လိုက်ရပ်တည်နေသည်။

အင်္ဂလန်အသင်းသည် ပြီးခဲ့သည့် ခြေစမ်းပွဲတွင် ဘရာဇီးအသင်းအား အနိုင်ရရှိခဲ့မှုကြောင့် ပြီးခဲ့သည့်လထက်နှစ်ဆင့်မြင့်တက်ကာ ကမ္ဘာ့အဆင့်တွင် စတုတ္ထနေရာသို့ ရောက်ရှိလာသည်။

နာမည်ကြီး ဘရာဇီးအသင်းမှာကမ္ဘာ့အဆင့်(၁၈)တွင်ရပ်တည်နေပြီး ဂျပန်အသင်းမှာ ယခင်လထက် ခုနစ်ဆင့်ကျဆင်းသွားသော်လည်းကမ္ဘာ့အဆင့်(၂၈)ဖြင့်အာရှနိုင်ငံများတွင်ထိပ်ဆုံးကဦးဆောင်ထားဆဲဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည်လာမည့်မတ်လအတွင်း AFC Challenge Cup ခြေစစ်ပွဲစဉ်များသို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များတွင် ရလဒ်ကောင်းမွန်ပါက ကမ္ဘာ့အဆင့်သတ်မှတ်ချက်မြင့်တက်လာဖွယ်ရှိသည်။

# လီဗာပူးအသင်း၏ တရားဝင်ဖန်ကလပ်ဖြစ်လာသည့် Myanmar Reds

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊**
**ဖေဖော်ဝါရီ -၁၈**

မြန်မာနိုင်ငံမှ လီဗာပူးပရိသတ်များအဖွဲ့အား အင်္ဂလိပ်ပရီးမီးယားလိဂ်ကလပ်အသင်း လီဗာပူးမှ Official Liverpool Supporters (OLSC) အဖြစ်တရားဝင်အသိအမှတ်ပြုလိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ လီဗာပူးအသင်းကို အားပေးသည့် ပရိသတ်များသည် လွန်ခဲ့သည့်ငါးနှစ်ခန့်မှစတင်ကာ အသင်းနှင့်ပတ်သက်သည့်လှုပ်ရှားမှုများလုပ်ခဲ့ကြပြီး ၂၀၁၁ ခုနှစ်တွင် Myanmar Liverpool Supporters Group (MLSG) အဖြစ်ဖွဲ့စည်းကာဘောလုံးပွဲများအတူကြည့်ခြင်း၊ ရင်းရင်းနှီးနှီးတွေ့ဆုံကာဂိမ်းများကစားခြင်း၊ ပရဟိတလုပ်ငန်းများကိုလည်း မကြာခဏဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

၎င်းတို့အဖွဲ့သည် လီဗာပူး အသင်း၏တရားဝင်အသိအမှတ်ပြုဖန်ကလပ်အဖြစ်ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁၅ ရက်နေ့က သတ်မှတ်ခံခဲ့ရကြောင်းနှင့် ခက်ခဲစွာကြိုးစားခဲ့ရသော်လည်းတရားဝင်အသိအမှတ်ပြုခံခဲ့ရသည့်အတွက် ဂုဏ်ယူကြောင်း အဖွဲ့ခေါင်းဆောင်ကိုမြတ်လွင်က ပြောသည်။ လီဗာပူးအသင်း၏ တရားဝင်ဝက်ဘ်ဆိုက်ဖြစ်သည့် www.liverpoolfc.tv ကလည်း မြန်မာလီဗာပူးပရိသတ်များအဖွဲ့အား အဆိုပါနေ့ရက်တွင် OLSC အဖြစ် တရားဝင် စာရင်းသွင်းဖော်ပြခဲ့သည်။

"ကျွန်တော်တို့ကြိုးစားရကျိုးနပ်ခဲ့ပါတယ်။ လွယ်လွယ်ကူကူတော့မရခဲ့ပါဘူး။ အခက်အခဲတွေတော့အများကြီးပါပဲ။ အခုလိုတရားဝင်ဖြစ်လာတဲ့အတွက်လီဗာပူးအသင်းနဲ့ ပတ်သက်ပြီးနောက်ပိုင်းမှာ ပိုမိုအဆင်ပြေချောမွေ့တဲ့လမ်းကြောင်း တစ်ခုဖြစ်လာမယ်လို့မျှော်လင့်ထားပါတယ်" ဟု အဖွဲ့ဝင်တစ်ဦးကလည်း ဆိုသည်။

လတ်တလောတွင် အဖွဲ့ဝင် (၈၀၀) ဝန်းကျင်ရှိသည့် လီဗာပူးဖန်ကလပ်အား Myanmar Reds အမည်အဖြစ် ပြောင်းလဲမှည့်တွင်စေမည်ဖြစ်ကာ အသင်းဝင်များကိုလည်း စနစ်တကျ ပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်းကိုမြတ်လွင်ကပြောသည်။ ၎င်းတို့အဖွဲ့တွင် လီဗာပူးအသင်း၏တရားဝင်အဖွဲ့ဝင် (Official International Member) ၄၀ ခန့်ရှိနေပြီး ပိုမိုများပြားလာရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

7DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# မြန်မာ့ရိုးရာ စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲ ပြုလုပ်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၄**

မြန်မာ့ရိုးရာ စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲကို လာမည့်မတ်လ တတိယပတ်အတွင်း ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

နဝမအကြိမ်မြောက် ကျင်းပမည့် အဆိုပါ ပြိုင်ပွဲကို မတ်လ ၁၈ရက်မှ ၂၃ရက်အထိအားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၊ ကျိုက္ကဆံကွင်းတွင် ကျင်းပမည်ဖြစ်ပြီး (အမျိုးသား)တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲအမျိုးအစား ပါဝင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်သက်သက်မာက ပြောသည်။

"နောက်ပိုင်းနှစ်တွေမှာ စိတ်ဝင်စားမှုနဲ့ပြိုင်ပွဲဝင်တွေ တဖြည်းဖြည်း လျော့နည်းလာတာ တွေ့ရပါတယ်။ ဒီနှစ်ပြိုင်ပွဲမှာတော့ ဆုကြေးငွေတွေကို အရင်နှစ်တွေထက် ပိုချီးမြှင့်ဖို့အတွက်လည်း စီစဉ်ထားပါတယ်။ နောက်ပိုင်းနိုင်ငံတကာ စွန်အလှပွဲတော်တွေကိုလည်း သွားရောက်ယှဉ်ပြိုင်ဖို့ရှိတဲ့ အတွက် စိတ်ဝင်စားသူတွေအနေနဲ့ လာရောက်ယှဉ်ပြိုင်စေချင်ပါတယ်"ဟု အဖွဲ့ချုပ် တာဝန်ရှိသူက ပြောသည်။

ပြိုင်ပွဲသို့ အသက်(၁၆)နှစ်နှင့် အထက် (အမျိုးသား) မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို တစ်စောင်လျှင် ကျပ်နှစ်ထောင်နှုန်းဖြင့် မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ရုံးခန်း (အောင်ဆန်းကွင်း)တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များအနေဖြင့် ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်ကာ လျှောက်လွှာများ စတင်ဝယ်ယူနိုင်ပြီး လျှောက်လွှာပိတ်ရက်မှာ မတ်လ ၁၁ ရက်ဖြစ်ကြောင်း အဖွဲ့ချုပ်မှ သတင်းထုတ်ပြန်ထားသည်။

မြန်မာ့ရိုးရာစွန်အလှအဖွဲ့သည် ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း ထိုင်းနိုင်ငံတွင်ပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ စွန်အလှပွဲတော်သို့ ၂၀၀၈ ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ် သွားရောက်ပြသမည်ဖြစ်သည်။



*လေ့ကျင့်ခန်းဆင်းနေသော မြန်မာဘောလုံးအသင်း*

ဓာတ်ပုံ-ဗိုလ်ဗိုလ်ဝင်း

# မြန်မာ-မလေးရှားပွဲစဉ်ကို အခမဲ့ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၆**

ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားမည့်မလေးရှားယူ-၂၃ အသင်းနှင့် မြန်မာယူ-၂၃ အသင်းတို့၏ ခြေစမ်းပွဲစဉ်ကို အခမဲ့ရုပ်သံလိုင်းဖြစ်သည့် Channel7 မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ခြေစမ်းပွဲအား ဖေဖော်ဝါရီလ ၂၂ ရက်တွင် ရန်ကုန်မြို့၊ သုဝဏ္ဏအားကစားကွင်း၌ ပြုလုပ်မည်ဖြစ်ပြီး နှစ်သင်းစလုံးအနေဖြင့် လာမည့် ဆီးဂိမ်းအကြိုပွဲစဉ်အဖြစ် ခြေစမ်းခြင်းဖြစ်သည်။

"မြန်မာလက်ရွေးစင်အသင်း ပွဲစဉ်တွေကို ရုပ်သံက ကြည့်ရတဲ့ ပရိသတ်တွေ အဆင်ပြေဖို့အတွက် အခမဲ့ရုပ်သံလိုင်းကနေပဲ ထုတ်လွှင့်ပြသနိုင်ဖို့ အတတ်နိုင်ဆုံး စီစဉ်သွားမှာပါ။ လာမယ့် မတ်လအတွင်း ရန်ကုန်မှာကျင်းပမယ့် AFC Challenge Cup ခြေစစ်ပွဲစဉ်တွေကိုလည်း အခမဲ့ရုပ်သံလိုင်းကပဲပြသနိုင်ဖို့ စီစဉ်နေပါတယ်" ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့သို့ လာရောက်ခြေစမ်းမည့် မလေးရှား ယူ-၂၃ အသင်းတွင် ၂၀၁၁ ဆီးဂိမ်းချန်ပီယံအသင်းမှ ကစားသမားများလည်း ပါဝင်လာမည်ဖြစ်ပြီး မြန်မာအသင်းဘက်မှလည်း ယူ-၂၃ ကစားသမားများကိုသာ ပွဲထုတ်သွားမည်ဖြစ်ကြောင်း မြန်မာအသင်းနည်းပြပတ်ဆောင်ဟွာက ပြောသည်။

မြန်မာ-မလေးရှားပွဲစဉ်ကို ညနေ ၄ နာရီအချိန်တွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ဝင်ကြေးအဖြစ် အထူးတန်း ကျပ် ၁,၀၀၀ နှင့် ရိုးရိုးတန်း ကျပ် ၅၀၀ သတ်မှတ်ထားကြောင်း သိရသည်။

# အာဆီယံ ယူ -၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလူငယ်ဘောလုံးအသင်းဖွဲ့စည်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဖေဖော်ဝါရီ -၁၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ အာဆီယံယူ-၁၆ ဘောလုံးပြိုင်ပွဲအတွက် မြန်မာယူ-၁၆ ဘောလုံးအသင်းကို ပဏာမကစားသမား (၃၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည်။

ပဏာမ မြန်မာယူ-၁၆ အအသင်းအတွက် လူရွေးချယ်ပွဲကို ပြီးခဲ့သည့် ဖေဖော်ဝါရီ(၂)ရက်က ရန်ကုန်မြို့၊ သုဝဏ္ဏလူငယ်လေ့ကျင့်ရေးကွင်းတွင်ပြုလုပ်ခဲ့ပြီး ဘောလုံးသမားလူငယ် စုစုပေါင်း (၃၂၃) ဦး ဝင်ရောက်ရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

"စာမေးပွဲဖြေနေတဲ့ ကလေးတွေကလွဲရင် ယူ-၁၆ ပဏာမအသင်းကိုမန္တလေးဘောလုံးအကယ်ဒမီမှာ စတင်စခန်းသွင်းလေ့ကျင့်နေပါပြီ။ အာဆီယံ ယူ-၁၆ ပြိုင်ပွဲနီးရင်တော့ နောက်ဆုံးအဆင့် လူရွေးချယ်ပြီး ရန်ကုန်မှာ စခန်းသွင်းလေ့ကျင့်သွားမှာပါ။ လက်ရှိရွေးချယ်ထားတဲ့ကစားသမားတွေကိုလည်း X-Ray ရိုက်ပြီး အသက်မှန်ကန်ရေးအတွက် ထပ်မံစစ်ဆေးသွားဦးမှာဖြစ်ပါတယ်" ဟု ဘောလုံးအဖွဲ့ချုပ် နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုးက ပြောသည်။

အာဆီယံ ယူ-၁၆ ဘောလုံးပြိုင်ပွဲကို လာမည့် ဩဂုတ်လ အတွင်း ရန်ကုန်မြို့တွင် လက်ခံကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းကို ဘရာဇီးနည်းပြမားကိုစ်က နည်းပြအဖြစ်တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာလူငယ်အသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲပြီးပါက လာမည့် စက်တင်ဘာလအတွင်းပြုလုပ်မည့် အာရှယူ-၁၆ ခြေစစ်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

မြန်မာယူ-၁၆လူရွေးချယ်ပွဲသို့ ပြင်ပမှ ကစားသမား (၁၈၈) ဦး၊ ဘောလုံးအကယ်ဒမီများမှ (၁၃၅)ဦး ဝင်ရောက်ရွေးချယ်ခံခဲ့ပြီး ပဏာမ ကစားသမား(၃၅) ဦးတွင် မန္တလေး ဘောလုံးအကယ်ဒမီမှ(၁၃)ဦး၊ အထက်မြန်မာပြည်မှ (၁၁) ဦး၊ အောက် မြန်မာပြည်မှ ကစားသမား(၁၁)ဦး ပါဝင်လာခဲ့သည်။



# မန်စီးတီး–ချယ်လ်ဆီး၊ ဝက်စ်ဟမ်း–စပါး၊ မီလန်ဒါဘီနှင့် ဘာစီလိုနာ–ဆီဗီလာ ပွဲကောင်းများနဲ့ ယခုတစ်ပတ် ဥရောပလိဂ်ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ် ဥရောပလိဂ်ပွဲစဉ်တွေထဲမှာတော့ ပွဲကြီးပွဲကောင်းအနေနဲ့ မန်စီးတီး-ချယ်လ်ဆီးပွဲ၊ ဝက်စ်ဟမ်း-စပါး လန်ဒန်ဒါဘီပွဲတွေကို ကြည့်ကြရမှာဖြစ်ပါတယ်။ စီးရီးအေပွဲစဉ်တွေထဲမှာတော့ အင်တာနဲ့ အေစီမီလန်တို့ရဲ့ မီလန်ဒါဘီပွဲအပြင် ဇယားထိပ်က ဂျူဗင်တပ်စ်၊ နာပိုလီတို့ရဲ့ပွဲတွေကို ကြည့်ကြရမှာပါ။ လာလီဂါပွဲတွေထဲမှာတော့ ထုံးစံအတိုင်း ဇယားထိပ်မှာ လေး၊ ငါးမှတ်အကွာစီနဲ့ အစဉ်လိုက် ရပ်တည်နေတဲ့ ဘာစီလိုနာ၊ အက်သလက်တီကို၊ ရီးရဲလ်တို့ရဲ့ပွဲတွေကို ခန့်မှန်းဖော်ပြပေးလိုက်ပါတယ်။

**စာမျက်နှာ(၅၂)သို့**

7DAY NEWS JOURNAL
Vol.11, No.50 • FEBRUARY 21 , 2013

# ဆီးဂိမ်းတွင် အားကစားသမားများနှင့် ဒိုင်များ နေထိုင်စားသောက်ရေး ဟိုတယ်/ခရီးဝန်ကြီးဌာန တာဝန်ယူမည်

နိုင်ချို

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၄**

မြန်မာနိုင်ငံတွင် ယခုနှစ် ဒီဇင်ဘာလအတွင်းကျင်းပမည့် ဆီးဂိမ်း၌ နိုင်ငံတကာမှ အားကစားသမားများ၊ ဒိုင်လူကြီးများ၏ တည်းခိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကျွန်တော်တို့ဌာနက အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းလုပ်ဆောင်သွားမှာပါ။ နိုင်ငံတကာက အားကစားသမားတွေကို အားကစားရွာတွေမှာ တည်းခိုခွင့်ပေးနိုင်ဖို့၊ ဒိုင်လူကြီးတွေကိုတော့ ဟိုတယ်တွေမှာ တည်းခိုနိုင်ဖို့ စီစဉ်နေပါတယ်" ဟု ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ထွန်းက ပြောသည်။

အားကစားသမားများကိုနေပြည်တော်၊ဝဏ္ဏသိဒ္ဓိရပ်ကွက်အားကစားရွာ၌ထားရှိမည်ဖြစ်ပြီးကျွေးမွေးဧည့်ခံမည့် ထမင်းစားဆောင်များ၊ မီးဖိုဆောင်များ ပါရှိမည်ဟု ဦးမြင့်ထွန်းကပင် ပြောသည်။

"အားကစားသမားတွေနဲ့ ဒိုင်လူကြီးတွေအတွက် အစားအသောက်ပိုင်းကို မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းက တာဝန်ယူမှာပါ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဟိုတယ်တွေကို ဆီးဂိမ်းနဲ့ ပတ်သက်ပြီး သီးခြားညွှန်ကြားထားတာမရှိပါဘူး။ အနားကပ်မှ ညွှန်ကြားမှုရှိမလားတော့မသိဘူး။ နေပြည်တော်မှာ အခု အရင်ကထက်နိုင်ငံခြားသားဧည့်သည်အဝင်ပိုများတယ်"ဟုနေပြည်တော်သင်္ဂဟဟိုတယ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။




## ဥရောပလိဂ်ပွဲစဉ်များ မှ

**ပရီးမီးယားလိဂ်**

**<u>၂၃၊ ဖေဖော်ဝါရီ စနေ</u>**

**အာဆင်နယ်-ဗီလာ**

**(ည ၉း၃၀ နာရီ)**

ပကျော့ရလဒ် (၀-၀)

အာဆင်နယ်တို့ အိမ်ကွင်း အားသာချက်ရဖို့ ရှိနေတယ်။ ဗီလာမှာ အဝေးကွင်းခြေစွမ်း အားနည်းလှတာကြောင့် နိုင်ဖို့မလွယ်ပါဘူး။ အာဆင်နယ်တစ်ဂိုးအသာလောက် ရနိုင်တဲ့ပွဲပါ။ အပြန်အလှန်သွင်းဂိုးတွေနဲ့ အာဆင်နယ်နိုင်သွားဖို့များတယ်။

**ကျူပီအာ-မန်ယူ (ည ၉း၃၀ နာရီ)**

ပကျော့ရလဒ် (၁-၃)

လန်ဒန်ဒါဘီပွဲတွေမှာ ပြိုင်ဘက်တွေအပေါ် ခြေစွာလေ့ရှိပေမယ့် ကျူပီအာတို့ လိဂ်ကို တန်းတက်လာတဲ့ ၂၀၁၁ကစလို့နောက်ဆုံးတွေ့ဆုံမှု သုံးကြိမ်စလုံးမှာ မန်ယူကို နှစ်ဂိုးပြတ်နဲ့ ရှုံးထားတာချည်းပါပဲ။ မန်ယူ ချန်ပီယံလိဂ်မှာ ခြေစွမ်းပြခဲ့သလို ဒီပွဲမှာလည်းပဲ အဝေးကွင်း နိုင်ပွဲရသွားဖို့လည်း ရှိတယ်။ ဂိုးနည်းနိုင်ပါတယ်။

**<u>၂၄၊ ဖေဖော်ဝါရီ တနင်္ဂနွေ</u>**

**မန်စီးတီး-ချယ်လ်ဆီး**

**(ည ၈း၀၀ နာရီ)**

ပကျော့ရလဒ် (၀-၀)

နောက်ဆုံးတွေ့ဆုံမှုရလဒ်ပိုင်းတွေအရ ခြေမကွာဘူးဆိုနိုင်ပါတယ်။ ဒါပေမဲ့ လက်ရှိ ကစားပုံအရ နှစ်သင်းစလုံး နိုင်တစ်လှည့်၊ ရှုံးတစ်လှည့်စီဖြစ်နေပြီး မှန်းရခက်နေတယ်။ မန်စီးတီးအိမ်ကွင်း အားကောင်းတာကို ယုံကြည်ရမှာပါ။ သရေ (သို့မဟုတ်) မန်စီးတီး ကပ်နိုင်သွားခြေ ရှိပါတယ်။ ဂိုးနည်းမယ့်ပွဲပါ။

**<u>၂၆၊ ဖေဖော်ဝါရီ အင်္ဂါ</u>**

**ဝက်စ်ဟမ်း-စပါး**

**(နံနက် ၂း၃၀ နာရီ)**

ပကျော့ရလဒ် (၁-၃)

လန်ဒန်ဒါဘီဆိုပေမယ့်စပါးတို့ ဒီနောက်ပိုင်း ခြေတက်နေတာရော ဂါရက်ဘေးလ်လို ကစားသမားကောင်းတွေ ခြေစွမ်းပြနေတာကြောင့် အဝေးကွင်းနိုင်ပွဲအတွက် အခက်အခဲ သိပ်တွေ့ဖို့ မရှိလှပါဘူး။ စပါးတို့တစ်ဂိုးအသာလောက်နဲ့ နိုင်သွားမယ့်ပွဲမျိုးပါ။ သရေဖြစ်နိုင်ခြေလည်း နည်းနည်းရှိနေပါတယ်။

**စီးရီးအေ**

**<u>၂၄၊ ဖေဖော်ဝါရီ တနင်္ဂနွေ</u>**

**ဂျူဗင်တပ်-ဆီနာ (ည ၈း၃၀ နာရီ)**

ပကျော့ရလဒ် (၂-၁)

ဂျူဗီတို့ဇယားထိပ်ဆုံးက ရပ်တည်နေသလို တောက်လျှောက်နိုင်ပွဲတွေနဲ့ သရေပွဲတွေသာ များနေတာကြောင့် ဇယားအောက်က ဆီနာကို အိမ်ကွင်းနိုင်ပွဲ ရှာသွားမှာပါ။ ဂျူဗင်တပ် ဂိုးပြတ်နိုင်ခြေများပြီး အနည်းဆုံး နှစ်ဂိုးအသာလောက်နဲ့ ပွဲပြီးသွားနိုင်ပါတယ်။

**<u>၂၅၊ ဖေဖော်ဝါရီ တနင်္လာ</u>**

**အင်တာမီလန်-အေစီမီလန်**

**(နံနက် ၂း၁၅ နာရီ)**

ပကျော့ရလဒ် (၁-၀)

နှစ်သင်းလုံး အကြိတ်အနယ်ကစားမယ့်ပွဲကောင်းဖြစ်ပါတယ်။ အင်တာတို့ အိမ်ကွင်းမှာ ရှုံးပွဲနည်းသလို အေစီမီလန်ကလည်း ဒီနောက်ပိုင်းပွဲတွေ ကောင်းလာနေပြီး အနိုင်နဲ့ သရေပွဲတွေပဲ ရှိနေတယ်။ အကြိုက်က အင်တာဖြစ်ပေမယ့် ဧည့်သည် အေစီတို့ အခွင့်အရေး ဆတူနီးပါး ရှိနေပါတယ်။ သရေ (သို့မဟုတ်) အင်တာ ကပ်အနိုင်ရလဒ်ပဲ မှန်းနိုင်ပါတယ်။

**<u>၂၆၊ ဖေဖော်ဝါရီ အင်္ဂါ</u>**

**အူဒီးနီးစ်-နာပိုလီ**

**(နံနက် ၀၀း၃၀ နာရီ)**

ပကျော့ရလဒ် (၁-၂)

နောက်ဆုံးတွေ့ဆုံမှု ငါးကြိမ်မှာ နှစ်သင်းစလုံး နှစ်ကြိမ်စီနိုင်ပြီး တစ်ကြိမ်စီ သရေကျထားတယ်။ နာပိုလီတို့ ဒီရာသီ အဝေးကွင်း ရလဒ်ပိုင်း အကောင်းဆုံးအနေအထားရှိနေသလို အူဒီးနီးစ်ကလည်း အိမ်ကွင်း မာကျောတဲ့အသင်းဖြစ်ပါတယ်။ သရေဖြစ်နိုင်သလို နာပိုလီ ကပ်နိုင်ခြေလည်း ရှိတယ်။ ဂိုးပေါင်း နည်းမယ့်ပွဲပါ။

**လာလီဂါ**

**<u>၂၄၊ ဖေဖော်ဝါရီ တနင်္ဂနွေ</u>**

**ဒီပို့တီဗို-ရီးရဲလ်မက်ဒရစ်**

**(နံနက် ၁း၃၀ နာရီ)**

ပကျော့ရလဒ် (၁-၅)

ပထမအကျော့ ဂိုးပြတ်ရှုံးခဲ့တဲ့ရလဒ်ကို ဒီပို့တီဗို ချေဖျက်ဖို့ ခက်မှာပါ။ ရီးရဲလ်တို့ ချန်ပီယံလိဂ်မှာ ခြေစွမ်းကောင်းခဲ့သလို ပြည်တွင်းလိဂ်မှာလည်း ဒုတိယနေရာ မြဲဖို့ ကြိုးစားနေတာကြောင့် အသေအချာ တိုက်စစ်ကစားမှာပါ။ အိမ်ရှင်နိုင်ခြေနည်းပြီး ရီးရဲလ်ကပဲ ပွဲကိုဦးဆောင်သွားမှာပါ။ ရီးရဲလ် နှစ်ဂိုးပြတ်လောက် နိုင်ခြေရှိတယ်။

**ဘာစီလိုနာ-ဆီဗီလာ**

**(နံနက် ၃း၃၀ နာရီ)**

ပကျော့ရလဒ် (၃-၂)

ဘာကာတို့ အိမ်ကွင်းနိုင်ပွဲရသင့်ပါတယ်။ ပွဲစဉ်(၂၃) ပြီးတဲ့အချိန်အထိ ဘာကာတို့ အိမ်ကွင်း ၁၂ပွဲမှာ နိုင်ပွဲ ၁၀ ပွဲ၊ သရေတစ်ပွဲနဲ့ ရှုံးပွဲတစ်ပွဲပဲ ရှိသေးတာ ကျန်အသင်းတွေ လိုက်မမီသေးပါဘူး။ အပြန်အလှန် သွင်းဂိုးတွေနဲ့ ဘာစီလိုနာကပဲ နှစ်ဂိုးအသာလောက်နဲ့ နိုင်သွားနိုင်ပါတယ်။

**<u>၂၅၊ ဖေဖော်ဝါရီ တနင်္လာ</u>**

**အက်သလက်တီကို-အက်စ်ပန်ညို**

**(နံနက် ၀၀း၃၀ နာရီ)**

ပကျော့ရလဒ် (၁-၀)

အက်သလက်တီကို ဒီနောက်ပိုင်း ရှုံးပွဲတချို့ ရှိလာချိန်မှာ အက်စ်ပန်ညိုက နိုင်ပွဲဆက်လာနေပါတယ်။ ဒါပေမဲ့ အဝေးကွင်း ခြေစွမ်းအားနည်းတဲ့ အက်စ်ပန်ညိုတို့ သရေရရင်ပဲ ကျေနပ်ရမှာပါ။ ဂိုးပေါင်းနည်းမယ့်ပွဲ ဖြစ်လာပါမယ်။

# မီးလောင်နေသောဥက္ကာပျံ ရုရှားကောင်းကင်တွင် ပေါက်ကွဲပြီး နိုင်ငံတွင်းကျရောက်ခြင်းကြောင့် လူ ၁,၀၀၀ ကျော် ထိခိုက်ဒဏ်ရာရ


Photo - AFP

*ဖေဖော်ဝါရီ ၁၅ ရက်က ရုရှားနိုင်ငံ အူရယ်လ်တောင်တန်းဒေသ၊ Chelyabinsk မြို့ပေါ်မှဖြတ်ကျော်သွားသော ဥက္ကာပျံမီးခိုးတန်းကို မြင်တွေ့ရစဉ်။ ယင်းဖြစ်စဉ်တွင် အဆောက်အအုံ ၃၀၀ နီးပါးမှာပြတင်းတံခါးများ ပွင့်ထွက်သွားခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာရရှိကာ လူ ၁၀၀ ကျော်ကို ဆေးရုံတင်ပို့ခဲ့ရသည်။*

**မော်စကို၊ဖေဖော်ဝါရီ-၁၅**

မီးလောင်နေသော ဥက္ကာပျံတစ်ခုသည် ရုရှားနိုင်ငံ ကောင်းကင်ယံမှ အရှိန်ပြင်းစွာ ဖြတ်သန်းသွားပြီး ရုရှားနိုင်ငံအလယ်ပိုင်းတွင် ပေါက်ကွဲကာ ကျယ်ပြန့်သော ဧရိယာကြီးအတွင်း မီးလောင်နေသော အပိုင်းအစများ ကျရောက်ခဲ့ကြောင်း သိရသည်။ ထိုအဖြစ်အပျက်ကြောင့် ပြင်းထန်သော တုန်ခါမှုလှိုင်းများ ဖြစ်ပေါ်ပြီး မှန်ပြတင်းပေါက်များ ကွဲထွက်ကာ အဆောက်အအုံများ ပျက်စီးပြီး လူပေါင်း ၁,၂၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အူရယ်လ်တောင်တန်းများဒေသ Chelyabinsk မြို့အနီးရှိလူများသည် ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က အလွန်တောက်ပသော မီးဘောလုံးကြီး ဖြတ်သန်းသွားပြီး မီးခိုးတန်းများ နောက်တွင်ကျန်ရှိခဲ့ပြီးနောက် အင်အားပြင်းထန်သောပေါက်ကွဲမှုများဖြစ်ပေါ်ပုံကို အပျော်တမ်းဗီဒီယိုများတွင် မြင်တွေ့ကြရသည်။

ယင်းမီးလုံးကြီးမှာ နေထက်ပင် ပိုမိုတောက်ပပြီး မြင်နိုင်စွမ်းကိုပင် ထိခိုက်စေခဲ့ကာ ခေါင်းမူးခြင်းများ ဖြစ်ပေါ်စေခဲ့သည်ဟု မျက်မြင်တွေ့ခဲ့သူများက ပြောကြားသည်။

ဆယ်တန်ခန့်လေးသောဥက္ကာပျံသည် ဆိုက်ဗေးရီးယား လေထုအတွင်းသို့ တစ်စက္ကန့်လျှင် ၁၅ မှ ၂၀ ကီလိုမီတာခန့် အရှိန်ဖြင့် ဝင်ရောက်လာပြီး ကမ္ဘာမြေမျက်နှာပြင်ထက် ၅၀ ကီလိုမီတာ အမြင့်တွင် အပိုင်းပိုင်းအစိတ်စိတ် ပေါက်ကွဲသွားသည်ဟု ရုရှားသိပ္ပံအကယ်ဒမီက ခန့်မှန်းသည်။

ဥက္ကာပျံ အပိုင်းအစများသည် ဆိုက်ဗေးရီးယားနှင့် ကာဇက်စတန်ဒေသ အနှံ့အပြားသို့ ကျရောက်ခဲ့ပြီး လူဦးရေတစ်သန်းကျော်နေထိုင်သော Chelyabinsk မြို့၌ အပျက်အစီး အများဆုံးဖြစ်ပေါ်ခဲ့သည်။ တုန်ခါမှုလှိုင်းများကြောင့် အထပ်မြင့်လူနေတိုက်ခန်းပေါင်းများစွာနှင့် ဆေးရုံများ၊ ကျောင်းများ၊ အားကစားရုံများမှ ပြတင်းပေါက်များ ပွင့်ထွက်သွားခဲ့သည်။ စက်ရုံ၊ အလုပ်ရုံအများအပြားတွင်လည်း ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ယခုအချိန်အထိ လူအသေအပျောက် သတင်းမကြားရဘဲ ယင်းမြို့တစ်မြို့တည်းတွင် ကလေးငယ် ၂၀၀ ဦး အပါအဝင် လူပေါင်း ၁,၀၀၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရမှု အများစုမှာ မှန်ကွဲစများ ထိမှန်ခဲ့ခြင်းကြောင့်ဖြစ်သည်။ အာဏာပိုင်များက ယင်းဒေသတွင် အရေးပေါ်အခြေအနေ ကြေညာထားပြီး အရေးပေါ်ကယ်ဆယ်ရေး အဖွဲ့ဝင် ၂၀,၀၀၀ ပို့လွှတ်ထားသည်။ ၎င်းတို့သည် ပျက်စီးမှုအတိုင်းအတာကို လေ့လာစစ်ဆေး၍ ထိခိုက်ဒဏ်ရာရရှိသူများအား အကူအညီပေးကြမည်ဖြစ်သည်။

မြို့မှာမူ ကံကောင်းထောက်မစွာပင် ဥက္ကာပျံအပိုင်းအစများ ထိမှန်ခြင်းမှ ကင်းဝေးခဲ့ပြီး အပိုင်းအစအများစုမှာ ၂၀၀ ကီလိုမီတာအကွာ လူဦးရေကျဲပါးသော ဒေသတွင် ကျရောက်ခဲ့သည်။ ဥက္ကာပျံအပိုင်းအစ ကျရောက်ရာ သုံးနေရာကို စစ်ဘက်က တွေ့ရှိခဲ့ပြီး ယင်းတွင် ချီဘာကူလ်ရေကန်အနီး ခြောက်မီတာ အကျယ် တွင်းကြီးနှင့် ရေခဲနေသောရေကန်မျက်နှာပြင်တွင် သုံးမီတာ အပေါက်ကြီးတစ်ခု ဖြစ်ပေါ်ခဲ့သည်။

ယင်းဒေသတွင် နျူကလီးယားနှင့် ဓာတုဗေဒလုပ်ငန်း စက်ရုံအများအပြား ရှိသော်လည်း ယင်းစက်ရုံများမှာ ထိခိုက်မှုမရှိဘဲ ဘေးကင်းလုံခြုံကြောင်း အာဏာပိုင်များက ပြောကြားသည်။

နက္ခတ္တဗေဒပညာရှင်များကမူ ယခုဥက္ကာပျံမှာ ကမ္ဘာဂြိုဟ်အနီးမှ ဖြတ်သန်းသွားသော 2012 DA 14 ဂြိုဟ်သိမ်တစ်ခု၏ အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်သည်ဟု ပြောကြားကြသည်။—*Ref: Ria Novosti*

# နျူလက်နက်ပိုင်ဆိုင်ရန် ကြိုးပမ်းနေခြင်းမရှိကြောင်း အီရန်ခေါင်းဆောင် ပြောကြား



**တီဟီရန်၊ဖေဖော်ဝါရီ-၁၆**

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များ မလိုချင်ကြောင်းနှင့် အကယ်၍ ယင်းလက်နက်များ ပိုင်ဆိုင်လိုပါကလည်း မည်သည့်ကမ္ဘာ့အင်အားကြီးနိုင်ငံကမျှ တားဆီးနိုင်လိမ့်မည် မဟုတ်ကြောင်း အီရန်နိုင်ငံ၏ ထိပ်သီးခေါင်းဆောင် အယာတိုလာအလီခါမေနီက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံနှင့် ၎င်း၏ အနောက်နိုင်ငံ မဟာမိတ်များက အီရန်နိုင်ငံသည် အရပ်ဘက် အဏုမြူစွမ်းအင်အစီအစဉ် လိုချင်ယောင်ဆောင်၍ နျူလက်နက်စွမ်းရည်ပိုင်ဆိုင်ရန် ကြိုးပမ်းနေသည်ဟု သံသယရှိကြသည်။ သို့သော် ယင်းကို အီရန်နိုင်ငံက ပယ်ချထားသည်။

အီရန်အရာရှိကြီးများကလည်း ဘာသာရေးထိပ်သီးခေါင်းဆောင် အယာတိုလာအလီခါမေနီက နျူလက်နက်ပိတ်ပင်သော ဘာသာရေးအရ ထုတ်ပြန်ချက်အမိန့်မှာ အီရန်နိုင်ငံအား တုပ်နှောင်ထားကြောင်း ပြောကြားကြသည်။ ထိပ်သီးခေါင်းဆောင် အလီခါမေနီကလည်း အီရန်နိုင်ငံ အနေဖြင့် အဏုမြူပုံး ပိုင်ဆိုင်ရန် ကြိုးပမ်းမှုမရှိကြောင်း အကြိမ်ကြိမ်ပြောကြားသည်။

"နျူကလီးယားလက်နက်တွေကို ဖျက်ဆီးပစ်ရမယ်လို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ နျူကလီးယားလက်နက်တွေ မထုတ်လုပ်ချင်ပါဘူး"ဟု အီရန်ကျောင်းသားများ သတင်းအေဂျင်စီ (ISNA)က ဖော်ပြသော သတင်းတွင် မစ္စတာခါမေနီက ပြောကြားသည်။

"ဒါပေမဲ့လည်း ဒါကို ကျွန်တော်တို့ယုံကြည်ပြီး နျူကလီးယားလက်နက်တွေ ပိုင်ဆိုင်ရမယ်လို့ ဆုံးဖြတ်ခဲ့ရင်လည်း ကျွန်တော်တို့ရဲ့ သွားရာလမ်းမှာ ဘယ်အင်အားကြီးနိုင်ငံမှ ရပ်နေလို့ မရပါဘူး"ဟု ထိပ်သီးခေါင်းဆောင် အလီခါမေနီက ထပ်လောင်းပြောကြားသည်။ —*Ref: Reuters*



7DAY NEWS JOURNAL

Vol.11, No.50 • FEBRUARY 21 , 2013

## မြောက်ကိုရီးယားအပေါ် ပြင်းထန်သော ပိတ်ဆို့ တားဆီးမှုများချမှတ်ရန် အီးယူ စီစဉ်

**ဘရပ်ဆဲလ်၊ဖေဖော်ဝါရီ-၁၆**

ဥရောပသမဂ္ဂသည် မြောက်ကိုရီးယားနိုင်ငံအပေါ် ပြင်းထန်သော ပိတ်ဆို့တားဆီးမှုများ ချမှတ်ရန် စီစဉ်ထားပြီး ယင်းအစီအစဉ်များတွင် ဘဏ္ဍာရေးအရ အရေးယူမှုများနှင့် မြောက်ကိုရီးယားနိုင်ငံသားတစ်ဦးချင်းအပေါ် ခရီးသွားလာမှု ပိတ်ပင်ခြင်းနှင့် ပိုင်ဆိုင်မှု ထိန်းချုပ်ခြင်းများ ပါဝင်ကြောင်း သိရသည်။

"ကျယ်ပြန့်တဲ့ပိတ်ဆို့တားဆီးမှုတွေရှိလာပါလိမ့်မယ်" ဟု အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံ အစည်းအဝေးများ လုပ်ဆောင်နေချိန်မှာပင် အမည်မဖော်လိုသော သံတမန်တစ်ဦးက ပြောကြားသည်။

ကုလသမဂ္ဂအဆင့်က အတည်ပြုပေးသော လူတစ်ဦးချင်းစီအပေါ် ပိတ်ဆို့တားဆီးမှုများအပြင် ပြုံယမ်း၏ ပွဲထိန်းဒုံးကျည်၊ နျူကလီးယား အစီအစဉ်များနှင့် ဆက်စပ်နေဖွယ်ရှိသော ကုန်ပစ္စည်းများ ကုန်သွယ်ရေး ပိတ်ဆို့တားဆီးမှုများ၊ ငွေကြေးဆက်ဆံမှုများအပေါ် ဥရောပသမဂ္ဂ၏ ကန့်သတ်ထိန်းချုပ်မှုများလည်း ချမှတ်သွားမည်ဟု သတင်းရင်းမြစ်က ပြောကြားသည်။

ယင်းမှာ ဖေဖော်ဝါရီ ၁၂ ရက်တွင်ပြုံယမ်းကပြုလုပ်ခဲ့သော နျူစမ်းသပ်မှုအတွက် အီးယူ၏ ပြင်းထန်သော တုံ့ပြန်မှုဟု အကြီးတန်း အီးယူသံတမန်တစ်ဦးကလည်း ပြောကြားသည်။ မြောက်ကိုရီးယားနိုင်ငံတော် အာကာသအေဂျင်စီ၊ ဘဏ်တစ်ဘဏ်၊ ကုန်သွယ်ရေးလုပ်ငန်း လေးခုနှင့် လူပုဂ္ဂိုလ်လေးဦးအား ပိတ်ဆို့တားဆီးမှုစာရင်းတွင် ထပ်မံထည့်သွင်းရန် ကုလသမဂ္ဂက ဇန်နဝါရီ ၂၂ ရက်တွင် ထုတ်ပြန်ခဲ့သည်။

*—Ref: AFP*



Photo - AFP

*ရေကြီးနေစဉ် မာနာဒိုမြို့တွင် နေထိုင်သူများ ၎င်းတို့ပစ္စည်းများက ရသမျှသယ်ယူနေသည်ကို တွေ့ရစဉ်။ ဖေဖော်ဝါရီ ၁၇ ရက်က အင်ဒိုနီးရှားနိုင်ငံ၊ မြောက်ဆူလာဝေစီပြည်နယ် မာနာဒိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး လူ ၁၃ ဦးသေဆုံးခဲ့သည်။*

# အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၁၃ ဦးခန့် သေဆုံး

**ဂျကာတာ၊ဖေဖော်ဝါရီ-၁၈**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုနှင့် ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံ မြောက်ပိုင်း ဆူလာဝေစီပြည်နယ်တွင် ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်အတွင်း အနည်းဆုံးလူပေါင်း ၁၃ ဦးခန့် သေဆုံးခဲ့ရပြီဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ဆူတိုပိုပါဝိုနူဂရိုဟိုက ဆူလာဝေစီပြည်နယ် မြို့တော်မာနာဒို၌ပင် လူ ၁၀ ဦးသေဆုံးပြီး လူပေါင်း ၁,၂၀၀ ခန့်ကို ကယ်ဆယ်ထားရကြောင်း ဆိုသည်။ ပြီးခဲ့သည့် စနေနေ့က (၁၄) နှစ်အရွယ် ယောကျ်ားလေးနှစ်ဦးအပါအဝင် သုံးဦးမှာ ဆူမတြားကျွန်းရှိ ဂျမ်ဘီပြည်နယ်တွင် သေဆုံးခဲ့သည်။ ဒေသခံတာဝန်ရှိသူတစ်ဦးက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ရေကြီးကာမြစ်ကမ်းများပြို၍ ရေလျှံခဲ့ကြောင်း၊ ကလေးငယ်များမှာ မြစ်အတွင်း ရေချိုးနေစဉ် ရေစီးကြောင်းများအတွင်း မျောပါသေဆုံးခဲ့ရကြောင်း ပြောသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ပြီးခဲ့သော နှစ်များအတွင်း တစ်နှစ်တာ၏ ထက်ဝက်(ခြောက်လ)ခန့်ရှိသော စိုစွတ်သည့် မိုးရာသီရောက်တိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများကြောင့် လူသေဆုံးမှုများ နှစ်စဉ်ဖြစ်ပေါ်လာခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီက မြို့တော်ဂျကာတာတွင် ဖြစ်ပေါ်ခဲ့သော ရေကြီးမှုများကြောင့်လည်း လူ ၃၂ ဦး သေဆုံးကာ ရေကြီးမှုအမြင့်ဆုံးအချိန်တွင် လူပေါင်း ၄၆,၀၀၀ ခန့်မှာ နေအိမ်များ စွန့်ခွာကာ ကယ်ဆယ်ရေးစခန်းများ၌ သွားရောက်ခိုလှုံခဲ့ရသည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## အချုပ်အခြာအာဏာ ထိပါးစေသော လေကြောင်းတိုက်ခိုက်မှုများ ပိတ်ပင်ခြင်း နေတိုးတပ်ဖွဲ့ လိုက်နာမည်

"အာဖဂန်နစ္စတန်နိုင်ငံဟာ အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်ပြီး သမ္မတက သူ့အခွင့်အာဏာကို ကျင့်သုံးတာပါ"ဟု နေတိုးတပ်ဖွဲ့များတွင် ပါဝင်သော အမေရိကန်တပ်မှူး ဗိုလ်ချုပ်ကြီးဂျိုးဆက်ဖ်ဒန့်ဖို့ဒ်က ပြောကြားသည်။ တပ်ဖွဲ့ဝင်များအား အထောက်အပံ့ပေးရန် အခြားနည်းလမ်းများရှိပြီး သမ္မတ၏ဆန္ဒနှင့်အညီသာ ပံ့ပိုးမှုများ လုပ်ဆောင်သွားမည်ဟု ကန်ဗိုလ်ချုပ်ကြီးက သတင်းထောက်များအား ပြောကြားသည်။

နေတိုးတပ်ဖွဲ့များ၏ လေကြောင်းမှတိုက်ခိုက်မှုများအတွင်း အရပ်သားများ သေဆုံးမှုနှင့်ပတ်သက်၍ အာဖဂန်နစ္စတန်ခေါင်းဆောင်ပိုင်းနှင့် နေတိုးတပ်ဖွဲ့များအကြား တင်းမာမှုများ မကြာခဏ ဖြစ်ပေါ်ခဲ့သည်။

ယခုနောက်ဆုံးတစ်ကြိမ်တွင် ဖေဖော်ဝါရီ ၁၄ ရက်က ကူနာခရိုင်ဒေသအတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား(၁၀)ဦး သေဆုံးခဲ့ပြီးနောက် အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက နေတိုး၏လေကြောင်း တိုက်ခိုက်မှုများကို ပိတ်ပင်ကြောင်း အမိန့်ထုတ်ပြန်သည်။

ယခုကဲ့သို့ပိတ်ပင်မှုကြောင့် အာဖဂန်စစ်ဘက်နှင့် ရဲတပ်ဖွဲ့များ ထိခိုက်ကျဆုံးမှု များလာနိုင်သည်ဟု အာဖဂန်လေ့လာသုံးသပ်သူများက ပြောကြားသည်။

*—Ref: Ria Novosti*







လိုအပ်ချက်တွေပြည့်စုံဖို့ ဘီအေဘီ ကိုသောက်ကြစို့...
BuB
(Chewable Tablets & Syrup)
လိမ္မော်
စတော်ဘယ်ရီ
စပျစ်
KP KOREA PHARMA CO.,LTD.


Trademark
Fugacar
mebendazole
မိသားစုတိုင်းမြဲ့ပျော်မှာ တစ်လုံးတည်းပါ ...
ဖူဂါကာ
သင့်မိသားစု သန်ကောင်၊ တုတ်ကောင်ရောဂါကင်းဝေးစေရန်
Fugacar တစ်လုံးကို ၆ လတစ်ကြိမ် သောက်ပါ။
1
ONE TABLET ONLY
500 mg
Fugacar
ချောကလက်အရသာ
ဗင်နီလာအရသာ
သီးစုံအရသာ
janssen
အိမ်သားတစ်ဦးဦးတွင် သန်ကောင်၊ တုတ်ကောင်ရှိလျှင် မိသားစုအားလုံး ကုသမှုခံယူပါ



**INTERVIEW**

"ကျွန်တော်တို့ရဲ့ ဒီမိုကရေစီစနစ်က တည်ငြိမ်ပါတယ်"

မက္ကဆီကိုသမ္မတ ပီညာနီယေတိုနှင့် တွေ့ဆုံခြင်း

စာမျက်နှာ(၄၆)သို့ »



**NEWS ANALYSIS**

ကန့်လန့်ကာ နောက်ကွယ်မှ တောင်ကိုရီးယားစီးပွားရေး

စာမျက်နှာ(၃၆)သို့ »

**INDONESIA**

အင်ဒိုနီးရှားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၁၃ ဦးခန့် သေဆုံး

စာမျက်နှာ(၅၄)သို့ »



7 DAY NEWS JOURNAL

# International

Vol.11, No.50 • FEBUARY 21 , 2013

## ဥက္ကာပျံအပိုင်းအစများ တွေ့ရှိဟု ရုရှားသိပ္ပံပညာရှင်များ အတည်ပြု

**မော်စကို၊ဖေဖော်ဝါရီ-၁၇**

လူပေါင်းတစ်ထောင်ကျော် ထိခိုက်ဒဏ်ရာ ရရှိမှုများ ဖြစ်ပေါ်ခဲ့သော ဥက္ကာပျံကြွေကျမှု ဖြစ်ပေါ်ခဲ့ရာ ရုရှားအူရယ်လ် တောင်တန်းဒေသတွင် ဥက္ကာပျံ၏ အပိုင်းအစများ ရှာဖွေတွေ့ရှိခဲ့ကြောင်း ရုရှားသိပ္ပံပညာရှင်များကပြောသည်။

ယင်း အပိုင်းအစများကို Chelyabinsk မြို့ဝန်းကျင် ချီဘာကူးလ် ရေအိုင်တွင် တွေ့ရှိခဲ့သည်ဟု သိပ္ပံပညာရှင်များက ပြောသည်။

"ချီဘာကူးလ်ဒေသမှာ ကျွန်တော်တို့ရဲ့ စူးစမ်းရှာဖွေရေးအဖွဲ့တွေက တွေ့ရှိခဲ့တဲ့ ဒြပ်ဝတ္ထုအပိုင်းအစတွေကို ကျွန်တော်တို့လေ့လာပြီးသွားပါပြီ။

စာမျက်နှာ(၄၅)သို့ »



Photo - AFP

*ရုရှားနိုင်ငံ၊ အူရယ်လ်ဖက်ဒရယ်တက္ကသိုလ်မှ ဖေဖော်ဝါရီ ၁၈ ရက်တွင်ထုတ်ပြန်သော ဓာတ်ပုံတွင် ယင်းဒေသ၌ကျရောက်ခဲ့သော ဥက္ကာပျံ၏အပိုင်းအစများဆိုသော အပေါက်များပါသည့် အနက်ရောင်ကျောက်တုံးကို တွေ့မြင်ရပုံ*



Photo - EPA

*ပါကစ္စတန်နိုင်ငံ ဘာလိုချီစတန်ပြည်နယ်မြို့တော်ကွက်တာမြို့တွင်ဖြစ်ပွားခဲ့သောကြီးမားသည့်ဗုံးပေါက်ကွဲမှုအတွင်း သေဆုံးသွားသူများကိုမြှုပ်နှံရန် ပါကစ္စတန် ရှီးယိုက်မွတ်ဆလင်များ ဖေဖော်ဝါရီ ၁၇ ရက်က ပြင်ဆင်နေပုံ။ ရှီးယိုက်ရပ်ကွက်တွင် ပေါက်ကွဲသောဗုံးကြောင့် သေဆုံးသူ ၈၁ ဦးရှိလာခဲ့ပြီဖြစ်သည်။*

## ပါကစ္စတန်အနောက်တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်ခံရမှုကြောင့် ရှီးယိုက်မွတ်ဆလင် ၈၁ ဦး သေဆုံး

**ကွက်တာ(ပါကစ္စတန်)၊ ဖေဖော်ဝါရီ-၁၈**

နောက်ဆုံးဖြစ်ပေါ်ခဲ့သော သွေးမြေကျ တိုက်ခိုက်မှုများအတွင်း နိုင်ငံတွင်းရှိ ရှီးယိုက်မွတ်ဆလင်လူနည်းစုကို ဦးတည်တိုက်ခိုက်မှု၌ လူပေါင်း ၈၁ ဦး သေဆုံးသည့် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပါကစ္စတန်နိုင်ငံ ကွက်တာမြို့တွင် ရှီးယိုက်များအား ကာကွယ်ပေးရန် တောင်းဆိုဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သည်။ ရေတိုင်ကီတစ်ခုအတွင်း ထည့်ထားသောပေါက်ကွဲစေတတ်သည့် ယမ်းတစ်တန်ခန့် ပါဝင်ခဲ့သောဗုံးပေါက်ကွဲမှုကြောင့်ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချစ္စတန်ပြည်နယ်မြို့တော် ကွက်တာတွင် ရှီးယိုက်လူမျိုးပေါင်း ၈၁ ဦးခန့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အဆိုပါမြို့မှာ ရှီးယိုက်အများစုနေထိုင်ရာ မြို့ဖြစ်သည်။

စာမျက်နှာ(၄၅)သို့ »

## နျူစစ်ပွဲ ရှောင်လွှဲနိုင်ခဲ့သော ဆိုဗီယက်အရာရှိတစ်ဦးအား ဂျာမနီက ဂုဏ်ပြုဆုချီးမြှင့်

**ဒရက်စ်ဒန်၊ဖေဖော်ဝါရီ-၁၇**

နျူကလီးယားစစ်ပွဲ တစ်ရပ်အား စတင်ခဲ့ဖွယ်ရှိသော ၁၉၈၃ ခုနှစ် အဖြစ်အပျက်တွင် မိမိကိုယ်ကို ထိန်းချုပ်ခဲ့ခြင်းဖြင့် တားဆီးခဲ့သော အငြိမ်းစား ဆိုဗီယက် ဒုတိယဗိုလ်မှူးကြီးတစ်ဦးအား ဂျာမနီနိုင်ငံက စစ်ဆန့်ကျင်ရေးဆု ချီးမြှင့်ဂုဏ်ပြုလိုက်ကြောင်း သိရသည်။

စတန်နီစလက်ဖ်ပီးထရော့ (၇၃)နှစ်သည် စတုတ္ထအကြိမ်မြောက် ချီးမြှင့်သည့် ဒရက်စ်ဒန်ဆု (Dresden Prize)ကို ဒရက်စ်ဒန်မြို့ အော်ပရာခန်းမတွင် ဖေဖော်ဝါရီ ၁၇ ရက်က လက်ခံရရှိခဲ့ရာ ဆုငွေ ယူရိုငွေ ၂၅,၀၀၀ လည်း ပါဝင်သည်။

ဆုချီးမြှင့်ရာတွင် ပူးပေါင်းပါဝင်ခဲ့သော ဒရက်စ်ဒန်မြို့၏ မိတ်ဆွေများ ညွှန်ကြားရေးမှူးချုပ် မစ္စတာဟိုင်ဒရန်ဟန်နွက်ရှ်က မစ္စတာပီးထရော့သည် ၎င်း၏သူရဲကောင်းဆန်သော လုပ်ရပ်ဖြင့် တတိယကမ္ဘာစစ်ကို ရှောင်လွှဲနိုင်ခဲ့ပြီး လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း ငြိမ်းချမ်းရေး ဆက်လက်

စာမျက်နှာ(၄၅)သို့ »

## ရဟတ်ယာဉ်များ ရောင်းရာတွင် ငွေကြေးပြဿနာ ပေါ်ပြီးနောက် ဗြိတိန်ဝန်ကြီးချုပ် အိန္ဒိယသို့ သွားရောက်

**နယူးဒေလီ၊ဖေဖော်ဝါရီ-၁၈**

ဗြိတိသျှထုတ် ရဟတ်ယာဉ်များအား အိန္ဒိယနိုင်ငံသို့ ရောင်းချမှုတွင် ငွေကြေးအလွဲသုံးစားမှုများ ပေါ်ပေါက်ပြီးနောက် ပြဿနာများ ဖြစ်ပေါ်နေစဉ်အတွင်း ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် အိန္ဒိယတွင် ကုန်သွယ်ရေးဆွေးနွေးမှုများ ပြုလုပ်ရန် သုံးရက်ကြာခရီး အလည်အပတ် ရောက်လာခဲ့ကြောင်း သိရသည်။

စာမျက်နှာ(၄၅)သို့ »




Photo - AFP

*၂၀၀၈ ခုနှစ် မွန်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုအတွင်း ကျဆုံးသွားသော ရဲတပ်ဖွဲ့ဝင်များနှင့် အခြားယူနီဖောင်းဝတ် ရဲဘော်များ အထိမ်းအမှတ်နေရာသို့ ဂါရဝပြုရန်ရောက်ရှိလာသော ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်*

## အချုပ်အခြာအာဏာ ထိပါးစေသော လေကြောင်းတိုက်ခိုက်မှုများပိတ်ပင်ခြင်း နေတိုးတပ်ဖွဲ့ လိုက်နာမည်

**ကဘူးလ်၊ဖေဖော်ဝါရီ-၁၇**

လူနေရပ်ကွက်များနှင့် ဧရိယာများတွင် နိုင်ငံခြားလေကြောင်းတိုက်ခိုက်မှုများအား ပိတ်ပင်သော အာဖဂန်နစ္စတန်သမ္မတ၏အမိန့်ကို လိုက်နာသွားမည်ဖြစ်ကြောင်း အာဖဂန်ရှိ နေတိုးဦးဆောင်သော တပ်ဖွဲ့များက သဘောတူညီလိုက်သည်။

စာမျက်နှာ(၅၄)သို့ »



ဂု ရက် သတင်းဂျာနယ်

7DAY NEWS JOURNAL အချပ်ပို

Vol.11, No.50 • FEBRUARY 21 , 2013

# နေပြည်တော် ဆေးရုံစီမံကိန်းခြောက်ခု ရပ်လိုကရပ်နိုင်ဟု ကျန်းမာရေးဝန်ကြီး ပြော

**မင်းဟိန်းကျော်၊ရန်မျိုးနိုင်**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၁၈**

နေပြည်တော်တွင် တည်ဆောက်ရန် လျာထားသည့်ဆေးရုံစီမံကိန်းခြောက်ခုအား ရပ်ဆိုင်းလိုက ရပ်ဆိုင်းထားနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က ယခုလ ၁၈ ရက်တွင် ပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး၌ ပြောသည်။

“ပြည်ထောင်စုဝန်ကြီးကတော့ ဒီစီမံကိန်းတွေကို ရပ်လိုက ရပ်ထားနိုင်ပါတယ်လို့ ပြောတဲ့အတွက် ဒီစီမံကိန်းတွေဟာ သိပ်မလိုအပ်သေးဘူးလို့ ဝန်ခံတဲ့သဘောပါပဲ။ ဒီစီမံကိန်းရပ်လိုက်လို့ ထွက်လာတဲ့ ငွေတွေကို အခြားလိုအပ်တဲ့ နေရာတွေဖြစ်တဲ့ ဆေးဝါးဖြည့်တင်းတဲ့နေရာတွေ၊ အခြားလိုအပ်တဲ့နေရာတွေမှာ သုံးစွဲမယ်လို့ ဝန်ကြီးက ပြောသွားတာပဲ” ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းကပြောသည်။

ဆေးရုံများတွင် ဆေးဝါးမလုံလောက်မှုနှင့် ပတ်သက်၍ စနစ်အမှားများကို ကျင့်သုံးသဖြင့် အောက်ခြေတွင် အခက်အခဲများဖြစ်ပေါ်နေရခြင်းကို ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းမရှိဘဲ ရှောင်ရှားပြောဆိုသွားသည်ဟု မိမိအနေဖြင့် ထင်မြင်မိကြောင်း ဦးရဲထွန်းကပြောသည်။

နေပြည်တော်တွင် အသစ်ဆောက်လုပ်မည့် ဆေးရုံစီမံကိန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက နေပြည်တော်ကဲ့သို့နေရာတွင် ဆေးရုံအသစ်များ ဆောက်လုပ်သည်ထက် ဝန်ထမ်းများ ပြည့်စုံအောင်ဆောင်ရွက်ခြင်း၊ နယ်ဒေသများရှိ ဆေးရုံ၊ ဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနများတွင် ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာ ကိရိယာများကို ပြည့်စုံလုံလောက်စွာထားရှိရေးကိုသာ ဦးတည်သင့်ကြောင်း ဆွေးနွေးကြသည်။

“ဆေးရုံ၊ ဆေးခန်း အသစ်တိုးချဲ့တိုင်း အဲဒီနေရာတွေရဲ့ လိုအပ်ချက်တွေကို တစ်ပါတည်း ဖြည့်ဆည်းပေးနိုင်မှသာ ဆေးရုံအသစ်တွေ တိုးချဲ့သင့်ပါတယ်” ဟုပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းက ပြောသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် ခုတင် ၅၀၀ ဗဟိုအမျိုးသမီးဆေးရုံ၊ ခုတင်၅၀၀ကလေးဆေးရုံ၊ ခုတင်၅၀၀ အရိုးအထူးကုဆေးရုံ၊ ခုတင် ၅၀၀ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံတို့ကို ပြီးခဲ့သော ဘဏ္ဍာနှစ်က စတင်ဆောက်လုပ်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် အဆိုပါစီမံကိန်းများ ရပ်ဆိုင်းထားသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

နေပြည်တော်တွင် ဆောက်လုပ်မည့် ဆေးရုံခြောက်ခု၏ ကုန်ကျစရိတ်သည် ကျပ် ၁၂ ဘီလီယံကျော် ရှိပြီး ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံး၏ ကျန်းမာရေးအသုံးစရိတ်ကို ကျပ် ၁၉၇ ဘီလီယံကျော်သုံးစွဲရန် လျာထားကြောင်း ၂၀၁၃-၁၄ အမျိုးသားစီမံဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

## ကိုယ်ပိုင်ကျောင်းအချို့ လစာကောင်းပေး၍ ဆရာ၊ဆရာမများ ခေါ်ယူ

**နေလင်းထွန်း**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ - ၁၈**

ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြုဖွင့်လှစ်ခွင့်ရရှိထားသော ကိုယ်ပိုင်ကျောင်းအချို့သည် ဘာသာရပ်နှင့် အခြားပညာရပ်များ သင်ကြားပို့ချမည့် ဆရာ၊ ဆရာမများအတွက် အနိမ့်ဆုံးလစာ ကျပ်သုံးသိန်းပေး၍ အလုပ်ခေါ်ယူလျက်ရှိသည်။

အထက်တန်းနှင့် အလယ်တန်းပြ ဘာသာရပ်သင် ဆရာ၊ ဆရာမများ၊ အဆောင်မှူး၊ ကြီးကြပ်ရေးမှူးများ၊ အင်္ဂလိပ်ဘာသာစကားသင် ဆရာ၊ ဆရာမများ၊ ပန်းချီ၊ ဂီတ၊ ကာယနှင့် ကွန်ပျူတာ ဆရာ၊ ဆရာမများကို ကိုယ်ပိုင်ကျောင်းတွင် တာဝန်ထမ်းဆောင်ရန် လျှောက်လွှာများခေါ်ယူနေခြင်းဖြစ်သည်။

“ခေတ်မီနည်းပညာတွေနဲ့ ရင်းနှီးကျွမ်းဝင်မှု ရှိရမယ်။ သက်ဆိုင်ရာ ဘာသာရပ်အပြင် အထွေထွေဗဟုသုတရှိပြီး ဆရာနဲ့တူတဲ့ ဆရာတွေ လိုအပ်ပါတယ်။ တတ်ဖို့မလို၊ အောင်ဖို့လိုတယ်” ဆိုတဲ့ ဆရာတွေ မလိုဘူး။ တတ်လည်း တတ်ရမယ်။အောင်လည်း အောင်ရမယ်။ ဆရာ၊ ဆရာမ အားလုံးပေါင်း ၁၆ ယောက်လောက် ခေါ်ဖို့ ရှိပါတယ်” ဟု မြိတ်မြို့တွင် ကျောင်းသား၊ ကျောင်းသူတစ်ထောင်ခန့်ကို သင်ကြားပို့ချနေသော ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ တာဝန်ရှိသူက ပြောသည်။

အမျိုးသားဆရာများ အနေဖြင့် အရက်၊ ဆေးလိပ်၊ ကွမ်း၊ လောင်းကစား၊ အပျော်အပါးကင်းရှင်းသူများသာ လျှောက်ထားရမည်ဖြစ်ပြီး လစာကျပ်သုံးသိန်း၊ လေးသိန်းနှင့် ကျပ်ခြောက်သိန်းထိ ပေးမည်ဖြစ်ကာ ယခုလ (၂၅)ရက်နောက်ဆုံးလျှောက်ထားရန် ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်းက ကြေညာထားသည်။

ရန်ကုန်မြို့ရှိ EC ကိုယ်ပိုင် အထက်တန်းကျောင်းကလည်း ဆရာ၊ ဆရာမ ရာထူး ရှစ်နေရာအတွက် အတွေ့အကြုံရှိ ဆရာ၊ ဆရာမများနှင့် သင်တန်းသား ဆရာ၊ ဆရာမများကို ခေါ်ယူနေသည်။

“အတွေ့အကြုံရှိတဲ့ ဆရာ၊ ဆရာမ ၆ ယောက်၊ ၇ ယောက်လောက် ခေါ်မယ်။ အတွေ့အကြုံမရှိသေးတဲ့ သူတွေကိုလည်း သင်တန်းပေးမယ်။ ကျောင်းသား၊ ဆရာ အချိုးကို တိုးမြှင့်ချင်တာကြောင့် ထပ်ခေါ်တာပါ” ဟု EC ကိုယ်ပိုင်အထက်တန်း ကျောင်း ကျောင်းအုပ်ဒေါက်တာစောလှဖြူက ပြောသည်။

နာမည်ကြီး အင်တာနေရှင်နယ်ကျောင်း တစ်ခုဖြစ်သော ILBC ကလည်း နယ်မြို့အချို့တွင် ကိုယ်ပိုင်ကျောင်း ဖွင့်လှစ်ရန် ဆရာ၊ ဆရာမများကို လစာကျပ်သုံးသိန်းပေး၍ ခေါ်ယူနေသည်။ ပညာရေးဝန်ကြီးဌာနမှ သက်တမ်းရင့် ဘော်ဒါကျောင်းများအား ကိုယ်ပိုင်ကျောင်းအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နောက် ဆရာ၊ ဆရာမ အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်လာခဲ့ကာ လစာအမြင့်ဆုံးအနေဖြင့် ကျပ်ဆယ်သိန်းထိ ရရှိနေကြောင်း သိရသည်။

## ယခင်မှတ်ပုံမတင်ရသည့် စီးပွားရေးအခြေခံ လူမှုရေးအသင်းများ မှတ်ပုံတင်ပြီး ပုံမှန်သက်တမ်းတိုးရမည်

**ယုဇနကိုကို**
**ရန်ကုန်၊**
**ဖေဖော်ဝါရီ-၁၇**

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ကုမ္ပဏီများ မှတ်ပုံတင်ဦးစီးဌာနလက်အောက်ရှိ မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း၊ မလုပ်ရသည့် အသင်း၊အဖွဲ့အစည်းများအားလုံး ပုံမှန်သက်တမ်းတိုးခြင်းနှင့် မှတ်ပုံတင်ခြင်း ပြုလုပ်တော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ သာမန်လူမှုရေးနှင့် သာရေးနာရေး အသင်းအဖွဲ့ မှတ်ပုံတင်ရသည့်ဌာနက သတ်မှတ်သည့် အသင်းသက်တမ်းတိုးခြင်း၊ အသစ်ပြုလုပ်ခြင်းတို့တွင် ပေးသွင်းရသည့် နှုန်းအတိုင်းကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

အခြား အဖွဲ့အစည်းများနည်းတူ သက်တမ်းတိုးခြင်း ပုံမှန်ပြုလုပ်ရမည့် အသင်းအဖွဲ့များသည် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ကုမ္ပဏီများ မှတ်ပုံတင်ဦးစီးဌာနလက်အောက်ရှိ စီးပွားရေးအခြေခံ လူမှုရေးအသင်းများ ဖြစ်ကြကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းအသင်းချုပ် (UMFCCI)တွဲဖက်အထွေထွေ အတွင်းရေးမှူး ဦးအေးလွင်က ပြောသည်။

ကုမ္ပဏီများ မှတ်ပုံတင်ဦးစီးဌာနအောက်ရှိသည့် မှတ်ပုံတင်ခြင်းနှင့် သက်တမ်းတိုးခြင်း မလုပ်ခဲ့ရသော စီးပွားရေး အခြေခံလူမှုရေး အသင်းအရေအတွက်သည် ခြောက်ဆယ်ခန့်ရှိကြောင်း သိရသည်။

အသင်းအဖွဲ့အစည်းအားလုံး တစ်ပြေးညီ ဥပဒေဖြစ်စေရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်ဟု ဦးအေးလွင်က ပြောသည်။

ထိုကဲ့သို့ အသင်းအဖွဲ့များ အားလုံး သက်တမ်းသတ်မှတ်ခြင်း၊ တိုးခြင်းပြုလုပ်ရာတွင် နိုင်ငံအဆင့်ရှိ(ဥပမာ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်) အသင်းအဖွဲ့တိုင်းက သက်တမ်းတိုးကြေး ကျပ်ငါးသိန်း ပေးသွင်းရမည်ဖြစ်ပြီး ယင်းမှာ နိုင်ငံအဆင့်အသင်းအဖွဲ့များ အားလုံး အကျုံးဝင်သည်ဟု သိရသည်။

အထက်ပါအကြောင်းအရာနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်ဥက္ကဋ္ဌ ဦးခွန်ဦးက “ကျွန်တော်တို့ အသင်းတွေဆို ဥပဒေရေးဆွဲပြီး ဖွဲ့စည်းခဲ့တာပါ။ ဒီလိုပြောင်းလဲမယ်ဆိုရင် အရင်ဆုံးဥပဒေကို ဖျက်သိမ်းရပါမယ်။ ဒီကိစ္စကို အခုချိန်ထိတော့ ကျွန်တော် မသိရသေးပါဘူး” ဟုဆိုသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ရှိ အသင်းအဖွဲ့များသည် ကျပ်သုံးသိန်း ပေးသွင်းရမည်ဖြစ်ပြီး ခရိုင်၊ မြို့နယ်အဆင့်များသည် ကျပ်တစ်သိန်း ပေးသွင်းရမည်ဖြစ်သည်ဟု သိရသည်။

သက်တမ်းတစ်ကြိမ် တိုးတိုင်း ပေးသွင်းရမည်ဖြစ်ပြီး တစ်ကြိမ် သက်တမ်းတိုးလျှင် သုံးနှစ်သက်တမ်းဖြစ်သည်။

## အင်းလေးကန်နှင့် အင်းတော်ကြီး ဘေးမဲ့တောများအား လူသားနှင့် ဇီဝရပ်ဝန်း ကြိုးဝိုင်းအဖြစ် သတ်မှတ်ရန် အဆိုပြု

**သန်းထူး၊ခိုင်ခိုင်စိုး**
**ရန်ကုန်၊ဖေဖော်ဝါရီ-၁၇**

အင်းလေးကန်နှင့် အင်းတော်ကြီး တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများကို လူသားနှင့် ဇီဝရပ်ဝန်း ကြိုးဝိုင်းနယ်မြေအဖြစ် သတ်မှတ်ရန် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) သို့ အဆိုပြုထားကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

အဆိုပါဘေးမဲ့တောနှစ်ခု၏ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်း၊ လူမှုစီးပွားရေးမြှင့်တင်ခြင်းနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းခြင်း စသည့်မတူညီသည့် အကြောင်းရင်းများ မျှတစေရန်အတွက် လူသားနှင့်ဇီဝရပ်ဝန်း ကြိုးဝိုင်းများအဖြစ် ထူထောင်လိုခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဖေဖော်ဝါရီ ၁၄ ရက်က နေပြည်တော်တွင် ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပြောကြားသည်။

“ဇီဝရပ်ဝန်း ကြိုးဝိုင်းတွေကို ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ ရေရှည်တည်တံ့ရေးနဲ့ တစ်ချိန်တည်းမှာပင်တိုးပွားလာတဲ့ လူဦးရေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရေးတို့အတွက် ရည်ရွယ်တာ” ဟု ပြည်ထောင်စုဝန်ကြီးက ပြောသည်။

သဘာဝထိန်းသိမ်းရေးနယ်မြေများအား စီမံအုပ်ချုပ်ရာတွင် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရေရှည်တည်တံ့အောင်မြင်ရေးနှင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေး အခြေခံလိုအပ်ချက် ပြည့်စုံရေးသည် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း ယင်းကဆက်လက်ပြောသည်။

“အဆိုပြုဖို့ ဒီနှစ်ခုကို လျာထားပါတယ်။ အဖွဲ့က ယူနက်စကိုက မျှော်လင့်တာကတော့ အခြားနေရာတွေလည်း ရှိနိုင်သေးတယ်ဆိုပြီး ပြောပါတယ်”ဟု အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးစိန်ထွန်းကပြောသည်။

လူသားနှင့် ဇီဝကြိုးဝိုင်းများ ထူထောင်ခြင်းသည် ဂေဟစနစ်တန်ဖိုးကို သိပ္ပံနည်းကျ လေ့လာခြင်း၊ လူသားနှင့် ပတ်ဝန်းကျင်ဆက်ဆံရေးကို လေ့လာခြင်း၊ မတူညီသည့် စီမံအုပ်ချုပ်မှုများ မူဝါဒများကို ပေါင်းစည်းလုပ်ကိုင်နိုင်သည့် အခွင့်အရေးများ ရရှိစေနိုင်သည်။ ယနေ့နိုင်ငံတကာတွင် အဆိုပါ နယ်မြေများ ထူထောင်ထားသည့် (၁၁၇) နိုင်ငံတွင် ကြိုးဝိုင်းနယ်မြေ(၆၀၀)သတ်မှတ်ထားကြောင်း ယူနက်စကိုမှ မစ္စတာ Thomas Schat က ပြောသည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ၂၀၀၄ ခုနှစ်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် တည်ထောင်ခဲ့ကာ အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ၁၉၈၅ တွင် တည်ထောင်ပြီး ၂၀၀၄ တွင် ပြန်လည်ဖွဲ့စည်းခဲ့သည်။

မြန်မာနိုင်ငံရှိအင်းတော်ကြီးဘေးမဲ့တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောများသည် ဂေဟစနစ်ကြွယ်ဝခြင်း၊ ပတ်ဝန်းကျင်တွင် လူများအခြေချနေထိုင်လုပ်ကိုင်လျက်ရှိခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝခြင်း စသည့်အခြေခံကောင်းများရှိခြင်းကြောင့် လူသားနှင့် ဇီဝရပ်ဝန်းကြိုးဝိုင်းများအဖြစ် သတ်မှတ်ထူထောင်ရန် သင့်လျော်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက သုံးသပ်ပြောကြားသည်။

## ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များကို Sky Net က ပြသမည်

### ပွဲစဉ်အချို့ကို အခမဲ့ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်ဟုဆို

**ဖိုလ်ဖိုလ်ဝင်း**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၉**

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်များ အားလုံးကို Sky Net ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

Sky Net ရုပ်သံလိုင်းအနေဖြင့် အခမဲ့ရုပ်သံလိုင်း (MNTV) ကိုလည်း ယခုနှစ် ဧပြီလအတွင်း စတင် ထုတ်လွှင့်နိုင်ရန် စီစဉ်လျက်ရှိပြီး အဆိုပါ ကမ္ဘာ့ဖလားပွဲစဉ် စုစုပေါင်း ၆၄ ပွဲအနက် ပွဲစဉ် ၂၂ ပွဲခန့်အား အခမဲ့ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ က Strand ဟိုတယ်၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါ ရုပ်သံလိုင်း၏ အကြီးတန်းအထွေထွေမန်နေဂျာ ဦးဝင်းနိုင်က ပြောသည်။

"၂၀၁၄ ကမ္ဘာ့ဖလား ပွဲစဉ်အားလုံးအနက် အနည်းဆုံးပွဲစဉ် ၂၂ ပွဲကို အခမဲ့ ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပြသသွားမှာပါ။ အဲဒီ ပွဲစဉ်တွေထဲမှာ ကွာတားဖိုင်နယ်နဲ့ အကြိုဗိုလ်လုပွဲနှစ်ပွဲစီနဲ့ နောက်ဆုံးဗိုလ်လုပွဲတွေ ပါဝင်မှာပါ" ဟု ဦးဝင်းနိုင်က ပြောသည်။

Sky Net ရုပ်သံလိုင်းသည် ဖီဖာမှ ကျင်းပပြုလုပ်သည့် ၂၀၁၄ ကမ္ဘာ့ဖလား ပြိုင်ပွဲအပါအဝင် အခြားပြိုင်ပွဲများကိုလည်း ထုတ်လွှင့်ပြသသွားရန် သဘောတူညီမှု ရရှိထားပြီးဖြစ်ကြောင်း တာဝန်ရှိသူက ဆိုသည်။

နိုင်ငံ့လက်ရွေးစင်အသင်း စုစုပေါင်း ၃၂ သင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အကြိမ် ၂၀ မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

---

## အကြွေးမဆပ်နိုင်သည့် မွေးမြူရေးလုပ်ငန်းရှင်များအား ဥပဒေကြောင်းအရ အရေးယူမည်ဟု မွေး/ရေ ဒုဝန်ကြီးပြော

**သန်းဌေး**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၉**

မွေးမြူရေးလုပ်ငန်းရှင်များ ချေးယူထားသည့် ကျပ်ငွေသန်းပေါင်း လေးသောင်းကျော်ကို ယခု ဘဏ္ဍာနှစ်အကုန်တွင် ပေးဆပ်နိုင်ခြင်း မရှိပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောသည်။

"အကြွေးငွေ သန်းပေါင်း လေးသောင်းကျော်ကို ဘယ်လိုလုပ်မလဲ၊ ဥပဒေအရ လုပ်ရမယ်။ မလုပ်လို့မရလို့ လုပ်ရတော့မှာပါ။ ပြီးတော့မှပဲ ပြန်ဆွေးနွေးတော့မယ်။ မတ်လကုန်ပြီးရင်တော့ သက်ဆိုင်ရာ ဥပဒေကြောင်းအရ ဆောင်ရွက်ပါတော့မယ်" ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဖေဖော်ဝါရီ ၁၉ ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပြောသည်။

မွေးမြူရေးလုပ်ငန်းရှင်များသည် ၂၀၀၇ ခုနှစ်တွင် သံဃာအရေးအခင်းကြောင့် နိုင်ငံခြားမှ ဝယ်ယူမှု လျော့ကျသွားခြင်း၊ ၂၀၀၈ ခုနှစ်တွင် နာဂစ်မုန်တိုင်း ဒဏ်ခံရခြင်း၊ ၂၀၁၀ ခုနှစ် နှစ်လယ်ပိုင်းမှ စတင်ကာ မြန်မာနှင့် ကန်ဒေါ်လာငွေလဲနှုန်း ၁,၂၀၀ ကျပ်မှ ၆၀၀ ကျပ်သို့ ကျဆင်းလာသောကြောင့် လုပ်ငန်းများ အရှုံးပေါ်ခဲ့၍ အကြွေးတင်ကာ ယနေ့တိုင် ပြန်မဆပ်နိုင်ဖြစ်ခဲ့ရကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်ကြီးတစ်ဦး က ပြောသည်။

ထိုသို့ မတ်လကုန်အမီ အကြွေးဆပ်မည်ဆိုပါက ငါးမွေးမြူသူများတွင် ငါးမွေးကန်များသာရှိသောကြောင့် အခက်အခဲကြုံတွေ့နိုင်၍ အရေးယူမှုအပိုင်းတွင် နိုင်ငံတော်ဘက်မှ မည်ကဲ့သို့ ဆောင်ရွက်နိုင်သည်ကိုမူ မသိရှိရသေးကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းက ပြောသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ နိုင်ငံတော်သမ္မတထံတင်ပြသော အရေးကြီးသည့် စစ်ဆေးတွေ့ရှိချက်များ တင်ပြခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက် (၅/၂၀၁၂) ဖြင့် ကျပ်သန်း ၄၀,၉၇၂ ဒသမ ၀၃၈ နှင့် ကန်ဒေါ်လာ ၇၀,၆၅၅ ဒသမ ၀၂၀ တို့ဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။ ငါးမွေးမြူရေး လုပ်ငန်းရှင်များသည် အဆိုပါအကြွေးများအပြင် ပြင်ပမှ ချေးယူငွေများပါ စုစုပေါင်း ကျပ်သန်းပေါင်း တစ်သိန်းကျော် အကြွေးတင်လျက်ရှိနေကြောင်း သတင်းရရှိသည်။

---

## မိုက်ကယ်လန်းရော့ခ်ဂီတပွဲ ပြည်သူ့ရင်ပြင်တွင် ကျင်းပမည်



**အေးသူစံ**

**ရန်ကုန်၊ဖေဖော်ဝါရီ-၁၉**

ကမ္ဘာကျော်မိုက်ကယ်လန်း ရော့ခ်ဂီတအဖွဲ့၏ ပထမဆုံးဖျော်ဖြေပွဲကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ မတ်လ ၃၁ ရက်တွင်ပြုလုပ်နိုင်ရန် စီစဉ်နေကြောင်း ဖျော်ဖြေပွဲစီစဉ်သူတစ်ဦး ကပြောသည်။

မိုက်ကယ်လန်းဂီတအဖွဲ့ ဖျော်ဖြေပွဲကို ပါကစ္စတန်အခြေစိုက် Pastel Communications နှင့် မြန်မာနိုင်ငံမှ Friendship Entertainment တို့ ပူးပေါင်းစီစဉ်ခြင်းဖြစ်သည်။

ယခုဂီတဖျော်ဖြေပွဲဖြင့် နိုင်ငံ၏ပုံရိပ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးစေလိုခြင်းနှင့် ဒေသတွင်းနိုင်ငံများတွင် နိုင်ငံတကာအဆင့်ရှိုးပွဲများ ကျင်းပနေပြီး မိမိတို့နိုင်ငံသားများကိုလည်း နိုင်ငံတကာဂီတပွဲများ၏ အရသာကို ခံစားစေလိုခြင်းကြောင့်ဖြစ်ကြောင်း ပွဲစီစဉ်သူတစ်ဦးကပြောသည်။

"မိုက်ကယ်လန်းဆို တာ ကမ္ဘာကျော်ရော့ခ်ဂီတအဖွဲ့ပါ။ မြန်မာနိုင်ငံကို မသိသေးတဲ့ နိုင်ငံတွေဟာ မိုက်ကယ်လန်းကြောင့် သိသွားနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟုပွဲစီစဉ်သူက ပြောသည်။

မိုက်ကယ်လန်းဂီတအဖွဲ့ကို နိုင်ငံတကာအဆင့်နှုန်းထားဖြင့် ငှားရမ်းထားခြင်းဖြစ်သော်လည်း ပြည်တွင်းပရိသတ်များအတွက် လက်လှမ်းမီသည့် လက်မှတ်ဈေးနှုန်းများသာ သတ်မှတ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

မိုက်ကယ်လန်းအဖွဲ့သည် မြန်မာနိုင်ငံသို့ ယခင်က လာရောက်ဖျော်ဖြေရန် စီစဉ်ခဲ့ဖူးသော်လည်း နိုင်ငံရေးအခြေအနေများကြောင့် လာရောက်နိုင်ခြင်း မရှိခဲ့ပေ။

အဖွဲ့၏ မြန်မာဖျော်ဖြေပွဲကို စီစဉ်သည့် Pastel Communications Myanmar & Friendship Entertainment ၏ သတင်းထုတ်ပြန်ချက်အရ မိုက်ကယ်လန်းစ်ရော့ဂီတအဖွဲ့သည် မြန်မာနိုင်ငံတွင် ဖျော်ဖြေရေးအတွက် ရက်အနည်းငယ်နေထိုင်သွားမည်ဖြစ်ကာ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ခြင်း၊ မြန်မာ့အစားအစာများကို မြည်းစမ်းခြင်းနှင့်ပြည်သူများအားတွေ့ဆုံခြင်းတို့ကိုလည်း ပြုလုပ်သွားမည်ဟု သိရသည်။

မိုက်ကယ်လန်းအဖွဲ့၏ တေးသီချင်းများမှာ မြန်မာဂီတပရိသတ်များနှင့် ၁၉၉၀ ပြည့်လွန်နှစ်များကတည်းက ရင်းနှီးခဲ့ပြီးလည်းဖြစ်သည်။ ယင်းအဖွဲ့၏ နာမည်ကျော် သီချင်းများဖြစ်သော 'Sleeping Child, Paint My Love, 25 Minutes, The Blue Night, Take Me to your Heart' စသည့် သီချင်းများ အပါအဝင် သီချင်းများစွာကို မြန်မာရော့ခ်ဂီတအဆိုတော် အများစုက ပြန်လည်မှီငြမ်း သီဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။

မိုက်ကယ်လန်းအဖွဲ့၏ အကောင်းဆုံးတေးများကို စည်သူလွင်၊ အဲလက်စ်၊ ဘိုဘိုနှင့် ထွဏ်းထွဏ်းတို့က 'တံခါးသစ်ဖွင့်လှစ်ခြင်း'အမည်ဖြင့် ၁၉၉၇ ခုနှစ်က ထွက်ရှိခဲ့ရာ အလွန်အောင်မြင်ခဲ့သည့် စီးရီးတစ်ခုဖြစ်ခဲ့သည်။

"ငယ်ငယ်တည်းက အရမ်းကြိုက်ပြီး သူ့သီချင်းတွေကိုလည်း ပြန်ဆိုထားတော့ မိုက်ကယ်လန်းအဖွဲ့ လာမှာကို ရင်ခုန်ဝမ်းသာနေတယ်။ သူ့ပွဲကို ကြည့်ဖြစ်အောင်ကြည့်မှာပါ"ဟု အဆိုတော်စည်သူလွင်က ပြောသည်။

မိုက်ကယ်လန်း ရော့ခ်ဂီတအဖွဲ့ကို ၁၉၈၈ ခုနှစ်တွင် တေးရေးနှင့် အဖွဲ့၏ခေါင်းဆောင် အဆိုတော် Jascha Richter နှင့် ၎င်း၏သူငယ်ချင်း ဒရမ်မာ Kare Wanscher အပါအဝင် ဂစ်တာသမား အဆိုတော် Mikkel Lentz၊ Soren Madsen (နောက်ပိုင်းတွင် အဖွဲ့မှ ထွက်သွားသူ)တို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ဒိန်းမတ်အခြေစိုက်ဂီတအဖွဲ့ဖြစ်သော်လည်း ကမ္ဘာသုံးအင်္ဂလိပ်ဘာသာဖြင့် တေးသီချင်းများ ဖန်တီးရေးသား ထုတ်လုပ်ခဲ့ရာ ဥရောပနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများစွာ၏ အားပေးမှုကို ရရှိခဲ့သည်။

ထိုအဖွဲ့သည် ၁၉၉၁ ခုနှစ်တွင် ပွဲဦးထွက် Michael Learns Rock အယ်လ်ဘမ်ထွက်ရှိခဲ့ပြီး ပထမဆုံး အာရှနိုင်ငံတွင်း ဖျော်ဖြေပွဲကို ဘန်ကောက်မြို့တွင် ၁၉၉၂ ခုနှစ်တွင် ပြုလုပ်ခဲ့သည်။ အကောင်းဆုံးသီချင်းများကိုစုစည်း၍ ၁၉၉၆ ခုနှစ်တွင် Paint My Love အမည်ဖြင့် ထွက်ရှိခဲ့ရာ အာရှနိုင်ငံများတွင် ချပ်ရေ ၃ ဒသမ ၄ သန်းကျော် ရောင်းချခဲ့ရသည်။ အယ်လ်ဘမ်ရှစ်ခုထွက်ရှိထားပြီး ဂီတဆိုင်ရာ ဆုတံဆိပ်များစွာ ရရှိထားသည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့သည့် MTV Exit Channel မှ လူကုန်ကူးမှု တိုက်ဖျက်ရေး သံတမန် ဂျေဆင်မရက်ဇ်၏ အခမဲ့ ဖျော်ဖြေပွဲပြီးနောက် မိုက်ကယ်လန်းရော့ခ်အဖွဲ့၏ ဖျော်ဖြေပွဲမှာ မြန်မာနိုင်ငံတွင် ကမ္ဘာကျော်တီးဝိုင်းတစ်ဝိုင်း၏ ဖျော်ဖြေပွဲကို အခပေးပွဲအဖြစ် ပထမဆုံး အကြိမ်ပြုလုပ်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

---

## စပစ်ဖိုင်းယား တိုက်လေယာဉ်များကိစ္စ အတိအကျမပြောနိုင်သေး

**နေလင်းထွန်း**

**နေပြည်တော်၊ဖေဖော်ဝါရီ-၁၉**

မင်္ဂလာဒုံလေဆိပ်တွင် တူးဖော်ရှာဖွေမှုများ ပြုလုပ်နေသော စပစ်ဖိုင်းယား တိုက်လေယာဉ်များနှင့် ပတ်သက်၍ လာမည့် နှစ်ပတ်အကြာတွင် သတင်းကောင်းပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဦးဆောင်တူးဖော်နေသူ မစ္စတာဒေးဗစ်ကမ်ဒယ်က ပြောသည်။

ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံ၌ စပစ်ဖိုင်းယားတိုက်လေယာဉ်များ မြှုပ်နှံသွားခဲ့ခြင်း မရှိဆိုသော သတင်းများ ထွက်ပေါ်နေသော်လည်း ဆက်လက်လေ့လာတူးဖော်သွားမည်ဖြစ်ပြီး ရှာဖွေတွေ့ရှိမည်ဟု အပြည့်အဝ ယုံကြည်ကြောင်း တိုက်လေယာဉ်များကိုဦးဆောင်တူးဖော်နေသော မစ္စတာဒေးဗစ်ကမ်ဒယ်က သတင်းစာရှင်းလင်းပွဲတွင် ဆိုသည်။

"ကျွန်တော်တို့လေ့လာဆန်းစစ်မှုတွေ ပြုလုပ်နေတာ မပြီးသေးပါဘူး။ တိုက်လေယာဉ်တွေ ရှိမယ်လို့ အပြည့်အဝ ယုံကြည်ပါတယ်။ အဓိကယုံကြည်ရတဲ့ အကြောင်းရင်းက မျက်မြင်သက်သေတွေရဲ့ သတင်းပေးချက်တွေကို အခြေခံပါတယ်။ နှစ်ပတ်၊ သုံးပတ်ကြာရင်တော့ သတင်းကောင်းပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိချိန်တွင် မင်္ဂလာဒုံလေဆိပ်၌ လေ့လာစစ်ဆေးမှုများ ပြုလုပ်နေပြီး နိုင်ငံခြားမှ ပညာရှင်နှင့် စက်ကိရိယာများ ငှားရမ်း၍ Ground Radar စနစ်ဖြင့် ရှာဖွေလေ့လာမည်ဖြစ်ရာ တိုက်လေယာဉ်များ အမှန်တကယ်ရှိ၊ မရှိ ဖော်ထုတ်နိုင်မည့် အခြေအနေ ရှိကြောင်း သိရသည်။

တိုက်လေယာဉ်တူးဖော်ရေး စီမံချက်အတွက် ဘဏ္ဍာရေး ထောက်ပံ့ပေးနေသော အွန်လိုင်းဂိမ်းကုမ္ပဏီတစ်ခုဖြစ်သည့် Wargaming မှ တာဝန်ရှိသူများကလည်း မြန်မာနိုင်ငံတွင် တိုက်လေယာဉ်များ မြှုပ်နှံမှုမရှိခဲ့ဟု ပြောဆိုခဲ့ပြီး ထောက်ပံ့မှုကို ရပ်ဆိုင်းလိုက်ကြောင်း နိုင်ငံတကာသတင်းဌာနများသို့ ပြောကြားထားသည်။

မြန်မာနိုင်ငံတွင် မြှုပ်နှံခဲ့သော ဒုတိယကမ္ဘာစစ်ကျန် အသုံးမပြုရသေးသော ရှေးဟောင်း တိုက်လေယာဉ်များကို ဒီဇင်ဘာလတွင် မြစ်ကြီးနားမြို့နှင့် ဇန်နဝါရီလတွင် မင်္ဂလာဒုံလေဆိပ်၌ လေ့လာဆန်းစစ်မှုများ စတင်ပြုလုပ်ခဲ့သော်လည်း ယခုအချိန်ထိ တိကျသော ဖော်ထုတ်နိုင်မှုမရှိသေးဘဲ တိုက်လေယာဉ်များ ရှိ၊ မရှိ အငြင်းပွားမှုများ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

◆◆◆◆

